
www.burmeseclassic.com




BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

| | | |
|---|---|---|
| စာမူခွင့်ပြုချက်အမှတ် | - | ၅၀၀၇၀၀၀၇၁၀ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | - | ၅၀၁၀၄၃၀၉၁၀ |
| အဖုံးဒီဇိုင်း | - | သိန်းရွှေကြည် |
| ထုတ်ဝေသူ | - | ဒေါ်မိုးသီတာ (စိုးမိုးစာပေ) (မြ-၀၃၈၅၁) အမှတ် ၁၃၊ ၁၀၇ လမ်း၊ မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့။ |
| ပုံနှိပ်သူ | - | ဦးမြင့်သန်း (မြ-၀၄၉၀၂) စံပယ်အော့ဖ်ဆက် ၁၃၊ ၁၀၇ လမ်း၊ မင်္ဂလာတောင်ညွန့်၊ ရန်ကုန်။ |
| အတွင်းဖလင် | - | ဦးထွန်းဆိုင် |
| စာအုပ်ချုပ် | - | ကိုသန်းဌေး |
| ပုံနှိပ်ခြင်း | - | ၂၀၁၀ ခုနှစ်၊ ဒီဇင်ဘာလ။ |
| အုပ်ရေ | - | ၅၀၀ |
| တန်ဖိုး | - | ၁၅၀၀ ကျပ် |

၈၉၅ . ၈၃

နတ်သမီး

မောင်ပြောခဲ့တာလေ/နတ်သမီး ။ - ရန်ကုန်

စိုးမိုးစာပေ၊ ၂၀၁၀

၂၈၀ - စာ ၊ ၁၂ x ၁၈ စင်တီ။

(၁) မောင်ပြောခဲ့တာလေ

BURMESE CLASSIC

## အခန်း ( ၁ )

"ဟား ကွင်းလုံးကျွတ် လွတ်ပြီ၊ ဒီကျောင်းကြီးကို နောက်တစ်ခါ လှည့်မကြည့်တော့ဘူး၊ ပြန်လည်မလာတော့ဘူး။ မိန်းမယူပြီး အလေးပဲ မွေးခိုင်းမယ်"

"ဟယ် ကောင်းထိုက် အစုတ်ပလုတ်၊ အာပြဲကြီးနဲ့ အော်နေတယ်၊ သောက်ရှက်ကို မရှိဘူး"

နေခြည် ဘယ်လောက်ပြောပြော ကောင်းထိုက်က မျက်နှာပိုးမသေ၊ မျက်နှာပြောင်လျက်ရှိသည်။

ခုန်ပေါက်အော်ဟစ်လျက် ကင်န်တင်းထဲကို ဝင်သွားၾကပြီး အစားအသောက်တွေကို နေခြည်နဲ့ကောင်းထိုက် အလုအယက် ပိုးစိုးပက်စက် မှာကြ၏။

www.burmeseclassic.com

www.burmeseclassic.com



အစားအသောက်တက်မှာတော့ ကောင်းထိုက်နှင့်နေခြည်က အတွဲညီစွာ လိုက်ဖက်သည်။ သူများကို အားနာတမ်း ခေါင်းမဖော်တမ်း စားသောက်ဖို့ ဝန်မလေး။

"သူသူ ဘာစားမလဲ၊ မှာလေ"

"မစ်ရိုတ်ပဲ သောက်တော့မယ်၊ မောင်ရော"

"မောင်လည်း သူသူသောက်တာပဲ သောက်မှာပေါ့"

"ဟိုတ် ဒီနှစ်ယောက် အကဲပိုမနေကြနဲ့၊ အူမတောင့်မှ သီလစောင့်နိုင်မှာ၊ ရုပ်ရှင်ကြည့်မယ်၊ လျှောက်လည်ဦးမယ်ဆို ဗိုက်ထဲကို ပြည့်ပြည့်တင်းတင်း ဖြည့်ထား"

"ငါတို့နှစ်ယောက်က မင်းတို့လို နွားသိုးကြီးပြတ် ဝော်ကြီးမကျဘူး၊ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်နေရုံနဲ့ ဝတယ်"

ဒီဂရီက ပြားချပ်နေသော အိတ်ကပ်လေးကိုဖိပြီး အနိုင်ပိုင်းပြီး ပြော၏။ ယှဉ်ဝံ့သူက ဒါကို နားလည်သည်။

ဒီဂရီ အားမငယ်စေရန် မျက်နှာလေးကို မော့ထားပြီး

"သူသူလည်း မောင့်လိုပဲ ကျောင်းစာတွေ မကျက်ရလည်း ရပြီးသားပဲ၊ ဘာမှမစားရလည်း ဗိုက်က ပြည့်ပြီးသားပဲ"

"အံမယ်လေး ပြောတတ်လိုက်ကြတာ၊ ဟဲ့ ကောင်းထိုက် နှင်ရော သူတို့လို ငါ့ကိုချစ်ရဲ့လား"

"ဟမ် ဒါ ဒါလေးစားပြီးမှ ပြောမယ်"





ကောင်းထိုက်က ပလုတ်ပလောင်း အဖြေပေး၏။ နေခြည်ဘာ မျက်စောင်းထိုးကာ ကောင်းထိုက်ကျောပြင်ကို ဖြောတင်တော့ ကောင်းထိုက်ပါးစပ်ထဲက အကုန်ပြန်ထွက်လာ၏။ အွတ်ခနဲအသံနှင့်အတူ ကောင်းထိုက် မျက်လုံးမျက်ဆန်ပြူးသွားသည်။

ဒီဂရီနှင့်ယှဉ်ဝံ့သူက ဒီပုံစံ,ဒီအထာတွေ ရိုးနေပြီမို့ ရယ်ပွဲဖွဲ့သို့မဆုံး။

"ရက်စက်တယ် ရက်စက်တယ် နေခြည်၊ နှင်နဲ့ငါနဲ့ လက်ဆပ်ပြီးတဲ့အချိန်ထိ ဒီပုံစံအတိုင်းဆို ငါ အသက်ထွက်မယ်ထင်တယ်၊ ညည်းစားသက်တမ်းလည်း မနည်းတော့ဘူး၊ ကျောင်းတောင် ပြီးသွားပြီ လက်အရှိန် လျှော့သင့်နေပြီနော်"

"အောင်မာ နှင်က အပိုးကျိုးနေတာဆိုတော့ ငါက လျှော့ရမှာလား၊ ဒီမယ် မသေမချင်းမှတ်ထား၊ ငါ့ကို ယူချင်ယူ၊ မယူချင်နေ၊ နှင့်ကျောပြင်ကို ဖြောတင်မယ်၊ ငါ့လက်ကလေးကတော့ ဘယ်တော့မှ လျှော့ပျောင်းနူးညံ့လာမှာ မဟုတ်ဘူး"

ကောင်းထိုက်မျက်နှာ အီးမှန်သလို ရှုံ့မဲ့သွားပြီး ဒီဂရီနှင့်ယှဉ်ဝံ့သူကို အားကိုးတကြီး လှည့်ကြည့်၏။

"ဘာမှ အားကိုးလာမရှာနဲ့၊ မင်းကိုယ်မင်း ဆုံးဖြတ်၊ ငါတို့နဲ့ မင်းတို့နဲ့ ဆုံတာက တက္ကသိုလ်ရောက်မှ၊ မင်း နေခြည်ရဲ့သည်းညည်းခံခဲ့ရတာ အထက်တန်းကျောင်းသားဘဝ, မင်းတို့ ရည်းစားစ,



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ကတည်းက မဟုတ်လား။ အေး သူ့ဘက်က အဆုံးထိကြေညာပြီးပြီ၊ လက်ထပ်ရဲလား။ လက်မထပ်ရဲဘူးလား။ ဒါပဲတွေး"

"အာကွာ ကျောင်းပြီးလို့ သူ့အဖေ,အမေပွဲရုံမှာ တစ်နှစ်လောက် လက်တွေ့ကွင်းဆင်းပြီးတာနဲ့ လက်ထပ်ပေးမယ်လို့ လူကြီးချင်း ပြောပြီးဆိုပြီးပြီဥစ္စာ၊ ခုမှ ငါက စဉ်းစားနေရဦးမှာလား"

"ပြော၊ နင်က နောက်ဆုတ်ချင်တာလား။ ငါ့မိဘတွေကို အခုချက်ချင်း ကောင်းထိုက်ဆိုတဲ့ကောင်ကို မယူတော့ပါဘူးလို့ ပြောလို့ရတယ်နော်၊ နင့်လို နဖူးပြောင်ပြောင် မျက်လုံးပြူးပြူးကောင်ကို ငါ့မိဘတွေက အစကတည်းက သဘောတွေ့တာ မဟုတ်ဘူး"

"အောင်မာ၊ နင့်လို အရုပ်ပုပု, ဂင်တိုတို ပျာယာခတ်နေတဲ့ မိန်းကလေးကိုလည်း ငါ ငိုပြထားလို့ ငါ့မိဘတွေက သဘောတူတာပါ၊ အစားကလည်း ကြူးသေး"

"ကဲ ကဲ တော်ကြပါတော့၊ ဒီနေ့ စာမေးပွဲနောက်ဆုံးနေ့မှာ အကြာကြီး စကားနိုင်လု ရန်မဖြစ်ကြပါနဲ့၊ နင်တို့ ရုပ်ရှင်ကြည့်ကြမှာဆို၊ စားသောက်ပြီးရင် သွားကြမယ်"

ယုဉ်ဝှံ့သူက အခြေအနေကို ဝင်ထိန်းသည်။ ဒီတစ်ကြိမ်လည်း ကောင်းထိုက်နှင့်နေခြည် တစ်ယောက်နှင့်တစ်ယောက် မျက်စောင်းခဲကြပြန်၏။

"ငါက အသတ်အပုတ်နဲ့အက်ရှင်ကား ကြည့်မယ်"





"ငါက ဟာသကားနော်၊ သွေးထွက်သံယို မကြည့်ရဲဘူး"

"အဟမ်း"

ငြင်းခုန်မှုကို ဒီဂရီ ချောင်းဟန့်၍ ဝင်တားလိုက်သည်။

"မင်းတို့နှစ်ယောက် အဲလိုငြင်းခုန်နေမယ်ဆိုရင် ငါတို့နှစ်ယောက် မင်းတို့နဲ့ မလိုက်တော့ဘူး၊ အိမ်ပြန်မယ်"

"ဟုတ်တယ် ပျော်စရာမကောင်းတော့ဘူး၊ စိတ်ညစ်စရာကောင်းလာပြီ"

"အဲ အဲလိုမလုပ်ကြပါနဲ့ဟာ၊ ငါတို့ ပြောင်နောက်နေတာ နင်တို့သိသားနဲ့၊ ငါတို့လေးယောက်က နောက်ဆိုရင် ကျောင်းမှာလို လေးယောက် အမြဲဆုံရတော့မှာ မဟုတ်ဘူး။ ဒီဂရီနဲ့သူသူက အိမ်ချင်းက မနီးမဝေး၊ တွေ့ချင်တာနဲ့ လက်တို့ခေါ်သွားလို့ရတယ်၊ ငါကလည်း နေခြည့်ကို လက်ဖျောက်တီး လှမ်းခေါ်လို့ရတယ်၊ သွားလာလို့ရတယ် ဆိုပေမယ့် လေးယောက် တစ်ချိန်တည်းဆုံဖို့က ချိန်းမှရတော့မှာ"

ကောင်းထိုက်ပြောတော့လည်း ဟုတ်သည်။ ကောင်းထိုက်နှင့်နေခြည်က လူချမ်းသာရပ်ကွက်မှာ အဆင့်အတန်းရှိရှိ နေထိုင်စားသောက်နိုင်ကြပြီး ဟိုဘက်,ဒီဘက်မိဘတွေ သိနေပြီးသော ချစ်သူစုံတွဲတွေ။

ဒီဂရီနှင့် ယုဉ်ဝှံ့သူက ဝန်ထမ်းအများစုနေထိုင်သော လက်လုပ်လက်စား အလယ်အလတ်တန်းစား ရပ်ကွက်ငယ်လေးမှာ ဟို



www.burmeseclassic.com

www.burmeseclassic.com



ဘက်,ဒီဘက်လမ်းနေထိုင်ကြသူများ ဖြစ်ကြသည်။

ဒီဂရီမှာက အဖေမရှိ။ အမေက ရပ်ကွက်ဈေးထဲမှာ ကုန်စုံဆိုင်လေးဖွင့်ရောင်းဝယ်ကာ ဒီဂရီတို့မောင်နှမကို ကျောင်းထားပေးသည်။ ညီမလေးက ဆယ်တန်းကျောင်းသူမို့ ဘာအလုပ်အကိုင်မှ မရှိသေးသလို၊ ဒီဂရီကိုလည်း သူများတွေနည်းတူ ဒေါတက်ခိုင်းခဲ့သည်မို့ ဘာအလုပ်အကိုင်မှ မရှိသေးချေ။ ချို့တဲ့သော်လည်း သားသမီးတွေ ပညာရေးဆုံးခန်းမတိုင်မှာ အမေက စိုးရိမ်သည်။

သူ့သူနဲ့ ကိစ္စမှာလည်း အပြစ်တင်တာ၊ တားဆီးပိတ်ပင်တာမျိုးမရှိ၊ နားလည်ပေးခဲ့သည်။

ဆင်းရဲတာ ချမ်းသာတာ၊ ရုပ်ဆိုးတာ ရုပ်လှတာထက် ကိုယ်ကျင့်တရားကောင်းဖို့ အရေးကြီးသည်ဆိုကာ တစ်ရပ်ကွက်တည်း အကြောင်းသိ ဓာတ်သိဖြစ်နေသော ယုဉ်ဝံ့သူကို သဘောတူလက်ခံခဲ့၏။ ညီမလေး စုစုစံကလည်း ယုဉ်ဝံ့သူကို အစ်မတစ်ယောက်လို ချစ်သည်။

ယုဉ်ဝံ့သူတို့ဘက်ကလည်း အဖေက အစိုးရဝန်ထမ်း၊ အမေက အိမ်မှုကိစ္စတွေနှင့်။ ယုဉ်ဝံ့သူ မျက်နှာမငယ်အောင် ထားနိုင်တယ်ဆိုပေမယ့် ချမ်းသာကြွယ်ဝမှုတော့ မရှိချေ။ အနေအေးဆေး အဆင့်အတန်းရှိသူတွေပီပီ သူတို့နှစ်ယောက်အချစ်ရေးကို ကန့်ကွက်ပိတ်ပင်တာမျိုး မလုပ်။ သမီးရွေးချယ်တဲ့သူက မမှားနိုင်ဟုဆိုကာ ဒီဂရီကို





အသိအမှတ်ပြုပေးခဲ့သည်။

ပြည့်စုံမှုမရှိတာကလွဲလျှင် သူတို့နှစ်ယောက်လုံး ကံကောင်းကြပါသည်။ ခုဆို ကျောင်းတွေလည်း ပြီးပြီ။

အလုပ်တစ်ခုခုရအောင်ရှာပြီး လက်ထပ်ဖို့သာ ရှိတော့၏။ ဒါပေမဲ့

"ဟင်း"

"ဟ ဒီဂရီ သက်ပြင်းတွေချနေတယ်၊ ဘာဖြစ်လို့လဲ"

"ဘာမှမဟုတ်ပါဘူးကွာ၊ မင်းတို့က ကျောင်းပြီးတာနဲ့ လက်ထပ်ဖို့ အဆင်သင့်ဖြစ်နေပြီ၊ ငါတို့က အလုပ်အကိုင်ရှာရဦးမှာ၊ မိဘတွေက အကျဉ်းချုံးပြီး လက်ထပ်ပေးမယ်ဆိုပေမယ့် တို့နှစ်ယောက်ကို ဆက်ပြီး တာဝန်ယူဖို့ကတော့ ခက်ခဲမှာပဲလေ"

"ဟ ငါတို့နှစ်ယောက်လည်း တန်းခနဲလက်ထပ်ရမှာ မဟုတ်ပါဘူးကွ၊ နေခြည့်မိဘတွေပွဲရုံမှာ ကျွမ်းကျင်အောင် အလုပ်ဝင်ရဦးမှာပါ၊ စိတ်ချလို့ရပြီ,လွှဲလို့ရပြီဆိုမှ သူတို့သမီးနဲ့ လက်ထပ်ပေးမှာတဲ့၊ တယ်မလွယ်တဲ့ ယောက္ခမတွေပါ၊ ရွှေသားမက်လေးကို အလကား ထင်ကျွေးမယ်မရှိဘူး၊ သေအောင်ခိုင်းစားမှာ"

"ဩော် နင်က မလုပ်ချင်ဘူးလား၊ ငါ့ကိုယူချင်ရင် ငါ့မိဘတွေအလုပ် လုပ်ရမှာပေါ့၊ ဒါလည်း အမွေပေးတာပဲဟဲ့"

"မလုပ်ချင်လို့ ပြောနေတာမဟုတ်ပါဘူးကွာ၊ မွေးလာမယ့်



www.burmeseclassic.com

www.burmeseclassic.com



သားတွေသမီးတွေအတွက် ကြိုးစားရှာဖွေထားရမယ်ဆိုတာ ငါသိပါတယ်၊ ဒါပေမဲ့ မင်္ဂလာဆောင်ပြီး သုံးလေးငါးနှစ် ကလေးနှစ်ယောက်သုံးယောက်မွေးပြီးတဲ့အထိ သားမက်လေးကို မပင်မပန်းထားသင့်တာပေါ့"

"ကြည့် လက်ကြောက မတင်းဘူး၊ ပြောလိုက်ရ မကောင်းရှိတော့မယ်"

"ကဲ ရပ် ရပ်တော့၊ ဒီတစ်ခါ ပြဿနာဖြစ်ရင် ငါတို့ တန်းခနဲထပြန်မှာနော်"

ယှဉ်ဝံ့သူ ခပ်တည်တည်အော်ပစ်လိုက်တော့ ကောင်းထိုက်တို့နှစ်ယောက် ဖက်ကလေးတွေပုကာ ငြိမ်သက်သွားကြသည်။ ဒါတောင် မျက်လုံးချင်း အသံတိတ်တိုက်ခိုက်နေကြသေး၏။

ထိုနေ့က ကျောင်းတော်ကြီးကို စိတ်မကောင်းခြင်းကြီးစွာ တာ့တာ့ပြနှုတ်ဆက်ပြီး နေရာအနှံ့ စိတ်ပေါ့ပါးလွတ်လပ်စွာ လျှောက်လည်ဖြစ်ကြသည်။ ဓာတ်ပုံတွေလည်း အုပ်စုလိုက်ပုံတွေ၊ နှစ်ယောက်တွဲပုံတွေ အမျိုးမျိုး ရိုက်ကြသည်။

ဘဝတစ်ဆစ်ချိုးအတွက် ပျော်စရာကောင်းသောနေ့လေးတစ်နေ့ ဖြစ်ခဲ့ပါသည်။ ဘယ်တော့မှ မမေ့နိုင်သော –

✿ ✿ ✿



## အခန်း ( ၂ )

အိမ်အပြန်လမ်းမှာ ကောင်းထိုက်က သူ့ကားနှင့် ဒီဂရီတို့ရပ်ကွက်ထဲအထိ လိုက်ပို့သည်။

"ကောင်းထိုက် လမ်းထိပ်ကအအေးဆိုင်မှာ ကားရပ်ပေးကွာ၊ မင်းတို့နှစ်ယောက်လည်း မပြန်နဲ့ဦး၊ ငါ ပြောစရာရှိလို့"

ဒီဂရီစကားကြောင့် အအေးဆိုင်ရှေ့မှာ ကောင်းထိုက် ကားရပ်လိုက်သည်။ ဆိုင်လေးက လူရှင်းတိတ်ဆိတ်လှ၏။ ချောင်ကျကျထောင့်စားပွဲလေးမှာ လေးယောက်သား ထိုင်လိုက်ကြသည်။

"မင်းက ထူးထူးဆန်းဆန်းပါလား ဒီဂရီ၊ တစ်နေ့လုံးအပျော်လွန်နေကြတဲ့အချိန်မှာတော့ ဘာမှမပြောဘဲနဲ့"

"အားလုံးပျော်နေကြတဲ့အချိန်မှာ စိတ်မကောင်းဖြစ်မှာစိုးလို့

www.burmeseclassic.com



ပါကွာ''

''ဟင် မောင့်စကားက ဘယ်လိုကြီးလဲ''

ယုဉ်ဝံ့သူ အထိတ်တလန့် ဖြစ်သွား၏။ ကောင်းထိုက်နှင့် နေခြည်လည်း စိတ်ဝင်စားသွားကြသည်။

''မောင် ဒီတစ်လ,နှစ်လအတွင်းမှာ နိုင်ငံခြားသွားမယ်''

''ဟင်''

''ဟာ ဒီဂရီ မင်း ဘာစိတ်ကူးပေါက်သွားတာလဲ''

''မောင် မောင် ဘာလို့သွားရမှာလဲ၊ ဘာလို့ နိုင်ငံခြားသွားရမှာလဲ''

အားလုံး အာမေဋိတ်သံတွေနှင့် ပြူးပြူးပျာပျာဖြစ်သွားကြပေမယ့် ဒီဂရီက ကြာရွေ့ရှေ့လျက်ရှိသည်။ မှာထားတဲ့ အအေးပုလင်းကို ပိုက်တံလေးဖြင့် တစ်ဝက်လောက်ရှိက်စုပ်ပြီး ဒီဂရီ သက်ပြင်းချ၏။

''ပြောလိုက်ရင် မင်းတို့ အဲလိုပဲ စိတ်မကောင်းဖြစ်သွားကြမယ်ဆိုတာ ငါသိတယ်၊ အဲဒါကြောင့် နောက်ဆုံးနှစ် စာသင်နှစ်တစ်နှစ်လုံး ဘာမှမပြောဘဲ ကြိတ်မှိတ်မျိုသိပ်နေခဲ့တာ''

''ဒါဆို မောင်က ဒီကိစ္စကို အစောကြီးကတည်းက စီစဉ်ထားခဲ့တာပေါ့၊ ဟုတ်လားမောင်၊ သူသူ့ကိုတောင် ဘာမှမပြောဘဲနဲ့''

''ဟုတ်တယ် သူသူ၊ စာမေးပွဲက ဖိုင်နယ်မဟုတ်လား။ စိတ်အနှောင့်အယှက်ဖြစ်ရင် တစ်နှစ်အောက်သွားမှာစိုးလို့''





''အို ဘာဖြစ်ဖြစ် သူသူ့ကို တိုင်ပင်ပြီးမှ ဆုံးဖြတ်သင့်ပါတယ် မောင်ရယ်၊ ခုရော သူသူ ဘာမှမဖြစ်ဘူးလို့ မောင်ထင်နေလား''

ယုဉ်ဝံ့သူအသံလေးက ဝမ်းနည်းစိတ်နှင့် တုန်ယင်နေသည်။ မနှစ်သိမ့်မိအောင် ဒီဂရီ အအေးပုလင်း ကောက်မော့ပြန်၏။

''ဟုတ်သားပဲ ဒီဂရီ၊ ဆုံးဖြတ်ပြီးမှ တိုင်ပင်တာဆိုရင် ငါတို့ ဘာပြောစရာ ကျန်သေးလို့လဲ''

''အစီအစဉ်ချပြီးမှပြောပြတာ သူငယ်ချင်းတွေကို အသိပေးရုံသက်သက်ပဲလား ဒီဂရီ''

ကောင်းထိုက်နှင့်နေခြည်လည်း စိတ်ဆိုးကြသည်။ ယုဉ်ဝံ့သူက မျက်ရည်တွေတောင် လည်လာ၏။

''မင်းတို့ အပြစ်တင်သင့်ပါတယ်၊ အစကတည်းက တိုင်ပင်လိုက်ရင်ရော မင်းတို့ လက်ခံမှာမို့လား၊ ငါလည်း မင်းတို့ကို ခွဲချင်လို့ ဒီလိုဆုံးဖြတ်လိုက်တာမှ မဟုတ်တာ၊ ဒါပေမဲ့ ငါ သူသူ့ကိုချစ်တယ်၊ မပြည့်မစုံ နွမ်းပါးတဲ့ဒီဘဝမှာ သူသူ့ကို ယောင်ဝါးဝါး လက်မထပ်ချင်ဘူး။ မွေးလာမယ့် ရင်သွေးလေးတွေကိုလည်း ငါတို့လိုဘဝမျိုးနဲ့ မချို့တဲ့စေချင်ဘူး''

''မင်းနာမည်က ဒီဂရီ၊ အမြင့်ကြီးတွေ အရမ်းတွေးတာ တွေး ကျောင်းပြီးပြီပဲ ကိုယ့်နိုင်ငံမှာ ရှာဖွေစားသောက်လို့ မရဘူးလား''

''မကြီးပွားနိုင်ဘူး မဟုတ်လား။ ရင်းနှီးပျိုးထောင်စရာ မရှိ



www.burmeseclassic.com

www.burmeseclassic.com



တဲ့အတွက် သူများဆီမှာ အခစားဝန်ထမ်းလုပ်ရမှာ၊ ဆယ်နှစ်လောက် ရုန်းကန်းလည်း မချမ်းသာနိုင်ပါဘူးကွာ၊ ဟိုမှာ သုံးလေးနှစ်လောက် ကိုယ့်ဘဝကို မြှုပ်နှံလိုက်ရင် လုပ်ငန်းတစ်ခုထူထောင်ဖို့ အရင်းအနှီး ရလာနိုင်ပါတယ်"

"ဟင် မောင် မောင်က ဟိုမှာ သုံး,လေးနှစ်လောက် သွားနေမှာ၊ ဟုတ်လား၊ သူသူက ဘယ်လိုကျန်ခဲ့ရမှာလဲ မောင်"

သူသူ့မျက်ရည်တွေအတွက် ဒီဂရီ စိတ်မကောင်းပါ။

ဒါပေမဲ့ စိတ်ကျေနပ်အောင် ဖြေသိမ့်ရုံမှလွဲပြီး သူ ဘာမှ မတတ်နိုင်။ ကိုယ်တောင်မှ နာကျင်ခံပြီး ဆုံးဖြတ်ခဲ့ရတာ။

"သူသူ့ကို မောင် တောင်းပန်ပါတယ်၊ ဒီကိစ္စကို မောင့်မေမေနဲ့ညီမလေးကိုလည်း အသိပေးထားတယ်၊ သူသူ့မိဘတွေကိုလည်း လာပြီး ခွင့်တောင်းမှာပါ၊ မောင် ဒီလိုလုပ်ရတာ သူသူ့အတွက်ပါကွာ၊ မောင်တို့က ဟိုဘက်ဒီဘက် မပြည့်စုံတဲ့အသိုက်အဝန်းက ရှင်သန်လာခဲ့ကြရတာ မဟုတ်လား၊ သူသူ့ကို တင့်တောင့်တင့်တယ် လက်ထပ်ယူချင်တယ်၊ တစ်အိုးတစ်အိမ် ပြည့်ပြည့်စုံစုံ ထားချင်တယ်၊ မွေးလာမယ့် သားတွေသမီးတွေအတွက် အဆင်သင့်ဖြစ်စေချင်တယ်၊ သူသူ့ကို မခွဲနိုင်ပေမယ့် စွန့်စားကြည့်ချင်တယ်၊ ဒါဟာ မောင့်ရဲ့မျှော်လင့်ချက်, မောင့်ရဲ့အိပ်မက်ပဲ သူသူ၊ မောင်တို့တွေက မုန်းလို့ခွဲကြမှာမှ မဟုတ်တာ၊ မောင့်ကို နားလည်ပေးပါ"





"တားလို့မရဘူးဆိုတာ သူသူ နားလည်ပါတယ်၊ မောင်ဘာကြောင့် နိုင်ငံခြားကိုသွားဖို့ စိတ်အားထက်သန်နေသလဲဆိုတာလည်း သူသူ နားလည်ပါတယ်၊ ဒါပေမဲ့ ချစ်သက်တမ်းတစ်လျှောက် မောင်နဲ့ စိတ်ဆိုးစိတ်ကောက်ခဲ့ဖူးတယ်ဆိုတာတောင် မရှိတော့ သူသူ ဘယ်လိုလုပ်ခွဲနိုင်မှာလဲ မောင်ရယ်"

သူသူပြောတဲ့စကားက အမှန်ပဲဖြစ်သည်။ တစ်ယောက်နှင့်တစ်ယောက် ဖြည့်ဆည်းနားလည်မှုတွေနှင့် စိတ်ဆိုးစိတ်ကောက်တယ်ဆိုတာ တစ်ခါမှမရှိခဲ့ကြ။

မိဘတွေပေးလိုက်တဲ့ မုန့်ဖိုးလေးကို နှစ်ယောက်မျှသုံးပြီး ချိုတဲ့မှုအပေါ်မှာလည်း မညည်းညူကြ။ ပါလာတဲ့ထမင်းချိုင့်လေးထဲက ဟင်းလေးတွေကို အလဲအလှယ်လုပ် မျှဝေစားရင်း ကြည်နူးခဲ့ကြသည်။ ပြည့်စုံမှုရှိတဲ့ ကောင်းထိုက်နှင့်နေခြည်ရဲ့စေတနာနှင့် ထောက်ပံ့မှုကို အားနာစိတ်နှင့်တောင် လက်မခံဘဲ နှစ်ယောက်တူတူ မာနကြီးခဲ့ကြ၏။

စိတ်တူကိုယ်တူ ချစ်မြတ်နိုးခဲ့ကြပြီးမှ ဒီနေ့ဒီအချိန်လို ခွဲခွာမှုမျိုးဖြင့် မနာကြည်းရက်ပါ။ ကောင်းထိုက်နှင့်နေခြည်က သူတို့နှစ်ယောက်အချစ်ကို နားလည်နေခဲ့သည်မို့ စိတ်မကောင်းနိုင်။

"ဒီကောင်က နဂိုကတည်းက စိတ်ဓာတ်က မာတယ်၊ တားလို့လည်း ရမှာမဟုတ်ဘူး၊ တားမှာစိုးလို့လည်း ခုမှဖွင့်ပြောတာ၊ ဒီကိစ္စ



www.burmeseclassic.com

www.burmeseclassic.com



အတွက် စိတ်မကောင်းဖြစ်မနေနဲ့တော့၊ ဒီကောင့်ကို နားလည်ပေး လိုက်တာ **အကောင်းဆုံးပဲ သူသူ**"

"ဟုတ်တယ် သူသူ၊ ဒီဂရီက နင့်ကို အရမ်းတန်ဖိုးထားလို့ ဒီလိုဆုံးဖြတ်လိုက်တာပါ၊ သူလည်း ဘယ်ခွဲချင်မှာလဲ၊ ဒီဂရီ နင့်ကို အရမ်းချစ်တာ နင်လည်းသိသားနဲ့"

ကောင်းထိုက်နှင့်နေခြည် ဝိုင်းဝန်းဖျောင်းဖျကြ၏။ ယှဉ်ထိုင်သူ မျက်ရည်တို့ ပုတ်ခတ်သိမ်းဆည်းလိုက်ပြီး ဒီဂရီ့ပခုံးထက်မှာ မှေးမှီ လိုက်သည်။ ဒီဂရီက သူသူ့ကို ဖွဖွလေးထွေးဖက်ထားလိုက်သည်။

"ငါ မောင့်ကို စိတ်မဆိုးပါဘူး။ စိတ်မကောင်းအောင် လုပ် နေတာလည်း မဟုတ်ဘူး၊ ခွဲခွာရမှာကိုတွေးပြီး မခံစားနိုင်တာ"

"မောင် နားလည်ပါတယ် သူသူရယ်၊ မောင်လည်း သူသူ့ကို မခွဲနိုင်ဘူး။ ရင်ထဲမှာ အရမ်းနာကျင်နေတယ်၊ ဒါပေမဲ့ မောင်တို့ရှေ့ ရေးအတွက်ဆိုပြီး အားတင်းနေရတာ"

"ကဲ တော်သင့်ပြီ၊ မသွားရသေးဘူး အလွမ်းသယ်နေတယ် ကြည့်စမ်း နေခြည်၊ သူတို့ချစ်သူနှစ်ယောက် ဘယ်လောက်တောင် သိမ်မွေ့နူးညံ့မှုတွေနဲ့ ချစ်ကြသလဲလို့၊ တစ်ယောက်ကလည်း မောင် တစ်ယောက်ကလည်း သူသူရယ်နဲ့၊ ကြားရတာ အချစ်တွေနဲ့ ဖော် ဝင်နေလို့ ကြက်သီးတောင်ထတယ်"

ဟန်ပန်နှင့် ပုံစံပေါ်အောင် ပြောနေသော ကောင်းထိုက်မျက်





နှာကို အပြင်းဆုံးမျက်စောင်းဖြင့် ခွေစောင်းကြည့်၍ ကျောပြင်ကို နေခြည် အွတ်ခနဲ ထုပစ်လိုက်၏။

"ရုပ်ကြမ်းကြီးနဲ့ အနုအရွ ကြိုက်နေတယ်ပေါ့၊ ဟုတ်လား"

"ယောကျ်ားပဲ၊ မကြိုက်ဘဲနေမလားဟ၊ သူသူ ဒီဂရီကို ခေါ်သလိုမျိုး ခေါ်ကြည့်စမ်းပါ၊ မောင်လို့ ဟဲဟဲ"

"ကြည့်ဦး ကြည့်ဦး၊ နှာဘူးရုပ်က နှာခေါင်းကြီးနီရဲပြီး ပွထလာပြီ၊ ကိုကိုတို့ မောင်တို့ ခေါ်ချင်စရာရုပ်ပဲ"

နေခြည် ဘယ်လောက် ပျစ်ပျစ်နှစ်နှစ်ပြောပြော ကောင်း ထိုက်မျက်နှာက ပြောင်လျက်ပင်။

မနေနိုင်သော ဒီဂရီနှင့် သူသူကသာ အူလှိုက်သည်းလှိုက် ရယ်မိကြသည်။

ဒီလိုပျော်ရွှင်မှုတွေပေးသော သူငယ်ချင်းတွေနှင့် ကြည်နူး လှိုက်ဖိုမှုတွေပေးသော ချစ်သူကို သူ ဘယ်လိုလုပ်ခွဲထားရက်မှာလဲ လေ။

ဒါပေမဲ့ ဟိုးဝေးဝေးကို လှမ်းကြည့်လိုက်လျှင် ဘာမှမရှိသော ဟင်းလင်းပြင်ကြီးကို သူ မမြင်တွေ့လို။

ငွေရှိမှ အရာရာပြည့်စုံအဓိပ္ပာယ်ရှိမှာ မဟုတ်ပါလား။ ဒီ အချိန်တွေအတွက် –

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၃ )

"အချိန်ဆိုတာ တာဝန်ဝတ္တရားတွေနဲ့ လည်ပတ်နေရင် ကုန်
မှန်းမသိ ကုန်သွားတာပါ။ ဒါပေမဲ့ တန်ဖိုးရှိရှိ ကုန်ဆုံးဖို့တော့ အရေး
ကြီးတယ် သား။ အချိန်က ခဏလေးရယ်၊ လောဘတွေနဲ့ ဖြတ်သန်း
မယ်ဆိုရင် မတန်မဆ ပူလောင်တတ်တယ်၊ သား အရမ်းသွားချင်နေ
တာကို အမေ မတားဘူး။ ရည်ရွယ်ချက်မပျောက်ရင် တော်ပါပြီ"

အမေ့အသံတွေ တုန်ယင်နေသလားဟု ထင်မိပေမယ့် အမေ
က သူ့လိုပဲ စိတ်ဓာတ်မပျော့ညံ့တတ်သူမို့ မျက်ရည်ကျမှာတော့
မဟုတ်ချေ။

"နောင်ရေးအတွက်ပါ အမေ၊ ဒီအတိုင်းကြီး ကျွန်တော်
မနေချင်ဘူး"





"ယှဉ်ဝံ့သူအတွက် ဒီလိုစွန့်စားချင်စိတ်ရှိတာ အမေ နားလည်ပါတယ်"

"အမေနဲ့ညီမလေးအတွက်ဆိုရင် ကျွန်တော် ဒီလိုစွန့်စားမှာ မဟုတ်ဘူးလို့ အမေပြောချင်တာလား"

"သားကို အမေ အပြစ်မမြင်ပါဘူးကွယ်၊ အိမ်ထောင်ပြုလိုက်ရင် သားကို အမေတို့ စွန့်လွှတ်ရမှာပါပဲ၊ သားသမီးရဲ့သက်တမ်းတစ်ဝက်ကို မိဘတွေမပိုင်ကြဘူး သား။ တိတိကျကျပြောရရင် ပညာတွေ သင်ပေးပြီးလို့ ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်နိုင်ကြတဲ့အချိန်က စ,လို့ပေါ့၊ ဘယ်မိဘမှ အဲဒါကို မငြိုငြင်ကြပါဘူး၊ ပီတိနဲ့အားပေးဖို့ ကြိုးစားကြတယ်၊ အမှားအယွင်းမရှိအောင်လည်း တည့်မတ်ပေးဖို့ ကြိုးစားချင်ကြသေးတယ်၊ ကျေးဇူးဆပ်ချင်လို့ပါဆိုတဲ့ စကားနဲ့လည်း မဖြေသိမ့်ပါနဲ့၊ မိဘတွေအားလုံး မျှော်လင့်ချက်တစ်ခုနဲ့ သားသမီးတွေကို မွေးဖွားပေးခဲ့တာမှ မဟုတ်တာ"

အမေ့စကားတွေအတွက် သူ့ရင်ထဲက တဆစ်ဆစ်နာကျင်သွားသည်။ သူလည်း ခုကတည်းက ဖြစ်မလာနိုင်သေးတဲ့ သားသမီးလေးတွေအတွက် ကြိုတင်ပူပန်နေခဲ့မိသူ မဟုတ်ပါလား။ ပြည့်စုံကြွယ်ဝတဲ့ဘဝမှာ ယှဉ်ဝံ့သူအပါအဝင်၊ မွေးဖွားလာနိုင်မယ့် သားသမီးလေးတွေကို အဆင့်အတန်းမြင့်မြင့် ထားချင်သည်။

နုံချာတဲ့ကိုယ့်ဘဝလိုမျိုး ခွဲခြာမှုတွေနှင့် ရင်ဆိုင်ရမှာ စိုးရိမ်

www.burmeseclassic.com



၏။ ပြည့်စုံအောင်မထားနိုင်ခဲ့တဲ့ မိဘတွေကို တာဝန်ဝတ္တရား မကျေဘူးလို့ မစွပ်စွဲရက်ပေမယ့် ကိုယ့်အလှည့်မှာ ဲခဲလိုမျိုးမဖြစ်အောင် ခုကတည်းက ပြင်ဆင်ထားမှ ဖြစ်မည်။ အမေ မမျှော်လင့်ပေမယ့် အမေ့ကိုလည်း ကျေးဇူးဆပ်ချင်ပါသေးသည်။

သူ တက္ကသိုလ်ပထမနှစ်မှာ အဖေဆုံးတော့ သူတို့မောင်နှမ နှစ်ယောက်ရှေ့က မားမားမတ်မတ် အမေရပ်တည်ခဲ့သည်။ လောကခံကို ကြွေရရ မတုန်မလှုပ် ရင်ဆိုင်ပေးခဲ့၏။ အဖေရှိတုန်းက ဘာအလုပ်မှမလုပ်ခဲ့သော်လည်း အဖေဆုံးပါးသွားသည့်အချိန်မှာ ရှိတဲ့ အတွင်းပစ္စည်းလေးတွေ ထုခွဲပြီး ဈေးထဲမှာ ကုန်ခြောက်ဆိုင်ဖွင့်၍ မရှက်မကြောက် ဈေးရောင်းကျွေးခဲ့သည်။

ဒါဟာ အမေ့ရဲ့မိခင်မေတ္တာ။ သူ အသိအမှတ်မပြုလို့ ဖြစ်မလား။

"ဘာတွေတွေးနေတာလဲ သား။ ဆုံးဖြတ်ပြီးရင် ချီတုံချတုံ ပြန်မစဉ်းစားနဲ့၊ မှန်တယ်လို့ထင်ရင် ရဲရဲလျှောက်"

"ကျွန်တော်သွားရင် အမေနဲ့ညီမလေး နှစ်ယောက်တည်း ဖြစ်ပါ့မလားလို့ စိုးရိမ်လို့ပါ"

"သားသမီးကို အားစိုက်ခွန်စိုက်မွေးနေတဲ့အချိန်လောက် အမေ အားငယ်မှာ, ကြောက်ရွံ့မှာတော့ မဟုတ်ပါဘူးသား။ အသက်မှ ရှင်ပါ့မလား, ကိုယ်လက်အင်္ဂါမှ စုံပါ့မလားလို့ စိုးရိမ်ပူပန်နေရတာမှ





မဟုတ်တာ၊ စဉ်းစားဆင်ခြင်နိုင်တဲ့ အသိဉာဏ်, အမှားအမှန်ခွဲခြားနိုင်တဲ့ အသက်အရွယ်ရဲ့ ရင့်ကျက်မှု, သင်ပေးထားခဲ့တဲ့ပညာတွေရဲ့ ဖိုးမှုကြောင့် သား အမှားတွေကျူးလွန်မှာမဟုတ်ဘူးဆိုတာ အမေ သိနေပြီပဲ၊ ပြီးတော့ အားကိုးအားထားပြုခဲ့ရတဲ့ သားအဖေ မရှိတော့ တာတောင် တွေဝေစိတ်နဲ့ ဘဝကို အမေ အရှုံးပေးနောက်ဆုတ်ခဲ့တာမှ မဟုတ်တဲ့သားရယ်၊ အမေ့နားမှာ ဘယ်သူ့မရှိရှိ အမေ့မေတ္တာတွေ တော့ ရှိနေမှာပါ"

"အမေရယ်"

သူ့ရဲ့ညည်းညူမှုကြောင့် အမေက မချိပြုံးပြုံး၏။ အားပေးသိုတာလည်း ဖြစ်ကောင်းဖြစ်နိုင်သည်။ ထိုအချိန်မှာ အဖြူအစိမ်း ကျောင်းဝတ်စုံလေး ဝတ်ထားတဲ့ ညီမလေးက လွယ်အိတ်လေးကို ဆိုင်မှာချိတ်ပြီး သူနှင့်အမေ့ကြားမှာ ဝင်ထိုင်၏။

"ကိုကို နိုင်ငံခြားသွားမယ့်ကိစ္စ တိုင်ပင်နေကြတာလား"

"ဟုတ်တယ် ညီမလေး"

"မမသူနဲ့ ကိုကို့သူငယ်ချင်းတွေကိုရော ပြောပြပြီးပြီလား"

"အင်း အားလုံး စိတ်လည်းဆိုးကြတယ်၊ စိတ်မကောင်းလည်း ဖြစ်ကြတယ်၊ သူတို့လည်း ကိုကို့ကို မသွားစေချင်ကြဘူး"

"မမသူက ကိုကို့ကို အရမ်းချစ်တာ၊ ဘယ်လိုလုပ်သွားစေချင်မှာလဲ၊ ဒါပေမဲ့ ကိုကို ဘာပြောပြော မမသူက မဆန့်ကျင်ဘူး



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်လား''

''သူ နားလည်ပေးပါတယ်၊ ကိုကို့ရည်ရွယ်ချက်ကို သူသိနေတာပဲ''

''အမေကတော့ သူသူလေးရင်ထဲက ခံစားချက်ကို ကိုယ်ချင်းစာတယ်သား၊ မတတ်သာလို့ လိုက်လျောလိုက်ရပေမယ့် သားပြန်မလာမချင်း သူ စိုးရိမ်ပူပန်နေရှာမှာ''

လှုကြီးပီသစွာ အမေက တွေးတွေးဆဆပြောသည်။ သူ့ရင်ထဲလည်း ဒီအတိုင်း နားလည်ထားခဲ့၏။

''တင့်ဖော်က သားကို ဘယ်အချိန် လွှမ်းခေါ်မှာလဲ''

''အစ်ကိုက ဟိုမှာ သူ့သူငွေးကို အလုပ်ပြောပေးထားတယ်၊ သားဘက်ကလည်း အားလုံးအဆင်သင့်ဖြစ်နေပြီ၊ နောက်တစ်လခွဲ၊ နှစ်လလောက်ဆိုရင် သွားလို့ရပြီ အမေ''

''သူသူ့ကိစ္စကိုရော ဘယ်လိုလုပ်သွားမှာလဲ''

''ဗျာ''

''စေ့စပ်ကြောင်းလမ်းသွားချင်လားလို့ အမေမေးတာပါ''

''ဩော် အဲဒါမျိုးတော့ မလုပ်ပါဘူး အမေ၊ သွားမယ်လာမယ်ဆိုတဲ့အကြောင်းတော့ အသိပေးသွားမှာပါ၊ သူသူလည်း ပြောပြထားမယ်လို့ ပြောတယ်၊ အမေဈေးပိတ်တဲ့ရက်လောက် သူသူတို့အိမ် သွားမယ်လို့ စဉ်းစားထားတယ်''





''အင်း ကောင်းသားပဲ သား၊ ယုဉ်ဝံ့သူကို တင့်တောင့်တင့်တယ် လက်ထပ်ယူမယ်လို့ စဉ်းစားထားရင် သူ့မိဘတွေကို တလေးတစားရှိသင့်တယ်၊ သားသွားမယ့်ကိစ္စကို အသိပေးထားတော့လည်း သူတို့ ကျေနပ်သွားတာပေါ့ သားရယ်''

အမေကတော့ သူ့ကို အရာရာနားလည်ပေးနိုင်သော မိခင်ကောင်းတစ်ယောက်ပါ။

တကယ်ဆို ဒီမိသားစုလေးက ချမ်းသာကြွယ်ဝမှုတွေ မရှိပေမယ့် နားလည်မှုတွေကြောင့် အေးချမ်းတည်ငြိမ်မှုရှိသည်။ သူ နိုင်ငံခြားမသွားလည်း ထမင်းနပ်မှန်ရုံတော့ စားနိုင်သောက်နိုင်တာ အမှန်ပဲဖြစ်၏။

ဒါပေမဲ့ သူသူနှင့် ဘဝတစ်ခု တည်ဆောက်တဲ့အချိန်မှာ ဒီအခြေအနေမျိုးနှင့် သူ မရောင့်ရဲနိုင်။ သူသူ့ကို အိမ်တစ်ဆောင်မီးတစ်ပြောင် ပြည့်ပြည့်စုံစုံထားချင်သည်။ မွေးလာမယ့် သားသမီးတွေကိုလည်း သူတို့လို မဆိမ်ငယ်စေချင်။

အချိန်တစ်ခုကို ရင်းနှီးလိုက်လျှင် ထိုအရာတွေအားလုံး ပြည့်စုံနိုင်ပါလိမ့်မည်။ ခရီးက မနီးသော်လည်း –

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၄ )

“မနီးမှန်းသိလျက်နဲ့ စွန့်စားကြည့်ချင်တာ ဦးကတော့ အားပေးပါတယ်ကွာ၊ လူငယ်ဆိုတော့ အတွေ့အကြုံအသစ်တွေ ရှာချင်ကြတယ်၊ စူးစမ်းလေ့လာချင်ကြတယ်၊ ဒါပေမဲ့ ဖွဲ့ရှိဖို့တော့ လိုတယ်ကွ၊ ကိုယ့်နိုင်ငံ,သူ့နိုင်ငံရယ် မဟုတ်ဘူး၊ ဘယ်နေရာမှာဖြစ်ဖြစ် အခက်အခဲဆိုတာ ရှိတာပဲ၊ ငွေအရင်းအနှီးမြှုပ်နှံနိုင်တဲ့သူက လုပ်ငန်းရှင်ဖြစ်တယ်၊ မလုပ်နိုင်တဲ့သူက သူများရဲ့ အခစားဝန်ထမ်းဘဝပေါ့၊ ဝန်ထမ်းဘဝချင်းအတူတူ စည်းကမ်းမရှိတဲ့သူက စုဆောင်းမိမှာ မဟုတ်ဘူး၊ မိဘမျက်ကွယ်ရာမှာ ပိုပြီးစည်းကမ်းရှိမှဖြစ်မယ်”

“ဟုတ်ကဲ့၊ ကျွန်တော့်ရည်ရွယ်ချက်ကို အောင်မြင်အောင် ကြိုးစားမှာပါ၊ သူသူနဲ့လည်း တိုင်ပင်ထားပါတယ်”





“အေး သမီးက ပြောပြပါတယ်၊ ဖြစ်နိုင်ရင် ဒီမှာ အတူတူ ရှုန်းကန်ကြိုးစားစေချင်ပေမယ့် ဦးတို့ဘက်ကလည်း မင်းတို့အတွက် ဘာအမွေအနှစ်မှ ပေးနိုင်မှာမဟုတ်ဘူးဆိုတော့ အားပေးရုံပဲ ရှိတော့တာပေါ့”

“ကျွန်မလည်း အဲ့ဒါကြောင့် မလွှတ်ချင့်ဘဲ. လွှတ်လိုက်ရတာပါ ဦးစိုးတင့်ရယ်၊ သူသူလေးကို တင့်တောင့်တင့်တယ် လက်ထပ်ချင်တယ်၊ ပြည့်ပြည့်စုံစုံထားချင်တယ်ဆိုတော့ မတားဆီးရက်တော့ဘူးလေ၊ ဟိုမှာနေတဲ့ သူ့အစ်ကိုဝမ်းကွဲကလည်း အလုပ်အကိုင်က အစ အဆင်သင့်ရှာထားပေးတာပါ၊ သူလာမယ်ဆိုတော့ ဝမ်းလည်း ဝမ်းသာနေတယ်၊ ဟို သားနဲ့သမီး မင်္ဂလာပွဲကို သားပြန်လာမှ ခမ်းခမ်းနားနားလုပ်ပေးပါရစေနော်”

ဒီဂရီအမေက သားရှင်မို့ ရိုကျိုးစွာ ခွင့်ဝန်၏။ ဦးစိုးတင့်နှင့် ဒေါ်ငြိမ်းဆင့်က နားလည်မှုနှင့် ခေါင်းတညိတ်ညိတ်။

“ကလေးတွေကိစ္စက အလောတကြီး ညှိနှိုင်းစရာမလိုပါဘူးကွယ်၊ လိမ္မာတဲ့သူတွေမို့ မိဘတွေကို အသိပေးတိုင်ပင်တာပဲ၊ သူတို့လေးတွေကို ချီးမွမ်းရမှာပါ၊ အတူနေရပြီးရော မိုက်ရူးရဲဆန်ပြီး တစ်ခွတ်ထိုးလုပ်မသွားတာ တော်သေးတာပဲ”

“ဟုတ်ကဲ့ မမဆင့်၊ သားကို အဲလိုစိတ်မျိုး မရှိအောင်တော့ မြလည်း ဆုံးမထားပါတယ်”



www.burmeseclassic.com

www.burmeseclassic.com



“မေမေ ရေချိုးပွဲ”

“အေး အေး သမီး ထားခဲ့ မောင်ဒီဂရီနဲ့ အပြင်သွားကြဦးမယ်ဆို သွားကြလေ၊ မေမေတို့လူကြီးတွေ စကားပြောလိုက်ဦးမယ်”

“ဟုတ်ကဲ့ မေမေ၊ သူ ပတ်(စ်)ပို့ကိစ္စ သွားမယ်ဆိုလို့ပါ”

လူကြီးတွေက အလိုက်တသိခွင့်ပြုတော့ ဒီဂရီနှင့် ယုဉ်ဝံ့သူ ကားမှတ်တိုင်ရှိရာ ထွက်လာခဲ့ကြသည်။

အစိမ်းရောင်များသော အပွင့်အခက်များနှင့် ပါတိတ်ဝမ်းဆက်ဝတ်ထားသော ယုဉ်ဝံ့သူက ယဉ်စစနှင့် နုနယ်လှပလွန်းသည်။ ဆံနွယ်များက ကျောလယ်လောက် နွဲ့အိစွာ ဝေ့ဝဲနေလျက်။ ဝင်းဝါစိမ်းမြနေသော ပါးပြင်လေးပေါ်မှာ မှုန်ဖွေးနေသော သနပ်ခါးရနံ့နှင့် ကဗျာဆန်လှသည်။ ကိုယ်ပေါ်မှာ တန်ဖိုးကြီးလက်ဝတ်ရတနာတွေဘာမှဆင်မြန်းနိုင်ခြင်းမရှိသော်လည်း မိန်းမပတ်နာရီသေးသေးလေးက တည်ငြိမ်မှုကို ညွှန်းဆိုဖော်ကျူးနေသည်။

စလင်းဘက်(ဂ်)အိတ် မပါ။ လက်ကိုင်အိတ်သေးသေးလေးလည်း မပါ။ ဒီဂရီလက်မောင်းတစ်ဖက်ကို တွဲဆုပ်ရုံနှင့် အားမာန်တွေပြည့်ဝနေဟန်ရှိ၏။

“တက္ကစီငှားလိုက်ရမလား သူသူ”

“ဟင် ဘာလို့ငှားမှာလဲ၊ နှစ်ရာလောက်ကုန်ရင် မောင်သွားချင်တဲ့ရုံးကို ရောက်သွားမှာပဲဥစ္စာ၊ တက္ကစီခ နှစ်ထောင်၊သုံးထောင်





အကုန်ခံရောလား မောင်ရဲ့”

“လိုင်းကားပေါ်မှာ သူသူ့ဆံပင်တွေ ဟိုလူဒီလူနဲ့ ငြိမှာစိုးလို့ပါ”

“အို ဒါလေးများ သူသူ့မှာ ခေါင်းစည်းကြိုးပါတာပဲ၊ စည်းထားလိုက်မှာပေါ့”

သူသူက ဖျတ်ခနဲ လက်မှာပတ်လာတဲ့ ခေါင်းစည်းကြိုးလေးနှင့် ဆံနွယ်တွေကို သေသပ်စွာ ချည်နှောင်လိုက်သည်။ ရှင်းသန့်ဝင်းဖန့်နေသောမျက်နှာလေးကို ဒီဂရီက မြတ်နိုးမဝစွာ ငေးကြည့်နေ၏။

“ဘာကြည့်နေတာလဲ၊ လမ်းကို ကောင်းကောင်းသွား”

“အဟင်း သူသူက အရမ်းလှနေလို့ပါ၊ သူသူ့ဥပမိရုပ်ကမင်းကတော်, သူ့ဌေးကတော်ရုပ်၊ အဲဒါကြောင့် မောင်က သူသူ့ကိုအမြင့်ဆုံးမှာထားချင်တာ၊ တော်ဝင်တဲ့အလှနဲ့ ပြည့်စုံချမ်းသာတဲ့ဘဝလိုက်ဖက်တင့်တယ်အောင်လို့လေ”

“သူသူ ပကာသနတွေ မမက်ပါဘူး မောင်၊ အနေဆင်းရဲချင် ဆင်းရဲမယ်၊ စိတ်ချမ်းသာတဲ့ဘဝမှာ မောင်နဲ့အတူတူ နေချင်တယ်”

“အဲဒီဘဝက စိတ်ကူးယဉ်လို့တော့ ကောင်းပါတယ် လက်တွေ့မှာ မပြည့်စုံမှုက အချစ်တွေကို အမှောင်ချပစ်နိုင်တယ် သူသူ၊



www.burmeseclassic.com

www.burmeseclassic.com



မောင်က သူသူ့ကို တန်ဖိုးထားပြီး မြတ်နိုးချင်တယ်၊ ဟိုးအမြင့်ဆုံးမှာ ဖူးပွင့်လန်းဆန်းနေတဲ့ ပန်းလေးတစ်ပွင့်အဖြစ်နဲ့ အရိပ်တကြည့်ကြည့် ရှိနေချင်တာ၊ မောင် အတွေးသမားမဟုတ်ဘူးဆိုတာ သူသူ သိပါတယ်၊ သက်သေပြနိုင်အောင် ဝေးကွာနေတဲ့အချိန်လေးမှာ သစ္စာရှိရှိ စောင့်ပေးပါ"

"သူသူ့ကို မယုံလို့လား"

"ကံကြမ္မာကို ပုံသေတွက်လို့မရတာ သူသူ နားလည်မှာပါ၊ မောင်တို့နှစ်ယောက်အချစ်ကို ကြားလေသွေးလို့မရဘူးဆိုပေမယ့် အနေဝေးရင် သွေးအေးသွားမှာစိုးတယ်"

"အဲဒါ သူသူပြောရမယ့်စကား မဟုတ်ဘူးလား မောင်"

လမ်းလျှောက်ရင်းနှင့် မော့မော့လေး လှည့်ပြန်ကြည့်ပြီး သူသူပြောတော့ ဒီဂရီ ဟက်ခနဲ ရယ်ချ၏။

သူသူ့ခေါင်းလေးကို ဖွဖွလေးပွတ်၍ ပခုံးလေးကိုပါ သူ့ဘက်ယိုင်နဲ့လာအောင် သိမ်းကျုံးဖက်လိုက်သည်။

"ဘာဖြစ်တာလဲ လမ်းမကြီးမှာ"

"ကိုယ်တို့နှစ်ယောက်ကို လူကြီးမိဘတွေ အသိအမှတ်ပြုထားတဲ့ချစ်သူစုံတွဲတွေဆိုတာ လူတိုင်းသိပါတယ်ကွာ"

"ဘာဖြစ်ဖြစ် လက်မထပ်ရသေးရင် စည်းတော့စောင့်ရမှာပေါ့မောင်"





"ဟင်း ဟင်း အဲဒါကြောင့် မောင်က သူသူ့ကို ပိုပြီးတန်ဖိုးထားတာ၊ ချစ်သူပါးလေးကို နမ်းဖို့တောင် မောင် အခွင့်အရေးမယူခဲ့တာ သူသူ မသိဘူးလား"

"အဲဒါကြောင့်လည်း မောင့်ကို လေးစားယုံကြည်မှုတွေနဲ့ သူသူ ချစ်ခဲ့တာပါ၊ ကိုယ်ကျင့်တရားဆိုတာ ဘယ်အချိန်, ဘယ်အခြေအနေမှာဖြစ်ဖြစ် စောင့်ထိန်းသင့်တယ်၊ ဒါမှ တန်ဖိုးဆိုတာ ဖြစ်ပေါ်လာတာ၊ မောင်ထားခဲ့တဲ့ဘဝမှာ သစ္စာတွေနဲ့ စောင့်နေမယ်ဆိုတာ ယုံကြည်ပေးပါ"

"ကျေးဇူးတင်ပါတယ် သူသူရယ်"

သူသူ လက်ဖဝါးနုနုလေးကို ခပ်တင်းတင်းဆုပ်ညှစ်၍ မှတ်တိုင်မှာ ထိုးစိုက်လာတဲ့ အဲကွန်းဘတ်(စ်)ကားကြီးပေါ် တိုးခွေ့တက်လိုက်သည်။

လူတွေကြားမှာ နစ်မြုပ်မတတ်ဖြစ်နေသော သူသူ့ကိုယ်လေးကို သူ့ရင်ခွင်ဘေးမှာ ဆွဲသွင်းထားလိုက်ရပေမယ့် ဆံနွယ်လေးဆီမှ ရှန်ပူရနံ့နှင့် ခပ်သင်းသင်းမွှေးမြနေသော ကိုယ်သင်းရနံ့လေးကို ရှဲရှဲ မရှူရှိုက်ရဲ။

မရိုးသားမှုရဲ့တရားခံအဖြစ် စွပ်စွဲမခံနိုင်တာ ယဉ်ဖွံ့သူဆိုသော ကောင်မလေးကို တန်ဖိုးထားမြတ်နိုးမိလို့ပါ။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၅ )

"ဒီဂရီရဲ့သဘောထားကို ရှင် ဘယ်လိုယူဆသလဲ ကိုစိုး"

"မင်းက ဘာကိုပြောချင်တာလဲ"

"သမီးကိုထားခဲ့ပြီး တစ်နယ်တစ်ကျေးကို ထွက်သွားတာ"

"လူငယ်တစ်ယောက်ရဲ့ယုံကြည်ချက်နဲ့ စွန့်စားလိုမှုပေါ့ကွာ သမီးအဲ့တွက်ပါလို့ သူရော,သူ့အမေရော ပြောသွားတာပဲ"

"အိမ်ထောင်သည်တွေတောင် သားမယားနဲ့ အချိန်အကြာကြီး ဝေးကွာသွားရင် ဖောက်ပြန်တတ်ကြတာ၊ ယုံကြည်ရပါ့မလား ကိုစိုးရဲ့၊ ခုနေခါမှာ အပြစ်မရှိပေမယ့် အားလုံးရဲ့မျက်ကွယ်ရာမှာ"

"သံသယနဲ့ စောင့်မကြည့်ရင် လူတိုင်းအပြစ်ကင်းနေကြတာပါပဲ ဆင့်ဆင့်ရယ်၊ မောင်ဒီဂရီ ဒီလိုလူမျိုး မဟုတ်ဘူးဆိုတာ





ကိုယ်ယုံတယ်၊ သမီးကတော့ ပိုယုံမှာပေါ့၊ လူငယ်တွေရဲ့ ဖြစ်ချင်စိတ်ကို အဟန့်အတားမဖြစ်စေပါနဲ့"

ဖေဖေနှင့်မေမေပြောနေတဲ့စကားတွေကို တိတ်တဆိတ် နိုးနားထောင်နေမိခြင်းမဟုတ်ပေမယ့် တိုက်ဆိုင်စွာ အကွယ်တစ်နေရာမှာ ရပ်နားထောင်နေမိသည်။

မေမေ့စိုးရိမ်ပူပန်မှုနှင့် ဖေဖေ့ရဲ့တရားမျှတစွာ ချင့်ချိန်တွေးခေါ်မှုက သူမအတွက်ဆိုတာ နားလည်ပါသည်။ ဒီဂရီနှင့်သဘောမတူလို့မဟုတ်ဘူးဆိုတာလည်း နားလည်နေ၏။ ဒီဂရီရဲ့နိုင်ငံခြားအလုပ်သွားလုပ်မယ်ဆိုတဲ့ လတ်တလောဆုံးဖြတ်ချက်ကြောင့် အလေးအနက်စဉ်းစားနေခဲ့ကြတာဖြစ်မည်။

သူမလည်း မောင့်ကို နားမလည်နိုင်ပါ။ ကြီးပွားချမ်းသာချင်တာ သူမအတွက်ဆိုတာ သိနေပေမယ့် စေ့စပ်ကြောင်းလမ်းထားခဲ့ပြီး လက်ထပ်ဖို့ တစ်ခုခုတော့ မောင် အကောင်အထည်ဖော်ထားခဲ့သင့်သည်။

ဒါပေမဲ့ မောင့်ကို စိတ်မဆိုးစိတ်မကောက်ရက်ပါ။

မောင်က မိဝေးဖဝေး ချစ်သူနဲ့ဝေးတဲ့နေရာကို တစ်ယောက်တည်းသွားနေရမှာ မဟုတ်ပါလား။

မောင့်ရဲ့စိတ်က ပြတ်သားရဲရင့်သည်။ ဆုံးဖြတ်ပြီးလျှင် ဖြစ်စေနေ တာဝန်ကျေတတ်၏။ ကျောင်းသင်ခန်းစာကအစ ဆရာက



www.burmeseclassic.com

www.burmeseclassic.com



ဒီစာကို ရအောင်လုပ်လာခဲ့ပါဆိုလျှင် သူ့ရနိုင်တာကို ကတိပေးပြီး မရနိုင်လျှင် ကျွန်တော် ရမှာမဟုတ်ဘူးဟု ရှေ့မှာတင် မကြောက်မရွံ့ တည့်တည့်ပြောရဲတဲ့သူ ဖြစ်သည်။ သူငယ်ချင်းတွေနှင့် ပတ်သက်လျှင်လည်း ဘာကျွေးကျွေး ငါပြန်ကျွေးနိုင်မှ မင်းတို့ဟာကို စားမယ်ဟု အားမနာတမ်း ပြောထွက်ရဲတဲ့သူ။

ဒီကိစ္စမှာလည်း ဆုံးဖြတ်ပြီးသားဖြစ်နေတဲ့ မောင့်ကို ဘယ်လိုမှ တားမရဘူးဆိုတာ သူမ သိသည်။

ဒါကြောင့်မို့ ငြိုငြင်မှုမရှိအောင် ကြိုးစားနေခဲ့ရတာဖြစ်၏။

"သမီးလေး လာထိုင်လေကွယ်၊ မိုးတိုးမတ်တတ်နဲ့"

အရင်ဆုံးမြင်သွားသော ဖေဖေက သူမကို လှမ်းခေါ်သည်။ သင်ဖြူးဖျာလေးပေါ် သူမ ရိုကျိုးစွာ ဝင်ထိုင်လိုက်၏။

"သမီးလည်း မောင်ဒီဂရီ နိုင်ငံခြားသွားပြီဆိုရင် ရပ်ကွက်စာသင်ကျောင်းလေးမှာ လုပ်အားပေးဆရာမအဖြစ်နဲ့ စာသင်ပေးဖို့ ကျောင်းအုပ်ဆရာကြီးဆီမှာ ဖေဖေ ခွင့်တောင်းထားတယ်၊ လက်ရှိ ကွင်းဆင်းလေ့လာတဲ့သဘောပေါ့ကွယ်၊ နောက်မှ ဆရာကြီး အစိုးရခန့်ဖြစ်အောင် တာဝန်ယူပေးလိမ့်မယ်"

"သမီး ဝါသနာပါ,ပါတယ် ဖေဖေ၊ တခြားအလုပ်တွေဆိုရင် အချိန်ကုန်လူပန်းစောင့်နေရမှာ၊ နယ်ဝေးမြေခြားတွေ တာဝန်ကျသွားရင်လည်း ဖေဖေ,မေမေတို့နဲ့ ခွဲနေရမှာ"





"ဟုတ်တာပေါ့ သမီးရယ်၊ တစ်ဦးတည်းသောသမီးလေးဆိုတော့ အိမ်ထောင်ကျသွားရင်တောင် မေမေတို့က ခွဲထုတ်ချင်တာ မဟုတ်ဘူး"

"အဲလိုပြောလို့မရဘူး ဆင့်ဆင့်၊ အဲဒီအချိန်ကျရင် မိဘတွေက ဆိုင်သာဆိုင်တော့တာ, မပိုင်တော့ဘူး။ ကိုယ်တို့တုန်းကလည်း ဒီလိုပဲ ခွဲထွက်လာတဲ့တာ မဟုတ်လား။ သမီး စိတ်ညစ်အောင် မပြောစမ်းပါနဲ့"

"ကျွန်မက သဘောပြောတာပါတော်၊ နားလည်ပါတယ်"

"အဟင်းဟင်း ဖေဖေနဲ့မေမေကလည်း အဝေးကြီး လိုသေးတာကို ကြိုတွေးနေတယ်၊ သူက ဟိုမှာ သုံးနှစ်လောက်နေဦးမှာပါ၊ ဒါတောင် ကံကောင်းမှ စုမိဆောင်းမိမှာ၊ နိုင်ငံခြားသွားတဲ့သူတိုင်း အဆင်ပြေကြတာမှ မဟုတ်တာ"

မေမေက သက်ပြင်းချပြီး ပြုံးသည်။ ဖေဖေက သူ့သူ့ခေါင်းလေးကို ဖွဖွလေးပုတ်ကာ –

"အဲဒီလိုသိထားတာ ကောင်းပါတယ် သမီး။ နိုင်ငံခြားသွားတဲ့သူတိုင်း အဆင်မပြေနိုင်ဘူး။ တချို့က နိုင်ငံခြားသွားမှ ချမ်းသာမယ်ထင်ပြီး သွားကြတယ်၊ ရသမျှကို စည်းကမ်းမရှိ သုံးစွဲတော့ အသယ်လောက်ရရ မပိုလျှံတော့ဘူးပေါ့၊ ကိုယ့်နိုင်ငံမှာလည်း ဝင်ငွေနဲ့ ထွက်ငွေ မျှတအောင်သုံးစွဲတတ်မယ်ဆိုရင် လူချမ်းသာမဟုတ်တောင်



www.burmeseclassic.com

www.burmeseclassic.com



လူဆင်းရဲတော့ မဖြစ်တော့ပါဘူး။ ဒါပေမဲ့ ဒီအချိန်မှာ မောင်ဒီဂရီကို ဒါတွေပြောပြီး တားဆီးခဲ့ရင်လည်း သူ နားဝင်မှာမဟုတ်ဘူး၊ သူက ရည်ရွယ်ချက်ကြီးတယ်၊ ဖြစ်ချင်စိတ် များနေတယ်၊ သမီးအတွက်ဆိုတော့ ဖေဖေတို့ ဝမ်းသာပါတယ်ကွယ်''

ဖေဖေရဲ့ယုံကြည်မှုကြောင့် သူသူ စိတ်သက်သာရာတော့ ရခဲ့သည်။ သူမလည်း ဖေဖေတို့လိုပဲ ကြည်နူးခြင်းတစ်ဝက်၊ စိတ်အလိုမကျခြင်းတစ်ဝက်ဖြင့် မောင့်ကို ဘာမှလည်း မပြောသာခဲ့။ ဖေဖေတို့နှင့် စကားပြောပြီးတော့ မောင်တို့အိမ်ဘက် သူမ ထွက်လာခဲ့သည်

မောင့်ညီမလေး မိစုက သူမကို အပြေးအလွှား ထွက်ကြိုဆီး

''ကိုကိုရေ ဒီမှာ မမသူရောက်လာပြီဗျို့၊ မမသူ ကိုကိုခေါ်ထားတာ မဟုတ်လား''

''အင်း ဟုတ်တယ် ညီမလေး။ ဟိုသူငယ်ချင်းနှစ်ယောက်ကိုလည်း ခေါ်ထားတယ်လေ၊ သူ မသွားခင်မှာ ထမင်းဟင်းချက်စားရအောင်လို့တဲ့''

''ဟား ပျော်စရာကြီးနေမှာ၊ စုက ကျောင်းသွားရဦးမှာ မမသူရဲ့၊ ဝိုင်းကူလုပ်လို့လည်း မရဘူး။ မေမေကတော့ မီးဖိုထဲမှာ ဘာတွေလုပ်နေလဲမသိဘူး''

''ပညာရေးက အရေးကြီးတယ်၊ ကျောင်းတက်ရမှာပေါ့ ညီမလေးရယ်၊ ညနေ ညီမလေး ကျောင်းပြန်မှ စားစရာတွေ ချန်





ထားလိုက်မယ်နော်''

''ဟုတ်ကဲ့ မမသူ''

မိစုက နာခံစွာ သူမ,လက်တစ်ဖက်ကို ဆွဲဆုပ်ပြီး အိမ်ထဲသို့ဝင် ကျောင်းလွယ်အိတ်ယူ၍ ပြန်ထွက်သွားသည်။ ဒီဂရီအမေကို သူမ အရင်ဆုံး နှုတ်ဆက်လိုက်၏။

''အန်တီမြ ဈေးခြင်းကြီးနဲ့ ဈေးသွားတော့မှာလား''

''အေးကွယ်၊ သားက သူ့သူငယ်ချင်းတွေကို အပျော်ထမင်းချက်ကျွေးချင်တယ်တဲ့၊ ထမင်းဆိုတာ ကိုယ့်အိမ်မှာ အမြဲစားနေကြဟာမဟုတ်လား၊ နိုင်ငံခြားမှာ စားချင်တိုင်းစားလို့မရတဲ့ မြန်မာမုန့်ဟင်းခါးပဲ အန်တီချက်ထားလိုက်တယ်၊ အခု မုန့်ဖတ်နဲ့နံနံပင်လေး၊ ရှောက်သီးလေး သွားဝယ်မလို့လေ''

''ဟင် အန်တီမြက မုန့်ဟင်းခါးချက်ပြီးပြီလား၊ သူသူက ကူလုပ်ပေးချင်လို့ စောစောထွက်လာတာ''

''အေးအေးနေပါကွယ်၊ အန်တီမြ ဈေးပိတ်ရက်မို့ လုပ်ပေးနိုင်တာပါ၊ သားနဲ့ စကားပြောနှင့်ကြဦးနော်၊ သူငယ်ချင်းတွေလည်း လာတော့မယ် ထင်ပါတယ်''

ဒေါ်ခင်မြ ထွက်သွားမှ ဒီဂရီက သူမ,လက်ကို လာဆွဲသည်။

''မနက်ကတည်းက မေမေ့ကို မောင် ကူလုပ်ပေးနေတာပါ၊ ယောက္ခမကြီးကို စိတ်ပူမနေနဲ့''



www.burmeseclassic.com

www.burmeseclassic.com



"မောင်နော် လျှောက်ပြောနေတယ်၊ ဘာမှလည်း မဆိုင်သေးဘဲနဲ့"

"ဆိုင်ချင်လို့ မောင် အဝေးကို သွားရတော့မှာလေ၊ သူသူ့ကို မခွဲနိုင်ဘဲ ခွဲရတော့မှာ"

"သူသူ မငိုက်တွန်းဘူးနော်၊ မောင်ကလွဲပြီး ဘာမှမမက်မောဘူး"

"ဒါပေမဲ့ ပြီးပြည့်စုံတဲ့မိသားစုဘဝလေးကို မောင် အရမ်းမျှော်လင့်တယ်၊ ခြံဝင်းကျယ်ကျယ်နဲ့ တိုက်အိမ်လှလှလေးထဲမှာ မောင်ရယ်, သူသူရယ်, သားလေးတွေ,သမီးလေးတွေရယ် အတူတူနေရရင် ဘယ်လောက်များ ပျော်စရာကောင်းလိုက်မလဲ"

"သူသူလည်း အဲဒီဘဝမျိုးလေး လိုချင်တာပါပဲ မောင်၊ အိမ်ထောင်ရှင်မကောင်းတစ်ယောက်, မိခင်ကောင်းတစ်ယောက်ဖြစ်အောင် သူသူ ကြိုးစားချင်တယ်၊ မောင်နဲ့အတူ နေရရင်ဆိုတဲ့ စိတ်ကူးယဉ်မှုမျိုး ဟိုအရင်ကတည်းက ရှိခဲ့တာပါ၊ ဒီလိုမျိုးကြီးခွဲခွာရမယ်ဆိုတဲ့အကြောင်းတော့ မပါဘူးပေါ့လေ၊ အတူသွား, အတူစား, အတူနေခဲ့ရတဲ့အချိန်တွေကို သူသူ ဘော်တော်နဲ့ မေ့ပျောက်နိုင်မယ် မထင်ဘူး၊ သံယောဇဉ်တွေက မေ့လွယ်ပျောက်လွယ် အချိန်တိုကိုလေးမှ မဟုတ်ခဲ့တာ၊ ခုဆို အနေဝေးသွားရင် မောင် မေ့သွားမလားဆိုတဲ့ စိုးရိမ်စိတ်တွေလည်း ရင်ထဲမှာ အပြည့်ပဲ"





"သူသူရယ်"

ရင်ထဲမှာ မခံစားနိုင်စွာ သူသူ့နာမည်လေးကို တီးတိုးရေရွတ်ရင်း မြတ်နိုးမဝစွာ သူသူ့ကိုယ်လေးကို ခပ်တင်းတင်းဆွဲဖက်ပစ်လိုက်သည်။ သူသူ့ကိုယ်လေးက ရုန်းကန်တောင့်တင်းခြင်းမရှိဘဲ ပျော့ခွေမှိန်နွှမ်းစွာ သူ့ရင်ခွင်ထဲမှာ တွယ်ကပ်နေ၏။

"သူသူ့ကို မောင့်တစ်ဘဝစာအတွက် တန်ဖိုးထားရည်ရွယ်ခဲ့တာပါ၊ သူသူ့ကို မောင် အရမ်းချစ်တယ်၊ မောင်တောင့်တတဲ့ မိသားစုဘဝလေးအတွက် မောင် ကြိုးစားမှာပါ၊ သူသူ့ဆီက မောင် တစ်ခုပဲ တောင်းဆိုချင်ပါတယ်"

"ပြောပါမောင်၊ သူသူတို့က နှလုံးသားချင်း သစ္စာဆိုထားကြတာပဲ"

"အဲဒီဘဝလေးကို ရတဲ့အချိန်ထိ မောင့်ကို သစ္စာရှိရှိ စောင့်ပေးပါ၊ ဘာတွေပဲဖြစ်နေနေ မောင်တို့နှစ်ယောက်ရဲ့နားလည်မှုက ဘယ်အရာမှ သွေးခွဲလို့မရစေရဘူး"

မောင်က အနမ်းတစ်ချက်နှင့် သစ္စာတိုင်တည်၏။

ထိုအနမ်းကိုငြိမ်သက်စွာခံယူရင်း သူမ ကတိပေးလိုက်သည်။

တစ်ဘဝစာအတွက် သစ္စာတရားတဲ့ပါ မောင်။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၆ )

"သစ္စာတွေ မေတ္တာတွေ လာမပြောနဲ့၊ သူသူ့ကို ထားခဲ့နိုင်တဲ့ မင်းရဲ့သတ္တိကတော့ အံ့သြဖို့ကောင်းပါတယ်ကွာ"

"အေးလေ၊ ဒီလောက် တတွဲတွဲနဲ့ မခွဲနိုင်မခွာရက် ချစ်ခဲ့ကြပြီးမှ ကောက်ခါငင်ခါ ခွဲခွာသွားမယ်ဆိုတော့ ယုံတောင်မယုံနိုင်ဘူး"

ကောင်းထိုက်နှင့်နေခြည်က မုန့်ဟင်းခါးတွေ တစ်ပွဲပြီးတစ်ပွဲ အားရပါးရဆွဲနေကြရင်း ဒီဂရီ့ကိုလည်း လှည့်၍ ပျစ်ပျစ်နှစ်နှစ်ဝေဖန်သည်။ ဒီဂရီက စိတ်မဆိုးဘဲ ပြုံးလိုက်ကာ

"တစ်နေ့နေ့တော့ သူသူ့ကို ငါ ဘယ်လောက်ချစ်တယ်ဆိုတာ သက်သေပြနိုင်မှာပါ၊ အဲဒီနေ့မရောက်ခင်တော့ မင်းတို့နှစ်ယောက် သူသူ့ကို ဂရုစိုက်ပေးကြပါကွာ"





"သူသူ့ကို ငါတို့က ဘာလို့ဂရုစိုက်ရမှာလဲ"

"ငါမရှိတဲ့အချိန်မှာ သူသူ့ကို ဘာအများအယွင်းမှ အဖြစ်ခံနိုင်ဘူးကွာ"

"သူသူ မင်းအပေါ် သစ္စာမရှိမှာစိုးလို့လား"

"ဟင့်အင်း၊ သူသူ့ကို ငါယုံပါတယ်"

"ဒါဖြင့် ကံကြမ္မာကိုလား"

"အဲဒါလည်း မဟုတ်ဘူး၊ တို့နှစ်ယောက်အချစ်ကို ဘယ်လိုအရာကမှ မခွဲနိုင်ဘူးဆိုတာ ငါ့စိတ်ထဲက သိနေတယ်၊ ဒါပေမဲ့ ငါက ဘွဲ့လေးနဲ့ပြန်လာလို့ ရမှာမှမဟုတ်တာ၊ သုံးနှစ်ဆိုတာ အနည်းဆုံးပဲ၊ ရည်မှန်းထားသလောက် မပြည့်ဝရင် ဒီထက်လည်း ကြာချင်ကြာနိုင်တယ်၊ အဲဒီလောက်အကြာကြီးအတွင်းမှာ တစ်စုံတစ်ရာ အကျိုးအကြောင်းဖြစ်မလာနိုင်ဘူးလို့ ပြောလို့ရမလား"

"အဟား"

ရေတ်သီးစပ်သွားတာလား၊ လှောင်ရယ်လိုက်တာလား မသိ။ ကောင်းထိုက်က ဟားခနဲအော်လိုက်ကာ ဒီဂရီ့မျက်နှာကို စေ့စေ့ကြည့်သည်။

"ဒီဂရီ မင်း သွေးနည်းတဲ့ကောင် မဟုတ်ပါဘူး၊ ဘာကြောင့် ဒီလောက်စိုးရိမ်ကြောင့်ကြနေတာလဲ၊ မတော်ရသေးတဲ့ယောက္ခမတွေနဲ့တောင် သွားတွေ့ပြီးပြီဆို"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်၊ အဲဒါက အသိအမှတ်ပြုပေးထားတဲ့ လူကြီးတွေကို ငါ ဘာကြောင့်နိုင်ငံခြားသွားတယ်ဆိုတာ သိစေချင်လို့ပေါ့၊ ငါ သူသူ့ကို သေသေချာချာလက်ထပ်မယ်ဆိုတာ သိစေချင်လို့ဆိုရင် ပိုမှန်တယ်၊ ငါက သူသူနဲ့ ပြည့်စုံချမ်းသာတဲ့မိသားစုဘဝလေးကို တူတူခံစားချင်တာ၊ ဒါပဲ ငါမျှော်လင့်တာ ဒီဘဝလေးပဲ"

မျက်ရည်တွေလည်ပြီးပြောနေတဲ့ ဒီဂရီ့ကိုကြည့်ကာ ကောင်းထိုက် စိတ်မကောင်းဖြစ်သွားဟန်တူသည်။ ဒီဂရီ့ပခုံးကို နှစ်ချက်သုံးချက် နှစ်သိမ့်သလို ပုတ်လိုက်ကာ

"ဟိုဘက်ဒီဘက် နှစ်ဖက်စလုံး အစစအရာရာ အဆင်ပြေနေတာ၊ မင်းဖြစ်ချင်တာတွေ ဖြစ်လာမှာပေါ့ သူငယ်ချင်း၊ သူသူက လည်း မင်းကိုချစ်တယ်၊ မင်းကလည်း သူသူ့အတွက် အဝေးကြီးကို သွားပြီး ကြိုးစားမှာ၊ 'အချစ်တွေက သက်သေဆိုရင် သူသူ စောင့်နေရတာရော၊ မင်း မိဝေး,ဖဝေး, ချစ်သူနဲ့ဝေးပြီး ဒုက္ခခံရတဲ့အချိန်တွေဟာ ခဏလေးလောက်ပဲ ရှိမှာပါ"

"အေး ဟုတ်တယ် ဆွေးပူမနေနဲ့ မြန်မြန်နီးချင်ရင် မြန်မြန် ကြိုးစား"

"အဲလိုကြီးတော့ အားမပေးပါနဲ့ နေခြည်ရယ်၊ မောင်က အစားအသောက်, အသုံးအစွဲ မြို့ခြားချွေတာပစ်လိုက်ရင် ဘယ်လိုလုပ်မလဲ"





"အံမယ်လေးဟဲ့ သိတတ်လိုက်တာ ဆတ်ဆတ်ကိုတုန်လို့ လိုက်လည်း လိုက်ဖက်ပါပေတယ်၊ ကြည့်ထားနော် ကောင်းထိုက်၊ သူတို့နှစ်ယောက် ဘယ်လောက်တောင် သည်းသည်းလှုပ်အောင် ချစ် လဲဆိုတာ"

"ငါ့ကိုချည်း မပြောနဲ့ နင်လည်း သူသူ့ပညာတွေ သင်ထားဦး၊ မြင်လား ဒီဂရီ့ကို သူသူ ဘယ်လောက်တောင် ကြင်နာယုယ လဲဆိုတာ မုန့်ဟင်းခါးကို ပါးစပ်ထဲ ခွံ့မတတ်ဘဲ၊ ငရုတ်သီးစပ်ရင် ရေသောက်လို့ရအောင် ရေဖန်ခွက်လေး ချပေးရတာနဲ့ အနားကနေ လက်ဖက်ပွဲလေး ရှေ့တိုးပေးရတာနဲ့ ချွေးထွက်ရင် တစ်သျှူးလေးနဲ့ သုတ်ပေးရတာနဲ့ တစိမ့်စိမ့်ငေးကြည့်ပြီး လိုအပ်မှုမရှိအောင် ဂရုစိုက် အလိုက်သိနေရတာနဲ့ စိတ်ရောလူရော အားတယ်တောင် မထင်ရဘူး"

စကားတွေအများကြီးပြောနေတဲ့ ကောင်းထိုက်ကို ပေစောင်း ကြည့်၍ နေခြည် ခေါင်းတဆတ်ဆတ်ညိတ်နေ၏။

ကောင်းထိုက်က မသိကျိုးကျွန်ပြုကာ ပြုံးစိစိ။

နေခြည်က အသည်းတွေယားကာ ကောင်းထိုက်ခေါင်းကို ခေါက်ခနဲ ခေါက်ပစ်လိုက်သည်။

တကယ်နာကျင်သွားတာမို့ ခေါင်းလေးကို ပွတ်၍ ကောင်း ထိုက်မျက်နှာ ရှုံ့ရှုံ့မဲ့မဲ့ဖြစ်သွား၏။

"နင်က သီပ်ကိုကြင်နာယုယခံချင်နေတယ်ပေါ့ ဟုတ်လား



www.burmeseclassic.com

www.burmeseclassic.com



ကောင်းထိုက်၊ ဘယ်အကြောင်းအရာဖြစ်ဖြစ် အသွားအပြန်ဆိုတာရှိတယ်၊ ကိုယ်ပေးသလောက် ကိုယ်ပြန်ရမှာပဲ၊ နင်ကရော ဒီဂရီက သူသူ့အပေါ် ကောင်းသလိုမျိုး ကောင်းလို့လား၊ ဘာမှစွန့်စားပေးဆပ်ချင်စိတ်မရှိဘူး၊ ငါ့ကို ဦးစားပေးညှာတာတာလည်း မဟုတ်ဘူး''

''ငါက ဘာလုပ်နေလို့လဲ''

''ဩော် ဘာလုပ်နေလဲ ဟုတ်လား၊ မျောက်သေ ပါးရိုက်ခံရတဲ့ရုပ် ပြန်မေးရဲတယ်၊ ဟွန်း ငါ့မိဘတွေရဲ့ပွဲရုံကို နင် အဆင်သင့် ဝင်လုပ်မယ်လေ၊ နင့်မိဘတွေလက်ဖွဲ့မယ့်အိမ်မှာ နေရမယ်လေ၊ နင့်အစွမ်းအစ ဘာပါလို့လဲ''

''အဲဒါ ကိုယ့်ကုသိုလ်နဲ့ကိုယ်ပဲ''

''ထားပါတော့၊ အစားအသောက် စားရင်ရော ငါ စားသလောက် လိုက်စားပြီး သိပ်ချစ်ပါတယ်ဆိုတဲ့ ငါ့ကို နေခြည်လေးအတွက် နေခြည်လေး စားပါလို့ ဘယ်နှခါ ဦးစားပေးဖူးလဲ''

''ဟား ဟား ဟား''

ကောင်းထိုက် အကျယ်ကြီးအော်ချလိုက်တော့ နေခြည် မျက်တောင်တဖျပ်ဖျပ်ဖြင့် အံ့ဩမှင်တက်သွား၏။ ဒီဂရီနှင့်သူသူက သူငယ်ချင်းနှစ်ယောက်ကိုကြည့်ပြီး ကျိတ်ရယ်နေကြသည်။

''ကောင်းထိုက် အစုတ်ပလုတ်၊ နင်က ဘာရယ်တာလဲ''

''ဟား ဟား နင် ဒီဂရီနဲ့သူသူကို အားကျနေတာလား၊





သူတို့နှစ်ယောက်အချစ်က ဂန္ထဝင်မြောက်တယ်၊ နင်လည်း အဲလိုဖြစ်ချင်ရင် ငါ့ကို မောင်လို့ခေါ်ကြည့်လေ''

''ဘာ''

နေခြည် မျက်ခုံးနှစ်ခု အော်တိုမစ်တစ် မြင့်တက်သွားကာ ဘာ,သံက ကြောက်ခမန်းလိလိ။

''ဘာအကြောင်းအရာဖြစ်ဖြစ် အသွားအပြန်ရှိတယ်ဆို၊ ကိုယ်ပေးသလောက် ကိုယ်ပြန်ရမှာဆို၊ စမ်းခေါ်ကြည့်လိုက်လေ၊ ကြင်နာပြီးသားပဲ''

''မခေါ်ဘူး မခေါ်ဘူး၊ လုံးဝ မခေါ်နိုင်ဘူး၊ လျှာယားတယ်''

နေခြည် ဆတ်ဆတ်ခါနေတာကိုကြည့်ပြီး အားလုံး ရယ်ပွဲဖွဲ့မိကြသည်။ ဘုရားခန်းဘက်မှာထိုင်နေသော ဒေါ်ခင်မြလည်း သူတို့အသံတွေကြားပြီး မပြုံးဘဲမနေနိုင်။

သားရော ဒီကလေးတွေရော အရမ်းရိုးသားဖြူစင်ကြပါသည်။ ဘာအပြစ် အညစ်အကြေးမှ မရှိကြ။ မနာလိုဝန်တိုစိတ်လည်း မရှိကြ။ ကောင်းထိုက်နှင့်နေခြည်က ပြည့်စုံချမ်းသာတဲ့အသိုက်အဝန်းကဖြစ်သော်လည်း သားနှင့်သူသူကို အဆင့်အတန်းခွဲခြားပြီးမဆက်ဆံ။

ကျောင်းမှာဆိုလည်း ဒီလေးယောက်သား တတွဲတွဲ ပေါင်းသင်းဖြစ်ကြသည်တဲ့။ သားနှင့်သူသူက စိတ်တူကိုယ်တူ မရှိမာနလေးတွေဖြင့် အခွင့်အရေးမယူတတ်ကြတာမို့ ကောင်းထိုက်နှင့် သူသူ



www.burmeseclassic.com

www.burmeseclassic.com



က လူရွေးပေါင်းခဲ့ကြခြင်းလည်း ဖြစ်ပေလိမ့်မည်။

ဘာပဲဖြစ်ဖြစ် ဒါကြောင့်မို့လည်း ယှဉ်ဝံ့သူကို ချွေးမအဖြစ် လက်ခံခဲ့မိတာပါ။

သားအပေါ်လည်း ကြင်နာသည်။ ဂရုတစိုက် အလေးအနက် ရှိသည်။ ကိုယ့်အပေါ်လည်း မိခင်တစ်ယောက်လို လေးစားမှုရှိ၏။

သမီးငယ်စုစုစံလေးအပေါ်လည်း ညီမလေးတစ်ယောက်လို ခင်တွယ်ရှာတာမို့ ကိုယ့်ဘက်ကလည်း မိသားစုဝင်တစ်ယောက်လို သတ်မှတ်မိတာ မှားမည်မထင်ပါ။

ဒါကြောင့်လည်း ယှဉ်ဝံ့သူအတွက် နိုင်ငံခြားသွားမယ်ဆိုတာကို ခွင့်ပြုခဲ့မိတာ။

သား ရွှေအိုးထမ်းလာတာကို ဘယ်မိဘက မမြင်ချင်ဘဲ ရှိပါ့မလဲ။ ချမ်းသာပြည့်စုံစွာနှင့် သိမ်မွေ့လိမ္မာသော ချွေးမလေးကို ရှာပေးနိုင်တာ သားအတွက် ကြည်နူးပီတိဖြစ်ရမည်ပေါ့။

ဟိုအဝေးကြီးကို တစ်ယောက်တည်းသွားနေရမယ့် သားအတွက် အန္တရာယ်ကင်း ဘေးရှင်းပါစေ။ အလုပ်အကိုင်တွေ အဆင်ပြေအောင်မြင်ပါစေ။

ဒါပဲ သူမ ဆုတောင်းနေရတော့မည်။

✿ ✿ ✿



## အခန်း ( ၇ )

နားထဲမှာ မောင်လိုက်ပါသွားတဲ့ လေယာဉ်သံက အုန်းအုန်း ထ, ဆူညံနေ၏။

မောင့်ရဲ့ နှုတ်ဆက်တဲ့အနမ်းတွေက နှချိန်ထိ ဘယ်ဘက်ရင်အုံမှာ ကပ်ငြိနေဆဲဖြစ်သည်။ ချိုမြိန်ပျော်ဝင်စေသော အမှာစကားလေးတွေက ဦးနှောက်မှတစ်ဆင့် နှလုံးသားထဲထိ ပွဲတင်ရိုက်နေ၏။

နှစ်တွေ ဘယ်လောက်ကြာကြာ၊ အချိန်ရာသီတွေ ဘယ်လောက်ပြောင်းပြောင်း လွမ်းမျက်ရည်စတွေနှင့် ခွဲခွာခဲ့ရတဲ့ ထိုနေ့လေးကို နောင်ဘဝထိ မေ့နိုင်လိမ့်မည်မထင်။

အချိန်နာရီစက္ကန့်တွေနှင့်အပြိုင် လှုပ်ရှားသက်ဝင်နေရတဲ့ ဒီဘဝမှာ မောင် သူမအနားမှာ မရှိကတည်းက ဘာမှအဓိပ္ပာယ်မရှိ



www.burmeseclassic.com

www.burmeseclassic.com



သလို ဖြစ်နေသည်။

ထိုခံစားမှုတွေထက် အဆပေါင်းများစွာ ပိုပြီး မောင့်ကို နှင့်သီးလိုက်မောစွာ ချစ်မိနေပါပေါ့လား။

"သမီးလေး ညဉ့်နက်နေပြီ မအိပ်သေးဘူးလားကွယ်"

"ရှင် ဟုတ်ကဲ့မေမေ"

တစ်ရေးနိုး အိပ်ရာထ အပေါ့အပါးသွားပြီးပြန်လာတဲ့ မေမေ က သူမအခန်းက မီးရောင်ကြောင့် အသံပေးရင်း ဝင်လာခဲ့သည်။

စာကြည့်စားပွဲလေးက ထ,လိုက်ပြီး သူမအိပ်ရာဘေးမှာ ထိုင်နေတဲ့ မေမေ့ဘေးမှာ သူမ ဝင်ထိုင်လိုက်သည်။

"မောင်ဒိုင်ရီကို သတိရနေလား သမီး"

"ဟုတ်ကဲ့ မေမေ၊ ကျင့်သားမရသေးလို့ပါ"

မေမေက သက်ပြင်းချပြီး သူမဆံနွယ်လေးတွေကို ဖွဖွလေး ပွတ်သပ်ပေး၏။ သူမစိတ်ကို ဖတ်တတ်နေသော မေမေ့ကို သူမ ေ လိမ်ညာချင်ပါ။

"သမီးဖေဖေလည်း သမီး စွဲလမ်းမှုကိုကြည့်ပြီး စိတ်ေ ကောင်းဘူး။ အဲဒါ ဒီနေ့ကျောင်းပြန်ဖွင့်တာနဲ့ ကျောင်းဆရာမ ဝင်လု လိုက်မှ လုပ်ငန်းခွင်ထဲမှာ စိတ်ဝင်စားပြီး သမီး စိတ်သက်သာသွား မယ်လို့ ပြောနေတယ်"

"ဟုတ်တယ် မေမေ၊ သူ ဟိုမှာ အဆင်ပြေပါ့မလားဆိုတဲ့





စိုးရိမ်စိတ်က သမီး အိပ်လို့တောင်မပျော်ဘူး"

"သမီးရယ် သူ မကြာမကြာ ဖုန်းဆက်မယ်လို့ ပြောထား တယ် မဟုတ်လား"

"ဟုတ်ကဲ့၊ လမ်းထိပ်စတိုးဆိုင်က ဖုန်းနံပါတ်ပေးလိုက်ပါ တယ် မေမေ၊ မောင့်ဆီက ဖုန်းလာရင် သူတို့လာခေါ်ကြမှာပါ"

"အင်း ဒါဆိုလည်း အရမ်းတွေးပြီး ပူမနေပါနဲ့ သမီးရယ်၊ ဟိုမှာ သူ့အစ်ကိုလည်း ရှိတယ်၊ တရားဝင်လည်း သွားတာဆိုတော့ အနေနဲ့အမြန် အဆင်ပြေသွားမှာပါ"

လွမ်းတဲ့စိတ်ကြောင့်ပါမေမေဟု သူမ စောဒကမတက်တော့ပါ။ မောင်လည်း သူမလိုခံစားမှုနှင့် အိပ်မပျော်နိုင်ဖြစ်နေလိမ့်မည် ဆိုတာ သူမ,သိသည်။

ကျောင်းသွားအတူ ကျောင်းပြန်အတူ၊ ချစ်သူသက်တမ်းတစ် လျှောက် တစ်ခါမှ အလှမ်းဝေးဝေးမခွဲခွာဖူးတာ။

ခုတော့ ခြောက်သွေ့အေးစက်စွာဖြင့် အရာရာ အထီးကျန် လွန်းလှသည်။ နေ့ဘက်တွေမှာ မေမေ့ကို ထမင်းဟင်းချက်ကူ အိမ် သန့်ရှင်းရေးလုပ်နေတာမို့ အချိန်တွေကုန်သွားတာ မသိသာပေမယ့် တစ်ယောက်တည်းနေခဲ့ရတဲ့ အချိန်တွေမှာ မောင့်စိတ်တစ်ခုသာ စိုး မိုးနေလျက်၊ အောက်မေ့သတိရမိတာ ရင်နှင့်မဆံ့အောင်ပင်။

အချိန်ရာသီခုနစ်သက္ကရာဇ်တွေကို အားနှင့်မာန်နှင့်ဆွဲချမစ်



www.burmeseclassic.com

www.burmeseclassic.com



လိုက်ချင်၏။

မဝေးခင်က လွမ်းနှင့်သူမို့ တကယ်ခွဲခွာရသောအခါ နှလုံးသားတို့က မောင်ဆိုတဲ့ နာမ်စားလေးကို တစာစာအော်မြည်နေသည်။ တစ်ရက်စာအနမ်းက တစ်သက်တာလွမ်းဖို့ လုံလောက်တယ်ဆိုရင် နေ့စဉ်ရက်ဆက် သံယောဇဉ်တွေက ဟိုးနောက်ဘဝတွေထိ အထုံပါသွားမှာ သေချာသည်။

"မြန်မာပြည်ကို မောင်ပြန်ရောက်မလာနိုင်သေးတဲ့အချိန်တွေအတွင်းမှာ သူသူ့ကို မောင်လွမ်းနေမှာ သေချာပါတယ်၊ မောင်ပြန်လာတဲ့နေ့ကလည်း အဲဒီအလွမ်းတွေကို တနင့်တပိုးသယ်လာခဲ့ပြီး သူသူ့ရှေ့ရောက်မှ တစ်စစီထုခွဲ၊ ရင်ထဲမှာ ရှိသမျှ သက်သေပြမယ်"

မောင်က သက်သေပြမယ်တဲ့။ လေယာဉ်ပေါ်တက်ခါနီး သူမကိုယ်လေးကို ခပ်ဖွဖွဖက်၍ နားနားကို တိုးတိုးလေးကပ်ပြော သွားခဲ့တာ။ ဘယ်သူ့ကိုမှ မရှက်နိုင်ဘဲ ခြေဖျားလေးထောက်၍ မောင့် မေးဖျားလေးကို မမို့တမိ သူမ နမ်းခဲ့မိတာလည်း သူမအချစ်ရဲ့သက် သေပါပဲ။ မောင်သိမှာပါ။

✿ ✿ ✿



အခန်း ( ၈ )

"နင်က ဘာသိတာလဲ"

"သြော် ဟိုမှာ အခြေကျပြီဆိုတာနဲ့ နင့်ဆီကို ဒီဂရီ ဖုန်းဆက်မှာပါလို့"

"တစ်ပတ်တောင် ကျော်သွားပြီ"

"အံမယ်လေးဟယ်။ တစ်ပတ်ပဲရှိသေးတာကို အဲ့လောက် အဖြစ်သည်းနေရလား"

"ငါက မောင့်ကို ချစ်တာကိုး"

"ဗုဒ္ဓေါ၊ သူသူ နင် အရှက်မရှိတော့ပါလား။ အရင်ကဆိုရင် အဲလိုစကားပြောထွက်ဖို့ တော်တော်ကြုံခြေရပါတယ်"

"အခု ငါက ကြုံခြေသိက္ခာမရှိတော့ဘူးပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"အင်း"

နေခြည်က အားမနာတမ်း ခေါင်းတဆတ်ဆတ်ညိတ်၏။

"အချစ်ကြောင့် ရူးသွပ်သွားတဲ့သူတွေရှိတာ အစက ငါ မယုံဘူး၊ ငါကိုယ်တိုင်လည်း အချစ်ရှိတာပဲ၊ ဒါပေမဲ့ အဲလောက်ထိ တော့ ရူးသွပ်မယ်မထင်ဘူး၊ နင့်ကို ပျက်ရယ်ပြုနေတယ်လို့ နင်မထင် နဲ့နော်၊ အံ့သြနေတာ၊ ဒီဂရီအပေါ် ချစ်တတ်လွန်းတဲ့ နင့်စိတ်က ဘာနဲ့မှ ကုစားလို့ရမှာလဲ"

"ရမယ်ဆိုရင်တောင် ငါ မကုဘူး နေခြည်၊ ဒါဟာ မောင့် ကိုချစ်တဲ့ သက်သေတစ်ခုမို့ ငါ တန်ဖိုးထားတယ်၊ မောင် မျှော်လင့် ထားတဲ့မိသားစုဘဝလေးကို ငါ ပေးနိုင်အောင် ကြိုးစားမယ်"

"အဲဒါလည်း အချစ်သက်သေပဲလား"

"တူညီတဲ့ ရည်ရွယ်ချက်တစ်ခုပါ၊ ဘယ်လောက်တောင် ကြည်နူးဖို့ကောင်းလဲ"

"ဟုတ်ပါတယ်၊ မေးမိတာက ငါ့အမှားထားလိုက်ပါတော့ အခု ငါနဲ့လိုက်မှာလား,မလိုက်ဘူးလား၊ အဲဒါပြော၊ ကောင်းထိုက်တဲ့ ရုပ်ရှင်ရုံမှာ စောင့်နေဖို့ ငါ ချိန်းထားတယ်"

"အားနာပါတယ်ဟာ၊ ဒီရက်တွေမှာ ငါ ဘယ်မှမသွားချင် ဘူး၊ မောင့်ဆီက ဖုန်းလာရင် ငါ အပြင်သွားနေတဲ့အချိန်နဲ့ တိုက်ဆိုင် ပြီး လွဲသွားမှာစိုးတယ်"





နေခြည် နှုတ်ခမ်းက မဲ့ခနဲဖြစ်သွားကာ နှာခေါင်းလည်းရှုံ့ သည်။ စလင်းဘတ်အိတ်လေးကိုလည်း ဆတ်ခနဲ ကောက်လွယ်၏။

"မယှဉ်ဝံ့သူ နိုင်ငံခြားဖုန်းလာနေပါတယ်"

"ရှင် ဟုတ်ကဲ့ ဟုတ်ကဲ့ လာပါပြီ"

လမ်းမဘက်က အော်သံကို လှစ်ခနဲ ကြားသွားကာ အသံ ကျယ်ကျယ်ဖြင့် ပြန်ထူး၍ သုသု ပျာယာခတ်သွား၏။

"ဟဲ့ ထီးလည်းမပါဘူး၊ နေပူထဲ ဒီအတိုင်း သွားမလို့လား"

"မေမေတို့ ညှော်ခံပွဲတစ်ခုသွားတာ ယူသွားတယ်၊ ကိစ္စမရှိ ဘူး၊ မောင့်အသံကို နားထောင်ရမှာပဲဥစ္စာ"

"ငါလိုက်ခဲ့မယ်လေ၊ ငါ့မှာ ထီးပါတယ်"

"ဟင့်အင်း၊ နင်လိုက်မနေနဲ့ ငါ့ကို စောင့်ချင်စောင့်၊ မစောင့် နိုင်ရင် သွားတော့"

ကတိုက်ကရိုက်ပြော၍ ဖိနပ်ကို ကသုတ်ကရက်စီးပြီး သု သု ပြေးထွက်သွားသည်။ ဟင်းချကာ နေခြည် ကြောင်တောင်တောင် ကျန်ရစ်ခဲ့၏။ အချစ်က အဲလောက်တောင် ခွန်အားတွေ၊ စွမ်းအားတွေ ကို ပေးနိုင်လေသလား။

"သုသု"

"မောင်"

ပြေးလာတဲ့အရှိန်နှင့် သုမအသံက လှိုက်မောတုန်ခါနေသည်။



www.burmeseclassic.com

www.burmeseclassic.com



မောင့်အသံကရော အဝေးကြီးက လာရတဲ့သူ့လို ဘာကြောင့် ရှုတ တုန့်ယင်နေရတာလဲ။

"မောင် အဆင်ပြေလားဟင်၊ အလုပ်ရော ဝင်နေပြီလား။ အစားအသောက်ရော ချက်စားလား, ဝယ်စားနေတာလား။ ဟင်း ရေပြောင်းမြေပြောင်းမှာ မောင့်ကျန်းမာရေးရော ကောင်းရဲ့လား"

"သူသူ့မေးခွန်းတွေက များလိုက်တာ၊ မောင် ဘယ်က စဖြေရမှာလဲ"

"အဟင်း သိချင်တာတွေများပြီး စိတ်လောသွားလို့ပါ၊ မောင် နေကောင်းလားဟင်၊ အဲဒါ အရေးကြီးတယ်၊ အဲဒါ အရင်ဖြေ"

မောင့်ဘက်က ဟက်ခနဲရယ်သံကြားရကာ အာဝါးပေးသလို ဖုန်းခွက်ကလေးကို ရွှတ်ခနဲနမ်းလိုက်သည်မို့ သူမ ရင်ခုန်သံတွေ နရီစည်းချက် မမှန်တော့ချေ။

"မောင် နေကောင်းတယ်၊ အဆင်ပြေတယ်၊ အစ်ကိုလုပ်နေ တဲ့ အီလက်ထရောနစ်ကုမ္ပဏီတစ်ခုမှာ အလုပ်လည်း ရနေပြီ၊ သူသူ့ ကိုလွမ်းလို့ နေမထိထိုင်မသာဖြစ်နေတာကလွဲရင် အားလုံးအိုကေပဲ"

သူမ သက်ပြင်းချကာ မျက်ဝန်းအိမ်မှာ မျက်ရည်တွေ ရစ် ဝိုင်းပြည့်လျှံလာ၏။

"သူသူ သူသူ ငိုနေတာလား။ မျက်ရည်တွေက ပေါင်းစည်း ဖို့ အဟန့်အတားဖြစ်တတ်တယ်တဲ့၊ သူသူ မငိုပါနဲ့၊ မျက်ရည်မကျပါ





နဲ့ကွာ"

မောင့်စကားကြောင့် လက်တစ်ဖက်ဖြင့် မျက်ရည်တွေကို သွတ်သပ်သုတ်ပစ်လိုက်သည်။

ဘယ်လိုဥပါဒါန်ကြောင့်မှ မောင်နှင့်ဝေးကွာမခံနိုင်ပါ။

"မောင်နဲ့ တစ်နေရာစီဖြစ်နေရတာကို ဝမ်းနည်းပြီး ငိုမိတာ ပါ မောင်၊ နောက် မငိုတော့ပါဘူး၊ ဒါပေမဲ့ သူသူ့ဆီကို ဖုန်း ခဏ ခဏဆက်မေးပါနော်"

"အနည်းဆုံး တစ်လတစ်ခါ ဖုန်းဆက်မယ်လို့ မောင်ပြောခဲ့ သားပဲ သူသူရယ်၊ အခုဟာက မောင့်မှာ ဘာအခက်အခဲမှ မရှိဘူး ဆိုတာ သိစေချင်လို့ဆက်လိုက်တာ၊ သူသူနဲ့ ဖုန်းပြောပြီးရင် မေမေ နဲ့ညီမလေးဆီ ဖုန်းဆက်ရဦးမယ်"

"ဟင် အန်တီမြတို့ဆီ ဖုန်းမဆက်ရသေးဘူးလား"

"အင်း အစက အခြားအလုပ်က ငွေများများရမလားလို့ မောင်စုံစမ်းနေတာ၊ အခုတော့ အစ်ကိုလုပ်တဲ့ကုမ္ပဏီမှာလုပ်ဖို့ ဆုံး ဖြတ်လိုက်တယ်၊ ဒီကုမ္ပဏီက လစာနည်းသလို အလုပ်လုပ်ရတော့ လည်း သက်သာပါတယ်"

"အဲဒါ ကောင်းပါတယ် မောင်ရယ်၊ ငွေများများရဖို့ မက် မောပြီး ကိုယ်ခန္ဓာကို မညှာမတာမခိုင်းပါနဲ့၊ ကျန်းမာရေးကောင်းဖို့ အရေးကြီးတယ် မောင်"



www.burmeseclassic.com

www.burmeseclassic.com



"များများရပြီး မြန်မြန်ပြန်ရတော့ ပိုမကောင်းဘူးလား သူသူရယ်၊ ဒီမှာ သူသူ့ကို လွမ်းလို့သေတော့မယ်"

မောင်က အချွဲကောင်းတော့ သူမ မျက်ရည်ခ,ရပြန်ပြီပေါ့။ ဒါပေမဲ့ သူမ ကျိတ်ပင်မရှိုက်မိပါ။ မောင်နှင့်နီးစပ်ဖို့ ကြန့်ကြာလို့ မဖြစ်ဘူးလေ။

"မောင် အလုပ်က ဘယ်အချိန်ဆင်းရတာလဲ"

"မောင် အခုမှ အလုပ်က ပြန်လာတာ"

"ဟင် မောင့်အလုပ်က ညပိုင်းလုပ်ရလို့ အခုမှ ပြန်လာတာလား"

"အာ မဟုတ်ပါဘူး ဒေးပါ၊ အခု မောင်ရောက်နေတဲ့နေရာက နိုင်ငံခြားလေ၊ မြန်မာပြည်နဲ့ အချိန်နာရီတွေ ကွာတယ်၊ နေ့ညတွေ ကွာတယ်၊ သူသူ မသိဘူးလား"

"အို ဟုတ်သားပဲ၊ အဲဒါကို သတိမထားမိဘူး၊ မေ့သွားတယ် အခု မောင် အိမ်ပြန်ရောက်မှ ထမင်းဟင်းချက်စားရမှာလားဟင်"

"အင်း မောင်နဲ့အစ်ကိုနဲ့ တစ်လှည့်စီ ချက်ကြတာပါ၊ တစ်ခါတလေလည်း ဝယ်စားလိုက်တယ်၊ အစားအသောက်စားတဲ့အချိန်မှာ မြန်မာပြည်ကို ပိုလွမ်းတယ်ကွ၊ သူသူသုပ်ကျွေးတဲ့ လက်ဖက်သုပ်လေးကိုလည်း အရမ်းစားချင်တယ်၊ ပြီးတော့ အမေရဲ့ ငါးပိရည်နဲ့ တို့စရာအစုံလေးကိုလည်း တောင့်တတယ်၊ မြန်မာပြည်လောက် နွေး





ထွေးမှုမရှိတာ အမှန်ပဲ သူသူရယ်"

"မောင်ရယ်"

မြန်မြန်ပြန်လာပါတော့လို့ သူမ ပြေးခေါ်လိုက်ချင်သည်။ မောင်စားချင်တာ ကျွေး၊ မောင်လိုအပ်တာတွေ ဖြည့်ဆည်းပြီး အနားမှာ ထားချင်၏။

"ပြန်လာခဲ့ပါလား မောင်"

"အင်း ဟင့်အင်း ဒီအကြောင်းအရာတွေကြောင့် မောင့် ရည်မှန်းချက်တွေ အပျက်မခံပါဘူး၊ ခံနိုင်ရည်မရှိတော့လို့ ပြန်ပြေးလာမှာလည်း မဟုတ်ဘူး၊ မောင်လိုချင်တာက အိမ်များကြီးလေ၊ ဒီလောက်တော့ ပေးဆပ်ရမှာပေါ့"

"မောင်ရယ် အဲ့လိုချမ်းသာကြွယ်ဝစွာနေဖို့ သူသူတို့ ခွဲခနရတာ တန်လို့လား"

"အချိန်ကို ရင်းနှီးမြှုပ်နှံထားရတဲ့အတွက် တစ်နေ့ကျရင် မောင်တို့ ပျော်ရမှာပါ၊ အချိန်တွေကို မတိုင်းတာဘဲ ဖြစ်ချင်တာတွေအတွက် တဒင်္ဂတော့ စောင့်ရမှာပေါ့၊ ဒါနဲ့ သူသူ ကောင်းထိုက်တို့နဲ့ရော တွေ့သေးလား"

"သိပ်တော့ မတွေ့ဖြစ်ဘူး၊ ဒီနေ့တော့ အိမ်ကို နေခြည်ရောက်လာတယ်၊ နေခြည်က လိုက်လာမလို့လေ၊ သူသူက ခေါ်ခဲ့တာ၊ မောင်နဲ့စကားပြောရမှာ မဝမှာစိုးလို့"



www.burmeseclassic.com

www.burmeseclassic.com



"အဟား လှလှည်မလေး နေခြည်တို့ စိတ်ဆိုးသွားမှာပေါ့ကွ၊ နောက်မှ သူတို့ဆီကို မောင် ဖုန်းခေါ်လိုက်မယ်၊ ဒါပဲနော် သူသူ၊ မောင်ဖုန်းချတော့မယ်၊ ဖုန်းကစ်က ကုန်တော့မယ်"

"ဟုတ်ကဲ့၊ ကျန်းမာရေး ဂရုစိုက်ပါနော်"

"ကောင်းပါပြီခင်ဗျာ ဘိုင်"

မောင့်ဘက်က ဖုန်းချသွားတဲ့အထိ သူမဘက်က ဖုန်းခွက်လေး ကိုင်ထားပြီး ငိုင်နေမိသဲဖြစ်သည်။ နောက်မှ ဖုန်းဆက်မယ့်သူက သူမလက်ထဲက ဖုန်းခွက်လေးကို ဆွဲယူလိုက်၍ အသိပြန်ဝင်လာသည်။

"ဆောရီးနော်"

ရှက်ကိုးရှက်ကန်းနှင့် ဖုန်းဖိုးပိုက်ဆံပေးဖို့တောင် မေ့နေ၏။ ဖုန်းဆိုင်ကကောင်မလေးက ပြုံးစိစိနှင့် ခေါင်းညိတ်၏။

မောင့်အသံလေးကို ကြားလိုက်ရတာနှင့် အားလုံး အယောင်ယောင်အမှားမှား၊ ကယောင်ကတမ်းဖြစ်နေမိသည်။

ရင်ခုန်လှုပ်ရှားတုန်ယင်နေသလို ဝမ်းနည်းကြေကွဲစိတ်တို့လည်း ဖြစ်ပေါ်နေ၏။ မြန်မာပြည်နှင့်တကွ အစားအသောက်တွေကိုရော သူမတို့ကိုရော မောင်တမ်းတနေခဲ့သည်တဲ့။

မောင် မညာဘူးဆိုတာ သူမ ယုံပါသည်။ မောင်က ဟန်မဆောင်တတ်သလို လိမ်ညာပြီးလည်း မပြောတတ်။

ဒီလိုအချိန်တွေ မြန်မြန်ဆိတ်သုဉ်းပါစေ။

✿ ✿ ✿

## အခန်း ( ၉ )

"ငါကတော့ မကျေနပ်ဘူး"

"ဘာဖြစ်လို့လဲ"

"ဒီကောင် သူငယ်ချင်းမှမစီသတာ၊ ငါတို့ဆီကိုတော့ ဖုန်းဆက်ဘူး၊ သူသူ့ကိုတော့ ဖုန်းဆက်တယ်"

"တူမလားဟဲ့၊ သူသူက သူ့ရည်းစား၊ ငါတို့က သူငယ်ချင်းအတိုင်းအတာကွာဟချက်က အဝေးကြီး"

"အဲလိုမပြောကြပါနဲ့ဟယ်၊ မောင်က နင်တို့ဆီလည်း ဖုန်းဆက်မယ်လို့ ပြောပါတယ်၊ သူ့အမေနဲ့ညီမလေးဆီတောင် ဖုန်းမဆက်ရသေးပါဘူး"

"ငါတို့က နောက်ဆုံးပေါ့"



www.burmeseclassic.com

www.burmeseclassic.com



သူသူ ဘယ်လိုပြောပြော ကောင်းထိုက်က ကလေးဆိုးကြီး လို စိတ်ကောက်နေသည်။ သူသူက ပြုံးချင်ချင်ဖြစ်နေပေမယ့် နေခြည် ကတော့ ကောင်းထိုက်ကို မျက်စောင်းထိုးပြီး ကျောကိုလည်း ဗုန်းခနဲ ထုလိုက်၏။

"အဲဒါက ဘာဖြစ်ရတာလဲ၊ ဒီဂရီကိုများ သူ့ချစ်သူ ထင်နေ လား မသိဘူး၊ ငါ ခရီးတွေ့ဘာတွေထွက်လို့ ဖုန်းမဆက်ရင် အဲလို ပုံစံဖြစ်ချင်မှဖြစ်မှာ"

"သေချာပါတယ်"

"ဘာသေချာတာလဲ"

"ဪ သတိရနေမှာ, လွမ်းနေမှာ, ဖုန်းလည်း မျှော်နေမှာ သေချာပါတယ်လို့ ငါ သံယောဇဉ်ကြီးတတ်မှန်း နင်သိပါတယ် ဟဲ ဟဲ"

"ဟဲဟဲမလုပ်နဲ့၊ နင့်အကြောင်း မသိရင်ခက်မယ်၊တဖြည်း ဖြည်းနဲ့ လက်ထပ်ဖို့နီးလာလေ ငါ့လက်အောက်က ထွက်ပြေးချင်လေ မဟုတ်လား"

"ဘုရားပေးပေး ကျမ်းပေးပေးပါ နေခြည်ရယ်၊ ငါ စိတ်မပါ ရင် နင့်မိဘတွေပွဲရုံမှာ အလုပ်ဝင်ပါတော့မလား၊ ခုဆို ယောက္ခမကြီး တွေက သားမက်လောင်းလေးကို ဘယ်လောက် မျက်နှာသာပေးထား လဲ၊ နှစ်ကုန်ထိ မစောင့်တော့ဘူး၊ ဒီနှစ် သီတင်းကျွတ်တာနဲ့ လက်





ထပ်ပေးမယ်တဲ့"

"ဟယ် ကောင်းထိုက်ပြောတာ ဟုတ်လား နေခြည်"

သူသူ ဝမ်းသာအားရမေးတော့ နေခြည် ပြုံးဖြဲဖြဲနှင့် ခေါင်း ညိတ်၏။

"ဟုတ်တယ်၊ မေမေတို့ ငါ့ကိုလည်းပြောတယ်၊ ယူမယ်ဆို တာ သေချာနေတော့ မြန်မြန်လက်ထပ်လိုက်လည်း စိတ်အေးရတာ ပဲတဲ့၊ သူတို့က မန္တလေးမှာနေတဲ့ မမတို့မိသားစုဆီ တစ်လှည့်, ငါ့ ဆီမှာတစ်လှည့် လာပြီး စောင့်ရှောက်ရုံလောက်ပဲ လုပ်တော့မှာ၊ မမက အမြွှာပူးမွေးထားတော့ တစ်ပြိုင်တည်း မြေးနှစ်ယောက်ရနေပြီ လေ၊ စီးပွားရေးအခြေခိုင်ပြီးသားဆိုတော့ စိတ်ပူစရာမှ မလိုတော့တာ"

"ဝမ်းသာပါတယ် နေခြည်ရယ်၊ နင်တို့လို ပြည့်စုံတဲ့သူတွေ အတွက် အဆင်မပြေတာ ဘာမှမရှိဘူးနော်၊ ငါတို့လို ချို့တဲ့တဲ့သူ တွေကျတော့ တစ်နေ့ရှာစီဝေးပြီး စိတ်ဒုက္ခတွေ ခံစားနေရတယ်၊ အဲဒါကြောင့် မောင်က သားသမီးတွေမွေးလာတဲ့အခါ အဲလိုစိတ်ပင် ပန်းမှုတွေ မခံစားစေချင်လို့ ကြိုးစားချင်တာလို့ ပြောတာဖြစ်မယ်"

"ဒီဂရီ့ရည်ရွယ်ချက်က ကောင်းပါတယ်၊ အရိပ်လိုချင် နေပူ က စောင့်ရမှာပေါ့ဟာ၊ ဒီအချိန်လေးကို တောင့်ခံလိုက်ရင် အဆင်ပြေ သွားမှာပါ၊ ဒါပေမဲ့ ငါတို့မင်္ဂလာဆောင်မှာ ဒီဂရီ ရှိမနေနိုင်တဲ့အတွက် စိတ်တော့မကောင်းဘူး"



www.burmeseclassic.com

www.burmeseclassic.com



"အင်း မောင်ရှိရင် ငါတို့လေးယောက် အရမ်းပျော်စရာကောင်းမှာနော်၊ မောင်က နင်တို့နှစ်ယောက်ကိုလည်း အရမ်းသံယောဇဉ်ကြီးတယ်"

ဒီဂရီအကြောင်းပြောရင်း သုံးယောက်လုံး စိတ်မကောင်းဖြစ်ကာ မျက်ရည်ဝဲလာကြသည်။ အအေးဆိုင်လေးကလည်း လူရှင်းကာ တိတ်ဆိတ်ငြိမ်သက်နေ၏။

ဒီဆိုင်လေးက မောင်ရှိစဉ်ကတည်းက အတူတူလေးယောက်ဆုံဖြစ်ကြတဲ့ ဆိုင်ကလေးပင်။ ဖရှုတိုကြိုက်တဲ့မောင်က မစ်ရှိတ်ကြိုက်တဲ့ သူသူနှင့် လဲလှယ်သောက်တတ်ကြတာလည်း ဒီဆိုင်လေးပေါ့။

မြင်လေရာရာ မောင့်အပြုအမူ၊ မောင့်အပြုံးလေးတွေချည်း စိုးမိုးနေတာမို့ ဒီဆိုင်လေးကို အလွမ်းပြေလာခဲ့မိခြင်းပါ။

"နင် ကျောင်းဆရာမ,လုပ်မယ်ဆိုတာ ဒီဂရီ့ကို ပြောပြလိုက်ပြီလား"

ငေးမှိုင်ငိုင်တွေသွားသော သူသူကို စိတ်ပြောင်းသွားရှေ့နေခြည် စကားလမ်းကြောင်းပြောင်းပြီး မေးလိုက်သည်။

သူသူက ခပ်လေးလေး ခေါင်းယမ်းကာ –

"မပြောရသေးဘူး၊ လစာမဲ့စေတနာ့ဝန်ထမ်းဆိုပေမယ့် ကျောင်းအုပ်ဆရာကြီးက အထက်ကို အသိပေးတင်ပြရဦးမှာ၊ ကျောင်း





ဖွင့်အမီ သေချာမယ်လို့တော့ ပြောပါတယ်၊ နောက်တစ်နှစ်သောက်အတွင်း ကလေးတွေကို စာသင်ပြတာ အရည်အချင်းပြည့်ဝတယ်ဆိုရင်လည်း တရားဝင်အစိုးရခန့်ဖြစ်အောင် ထောက်ခံပေးမယ်လို့ပြောတယ်၊ နောက်တစ်ခေါက် မောင့်ဆီက ဖုန်းလာမှ ပြောပြလိုက်တော့မယ်"

"အေး ငါလည်း ဒီဂရီကို အိမ်ဖုန်းနံပါတ်ပဲ ပေးလိုက်တာဟ၊ အခုယောက္ခမကြီးတွေက ဟန်းဆက်ဝယ်ပေးထားတော့ ဒီကောင်ကြီး ဖုန်းလာရင်း နောက်တစ်ခါ ခေါ်ရလွယ်အောင် ငါ့ဟန်းဆက်နံပါတ်ပေးထားလိုက်မယ်"

"ဟဲ့ ငါလည်း သတိရတယ်လို့ ပြောလိုက်ဦးနော်၊ မင်္ဂလာဆောင်အတွက် လက်ဖွဲ့ကောင်းကောင်းလည်း ပို့လိုက်လို့ပြော"

"ဒီကောင် ငါ့ကိုပေးမယ်လို့ ပြောပြီးသားပါ"

"ဘာလဲဟင်၊ ဘာပေးမှာတဲ့လဲ"

"နင့်ကို မပြောရဘူးတဲ့၊ နင်သိလို့ မဖြစ်ဘူး"

"ဟင် ဘာမို့လို့လဲ"

"ဘာ သိလို့မဖြစ်ပါဘူးဆိုမှ"

ကောင်းထိုက်ရဲ့ စပ်ဖြဲဖြဲအဖြေကြောင့် နေခြည် သဘောပေါက်သွားသလို မျက်နှာကြီးရှုံ့မဲ့သွား၏။

"နင်တို့နှစ်ယောက် ဘယ်လိုအကြံတွေနဲ့ ငါ့ကို ယုတ်မာ



www.burmeseclassic.com

www.burmeseclassic.com



မလို့လဲဟင်၊ ဒီဂရီ နိုင်ငံခြားမသွားခင် နင့်ကို ဘာတွေသင်ပေးခဲ့လဲ ငါ့ကိုပြောစမ်း''

"ဒီဂရီက သင်မပေးပါဘူး၊ ငါက လေ့လာထားတာ၊ မင်္ဂလာဦးနေ့မှာ နင့်ကို ပြောပြမယ်''

"ဘာ အေး အေး နင် ငါနဲ့တွေ့မယ်၊ နေခြည် ဘယ်လို မိန်းမဆိုတာ နင်သိပါတယ်၊ အဲဒီနေ့ နင် ဘာမှလှုပ်ရှားခွင့်မရှိအောင် တစ်ကိုယ်လုံး ကြိုးနဲ့တုတ်ပြီး ရေကန်ထဲ နှစ်ထားမယ်''

နေခြည် ဒေါသတကြီးလုပ်မည့်ပုံမို့ ကောင်းထိုက် ပန်းကျုံ၌ ကြောက်ဒူးတုန် သွား၏။

ယှဉ်ဝံ့သူကတော့ မောင့်အတွက်ပါ ရယ်ပေးနေလိုက်သည်။ ဒီလိုပျော်စရာကောင်းတဲ့ သူငယ်ချင်းတွေနဲ့ မောင် ဘယ်လိုလုပ် ခွဲချင်မှာလဲလေ။

အပျော်တွေ ဆိတ်သုဉ်းတဲ့အရပ်မှာနေပြီး မောင် အောက်မေ့တမ်းတနေပါလိမ့်မည်။ ပြန်လာချင်တဲ့အခါမျိုးမှာ အိပ်မက်ထဲကနေ အရောက်လာမှာ သေချာ၏။

ထိုအိပ်မက်တွေ တကယ်ဖြစ်လာတဲ့နေ့ဟာ မောင့်ရင်ခွင်မှာ နွေးထွေးစွာ သူသူ ခိုဝင်တဲ့နေ့လေ။ ဒါပဲ။

✿ ✿ ✿



## အခန်း (၁၀)

"ဟယ် မမသူ စုတို့အိမ် အလည်လာတာလား''

"ဟုတ်တယ် ညီမလေး၊ အန်တီမြရော ရှိလား''

"ရှိတယ် မမ၊ မေမေ ဒီနေ့ဈေးပိတ်တယ်လေ၊ လာမမ မေမေ ဘုရားဆွမ်းတော်တင်ပြီး ထွက်လာလိမ့်မယ်''

စုစုက အိမ်ရှေ့ကွပ်ပျစ်လေးမှာ သင်ဖြူးဖျာလေး ခင်းပေးပြီး ရေနွေးပွဲပါ ယူလာသည်။

"ဧည့်သည်မှမဟုတ်တာ ညီမလေးရယ်၊ တကူးတက လုပ်ရော မလိုပါဘူး''

"ဪ မမ တစ်ခါတလေလာလို့ ဧည့်ဝတ်ပြုရတာပဲ၊ လက်ဖက်သုပ်လည်း စားဦးမမ၊ မေမေက လက်ဖက်လည်း ကောင်းတာ



www.burmeseclassic.com

www.burmeseclassic.com



ဆိုတော့ လက်ဖက်ကတော့ အိမ်မှာမပြတ်ဘူး''

''အေးပါကွယ် စားမှာပေါ့၊ ညီမလေးရော စာမေးပွဲနားနီး
ပြီ၊ စာတွေလိုက်နိုင်ရဲ့လား''

''ဟုတ်ကဲ့ မမ၊ အနီးကပ် ဆရာမတွေအိမ်တော့ စာသွား
ကျက်ရတာပေါ့၊ အခုလည်း မေမေ ဘုရားခန်းကထွက်လာရင် သွား
ရတော့မှာ''

''ဒါပေါ့ ညီမလေးရယ်၊ တက္ကသိုလ်ဝင်တန်းစာမေးပွဲ
တာ ကြိုးစားရမှာပေါ့''

''ဟော သမီးသူသူ ရောက်နေသလား''

အသံပြုရင်း ခေါင်းရင်းဘက်မှာ ဒေါ်ခင်မြ ဝင်ထိုင်သည်။

''ဟုတ်ကဲ့ အန်တီမြ၊ မောင့်ဆီက ဖုန်းလာတာပြောရင်း
အန်တီမြတို့ဆီရော ဖုန်းဆက်သေးလား လာမေးတာပါ''

''အေးကွယ့်၊ ဟိုနေ့က သား ဖုန်းဆက်တယ်၊ သူသူ့ဆီ
လည်း ဖုန်းဆက်တယ်လို့ ပြောပါတယ်၊ အားလုံးအဆင်ပြေတယ်
ပထမ လုပ်အားခရမယ့်နှစ်လစာကို ညီမလေး ဆယ်တန်းအတွက်
သုံးလို့ရအောင်ရယ်၊ အမေ ဈေးရင်းထဲထည့်သုံးလို့ရအောင်
ပို့ပေးလိုက်မယ်တဲ့လေ၊ နောက်လစာတွေကိုတော့ သူသူနဲ့လက်
ပြီး နေလို့ရအောင် အိမ်ဝယ်မယ်တဲ့၊ ဟင်းဟင်း ရည်ရွယ်ချက်က
ကြီးပါ့တော်''





ဒေါ်ခင်မြက ကြည်နူးပီတိတွေနှင့် ပြုံးပြုံးကြီးပြောနေ၏။
သူမလည်း ကြည်နူးမိပေမယ့် ဒီအငေ ; ဒီညီမတွေရှေ့မှာ မျက်နှာပူ
ရှက်ရွံ့မိပါသည်။ ယောင်ယမ်းကာ ရေနွေးတွေ တစ်ခွက်ပြီးတစ်ခွက်
ငှဲ့ထည့်နေမိ၏။

''ကိုကို့အကြောင်းပြောလိုက်တာနဲ့ မမသူ ကယောင်ကတမ်း
ဖြစ်နေပြီ မေမေရော ဟင်း ဟင်း မေမေ့ချွေးမနဲ့ အေးအေးဆေးဆေး
စကားပြောနေခဲ့တော့၊ သမီး ကျောင်းသွားတော့မယ်''

''သြော် ဒီကောင်မလေးကတော့လေ''

သူသူ ရှက်မှာစိုး၍ ဒေါ်ခင်မြ ဟန့်တားလိုက်သော်လည်း
သူသူ့နားနားတိုးကပ်ကာ ''ယောက်မ ညီမလေး ကျောင်းသွားတော့
မယ်'' ဟု ချစ်စနိုး စ,သွားသေးသည်။

''သမီးငယ်က သူသူ့ကိုတော့ တော်တော်ခင်တွယ်ရှာတယ်''

''သူသူလည်း ညီမလေးကိုချစ်ပါတယ် အန်တီ၊ သူသူ့မှာ
က မွေးချင်းမောင်နှမ မရှိဘူးမဟုတ်လား''

''အင်း ဟုတ်ပ့ါ ဒါကြောင့် သားက ဟိုဘက်မိဘ၊ ဒီဘက်
မိဘ ဘယ်သူနဲ့မှမနေဘဲ နှစ်ယောက်တည်း အိမ်ခွဲနေဦးမတဲ့၊ စိတ်
ဘူးယဉ်လွန်းလိုက်တာ''

''အဟင်း၊ အန်တီတို့နဲ့ အတူမနေချင်လို့တော့ မဟုတ်ပါဘူး။
နှစ်ဖက်လုံးက မိသားစုနည်းတော့ ဟိုဘက်နေလို့ မကောင်း၊ ဒီဘက်

www.burmeseclassic.com

www.burmeseclassic.com



နေလို့မကောင်းနဲ့ သူ အဲလိုဆုံးဖြတ်လိုက်တာဖြစ်မှာပါ၊ ပြီးတော့ အန်တီပြောသလို စိတ်ကူးယဉ်တာကတော့ အမှန်ပဲ၊ ဘာအကောင် အထည်မှမပေါ်သေးတဲ့ သားတွေသမီးတွေထိ သူက တွေးနေတာ လေ၊ ရေရှည်စီမံကိန်းကြီးနဲ့"

"ကောင်းပါတယ် သမီးရယ်၊ အန်တီတို့တုန်းက အဲလို အရှည်ကြည့်ပြီး မတွေးခဲ့မိလို့ သားသမီးတွေကို ပြည့်ပြည့်စုံစုံမထား နိုင်ခဲ့ဘူး။ သားဆိုးသမီးဆိုးလေးတွေသာ မွေးမိခဲ့ရင် မိဘတွေ ဒီထက် ပိုစိတ်ဒုက္ခရောက်ရမှာ၊ လိမ္မာသိတတ်ကြတော့ တော်သေးတာပေါ့ ကွယ်၊ ဒါတောင် သားတို့အဖေဆုံးတော့ ကစင့်ကလျား ခြေမကိုင်မိ လက်မကိုင်မိဖြစ်ခဲ့ရသေးတာပဲ၊ မိခင်တစ်ယောက်ရဲ့မေတ္တာတွေ အားမာန်တွေသာ မပြည့်ဝခဲ့ဘူးဆိုရင် တွေးတောင်မတွေးဝံ့တော့ဘူး"

"ဒီအကြောင်းကို မောင် ခဏခဏပြောပြဖူးပါတယ် အန်တီ သူသူ့ကို အန်တီ့လိုမိခင်မျိုး ဖြစ်စေချင်လို့ ထင်ပါတယ်၊ သူသူလည်း မောင့်ဆန္ဒတွေကို ဖြည့်ဆည်းနိုင်အောင် ကြိုးစားပေးမှာပါ"

"သူသူ့ကိုရွေးချယ်တာ မှန်တယ်လို့ အန်တီ ယူဆပြီးသား ပါကွယ်၊ သူသူက သားအတွက် တန်ဖိုးရှိတဲ့ မိန်းကလေးပါ၊ အန်တီ ကျေနပ်တယ် သမီး"

စကားလုံးတိုင်းက မေတ္တာတွေအပြည့်အဝဖြင့် နူးညံ့ည သာနေသည်။ ထိုမေတ္တာတွေအတွက် သူမရင်မှာ ကြည်နူးမှုတွေ





ကျေးဇူးလည်း တင်ရသည်။ သူမ နှုတ်ဆက်ပြီး အိမ်ပြန်ရောက်တော့ အဖေနှင့်မေမေက ဝမ်းသာစကားကို ဆီးကြိုပြော၏။

"မနက်ဖြန် ဆရာကြီးက သမီးကို ခေါ်ထားတယ်၊ အလုပ် ဝင်ရတော့မယ်ထင်တယ် သမီး"

"ဟုတ်လား၊ ဝမ်းသာလိုက်တာ မေမေရယ်၊ သူသူလည်း အလုပ်ဝင်ချင်နေပြီ၊ သူသူ တရားဝင်ဝန်ထမ်းဖြစ်ပြီဆိုရင် ဖေဖေ ပင်စင်ယူပြီး အလုပ်နားပေါ့"

"သမီးက တစ်လှည့်လုပ်ကျွေးမယ်ပေါ့လေ၊ အိမ်ထောင်မပြု တော့ဘူးလား"

"ဖေဖေကလည်း အိမ်ထောင်ပြုလည်း သူသူက ဖေဖေတို့ သမီးပဲဥစ္စာ၊ ဖေဖေတို့ကို သူသူ တာဝန်ယူမှာပါ"

"ယုံပါတယ်ဗျာ၊ မောင်ဒီဂရီကလည်း သိတတ်တယ်၊ သမီး ကလည်း လိမ္မာရေးခြားရှိတယ်ဆိုတာ ဖေဖေတို့လည်း မြေးတွေ၊ မြစ်တွေနဲ့ ပျော်ပျော်ရွှင်ရွှင်နေသွားချင်ပါသေးတယ်"

ဖေဖေတို့ဆန္ဒတွေ ပြည့်ဝရမှာပါဟု သူမ တီးတိုးကတိပေး ခဲ့သည်။ မောင်လည်း လိုက်လျောလိမ့်မည်ဆိုတာ ယုံကြည်၏။ ထိုနေ့ညက အိပ်မက်ထဲမှာ မောင့်ကို ဝမ်းသာစရာစကားတွေ တင် ကြီး ပြောပစ်လိုက်သည်။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၁)

"မောင် နောက်တစ်ခါ ဖုန်းဆက်ရင် ဆန်းဒေးရက်
ဆက်နော်"

"ဟင် ကျန်တဲ့ရက်တွေက ဘာဖြစ်လို့လဲ သူသူရဲ့"

"သူသူ ကျောင်းဆရာမ ဝင်လုပ်နေပြီ၊ သူသူတို့နေခဲ့ဖူး
ဟိုဘက်ရပ်ကွက်က မူလတန်းကျောင်းလေးမှာပဲ"

"ဟာ တကယ်လား။ သူသူက ကျောင်းဆရာမကြီးဖြစ်
ပြီဆိုတော့ မောင့်ကို လွမ်းချိန်မရှိတော့ဘူးပေါ့"

"လွမ်းတာက အချိန်နာရီမရွေးပါဘဲ မောင်ရယ်၊
မအားလပ်တဲ့ကြားက အပင်ပန်းခံပြီးတော့ လွမ်းရတော့မှာ"

"စကားတွေ တတ်နေပါလား။ ကျောင်းဆရာမ မလု





ဆေးဆရာမ လုပ်စားရင် နာမည်ကျော်မယ်"

မောင်က မြူးကြွသွက်လက်စွာ စနောက်နေ၏။ မောင်လည်း
ပျော်သာနေတာ သေချာသည်။

"ကောင်းထိုက်တို့ဆီ မောင် ဖုန်းဆက်ဖြစ်သေးလား"

"ဟိုတစ်ပတ်က ဆက်လိုက်တယ်၊ မောင့်ကို စိတ်ဆိုးပြီး
ာတယ်ကွ၊ သူသူ့ဆီ ဖုန်းဆက်ပြီးမှ သူတို့ဆီဆက်လို့တဲ့၊ တူမ
ူတာလို့ မောင်ပြောတော့ ဒီကောင်ထပ်ဆဲပြန်ရော၊ ဟား ဟား"

"မောင်ကလည်းလေ ကောင်းထိုက်က တကယ် မောင့်ဖုန်း
ို မျှော်နေတာ၊ မင်္ဂလာဆောင်ရတော့မှာကို ကြွားချင်နေတာလည်း
နိုင်တယ်"

"သေချာတာပေါ့၊ ဒီကောင်ပြောပြတယ်၊ လက်ဖွဲ့ပို့ဖြစ်
ောင် ပို့လို့လည်း ဝေးကြီးကျသေးတယ်၊ မောင်က ငါပြန်လာမှ
း မသယ်နိုင်အောင်ပေးမယ်လို့ ပြောလိုက်တယ်၊ သူသူကတော့
ဖြစ်အောင် သွားလိုက်ပါနော်၊ ညီမလေးကိုခေါ်သွားပြီး လက်ဖွဲ့
ည်း ဝယ်ပေးလိုက်"

"သွားရမှာပေါ့ မောင်ရယ်၊ သူငယ်ချင်းအရင်းကြီးကို၊ မောင့်
ား ညီမလေးကိုလည်း ခေါ်သွားမယ်၊ လက်ဖွဲ့လည်း ကောင်း
ောင်းပေးလိုက်ပါ့မယ်၊ သူတို့က သူတို့မင်္ဂလာပွဲမှာ မောင်မရှိလို့
ာမကောင်းဖြစ်နေကြတာ"



www.burmeseclassic.com

www.burmeseclassic.com



မောင့်ဘက်က လေးပင်ပြင်းရှသော သက်ပြင်းရှိုက်သံ ကြား
လိုက်ရ၏။ မောင်လည်း ဒီသူငယ်ချင်းတွေရဲ့မင်္ဂလာပွဲမှာ ရှိချင်ရှာမှာပါ။

“မောင်လည်း စိတ်မကောင်းရှာဘူး သူသူ၊ ဒါပေမဲ့ ဘယ်
တတ်နိုင်မှာလဲ၊ မောင်တို့ရည်ရွယ်ချက်တွေက ဒီလိုစိတ်ဒုက္ခပင်ပန်းမှု
တွေခံနိုင်မှ ပြည့်ဝမှာ၊ ဒီမှာနေရတဲ့အချိန်တွေ ကြာလေ မောင်ပြန်လာဖို့
ရက်က ပိုနီးလေပဲမဟုတ်လား၊ ခုလို ဖုန်းပြောခွင့်ရတာလေးနဲ့ မောင်
ဖြေသိမ့်နေပါတယ်၊ အိပ်မက်ထဲမှာလည်း ခဏခဏတွေ့လို့ ရတာပဲ”

မောင်လည်း အိပ်မက်မက်တာပါပဲလား၊ သူမတို့နှစ်ယောက်
နှလုံးသားချင်း စိတ်ချင်းဆက်နေတာ ဖြစ်လိမ့်မည်။ မြစ်ကူးချောင်းခြား
ပေါင်းကူးတံတားမရှိလည်း အချစ်ရှိလျှင် စိတ်ကူးတွေနှင့် ကျော်ဖြတ်
သွားနိုင်စာ ပုံပြင်မဟုတ်လောက်။

လက်တွေ့မှာရော စကားတွေ ပြောလို့မကုန်။ ပင်ပန်းတယ်
လို့လည်း မထင်မိပါလား။ တစ်လတစ်ခါ ဖုန်းလိုင်းလေးထဲက
မောင့်အသံလေးကို ကြားဖို့ ရင်ခုန်စိတ်လှုပ်ရှားစွာဖြင့် စောင့်မျှော်
မိတာလည်း ဂုဏ်ဝင်မြောက်တဲ့ ခံစားမှုတစ်ခုဖြစ်နေခဲ့သည်။

မရိုးအီနိုင်တဲ့ ချစ်စကားများနှင့် ရသမြောက်တဲ့ အာလာ
သလ္လာပလေးတွေ ပြောရတာလည်း လွမ်းခဲ့ရတဲ့ရက်လတွေကို ဖြေ
သိမ့်မှုပေးနိုင်တာ အမှန်ဖြစ်သည်။ ဒါပေမဲ့ အတူဆုံစည်းဖို့ ဘယ်
လောက်ထိ ဝေးနေရဦးမှာလဲ။

✿ ✿ ✿

## အခန်း (၁၂)

တစ်ပတ်အတွင်းမှာပင် ကျောင်းဆရာမလေး ယှဉ်ဝံ့သူဖြစ်
လာခဲ့သည်။ ကလေးငယ်လေးတွေကို စာသင်ပေးရတဲ့ဘဝဟာ ပျော်
စရာကောင်း၏။ ဆုံးမသွန်သင်ပဲ့ပြင်ပေးသမျှ မပီကလာ ပီကလာဖြင့်
နားထောင်ကြတာလည်း ချစ်စရာကောင်းသည်။ အတိုင်အတောထူတဲ့
ကလေးတွေရှိသလို ကစားမက်သော ကလေးငယ်လေးတွေလည်း
ရှိ၏။

မျက်ဝန်းလေးတွေ ပြူးနေအောင် စာကျက်စာအံတဲ့ ကလေး
တွေရှိသလို စာသင်ခုံပေါ်မှာ လက်နှစ်ဖက်ယှက်တင်ကာ အိပ်ငိုက်နေ
တဲ့ ကလေးလေးတွေလည်း ရှိသည်။

ဘာပဲဖြစ်ဖြစ် အပြစ်ကင်းပြီး ရိုးသားဖြူစင်တဲ့အရွယ်လေး



www.burmeseclassic.com

www.burmeseclassic.com



တွေမို့ သူတို့လေးတွေနှင့်အတူ ရှိနေရတာ၊ အကုသိုလ်ကင်းတာတော့ အမှန်ပင်။

သူမရဲ့ကျောင်းတက်ချိန်တွေမှာ ကလေးတစ်သိုက် တဝုန်းဝုန်းနှင့် ပြေးထွက်လာကြိုကြတာ၊ တချို့ကလေးလေးတွေက သူမ ဆွဲခြင်းလေးကို မနိုင့်တနိုင် ကူသယ်ပေးကြ။

တချို့ကလေးငယ်တွေက နှင်းဆီပန်းလေးတွေ စံပယ်ပန်းလေးတွေ ပေးကြ။

ထိုပီတိတွေကို နေ့စဉ်စားသုံးရင်းဖြင့် ဒီကလေးငယ်တွေကို သူမ သံယောဇဉ်ဖြစ်လာသည်။

ထိုအကြောင်းအရာတွေကို မောင် ဖုန်းဆက်စဉ်က ပြောပြတော့လည်း မောင်က သူမကိုယ်စား ကြည်နူးဝမ်းသာနေခဲ့သည်။

"ကလေးတွေနဲ့ ရင်းနှီးနွေးထွေးတတ်အောင် ကြိုးစားထား။ သူတို့လေးတွေရဲ့ အကျင့်စရိုက်ကို သတိထားပြီး ဂရုစိုက်လေ့လာထား သူသူ၊ မောင်တို့သားလေးတွေ သမီးလေးတွေ မွေးလာရင် တတ်ကျွမ်းနားလည်ပြီးသား ဖြစ်သွားတာပေါ့"

တဲ့။ တကယ့်ကို အကြီးကြီးတွေးပြီး မျှော်လင့်ချက်တွေထားနေတာ

မုန့်ဆီကြော်က ဘယ်မှာနေမှန်းမသိ။ နှုတ်ခမ်းနာနဲ့ တည့်မလားလို့ စနောက်တော့ မောင်နဲ့သူသူနဲ့ လက်ထပ်ပြီးရင် ဒီရင်သွေး





လေးတွေက ရှိလာမှာပဲ။ မောင်က အဲဒီလိုမိသားစုဘဝလေးနဲ့ တစ်သက်လုံး ပျော်ပျော်ရွှင်ရွှင်နေကြတာဟု ပြောသည်။ ထိုစကားမျိုးတွေ ဆောင့်ဆီက ထပ်တလဲလဲကြားနေရလည်း ရိုးအီမသွားခဲ့ပါ။

အမြဲတမ်းကြားချင်နေပြီး အမြဲတမ်းလည်း လိုက်လျောချင်နေခဲ့သည်။

"ဟင်"

သူမ ကျောင်းကအပြန် အိမ်ရှေ့မှာ ဌာနဆိုင်ရာကားလေးတစ်စီးရပ်ထားတာ တွေ့မြင်လိုက်ရ၍ အံ့ဩသွားသည်။

ဖေဖေက လုပ်သက်သမ္မာရင့်နေပြီဖြစ်ပေမယ့် ဒီလိုဌာနဆိုင်ရာကားတွေ စီးရတဲ့အထိ အရာရှိအရာခံ မန်နေဂျာတစ်ယောက်တော့ တော့ခ်ချေ။

ဒါဆို ဘယ်သူ့ကားလဲ၊ ဘာကိစ္စလဲ။

"ဟော သမီးပြန်လာပြီ၊ လာ သမီး၊ ဖေဖေ့ဧည့်သည်နဲ့ မိတ်ဆက်ပေးရဦးမယ်"

သူမ ဆွဲခြင်းလေးကို ဘေးမှာချပြီး ဝင်ထိုင်လိုက်သည်။

"ဒါ ဖေဖေတို့ဌာန အထက်အရာရှိအနေနဲ့ တာဝန်ပြောင်းလာတဲ့ မောင်လင်းမိုရ်တဲ့ သမီး။ သူကတော့ ဦးရဲ့သမီး ယုဇ္ဇနံသူပါ"

"ဟုတ်ကဲ့ တွေ့ရတာ ဝမ်းသာပါတယ်၊ ဦးက သူ့ရဲ့မိသားစုအကြောင်းလေးတွေ ပြောပြဖူးတော့ ကျွန်တော့်က မိသားစုနာမည်



www.burmeseclassic.com

www.burmeseclassic.com



တွေကို ရင်းနှီးနေပါပြီ''

''ကျေးဇူးတင်ပါတယ် ကိုလင်းမိုရ်''

အပြန်အလှန်အသိအမှတ်ပြုကြရင်း အင်္ကျီအဖြူ ထဘီအစိမ်းလေးနှင့် ဆံပင်တွေကို ကျစ်ဆံမြီးတစ်ချောင်းတည်း ကျစ်၍ ကျောဘက်မှာ ယဉ်စစချထားသော ယှဉ်ဝံ့သူကို လင်းမိုရ် မှင်တက်စွာ တစ်ချက်ငေးမောမိသွားသည်။

ဖြူဝင်းနုဖပ်နေသော ပါးပြင်လေးပေါ်မှာ သနပ်ခါးပါးလေး ပိုတစ်ကွက်၊ ဒီတစ်ကွက် အရိပ်အရောင်ထင်နေပေမယ့် ဖုန့်ဖွေးဖွေးလေးဖြစ်နေသည်။

ဆေးရောင်ခြယ်သော်လည်း ခပ်တွဲတွဲနှုတ်ခမ်းလေးက နိုင်ဆဲအိထွေးနေ၏။

''မောင်လင်းမိုရ်က မိဘတွေမရှိတော့ဘူး သမီးရဲ့၊ မွေးချင်းမောင်နှမတွေကလည်း အိမ်ထောင်ကျပြီး တစ်မြို့စီနေကြတယ်၊ ဇာတိက မုံရွာဘက်ကတဲ့၊ ဒီမှာ အလုပ်တာဝန်နဲ့ တိုက်ခန်းလည်း ရတယ် အခု အဲဒီမှာနေတာပေါ့''

''ဟုတ်ကဲ့''

''လုပ်ငန်းခွင်ထဲမှာ ဖေဖေက အသက်အကြီးဆုံးဖြစ်နေတော့ မောင်လင်းမိုရ်က အရာရှိဖြစ်ပေမယ့် လေးစားသမှုရှိတယ်ကွယ့်''

''ကျွန်တော်က ဦးရဲ့ပညာကိုလည်း လေးစားအတုယူချင်





သို့ပါ၊ ပွင့်ပွင့်လင်းလင်းပြောရရင် ကျွန်တော်တို့က စာတွေ့ရယ် သင်ကြားတတ်မြောက်မှု အတွေ့အကြုံနည်းနည်းလေးနဲ့ နေရာတစ်ခု ရလာတာပါ၊ လက်တွေ့လုပ်ငန်းခွင်မှာ သမ္မာရင့်နေတဲ့ ဦးတို့ဆီက ပညာတွေ အများကြီး လက်ဆင့်ကမ်းလိုချင်ပါသေးတယ်''

''အေး မင်း အဲလိုမော်ကြွားမှုမရှိလို့ ဦးက အိမ်ကို အလည်ခိတ်တာကွ၊ တချို့က ပညာတတ်ဘွဲ့ရလို့ ဒီလိုရာထူးရတာဆိုပြီး အထက်စီးက ဆက်ဆံချင်ကြတယ်၊ တကယ့်လက်တွေ့မှာ ပညာချင်း ယှဉ်ကြည့်လိုက်ရင် သူတို့ ဘာမှသိတာမဟုတ်ဘူး၊ မသိနားမလည်ဘဲ ဆရာလုပ်ခံရတာ၊ မခံချိမခံသာတော့ ဖြစ်သား''

ဦးစိုးတင့်က ပွင့်လင်းစွာပြောတော့ လင်းမိုရ် ပြုံးမိသည်။ တကယ်လည်း တချို့က ကိုယ့်ကိုယ်ကိုယ် အထင်ကြီးပြီး ဘဝင်မြင့်ချင်ကြ၏။ အရင်က အလုပ်သမားကြီးတွေက စာတွေ့ထက် လက်တွေ့မှာ အရည်အချင်းရှိအောင် ကြိုးစားကြသည်။

တကယ်လည်း နိုင်ငံ့ဂုဏ်ဆောင်နိုင်ခဲ့ကြ၏။ ကိုယ်တွေခေတ်မှာတော့ ဘွဲ့တွေတသီတတန်းကြီးရဖို့သာ အလေးထားကြပြီး ပညာချင်း ဘယ်လိုမှ ယှဉ်လို့မရနိုင်။

ဒါကြောင့် ပညာရှိကို ဆည်းပူးရတာ ကိုယ့်အတွက် အကျိုးယုတ်နိုင်ဘူးဆိုတာ နားလည်ပြီး ဦးစိုးတင့်တို့လို လုပ်သက်သမ္မာရင့် အတွေ့အကြုံရှိတဲ့သူတွေကို လေးစားမိခြင်းပင်။



www.burmeseclassic.com

www.burmeseclassic.com



"မောင်လင်းမိုရ် လက်ဖက်သုပ်လည်း စား၊ ကော်ဖီကြမ်း လည်း သောက်ပါဦးကွယ်၊ ညနေစာ ထမင်းဟင်းလည်း သမီးအချေ ချက်ပြုတ်နေပါတယ်၊ ထမင်းစားပြီးမှ ပြန်ပေ့ါ"

"အားနာစရာကြီး ဦးရယ်၊ ထမင်းတော့ မစားတော့ပါဘူး အခန်းမှာ ကျွန်တော့်တပည့်ကောင်လေးလည်း ချက်ထားမှာပါ"

"မင်းတပည့်ကောင်လေးလက်ရာ အစပ်အဟပ်မတည့် စား မကောင်းလို့ မင်း ညည်းညူနေတာ ဦးသိပါတယ်၊ လာတုန်းလာ ခိုက် စားသောက်ပြီးမှ ပြန်ပါကွာ၊ တစ်ယောက်စာအတွက် ဘာမှလည်း ထူးပြီးပိုမချက်ရပါဘူး"

"မေမေ ချက်နေတာဆိုရင် သူသူ သွားကူလုပ်ပေးလိုက်မယ် ဖေဖေ"

"အေး အေး သမီးသွားကူလုပ်လိုက်ပါဦး၊ ထမင်းပွဲပြင်ပြီး ရင် ဖေဖေတို့ စားကြတာပေ့ါ"

ကိုယ်လေးကိုကိုင်း၍ ဆွဲခြင်းလေးယူကာ ယှဉ်ဝံ့သူ မီးဖိုခန်း အတွင်း ဝင်သွားသည်။ ကြာခြေရှင်သိမ်မွေ့သူလေးဟု လင်းမိုရ် အသ အမှတ်ပြုမိ၏။

ခြေလှမ်းတိုင်းမှာ ငြိမ့်ညောင်းစွာဖြင့် ညင်သာသည်။ တစ် ချက်တစ်ချက် ပင့်ကြည့်တတ်တဲ့ မျက်နက်ဝန်းများက ရှုန်းစိုတောက် ပစွာနှင့် ကြည်စင်လင်းလက်နေ၏။





ယှဉ်ဝံ့သူဆိုတဲ့ နာမည်လေးကလည်း သူ့ရင်ကို တစ်စုံတစ် ရာနှင့် သွယ်ဝိုက်ကာ ငြိတွယ်သွားတာ အမှန်ပဲ ဖြစ်သည်။

သူမလက်နှင့် ထိတွေ့ခဲ့သော ထမင်းဝိုင်းလေးက သူ့ဘဝ တစ်သက်တာ အရသာအရှိဆုံးဟု ခံစားမိသည်။

ဘာကြောင့် တစ်ခဏအတွင်းမှာ ထိုခံစားမှုတွေနှင့် သူ့ရင် တွေ လှုပ်ရှားပျော်ဝင်သွားရတာလဲ။

တွေးကြည့်လျှင်တော့ ကိုယ့်ကိုယ်ကိုယ် တည့်မတ်ရင်း ဘယ်အကြောင်းအရာကိုမှ စိတ်ဝင်စားချိန်မရှိခဲ့လို့ ဖြစ်ပေလိမ့်မည်။ ဦးစိုးတင့်နှင့် ပတ်သက်မိတာ သူ့အတွက် ကံကောင်းခြင်း ဆုလာဘ် တို့ ရလိုက်သလို ဖြစ်နေပြီလား။

စိတ်ကူးဖြင့် အိမ်ပြန်လမ်းမှာ တစ်ယောက်တည်း ပြုံးနေမိ သည်။ မင်း အရမ်းလှပြီး ဆွဲဆောင်မှုရှိတယ် ယှဉ်ဝံ့သူ။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၃)

“နင်တို့အိမ်မှာ အရာရှိတစ်ယောက် အဝင်အထွက်များနေတယ်နော်”

“ဟုတ်တယ်၊ ဖေဖေတို့ဌာနက အရာရှိပါ၊ တစ်ယောက်တည်းသမားမို့ အနေအစား အဆင်မပြေလို့ ကူညီပေးနေတာ”

“သဒ္ဓါလွန်ရင် တဏှာကျွံနေဦးမယ်နော်”

“နင် ဘယ်လိုပြောလိုက်တာလဲ နေခြည်”

စကားလုံးအဓိပ္ပာယ်က နားဝင်မချိုတာမို့ သူသူ ဆတ်ဆတ်ခါသွား၏။ နေခြည့်မျက်နှာက ဘာပြောင်းလဲမှုမှ မရှိပါ။

“နင်တို့ ကူညီနေတဲ့သူက ဒုက္ခိတတစ်ယောက် မဟုတ်ဘူး သူသူ၊ အသက်အရွယ်ကလည်း လေးငါးနှစ်လောက် ကြီးနိုင်ပေမယ့်





သောက်ျားလေးဆိုတော့ နုပျိုဖျတ်လတ်တယ်၊ အပျိုလေးရှိတဲ့အိမ်ကို အဟိုဝင်ထွက်သွားလာနေတာ ပတ်ဝန်းကျင်က ဘယ်လိုဝေဖန်ကြမလဲ”

“အဲဒီလောက်ထိ တွေးနေစရာမလိုဘူး နေခြည်၊ ငါ့မှာ ချစ်သူရှိတယ်၊ ငါ့ရဲ့အိမ်ထောင်ဘက်က မောင်ပဲ၊ ဖေဖေလည်း အဲဒီလူကို ပြောပြထားမှာပါ”

“ပြောပြလို့ သိသွားရင် အသွားအလာ ဆင်ခြင်သွားနိုင်တယ်ပေါ့၊ အဲဒီလိုလား၊ ဒါဆို နင့်တို့အိမ်လာနေတဲ့ အဲဒီလူ မရိုးသားဘူးဆိုတာ သေချာပြီပဲ”

“ငါပြောတာ အဲလိုအဓိပ္ပာယ်မဟုတ်ဘူး နေခြည်၊ နင် အထ, အနေကောက်နေတဲ့စကားတွေက စည်းလွတ်ဝါးလွတ် ဖြစ်နေပြီ၊ ငါ့အတွက် ပြောနေတယ်ဆိုတာ ငါနားလည်ထားယ်၊ ဒါပေမဲ့”

“ဒီဂရီအတွက်လည်းပါတယ် သူသူ”

“ငါ့ဘက်က ဘာမှဖြစ်မလာနိုင်ဘူး”

“ဒီဂရီသိသွားရင် ဖြစ်လာနိုင်စရာတွေ အများကြီးပဲ”

အပြောင်အပျက်ပြောနေတဲ့စကားတွေ မဟုတ်ဘဲ နေခြည့်မျက်နှာ အေးစက်တင်းမာလာသည်။

ဘာကြောင့် နေခြည် အစိုးရိမ်လွန်နေရတာလဲ။ လင်းမိုရ်ဆိုတဲ့လူကို ဖေဖေမေမေတို့ကသာ အရေးတယူ ဆက်ဆံနေသော်



www.burmeseclassic.com

www.burmeseclassic.com



လည်း သူမက မေးထူးခေါ်ပြော ပုံမှန်ဆက်ဆံရေးမျှသာ။

"မလာနဲ့လို့ မပြောသင့်တဲ့၊ နှင်မလွှတ်သင့်တဲ့လူမို့ အလိုက်အထိုက် ဆက်ဆံနေတာပါ၊ မောင်သိသွားလည်း မယုံသင်္ကာဖြစ်စရာ အထင်လွဲစရာ မလိုပါဘူး၊ ငါ့ရဲ့ကိုယ်ကျင့်တရား၊ သစ္စာနဲ့ အချစ်ကို မောင်ယုံတယ်"

"ငါတို့လည်း ယုံပါတယ်၊ ဒီဂရီသိသွားလို့ အစိုးရိမ်လွန်ပြီး ငါတို့ကိုမေးလည်း ဘာမှမဟုတ်ဘူးလို့ ငါတို့ ကျိန်ပြောရဲတယ်၊ ဒါပေမဲ့ ဒီဂရီ့အမေ ရှိတယ်၊ ညီမလေး ရှိတယ်၊ ပတ်ဝန်းကျင်ရှိတယ်၊ ကိုယ့်ဘက်က ရိုးသားပါတယ်ဆိုတာ ကိုယ့်ကိုယ်ကိုယ် သိပေမယ့် အများသိအောင် နင် တစ်ယောက်ချင်း လိုက်ရှင်းပြနိုင်လို့လား၊ ပြီးတော့ အဲဒီလူဘက်က ရိုးသားပါတယ်ဆိုတာရော နင် အာမခံနိုင်သလား"

သူသူ တွေခနဲဖြစ်သွား၏။

မျက်ခုံးထူထူ မျက်တောင်တိုစိပ်စိပ်လေးတွေ ဝန်းရံထားသော မျက်ဝန်းညိုများရဲ့ မရိုးသားမှုကို သူမ သတိထားမိနေတာ ကြာခဲ့ပြီ။

အဝင်အထွက်များလာသမျှ လက်ဆောင်ပစ္စည်းလေးတွေ ဖေဖေ့,မေမေတို့အတွက် အသီးအနှံ စားစရာနှင့် ဆေးဝါးများလည်း ဝယ်လာတတ်သည်။

ဖေဖေ့ကို အရေးပေးဆက်ဆံသလို၊ မေမေ့ကိုလည်း လေး





စားမှုရှိသည်။ သူမကိုတော့ ဂရုတ`စိုက် ချိုသာနူးညံ့ညင်သာစွာ နှုတ်ခွန်းဆက်တတ်၏။

တွေ့ဆုံရင်းနှီးမှု ကြာလာတော့ သူမတို့မိသားစုလေးနှင့် ထိုလူရဲ့ဆက်ဆံရေးက ဆွေမျိုးရင်းချာ၊ မိတ်ဆွေအပေါင်းအသင်းတွေလို ဖြစ်လာသည်။

ဖေဖေမေမေတို့ရဲ့ လိုလားမှုကလည်း သွေးရိုးသားရိုးဖြစ်နေတာမို့ သူမ ဘယ်လိုလုပ်ရမလဲ။

သူမကို တိုက်ရိုက်ဖွင့်ပြောလာလျှင်ဖြင့် မောင်နှင့်သူမရဲ့ ပတ်သက်မှုကို ပွင့်ပွင့်လင်းလင်း ဖွင့်ပြောရမည်။

ခုတော့ ဘာဆိုဘာမှ –

"နင် ဘယ်လိုလုပ်မှာလဲ သူသူ၊ ဒီအကြောင်းတွေကို နင်နဲ့ အေးအေးဆေးဆေးပြောချင်လို့ ကောင်းထိုက်ကို ခေါ်မလာခဲ့တာ"

"ရေးကြီးခွင်ကျယ်ကိစ္စ မဟုတ်ဘူးလို့ ထင်တာပဲ၊ သူ့ဘက်ကလည်း ရှေ့ဆက်မတိုးသေးဘူး၊ တိုးလာရင်လည်း ငါ့ဘက်က ငြင်းဆန်မယ့်စကားတွေ အဆင်သင့်ရှိတယ်၊ ပတ်ဝန်းကျင်ကိုတော့ ကိုယ့်ဘက်က မှန်နေတဲ့အတွက် မဖြေရှင်းတော့ဘူးဟာ"

"ဒီဂရီကိုရော"

"နင်တို့မပြောရင် မောင် မသိနိုင်ပါဘူး"

"ဒီဂရီ့အမေနဲ့ညီမလေးကရော မပြောဘူးလို့ နင်ယုံလား"



www.burmeseclassic.com

www.burmeseclassic.com



"သူတို့ ငါ့ကိုချစ်ကြပါတယ်"

နေခြည် သူမကိုကြည့်ကာ သက်ပြင်းရှိုက်သည်။ မှာထား… အအေးခွက်ကုန်တော့ နောက်တစ်ခွက် ထပ်မှာပြီးသောက်၏။ သူ… အအေးခွက်က အရာတောင်မယွင်း။

အအေးဆိုင်လေးက ဟိုအရင်နေ့တွေကထက် တိတ်ဆိတ်… ငြိမ်သက်နေသည်။

နေခြည်နှင့်သူမတို့ စကားတွေ ဆွေးနွေးတိုင်ပင်ပြီး တစ်… အကြာမှာ ကောင်းထိုက်နှင့်နေခြည် လက်ထပ်ကြသည်။ သူတို့… လက်ထပ်မင်္ဂလာပွဲကို မောင့်အမေ၊ ညီမလေးနှင့် သူမတို့ အတူ… တက်ရောက်ကြသည်။

မောင်လည်း ထိုနေ့က ပျော်ရွှင်ကြည်နူးစရာစကားများ… လက်ဖွဲ့ပေးခဲ့၏။

ပျော်စရာကောင်းပေမယ့် မောင်မရှိတာမို့ စိတ်မကောင်း… နေ့လေးတစ်နေ့လည်း ဖြစ်သည်။

ထိုရက်တွေထိ အကြောင်းအရာအားလုံးက ရိုးစင်းစွာ… အချိန်တွေ ကုန်ဆုံးခဲ့သည်။

သူမလည်း ရက်လအချိန်နာရီတွေကို အေးဆေးတည်… စွာ ဖြတ်သန်းခဲ့သည်။

မောင့်ကို အောက်မေ့သတိရလွမ်းဆွေးရတဲ့အချိန်တွေ…





…အလေးတွေ စာသင်ရင်းနှင့် ဖြေဖျောက်ရသည်။

ဒါပေမဲ့ လွမ်းတာက လွမ်းတာပါပဲ။ တစ်ခါတစ်ရံ မြန်မြန် …နိုလာပါတော့ဟုသာ အော်ဟစ်ငိုယိုတိုင်တည်ပစ်လိုက်ချင်သည်။ …ဆောင်နဲ့ဝေးကွာစေခဲ့တဲ့ အချိန်နာရီတွေကို သူမ မုန်းပစ်လိုက်ချင်၏။

ဒါပေမဲ့လည်းပေါ့ မောင်ရယ် –

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၄)

"မမသူ ဘယ်သွားမလို့လဲ"

"ဟယ် မိစု မမအိမ် အလည်လာတာလား။ မမက မိစုအစ်[illegible] ဖုန်းလာမယ့်နေ့မို့ ဖုန်းဆိုင်မှာ သွားစောင့်မလို့လေ၊ မိစု မမနဲ့ လိုက်[illegible] ပါလား"

"အံမယ် လွတ်လွတ်လပ်လပ်ပြောကြပါနော်၊ မိစု မလိုက်[illegible] တော့ပါဘူး။ မနေ့က ကိုကို မိစုတို့ဆီ ဖုန်းဆက်တဲ့အကြောင်း လာ[illegible] ပြောတာပါ"

"ဟင်"

ဒီလိုမျိုး တစ်ခါမှလာမပြောဖူး၍ သူမ ထိတ်ခနဲ ဖြစ်သွာ[illegible] သည်။ မောင် ဘာတွေသိလို့ မိစုတို့ကို ဘယ်လိုတွေ ပြောလိုက်[illegible]





[illegible]ဆီကို တကူးတက လာပြောရတာလဲ။ မိစုမျက်နှာကတော့ အပြုံး[illegible] လှိုင်လို့ပါ။

"ကိုကိုက အိမ်ဝယ်ဖို့ ငွေပြည့်သလောက်ဖြစ်သွားပြီတဲ့[illegible]ရဲ့ မနေ့က ကိုကိုဖုန်းဆက်တော့ ဒီနေ့ မမကိုလည်း ပြောပြမယ်[illegible] ပြောတာပဲ၊ မိစုက မနေနိုင်တာနဲ့ မမကို ကြိုပြီးဝမ်းသာစေချင်[illegible] လာပြောတာ"

"အို ဟုတ်လား။ ဒါဆို မိစုကိုကို ပြန်လာရခါနီးပြီပေါ့နော်"

"ဒါပေမဲ့ မမရဲ့၊ ဒါပေမဲ့ ကိုကိုက အရင်းအနှီးရအောင်[illegible]ားရဦးမယ်လို့ ပြောတယ်"

"ဟင် အိမ်တစ်လုံးကောင်းကောင်းဝယ်နိုင်ရင် တော်ပြီပေါ့၊ [illegible]လို့ ရင်းနှီးဖို့ ထပ်ရှာနေဦးမှာလဲ"

"မပူပါနဲ့ မမရယ်၊ အရင်ထက်စာရင် ပြန်လာဖို့ အရမ်းနီး[illegible]နေပါပြီ၊ ကိုကိုပြန်ရောက်တာနဲ့ မမနဲ့ကိုကို အမြန်ဆုံးလက်ထပ်[illegible]ပေါ့၊ ဒါမှ မိစုလည်း တူလေးတွေ,တူမလေးတွေနဲ့ ကစားရမှာ"

"ဟယ် လူက တက္ကသိုလ်တက်နေပြီ ကလေးတွေနဲ့ ကစား[illegible]သေးတာလား"

"ဟင်း ဟင်း မိစုမှာ ရည်းစားမှ မရှိသေးတာ ကလေးပေါ့၊ [illegible] ကလေးတွေ အများကြီးမွေးရင် မိစုက ယောက်ျားအောင် [illegible]တော့ဘူး"

www.burmeseclassic.com



"ဟွန်း ဒီကောင်မလေးကတော့လေ"

ချစ်စနိုးနှင့် မိစုခေါင်းလေးကို ခပ်ဖွဖွကုကာ ဖုန်းဆိုင်ဘက်ကို သူမ ထီးလေးဆောင်း၍ ထွက်လာခဲ့သည်။

အိမ်အဝရောက်နေတာတောင် မိစုကို ဘာမှညွှန်မခံလိုက်ရဘဲ မောင့်အသံလေးကို ကြားရဖို့သာ အရေးကြီးနေ၏။ ဖုန်းဆိုင်ကိုရောက်တော့ မိနစ်နှစ်ဆယ်ခန့် စောင့်လိုက်ရသေးသည်။

ဖုန်းတစ်ခါမြည်တိုင်း မောင့်ဖုန်းလာလို့ သူမ ခေါင်းထောင်စိတ်လှုပ်ရှားသွားတတ်၏။ တခြားဖုန်းစောင့်သူတွေလည်း နှစ်ယောက်သုံးယောက် ရှိနေတာမို့ ကိုယ့်အလှည့်မဟုတ်လျှင် ရင်ဖိုမောပန်းရသည်။

အကြာကြီး စကားပြောတဲ့သူတွေရှိနေရင် မောင့်ဖုန်းဆက်ရ ခက်နေခြင်းများလား။

ဖုန်းဆက်မရလို့ မောင့်အသံ မကြားရလျှင် သူမ ဘယ်လိုနေ့ရနာငြိမ်လိမ့်မည်မထင်ပါ။

"မယုဥ္ဇဝ့်သူ ဖုန်းပါ"

"ရှင် ဟုတ်ကဲ့ ဟုတ်ကဲ့"

အလန့်တကြားထူးရင် ဖုန်းခွက်လေးကို ကပျာကယာ ကိုင်လိုက်မိသည်။

"ဟယ်လို မောင်ဖုန်းခေါ်တာ နောက်ကျလိုက်တာ၊ သူသူက





မောင် ဖုန်းမဆက်တော့ဘူးလို့တောင် ထင်နေတာ"

"ဘာလို့မဆက်ရမှာလဲကွာ၊ မောင်က ဒီရက်လေးတွေကိုပဲမျှော်နေတာ၊ ခုလည်း ဖုန်းလိုင်းတွေကျပ်နေလို့ ဆယ်မိနစ်လောက်နောက်ကျသွားတာပါ၊ မောင် စိတ်ရှည်ရှည်ထား ဖုန်းခေါ်နေလို့ အခုနှုန်းဝင်သွားတာ"

"ထားပါတော့၊ မောင့်ကို ကျေးဇူးတင်ပါတယ်၊ ဒီနေ့ မောင့်အသံကို မကြားရရင်လည်း သူသူ တစ်နေ့လုံး မနေတတ်မထိုင်တတ်ဖြစ်နေမှာ၊ ဒါနဲ့ မောင် အိမ်ဝယ်ဖို့ ငွေပြည့်တော့မယ်ဆို"

"ဟင် သူသူ ဘယ်လိုလုပ်သိလဲ"

"အခုလေးပဲ မိစုပြောသွားတာ"

"အာ သူသူ အံ့ဩဝမ်းသာသွားအောင် မောင်ကိုယ်တိုင်ပြောပါ့မယ်ဆိုမှ"

"ဩော် သိပြီးတော့လည်း စောစောဝမ်းသာရတာပေါ့၊ မိစုက သူသူ့ကို စေတနာနဲ့ လာပြောတာပါ၊ ဟို မောင်က အိမ်ကိစ္စပြီးလည်း လုပ်ငန်းလုပ်လို့ရအောင် အရင်းအနှီးထပ်ရှာဦးမယ်ဆို"

ဒီတစ်ခါ မိစုပြောတာပဲလားလို့ မောင်မမေး။ သက်ပြင်းရှိုက်သံသဲ့သဲ့ဖြင့် –

"မောင်လည်း ပြန်လာချင်နေပါပြီ သူသူ၊ ဒါပေမဲ့ အိမ်ရှိပြီး လုပ်ငန်းလုပ်ဖို့ ငွေမရှိရင် မောင်တို့ ဘာလုပ်စားကြမှာလဲ၊ အိမ်

www.burmeseclassic.com

www.burmeseclassic.com



ဖိုးငွေကလည်း အနည်းအကျဉ်းတော့ လိုဦးမှာ''

''မောင်ရယ် သူသူလည်း အစိုးရခန့်ဖြစ်လို့ လစာရနေပါပြီ လိုတဲ့ငွေကို သူသူလည်း စိုက်မှာပေါ့''

''ဟင့်အင်း ဒီကိစ္စတွေက မောင့်တာဝန်တွေပါ၊ အခုနေမှာ သူသူရတဲ့ပိုက်ဆံတွေကို သူသူ့မိဘတွေကို ကန်တော့လိုက်ပါ၊ မောင် ပြန်လာရင်တော့ တခြားအလုပ်တွေ ဘာမှမလုပ်ဘဲ အိမ်ထောင်ရှင်မ အလုပ်ပဲ လုပ်ရမယ်နော်''

''ဟုတ်ကဲ့ရှင့်၊ ကျွန်မ နားလည်ပါတယ်''

အငေါ့တူးစကားနှင့် သူမ ရွှတ်နောက်နောက်ပြောတော့ မောင့်ဘက်က ရယ်သံလွင်လွင်လေးကို ကြားရသည်။

''မောင်ပြောရဦးမယ်၊ အိမ်ကိစ္စ မောင်လိုချင်တဲ့ပုံစံလေးကို ကောင်းထိုက်နဲ့ တိုင်ပင်ထားတယ်၊ မနက်ဖြန် ကောင်းထိုက်တို့နဲ့ ဆုံလိုက်၊ မောင် ဖုန်းဆက်လိုက်မယ်၊ ပြီးတော့ ရှိတဲ့ငွေအားလုံး လွှဲလိုက်မယ်ကွာ၊ နော်''

''အတိုင်းအတာတစ်ခုအထိ မောင့်ဆန္ဒတွေပြည့်ဝရတော့မှာ ပဲ၊ ပြန်လာခဲ့ပါတော့လားဟင်၊ သူသူတို့ ခွဲနေရတာ သုံးနှစ်နီးပါးရှိနေပြီ မောင်၊ နေခြည်တို့တောင် ကလေးတစ်ယောက်ရနေပြီ''

''ဟင် မောင်လည်း ပြန်လာချင်နေပါပြီ သူသူရယ်၊ သူသူ့ ကို မောင် အရမ်းလွမ်းတယ်၊ ဒါပေမဲ့ သူသူ ခဏတော့ စောင့်ပါဦး





မောင် အမြန်ဆုံးကြိုးစားပြီးလာခဲ့ပါ့မယ်''

အားမရှိတဲ့ မောင့်အသံ တိုးလျလျကြောင့် သူမ စိတ်မကောင်း ဖြစ်သွားမိသည်။

မောင်က နိုင်ငံရပ်ခြားမှာ အထီးကျန်စွာ ရုန်းကန်နေရတာ မဟုတ်ပါလား။ သူမ ဖြစ်ချင်တာတွေချည်း ပြောနေလို့ ဘယ်ဖြစ်ပါ့မလဲ။

ရည်ရွယ်ချက်တွေ နီးကပ်လာတာနှင့် စိတ်ကိုဖြေရဦးမည်။ ဘာပဲဖြစ်ဖြစ် ဒီနေ့ကတော့ စိတ်ချမ်းသာမှု၊ ပျော်ရွှင်မှုတစ်ဝက် ရလိုက် တာမို့ ဖေဖေနှင့်မေမေ့ကို မျှဝေပေးခွင့်ရပြီပေါ့။

မောင်နှင့်ဖုန်းပြောပြီး အိမ်အပြန် ခြေလှမ်းတွေက တက်ကြွ ပေါ့ပါးစွာဖြင့်။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၅)

"ဝမ်းသာစရာပေါ့ သမီးရယ်၊ ဘာပဲဖြစ်ဖြစ် အိမ်ဝယ်ပြီးတာနဲ့ ရည်မှန်းချက်တစ်ဝက် အောင်မြင်သွားပြီ ပြန်လာလို့ရပြီဆိုပေမယ့် အရင်းအနှီးအတွက် ငွေထပ်ရှာမယ်ဆိုတာကလည်း တရားနည်းလမ်းကျပါတယ်၊ မောင်ဒီဂရီ ဖွဲ့နဲ့စိတ်နဲ့ ဖြစ်အောင်လုပ်နိုင်တာပဲ ကျေးဇူးတင်ရမယ်"

"ဟုတ်တယ် သမီး၊ မောင်ဒီဂရီက ချီးကျူးထိုက်တဲ့သူငယ်လေးပါ၊ ဟိုနေ့က မြမြနဲ့ ဈေးမှာတွေ့လို့ စကားပြောဖြစ်ကြတယ် မောင်ဒီဂရီ့အစ်ကိုဝမ်းကွဲ နိုင်ငံခြားမှာရှိတယ်ဆိုတဲ့ တစ်ယောက်လေ အဲဒီကောင်လေးအမေက မြမြအစ်မ တော်စပ်တယ်တဲ့၊ သူ့သား နိုင်ငံခြားမှာ အလုပ်လုပ်တာ ရှစ်နှစ်လောက်ရှိပြီ ငွေပို့တာ သိန်းတစ်ရာ





မပြည့်သေးဘူးတဲ့လေ၊ ဟိုမှာ ငွေရလွယ်သလို အပျော်အပါးလောင်းကစားကလည်း ပေါတယ်မဟုတ်လား၊ ချွေတာစုဆောင်းမှုမရှိ၊ အသုံးအစွဲကြမ်းတော့ သိပ်မပိုလျှံဘူးတဲ့ကွယ်၊ မောင်ဒီဂရီက တကယ်တော်ပါတယ်"

ဖေဖေနှင့်မေမေရဲ့ချီးကျူးစကားတွေကြောင့် မောင့်အတွက် သူမလည်း ဂုဏ်ယူမိသည်။

ကိုလင်းမိုရ်နှင့်ပတ်သက်ပြီး ဘယ်လိုနှောင်ဖွဲ့မှုမှမရှိလို့ ပွင့်လင်းစွာ လက်ခံပေးကြတာဟု နားလည်မိ၏။

ထိုနေ့ညက ထမင်းစားလို့မရ။ အိပ်လို့မပျော်နိုင်အောင် ရင်ထဲမှာ ကြည်နူးပီတိတွေ ပြည့်နေသည်။

နောက်နေ့ ကောင်းထိုက်တို့နှင့် ဆုံသည့်အခါမှာလည်း မောင့်အသံလေးကို ကြားရဦးမည်။

ဒီအသံလေးကြောင့် သူမ ဒီနေ့ထိ ရှင်သန်နေနိုင်တာ။

မနက်ရောက်တော့ ဆရာကြီးဆီမှာ ကျောင်းခွင့်တစ်ရက်တင်ပြီး ကောင်းထိုက်တို့အိမ် သူမ,ရောက်လာသည်။

ကလေးနို့တိုက်နေတဲ့ နေခြည်က သူမကိုမြင်တော့ ကလေးကို ပုခက်ထဲထည့်ပြီး အူယားဖားယား ကြိုဆို၏။

"ငါတို့မျှော်နေတာဟဲ့၊ ဒီဂရီ ဖုန်းဆက်မှာမဟုတ်လား၊ ဟဲ့ ကောင်းထိုက် ရေချိုးလို့ မပြီးသေးဘူးလား၊ ဒီမှာ သူသူ ရောက်နေပြီ



www.burmeseclassic.com

www.burmeseclassic.com



မြန်မြန်ထွက်ခဲ့ပါဟဲ့ ကလေးအဖေရဲ့"

ရေချိုးခန်းဘက်ကို စူးစူးရှရှလှည့်အော်ရင်း သူမလက်ကို ဆွဲ၍ ဆိုဖာခုံမှာ ထိုင်ခိုင်းသည်။

"နင်ကလည်း အဲလောက်အော်ရလား၊ ကလေးနိုးသွားပါဦးမယ်"

"ဒီကလေး ငါ့အော်သံကို အကျင့်ရနေပါပြီ၊ မရလို့လည်း မဖြစ်ဘူးလေ၊ သူ့အဖေ ကောင်းထိုက်ကို ငါ နေ့တိုင်း အော်ဟစ်နေရတာ၊ အိမ်ထောင်ကျမှ ဒီကောင်က ပိုလုချင်,ပချင်နေတယ်၊ ပွဲရုံသွားခါနီး ရေချိုးတာကကြာ၊ ရေမွှေးဆွတ်, အဝတ်အစားလဲနေတာက သူ့နှမ လင်နောက်လိုက်ပြီး ကလေးမွေးနေသလောက် ကြာတယ်၊ ဒီအကျင့်ဆိုးတွေ ငါ မသိလို့ ယူခဲ့မိတာ၊ ခုတော့ အိမ်ဖော်ငှားထားတာကလည်း ထမင်းဟင်းချက်နဲ့ အိမ်သန့်ရှင်းရေးပဲရတယ်၊ ဒီကလေးတာဝန်က ပိုက်ကြီးတုန်းကလည်း တစ်ဒုက္ခ၊ မွေးလာတော့လည်း ချေးသေးကိစ္စ, နို့တိုက်တာ, ထမင်းကျွေးတာ, ရေချိုး သန့်ရှင်းရေးလုပ်, အချိန်နဲ့အိပ်အောင် ချော့သိပ်၊ နေမကောင်းရင်လည်း တအီအီနဲ့ ကိုယ်က အိပ်ရေးပျက်သေး၊ ဒင်းကတော့ မအေမဟုတ်သလို, ဘာမှ မပတ်သက်သလိုပဲ၊ ယောက်ျားယူရတာ တော်တော်ဝေယျာဝစ္စများတာ"

ရင်ဖွင့်နေတာလား၊ ပေါက်ကွဲနေတာလား မသိ။





နေခြည် ဗလစ်ဆန်အောင် ပြောနေသမျှ သူမ ရယ်ချင်နေမိသည်။ ကောင်းထိုက်က ကြွရွရွှာ အပေါ်ထပ်က ဆင်းလာ၏။ လက်ကဆွဲလာတဲ့ အတက်ချိုကျေ့စ်ကို စားပွဲပေါ် ဟန်ပါပါတင်လိုက်ပြီး နေခြည်မြင်အောင် မျက်ခုံးပင့်ပြသည်။

"မြင်လား၊ ပွဲရုံသွားမယ့်ပုံစံမဟုတ်၊ ရှုတင်သွားမှာလိုလို ဆိုင်ထုတ် ဂိုဒ်လုပ်လာတာ"

"ကိုယ်က ပွဲရုံသူဌေးလေ၊ လူကြီးလူကောင်းတွေနဲ့ ဆက်ဆံနေရတာ၊ ဒီလိုပါဝါမရှိလို့ ဘယ်ဖြစ်မလဲ"

"အံမယ်လေး စကားကြီးစကားကျယ် ပြောထွက်တယ်နော်၊ ဒီတာပွဲရုံမှာ အခန့်သားတက်နေပြီး ငါ့မှာတော့ ဖွတ်ဖွက်ညက်ညက်ကြေလို့၊ ကလေးမယူမိတာကမှ တော်ဦးမယ်"

"ကဲ တော်ကြပါတော့ဟယ်၊ နင်တို့ကြည့်ပြီး ရယ်နေရတာ အူတွေတောင် နာလာပြီ၊ ဟဲ့ မောင့်ဆီက ဖုန်းလာမယ့်ဥစ္စာ နင်က ပွဲရုံသွားတော့မလို့လား ကောင်းထိုက်"

"နင်တို့ကိစ္စပြီးမှ ငါသွားမှာပါ၊ အခု ငါတို့ရုပ်ကွက်ရဲ့ဟိုဘက်လမ်းထဲကို နင့်ကိုခေါ်သွားမှာ"

"ဟင် ဘာလို့လဲ"

"ငါ အဲဒီဘက်က တစ်ထပ်တိုက်လေးအကြောင်း ဒီဂရိကို ပြောပြထားတယ်၊ မြေဝင်းက ပေ ၄၀–၆၀ ရှိတယ်၊ တိုက်လေးရဲ့ပုံစံက

www.burmeseclassic.com



လည်း အရမ်းခေတ်မီတယ်၊ တိုက်လေးရှေ့မှာ ကားဝင်လို့ အဆင်ပြေ
တဲ့ ကွန်ကရစ်လမ်းလေးရယ်၊ ဘေးမှာ ဂျပန်မြက်ခင်းစိမ်းရယ်၊ ယ
ပင် ပန်းအိုးလေးတွေနဲ့ လန်းတယ်ဟ၊ မြက်ခင်းက ခုံးခုံးလေး
ထိုင်ခုံလေးတွေချပြီး လေညင်းခံရင်း တကယ်ဂွတ်တယ်''

''အဲဒီတိုက်ကို လိုက်ကြည့်ပြီး ငါက ဘာလုပ်ရမှာလဲ''

''ဒီဂရီက ငါပြောတာနဲ့ ကြိုက်နေပြီ၊ သူ့စိတ်ကူးနဲ့ပုံဖော်
ထားတာ နီးစပ်ပါတယ်တဲ့၊ နင်ကြိုက်တယ်ဆိုရင် သူ ငွေလှမ်း
လိမ့်မယ်''

''ဟင် ဒီဘက်တွေမှာ အဲလိုတိုက်မျိုး ဆောက်ထား
ဈေးဘယ်နည်းမလဲ၊ ပိုင်ရှင်ကရော အဲလိုတိုက်လှလှလေးကို ဘာ
ရောင်းမှာလဲ''

''ဗိုက်နာနေလို့ လောင်းကစားနဲ့ကြွေးနစ်သွားလို့ ရောင်း
သူတို့နေတာတောင် တစ်နှစ်ကျော်လောက်ပဲ ရှိသေးတယ်၊ အား
နယူး အသစ်အတိုင်းပဲ၊ ဒါပေမဲ့ ဆေးရောင်မကြိုက်ရင် ပြင်သုတ်

''အဲလောက်ငွေကို မောင်နိုင်ပါ့မလားဟင်၊ ဆင်းရဲသား
ကွက်က ပိုင်းလေးတွေဝယ်ပြီး တော်သင့်အိမ်လေးဆောက်ပြီး နေထိ
လည်း ဖြစ်တာပဲ၊ ပိုတဲ့ငွေနဲ့ စီးပွားရေးလုပ်မယ်ဆိုရင် မောင်သ
ပြန်လာလို့ရတယ်''

စိုးရိမ်ပူပန်စွာ သူမ ညည်းညည်းညူညူပြောတော့ ကော





ထိုက်က သက်ပြင်းချ၏။

''နင်တားဆီးမယ်ဆိုတာ သိလို့ ဒီဂရီက ငါ့ကို တိုင်ပင်တာ၊
ဒါလည်း ခုနက နင်ပြောသလို ပြောကြည့်သေးတယ်၊ ဒီဂရီက ခေါင်း
ခါတယ်ဟ၊ နင့်ကို အဆင့်အတန်းရှိရှိ၊ အမြင့်မားဆုံး၊ အကောင်းဆုံး
ထားချင်လို့ သူ နိုင်ငံခြားကို ထွက်လာတာတဲ့၊ သူ အငတ်ခံပြီးချွေ
တာ စုဆောင်းသမျှက နင်နဲ့ မွေးလာမယ့်ကလေးတွေအတွက်တဲ့''

''မောင်က တစ်ယူသန်လွန်းတယ် ကောင်းထိုက်ရယ်၊ မောင်
အဲလို အပင်ပန်းခံရှာထားတဲ့ငွေတွေနဲ့ ဘယ်လိုစိမ်ရှိရှိနေရက်မှာလဲ''

''ဒါပေမဲ့ ဒီဂရီ့စိတ်ကို နင်ရော ငါတို့ရော သိပြီးသားပဲ၊
ချော့ဖျောင်းလို့လည်း မရဘူး၊ နားချလို့လည်း မရဘူး။ သူဖြစ်ချင်တာ
သူလုပ်မှာ၊ အဲဒီတော့ သူ့ဆန္ဒကို လိုက်လျောပြီး အိမ်ကိုလိုက်ကြည့်၊
နင်ကြိုက်တယ်ဆိုရင် ဒီကောင်ရှိတဲ့ငွေ အကုန်လွှဲလိမ့်မယ်၊ သူတို့
ခေါ်ထားတဲ့ဈေးနဲ့ဆိုရင် အနည်းအကျဉ်းတော့ လိုဦးမယ်၊ အဲဒါကို
ငါ စိုက်ထားမှာပါ၊ သူ လုပ်ငန်းလုပ်ဖို့ ငွေထပ်ရမှ ငါ့ကိုပြန်ပေးမှာ''

မောင်က ကောင်းထိုက်နဲ့ တော်တော်တိုင်ပင်ပြီးနေပြီပဲ။
အားလုံး အစီစဉ်ကျကျနှင့် မောင်ပျော်နေလေသလား။

သူမကတော့ မောင့်ရဲ့အထီးကျန်ပင်ပန်းမှုတွေကို မြင်ယောင်
ပြီး ရင်ထဲမှာ ကျပ်ဆို့လှိုက်မောနေသည်။

နေခြည်နှင့်သားလေးကို နှုတ်ဆက်ပြီး ကောင်းထိုက်နှင့်



www.burmeseclassic.com

www.burmeseclassic.com



လိုက်လာခဲ့ရပေမယ့် ခြေလှမ်းတွေ တုံ့နှေးလေးကန်နေ၏။ ကောင်
ထိုက်ကားပေါ် လိုက်လာရသော်လည်း စိတ်နှင့်ကိုယ် မကပ်စွာ လွှင်
ပါးထုံထိုင်းလျက်။

"အဲဒီခြံဝင်းလေးထဲက တိုက်အိမ်လေးပဲ သူသူ၊ ခဏဆင်
ကြည့်ရအောင်၊ ပိုင်ရှင်က ငါ့ကို သော့အပ်ထားတယ်"

ကောင်းထိုက်က ပါလာတဲ့ သော့နှင့် အနက်ရောင်သံပ
တံခါးလေးကို ဖွင့်လိုက်၏။ ကားကို အပြင်မှာရပ်ထားခဲ့ကာ လူဝ
ပေါက်တံခါးဘက်မှ သူမတို့ ဝင်လာခဲ့ကြသည်။

ကွန်ကရစ်လမ်းလေးကလည်း သန့်ရှင်းတောက်ပြောင်
သည်။ ဂျပန်မြက်ခင်းစိမ်းလေးပေါ်မှာ ဖိုက်ဘာထိုင်ခုံအနီရောင်တစ်
ချခင်းထား၏။

စံပယ်၊ နှင်းဆီ၊ ဂမုန်း၊ သစ်ခွနှင့် ဖွေးဖွေးလှုပ်နေသေ
ဂန္ဓမာပန်းပင်များက အစီအရီ သူ့နေရာနှင့်သူ လှပတင့်တယ်နေသည်

ခြံထောင့်မှာ သရက်ပင်၊ မာလကာပင်များလည်း လှမ်းမြ
၏။ တိုက်အိမ်လေးကလည်း တစ်ထပ်ဆိုပေမယ့် ပုပုသေးသေ
မဟုတ်။ ရှေ့ဘက်မှာ လသာဆောင်လိုလို ကျယ်ဝန်းမှုရှိသောနေ
လေးမှာ စတုဂံပုံအကွက်လေးတွေနှင့် ဝရန်တာလေးကွေ့ပိုက်လျ
ပုံဖော်ထား၏။ အလူမီနီယံမှန်တံခါးများက နေ့ဘက်မှာ အသုံးပြုလျ
ညဘက်မှာ ကန့တ်ပန်းများနှင့် အလှဆင်ထားသော ကျွန်းတံခါးက





များက လုံခြုံမှုရှိစေသည်။

အတွင်းခန်းထဲက ညစ်ထေးနေသော ခန်းဆီးလိုက်ကာများကို ဆင်စွယ်ရောင်၊ အဖြူရောင်လွှင်နေသော ခန်းဆီးလိုက်ကာများဖြင့် အသစ်လဲလိုက်ပါက ဖွေးလှုပ်နေသော မီးရောင်ဖြင့် ပနံတင့်ပေသိမ့်မည်။

ဆိုဖာခုံများ ကျန်ရှိနေသေးသော်လည်း ဟောင်းနွမ်းနေပြီမို့ ဒါကိုလည်း အသစ်ဒီဇိုင်းသန့်တာလေး လဲပစ်ရမည်။ ဧည့်ခန်းကျယ်လေးထဲကို လှမ်းဝင်ကြည့်တော့ အဲကွန်းရဲ့ထိတွေ့မှုက လူကို လန်းဆန်းအေးမြသွားစေ၏။

အိပ်ခန်းက နှစ်ခန်းပါရှိပြီး ရေချိုးခန်း အိမ်သာပါ ပူးတွဲပါရှိလေသည်။ မီးဖိုခန်းလေးကတော့ သန့်ရှင်းတောက်ပြောင်လျက် ထမင်းစားပွဲများနှင့် ထိုင်ခုံများပါရှိနေသေးခြင်း။ ပါကေးခင်းများ လက်သက်တောက်နေတာမို့ ဧည့်ခန်းနှင့်အိပ်ခန်းထဲမှာသာ ကော်ဇောခင်းဖို့ လိုလိမ့်မည်ထင်သည်။ အားလုံးထဲမှာ သပ္ပါယ်လွန်းလှသော ဘုရားခန်းက ကျက်သရေမင်္ဂလာအရှိဆုံးဖြစ်၏။

"ဘယ်လိုလဲ သူသူ၊ နင်ကြိုက်ရဲ့လား"

"အင်း လိုအပ်တာတွေ နည်းနည်းပြုပြင်လိုက်မယ်၊ တိုက်လေးမှာသုတ်ထားတဲ့ အပြာရောင်ဆေးတွေကို ချောကလက်ရောင် ပြောင်းလိုက်ရင် အားလုံးအဆင်ပြေသွားမယ် ထင်ပါတယ်၊ ဒါနဲ့



www.burmeseclassic.com

www.burmeseclassic.com



ဒီမှာ ကျန်နေတဲ့ပစ္စည်းတွေကို သူတို့ သယ်သွားကြမှာလား''

''ဟင့်အင်း အားလုံးထားခဲ့တော့မှာ၊ သူတို့ မိသားစုလိုက်
နိုင်ငံခြား ရွှေ့တော့မှာလေ၊ အဲဒါကြောင့် ဗိုက်နာဈေးလည်း ရမယ်
တန်လည်းတန်ပါတယ်လို့ ငါပြောတာပေါ့''

''မောင့်ကို နင် အသေးစိတ်ပြောပြထားတာလား''

''အေး သူက ဒီထက်အကြီးကြီးတောင် မှန်းနေတာ၊
ခေတ်ဈေးနဲ့ အသစ်ဆောက်မယ်ဆိုရင် နောက်ထပ် လေးငါးနှစ်တော
နိုင်ငံခြားမှာ ဆက်နေမှဖြစ်မယ်၊ အဲဒါကြောင့် ဒါလေးယူဖို့ ငါ တို
တွန်းလိုက်တာပါ''

''ကောင်းပါတယ်၊ ဒီတိုက်လေးက နင်ပြောတာထက်တော
ပိုပြီးကောင်းနေပါပြီ''

''ဒါဆို ဒီဂရီဖုန်းဆက်ရင် ငွေလွှဲနိုင်းပြီး နင့်နာမည်နဲ့ စာ
ချုပ်ယူလိုက်တော့ပေါ့''

''ဟင် မောင့်နာမည်နဲ့ ဝယ်ရမှာပေါ့''

''လက်မှတ်ထိုးရမှာ နင်လေ၊ ဒီဂရီကလည်း နင့်နာမည်
ဝယ်နိုင်းထားတာ''

သူမ ဘာဆင်ခြေမှတက်ခွင့်မရှိအောင် မောင်က စီစဉ်
ကြားတတ်လွန်းသည်။ ဒီအိမ်လေးကို မြင်ယောင်ပြီး မောင် စိတ်
ယဉ်နေမလားပင် မသိ။





သူမကတော့ ဒီညကစပြီး ဒီအိမ်လေးမှာ သက်ဝင်လှုပ်ရှား
ာတော့မယ့်မိသားစုဘဝလေးကို နွေးထွေးစွာ ကြိုဆိုနေဖြစ်တော့
ည်။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၆)

မောင်လွှဲပေးလိုက်တဲ့ငွေနှင့် ဒီအိမ်လေးကို စာချုပ်ချုပ် လက်မှတ်ထိုးယူပြီး ပိုင်ဆိုင်လိုက်ရချိန်မှာ ကြည်နူးလိုက်ပုံလျက် သူမ မျက်ရည်များပင် ဝဲမိသည်။

ထိုအချိန်မှာတော့ မောင့်ဆီက ဖုန်းထပ်လာတော့ သူမ စကားတောင် တန်းခနဲ မပြောနိုင်။

"သူသူ သူသူ ဘာဖြစ်လို့လဲဟင်၊ အဲဒီအိမ်ကို သူသူ မကြိုက်ဘူးလား၊ မောင်က သူသူကြိုက်မှ ဝယ်ပါလို့ ကောင်းထိုက်ကို ပြောထားတာ"

ပျာပျာသလဲ အထိတ်တလန့်ဖြစ်သွားတော့ သူမ ပိုပြီး နည်းသွားသည်။





'မောင်' ဟု ဖုန်းထဲကနေ အကျယ်ကြီးအော်ပစ်လိုက်၏။

"ကျွန်မ မောင့်ကို ချစ်တယ်"

သူသူဆိုတဲ့ နာမ်စားလေးကို ဖျောက်၍ မြတ်နိုးလေးစားမှုနှင့် ကျွန်မဟု သုံးနှုန်းလိုက်၏။ မောင့်ဘက်က အသံအကြာကြီး တိတ်သွားပြီးမှ 'မောင်လည်း သူသူ့ကိုချစ်တယ်' ဟု တိုးတိုးပြောဖော်ရသည်။

နားလည်မှုတွေနှင့် တိတ်ဆိတ်သွားသော ဝိုင်ယာလေးက ချစ်ခြင်းမေတ္တာတို့နှင့် ပျော်ဝင်ညှိသက်ညင်သာသွားသည်။

နူးညံ့ခြင်းပြိုင်ပွဲမှာ သူမတို့နှစ်ယောက်လုံး ပန်းဝင်သွား၏။

"ဒီဂရီ့အမေနဲ့ ညီမလေးကိုရော၊ နင့်မိဘတွေကိုရော ဒီစာချုပ်နဲ့ အိမ်ဂရန်ကို အခုချက်ချင်းသွားပြသင့်တယ်၊ ဒီဂရီ့ကို ယုံကြည်စိတ်ချသွားကြတာပေါ့"

"သူတို့တွေက အစကတည်းက မောင့်ကို ယုံကြည်ပြီးသားပါ"

"မဟုတ်ဘူးလေ၊ ဒီသက်သေက နင်နဲ့ဒီဂရီကို တစ်သက်စာအတွက် ချည်နှောင်ပစ်လိုက်တဲ့ နှောင်ကြိုးပဲ၊ ဒီဂရီ့ကို နင် သစ္စာဖောက်လို့ မရသလို၊ ဒီဂရီလည်း နင့်ကို စွန့်ခွာသွားလို့မရတော့ဘူး"

"ဒါက ပကာသနနဲ့ အပေါ်ယံချည်နှောင်မှုပါ၊ ငါ့ရင်ထဲမှာ သစ္စာတရားတွေနဲ့ အခိုင်အမာငြိတွယ်ပြီးသား၊ လေဒဏ်၊ မိုးဒဏ်လည်း



www.burmeseclassic.com

www.burmeseclassic.com



ခံနိုင်တယ်၊ ပတ်ဝန်းကျင် အတိုက်အခိုက်ကိုလည်း မတုန်လှုပ်ဘူး ပျက်စီးရာပျက်စီးကြောင်း သွေးခွဲစကားပြောမယ့်သူတွေ ရှိရင်လည်း ယုံမှာမဟုတ်ဘူး''

ကောင်းထိုက်နှင့်နေခြည့်ကို သူမ ဒီအတိုင်း ကတိစကားတွေ ပြောပစ်ခဲ့ကာ မောင့်အမေအိမ်ကို အရင်ဆုံးဝင်ပြီး စာချုပ်နှင့် အိမ်ဂရန်ကို ပြလိုက်သည်။

မောင့်အမေက စာချုပ်ကို ဖွဖွလေးကိုင်ကာ နမ်းရှုပ်ရင်း မျက်ရည်ကျ၏။

''သားရဲ့ကြိုးစားမှု အကောင်အထည်ဖော်လာတာကို အန်တီ ဝမ်းသာပါတယ်၊ ဒါပေမဲ့ ခွဲခွာနေရတဲ့နှစ်တွေ ကြာလာတော့ သားကို တွေ့ချင်မြင်ချင်သားကွယ်၊ ဒါကိုရဖို့ သား ဘယ်လောက်ပင်ပန်းဆင်း ခံနေရမလဲဆိုတာကိုလည်း ရင်နာမိတယ်''

''သူပြန်လာဖို့ နီးလာပါပြီ အန်တီရယ်၊ ကောင်းထိုက် နည်းနည်းဆပ်ပြီးတာနဲ့ ရင်းနှီးလုပ်ကိုင်ဖို့ ငွေရလာရင် သူပြန်လာတော့မှာ၊ ခြောက်လ ဒါမှမဟုတ် တစ်နှစ်ပေါ့''

''ဟုတ်ပါတယ်၊ ဒီလောက် အကြာကြီးတောင် နေလာခဲ့ပြီး အောင့်အီးသည်းခံရတော့မှာပေါ့၊ ဘေးမသီရန်မခ ပြန်လာနိုင်ပါစေ ဆုတောင်းရတော့မှာ''

မိခင်မေတ္တာအတွက် သူ စိတ်မကောင်းပါ။





အိမ်ကို ပြန်ရောက်တော့လည်း ဖေဖေနှင့်မေမေ့ကို စာချုပ်နှင့်ဂရန်ပြလိုက်သည်နှင့် ပီတိမျက်ရည်တွေ ဝေနေကြသည်။

''သမီးက လူလိမ္မာ သူတော်ကောင်းနဲ့ တွေ့တာပါကွယ်၊ အဖေတို့အဆင့်အတန်း၊အနေအထားမျိုးနဲ့ ဒီလိုအိမ်မျိုး သမီးကို ဝယ်ပေးနိုင်မှာမဟုတ်ဘူး။ ဖေဖေတို့ မလုပ်ပေးနိုင်တာကို မောင်ဒီဂရီက လုပ်ပေးလိုက်တဲ့အတွက် သူ့ကို ဖေဖေ ကျေးဇူးတင်တယ် သမီး၊ သူပြန်လာရင် သမီးတို့ အမြန်ဆုံးလက်ထပ်ကြ''

''ဟုတ်ကဲ့၊ အဲဒီကိစ္စကို အန်တီမြကလည်း အမြန်ဆုံးစိစဉ်ချင်နေတာပါ၊ သမီးကတော့ သူပြန်မလာခင်မှာ ကျောင်းပိတ်ရက်တိုင်း အဲဒီအိမ်လေးကို လိုအပ်တာလေးတွေ သွားပြုပြင်မယ်လို့ စဉ်းစားထားတယ်၊ ဆေးလည်း ပြောင်းသုတ်ချင်တယ်၊ အတွင်းပစ္စည်းလေးတွေလည်း ဝယ်ထည့်ချင်သေးတယ်''

''ဖေဖေက လုပ်သက်ပြည့်ပင်စင်ယူတော့မှာပဲ၊ အဲဒီကရတဲ့ငွေနဲ့ သမီးဝယ်ချင်တာ ဝယ်လေ''

''ဟင့်အင်း သမီး မယူတော့ပါဘူး ဖေဖေ၊ သမီးရထားတဲ့ငွေလေးလည်း ရှိသေးတယ်၊ မောင်ကလည်း အဲဒါတွေဝယ်ဖို့ ငွေသတ်သတ်ပေးထားပါတယ်၊ အဆင်ပြေပါတယ် ဖေဖေ''

''အေး အေး သမီးအဆင်ပြေတယ်ဆိုလည်း ပြီးတာပဲ၊ ဖေဖေက ရသမျှငွေတွေ ဘဏ်မှာအပ်ပြီး အေးအေးသက်သာပဲ ထိုင်

www.burmeseclassic.com

www.burmeseclassic.com



စားတော့မယ်"

"အဲဒါကောင်းပါတယ် ဖေဖေ၊ ဒါနဲ့ ဖေဖေ့ပင်စင်ကိစ္စက ဘယ်တော့လောက် သိရမှာလဲ"

"မောင်လင်းမိုရ် လုပ်ပေးနေတယ်ကွယ့်၊ နောက်သုံးလလောက်ဆို ကျမယ်ထင်ပါတယ်၊ သူကတော့ ပြောတယ်၊ ပင်စင်နားရင် ကိုယ့်ကိုယ်ကိုယ် အလုပ်မရှိ အကိုင်မရှိဆိုပြီး သိမ်ငယ်မှာစိုးလို့ မြေကွက်တစ်ကွက်လောက်ဝယ်ပြီး သီးပင်၊ စားပင်၊ ပန်းပင်လေးတွေ စိုက်ပျိုးပါလားတဲ့၊ ကိုယ့်အိမ်လည်းစား၊ ဝယ်မယ့်သူရှိရင်လည်း ဖောက်သည်ပေး ရောင်းစားလို့ရတာပဲတဲ့လေ"

"ဟုတ်တယ်၊ အသက်ကြီးရင် သစ်ပင်တွေနဲ့ အချိန်ဖြုန်းပါတဲ့၊ အသက်ရှည် ကျန်းမာတယ်လို့ ပြောကြတယ်"

"အေးပါကွယ်၊ အိုစာမင်းစာအတွက် ရတဲ့ငွေအပေါ်မှာ ဖေဖေ ကြည့်စီစဉ်ပါ့မယ်၊ အိမ်ထောင်ပြုတော့မယ့် သမီးဆီက ထောက်ပံ့မှုကိုလည်း ဖေဖေ မယူချင်ဘူး၊ ဘာဖြစ်လို့လဲဆိုတော့ မောင်ဒီဂရီက သူ့အမေ, သူ့ညီမလေးထက်တောင် သမီးအပေါ် အလေးထားလွန်းတယ်၊ ဖေဖေတို့က နားလည်ပေးရမှာပေါ့"

ဖေဖေတို့လည်း လိုချင်စိတ်နဲ့ လောဘမရှိ။

မောင့်မေမေကလည်း သားကိုချစ်တဲ့စိတ်နှင့် မတော်ရသေးတဲ့ချွေးမအပေါ်မှာ မနာလိုမစ္ဆေရစိတ်မရှိ။





အရွယ်ရောက်သိနားလည်လာတဲ့ မိစုကလည်း ဝမ်းသာပီတိဖြစ်ပေးရှာသည်။

သူမလောက် ကံကောင်းတဲ့လူ ဒီကမ္ဘာပေါ်မှာ ရှိပါဦးမလား။ မောင်ပြန်လာလျှင် နှစ်ဖက်မိဘ ကြည်ဖြူစွာနဲ့ လက်ထပ်မင်္ဂလာပွဲကြီး ကျင်းပဖြစ်တော့မည်။

မကြာသောအချိန်ကာလအတွင်းမှာပေါ့။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၇)

"ကျွီ"

"သူသူ၊ ယှဉ်ဝံ့သူ"

"ဟင်"

ဆွဲခြင်းလေးကိုကိုင်ပြီး ကျောင်းကနေ လမ်းလျှောက်ပြန် လာတဲ့ သူမဘေးမှာ ကားတစ်စီးထိုးရပ်လိုက်မှန်း သိသော်လည်း ဘယ်သူဘယ်ဝါ၊ ဘာကိစ္စမှန်းမသိတာမို့ နောက်လှည့်မကြည့်မိ။

အလောတကြီးခေါ်သံကြားမှ ဟင်ခနဲ လှည့်ကြည့်မိလိုက်၏။

ကားကို စက်မရပ်ဘဲ ကားပေါ်ကဆင်းလာသူက လင်းမိုက် ဖြစ်နေသည်မို့ သူမ အံ့သြသွား၏။

စတိုင်(လ်)ပန်အနက်၊ စပို့ရှပ် အသားရောင်အစင်းနှင့် လင်း





မိုက်ရုပ်ပုံစံက ရှင်းသန့်ခံ့ညားနေ၏။

လင်းမိုက်က သူမရှေ့က ပိတ်ရပ်လိုက်ကာ –

"ကျောင်းကပြန်လာတာ မဟုတ်လား သူသူ၊ ကျွန်တော် လည်း အိမ်ဘက်သွားမှာပဲ ကားနဲ့လိုက်ခဲ့ပါလား"

"နေပါစေ၊ ဒီလမ်းနဲ့ဒီလမ်း ကျွန်မ လမ်းလျှောက်ပြန်နေ ကျပါ"

"မဟုတ်တာဗျာ၊ လမ်းကြုံနေတာပဲ၊ တစ်ခါတည်းလိုက်ခဲ့ လိုက်ပါ၊ သူသူ့ကို ကျောင်းပိတ်ရက်တွေ ကျွန်တော် လာတိုင်းလည်း မတွေ့တာကြာလို့ စကားပြောချင်လို့ပါ"

စကားအသုံးအနှုန်းနှင့် မျက်လုံးထဲက အရိပ်အယောင်တချို့ ကို သူမ မျက်ခုံးပင့်ပြီး အကဲခတ်လိုက်၏။

အရောင်တွေက ရှုပ်ယှက်ခတ်လျက် မရိုးစင်းဘူးဟု သူမ ယူဆမိ၏။

ပတ်ဝန်းကျင်အနေအထားနှင့် သူမတို့ လမ်းဘေးမှာ ရပ် စကားပြောနေတာကို ဘယ်လိုထင်မြင်ဝေဖန်သွားနိုင်သလဲ။

"အရေးတကြီးပြောရမယ့်စကား မဟုတ်ဘူးမဟုတ်လား၊ ကျွန်မ အေးအေးဆေးဆေး နောက်က လိုက်ခဲ့ပါ့မယ်၊ ရှင် အိမ်ကို သွားနှင့်လိုက်ပါ"

သူမရဲ့ပြတ်သားမှုကို လင်းမိုက် ဘာမှမပြောပေမယ့် ရှေ့ကနေ



www.burmeseclassic.com

www.burmeseclassic.com



လမ်းဖယ်ပေးပြီး သူမ ရှေ့ဆက်လျှောက်နေမှ ကားပေါ်တက်ကာ မောင်းထွက်သွားသည်။

အိမ်ကို အရင်ရောက်နှင့်နေတဲ့ လင်းမိုရ်က ကားရပ်ထား လျက် အိမ်ထဲကိုမဝင်ဘဲ ခြံဝင်းတံခါးရှေ့မှာပင် ရပ်စောင့်နေသည်။

ဖေဖေနှင့်မေမေ အိမ်မှာမရှိဘူး ထင်ပါရဲ့။

ဟုတ်ပေသားပဲ။ ရပ်ကွက်အနောက်ခြမ်းက အသုဘအိမ် သွားစရာရှိသည်လို့ မနက်က သူမကို ပြောလိုက်တာ ခုမှ သတိရ၏။ ဝင်းတံခါးသော့ခတ်ထားလေ့မရှိတာမို့ တွန်းဖွင့်ဝင်သွားလို့ ရသည်။

"အိမ်ရှေ့မှာ ခဏထိုင်ဦး ကိုလင်းမိုရ်၊ ကျွန်မ အဝတ်အစား လဲပြီး ပြန်ထွက်လာခဲ့မယ်၊ ရပ်ကွက်ထဲမှာ ဖေဖေက လူကြီးလိုဖြစ် နေတော့ အသုဘအိမ် သွားကြတယ်၊ နေစောင်းရင်တော့ ပြန်လာကြ မှာပါ"

"ဟုတ်ကဲ့၊ ကျွန်တော့်ကို အားမနာပါနဲ့၊ သွားပါ"

ဆွဲခြင်းလေးကိုင်၍ အခန်းတွင်းဝင်သွားသော သူသူ့ကို လင်းမိုရ် မျက်စိတစ်ဆုံးငေးကြည့်မိသည်။ ယဉ်စစနှင့် ပြစ်မျိုးမဲ့မထင် အလှမျိုးကို ယှဉ်ဝံ့သူ ပိုင်ဆိုင်ထား၏။ အဖြူအစိမ်းကျောင်းဆရာမ ဝတ်စုံလေးနှင့် ကျက်သရေရှိလွန်းလှသည်။

ပြန်ထွက်လာတော့ ပါတိတ်လုံချည် တစ်ပတ်နွမ်းလေးနှင့် လိုက်ဖက်သော ချည်သားအရောင်နုနု၊ ခါးတင်လက်စကလေးကို ဝတ်ဆင်လာ၏။ ရေနွေးပွဲလေးနှင့် လက်ဖက်သုပ်ပါ ယူလာသည်။

"သုံးဆောင်ပါဦး ကိုလင်းမိုရ်၊ ဖေဖေတို့ ပြန်ရောက်လို့ စကားပြောပြီးမှ ပြန်ချင်လည်းပြန်ပါ"

"ဟုတ်ကဲ့၊ ဦး ပင်စင်ကိစ္စလည်း ပြောရဦးမှာမို့ ကျွန်တော် စောင့်လိုက်ပါ့မယ်"

"ဖေဖေ့ပင်စင် ကျဖို့နီးပြီလား"

"ဟုတ်ကဲ့၊ နောက်လထဲမှာ ကျနိုင်ပါတယ်၊ ကျွန်တော် ရန်ကုန်ရုံးကြီးထိ တက်ပြောထားတယ်"

"ကျေးဇူးတင်ပါတယ် ကိုလင်းမိုရ်၊ ကိုလင်းမိုရ်ဆီက အကူ အညီတွေ အများကြီးရတယ်လို့ ဖေဖေပြောပါတယ်"

"ကျွန်တော့်လုပ်ပိုင်ခွင့်ထဲက ကျွန်တော်တတ်နိုင်တဲ့အကူ အညီကို ပေးရတာပါ၊ အပန်းမကြီးပါဘူး။ ပညာရေးဌာနမှာ ကျွန်တော့် အသိမိတ်ဆွေတွေ ရှိပါတယ်၊ သူသူ အကူအညီလိုရင်လည်း ပြော ပါ"

"ဟုတ်ကဲ့၊ ကျောင်းအုပ်ဆရာကြီးရဲ့ထောက်ခံမှုနဲ့ ကျွန်မ ဆေးတနေ့ဝန်ထမ်းလုပ်ခဲ့တဲ့ ဒီကျောင်းလေးမှာပဲ တာဝန်ပြန်ကျလို့ အဆင်ပြေနေပါတယ်"

မလိုအပ်ဘူးဆိုတာကို အတိအလင်းပြောလိုက်သလို ဖြစ်





www.burmeseclassic.com

www.burmeseclassic.com



တာကြောင့် လင်းမိုရ်မျက်နှာ တစ်ချက်ငိုင်တွေ ပျက်ယွင်းသွားသည်

ဒါပေမဲ့ ပညာတတ်တစ်ယောက် ဣန္ဒြေမပျက် အချိန်မီ ပြုံးလိုက်နိုင်တာကို သတိထားမိသည်။

"ဒါနဲ့ ကျောင်းပိတ်ရက်တွေ သူသူ့ကို အိမ်မှာမတွေ့ရဘူး နော်"

"ဖေဖေတို့ ပြောမပြဘူးလား"

"ကျွန်တော်က မစပ်စုမိတာပါ၊ လူကြီးတွေဆိုတော့"

"ကျွန်မကို စပ်စုတာတော့ သိချင်စိတ်များနေလို့လား"

"အင်း ဆိုပါတော့၊ လူတိုင်းရဲ့အကြောင်းကို သိချင်နေတာ တော့ မဟုတ်ပါဘူး"

ဂရုစိုက်ချင်လို့ပါ၊ အလေးထားမိလို့ပါလို့ သွယ်ဝိုက်စွာ ဝန် ခံလိုက်ခြင်းလား။

ရေနွေးတစ်ခွက် လင်းမိုရ်အတွက် ငှဲ့ပေးလိုက်ပြီး ယှဉ်ဝံ့ ပြုံးလိုက်၏။

"ကျွန်မမှာ ချစ်သူရှိတယ်၊ အခု သူက နိုင်ငံခြားမှာ၊ သူပြန် လာလို့ လက်ထပ်ပြီးရင် အတူနေဖို့ သူငွေလွှမ်းပို့တာနဲ့ အိမ်တစ်လုံး ဝယ်ထားတယ်၊ ကျွန်မရဲ့ကျောင်းပိတ်ရက်တွေက အဲဒီအိမ်အတွက် အချိန်ကုန်နေတာ"

"တင်"





"အဲဒီအိမ်လေးကို ပြုပြင်ရတယ်၊ ထိန်းသိမ်းစောင့်ရှောက် ရတယ်၊ လိုအပ်တဲ့ပစ္စည်းတွေ ဝယ်ထည့်ပြီး အရိပ်တကြည့်ကြည့် ထုပ်နေရတယ်၊ သူပြန်လာရင် ကျွန်မ,ဖန်တီးထားတဲ့ အိမ်လေးကို ကြည့်ပြီး သူ့ကို ကြည်နူးပျော်ရွှင်စေချင်တယ်"

လင်းမိုရ် မှင်တက်မိကာ အကြာကြီးငိုင်တွေသွားသည်။

အမေးအဖြေစကားလုံးတို့ ဆွံ့အ,ပျောက်ဆုံးသွား၏။

ဒါတွေကိုမသိဘဲ သူက ဘာတွေကိုမျှော်လင့်မိနေတာလဲ။

သူမအဖေနှင့် အလုပ်ထဲမှာလည်း ဆုံသည်။ အိမ်ကိုလည်း အကြူးတကာလာကာ စကားတွေပြော တွေ့နေကျဖြစ်၏။

ဒါပေမဲ့ ကိုယ်ကလည်း ရာထူးဂုဏ်ဒြပ်နှင့် သိက္ခာနှင့်။

တစ်ဖက်ကလည်း လူကြီးသူမဖို့ လေးစားရိုကျိုးစွာ သမီး တစ်ယောက်အကြောင်းကို မေးမြန်းစပ်စုခြင်းမလုပ်ဝံ့။

ယှဉ်ဝံ့သူကို တိတ်တဆိတ်သာ မြတ်နိုးလာမိရင်း ဣန္ဒြေကြီး တဲ့ သူမအလှကို စွဲလမ်းတန်ဖိုးထားခဲ့မိ၏။

ခုတော့ ပိုင်ရှင်ရှိပြီးသား ယမင်းရုပ်လေး ဖြစ်နေခဲ့သည်။

ကြိုးစားခွင့်မရတော့ဘဲ ဒီအတိုင်း လက်လွှတ်ဆုံးရှုံးခံရတော့ မှာလား။

ယှဉ်ပြိုင်ခွင့်မရဘဲ အလဲထိုးခံလိုက်ရသလို မချိမဆံ့ခံစား လိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



တကယ်ဆို သူကိုယ်တိုင်က တွေ့ဝေခဲ့တာ။ ဒီအကြောင်း

တွေ သိအောင် ဟိုအရင်ကတည်းက မေးခဲ့မိဖို့ကောင်းသည်။

"ဟား"

ဒါဆိုလည်း စောစီးစွာသိပြီး စောစီးစွာနောက်ဆုတ်ရမှာပါ

အတွေ့နောက်ကျခဲ့လို့ ချစ်ကာခဲခဲ့ရတာ။

ခုတော့ ဆုပ်လည်းဆူး စားလည်းရူး။

ရှေ့ဆက်လည်း မတိုးသာ။ နောက်ဆုတ်ဖို့လည်း နှလုံးသား

က ခံနိုင်ရည်မရှိ။

ဝေဒနာက ကြွေကျတော့မယ့် သစ်သီးတစ်လုံးကို အရေ

လွန်လျက်။

✿ ✿ ✿



## အခန်း (၁၀)

"ဒါဆို ဆရာ အဲဒီအိမ်ကို မသွားနဲ့တော့ပေါ့"

"ကြိုးစားကြည့်တာပဲ၊ အချိန်တန်ရင် ခြေလှမ်းတွေက အဲဒီ

အိမ်ကို ဦးတည်နေတယ်"

"ကျွန်တော် ဟင်းကောင်းကောင်းချက်ကျွေးပါ့မယ်"

"ဟင်းကောင်းကောင်းစားချင်လို့ အဲဒီအိမ်ကို သွားနေတာမှ

မဟုတ်တာဘဲကွ"

ရှုးခနဲအော်ပစ်လိုက်တော့ ဖိုးကျော် ဖက်ကလေးပုဝင်သွား

ပြီး အောက်လက်ငယ်သားကို တစ်ခါမှ အော်ဟစ်မာန်မဲဖူးတာ မဟုတ်

၍ ကိုယ့်ကိုယ်ကိုယ် သတိထားကာ ကိုယ်ကို မတ်မတ်ပြင်ထိုင်လိုက်

သည်။



www.burmeseclassic.com

www.burmeseclassic.com



"ငါ တစ်ခါမှမချစ်ဖူးဘူး၊ တမင်တကာ ရှာဖွေမှတွေ့ရ
အချစ်ကလည်း ဒီလောက်ထိ နက်ရှိုင်းတန်ဖိုးကြီးမယ် မထင်ဘူ
အချစ်နဲ့တွေ့ရမယ်ထင်လို့ အဲဒီနေရာကို စိုက်စိုက်မတ်မတ် ရော
သွားခဲ့တာမှ မဟုတ်တာ၊ ရောက်သွားပြီးမှ ငါ့စိတ်တစ်ခုလုံးကို ဖွ
သိမ်းသွင်းခံလိုက်ရတာ"

"ဒီလောက်ထိဖြစ်ခဲ့တာတောင် ဘာကြောင့် အချိန်
အကြာကြီးဖြုန်းတီးပစ်ခဲ့တာလဲ ဆရာ"

"မင်းမေးခွန်းက လှတယ်၊ ထူးထူးခြားခြား ဖြေစရာ
မရှိပါဘူး၊ သူ့အဖေက ငါ့လက်အောက်က ဝန်ထမ်းဖြစ်နေ
ဒါပေမဲ့ ငါလေးစားရတဲ့လူကြီးတစ်ယောက်၊ အနေအေးဆေးတ
တည်ငြိမ်တယ်၊ မိသားစုကိုချစ်တဲ့ ဖခင်တစ်ယောက်လည်း ဖြစ်တ
အစကတော့ နောက်အိမ်ထောင်ပြုသွားတဲ့အဖေ၊ နောက်အိမ်ထေ
ပြုသွားတဲ့အမေ၊ အဲလိုမိဘတွေရဲ့သားတစ်ယောက်ဖြစ်တဲ့ ငါက
ချင်းမောင်နှမတွေရဲ့ အနေဝေးဝေးသံယောဇဉ်ကင်းတဲ့ဘဝမှာ သူ
မိသားစုလေးကိုကြည့်ပြီး တွယ်တာသွားမိတာ၊ ကိုယ့်ခြေထောက်
ကိုယ်ရပ်တည်ပြီး ပညာတွေတတ်အောင်သင်၊ ဘွဲ့တွေယူ၊ လုပ်
ခွင်ဝင်၊ တကယ်တော့ ကိုယ့်ခွန်ကိုယ့်အားနဲ့ ရှာဖွေရတဲ့ငွေတွေ
မိဘတွေကို ထောက်ပံ့နိုင်တဲ့အချိန်ရောက်လာတော့လည်း နော
မိသားစုတွေရဲ့မေတ္တာရိပ်အောက်မှာတောင် မနေနိုင်တော့ဘဲ သူ





ံုးပါးသွားကြပြီ"

ပြောရင်းနှင့် လင်းမိုရ်အသံတွေ တုန်နေတော့ ဖိုးကျော်က
ဲ်ပျော့သူမို့ မျက်ရည်ဝဲနေ၏။

"အခု သူ့မိဘတွေကို ဆေးဝါးပစ္စည်းလက်ဆောင်လေးတွေ
ယ်ပေးရတာကို ငါ့မိဘတွေကို ကန်တော့ရတယ်လို့ ငါ့စိတ်ထဲမှာ
ားရတယ်၊ သူတို့အိမ်သွားရတာ ငါ့မိဘအိမ် အလည်သွားရသလိုပဲ၊
ချစ်ရပ်ဝန်းတစ်ခုလည်းဖြစ်တော့ ပိုပြီးကြည်နူးမိတာပေါ့ကွာ"

"အခုရော ဆရာသွားဦးမှာပဲလား"

"ငါ သူ့ကိုဖွင့်ပြောပြီးပြီဆိုရင်တော့ မသွားသင့်တဲ့အရပ်ပါ၊
ဘ သူတို့မိသားစုဘဝလေးကိုပါ ခင်တွယ်နေတာဆိုတော့"

"သွားနေရင် ဆရာ ပိုပြီးခံစားနေရမှာပေါ့၊ ကိုယ်မြတ်နိုးနေ
ိမိန်းကလေးတစ်ယောက် တခြားသူနဲ့လက်ထပ်မှာ သေချာနေတာ
ြဲကို ဆရာ ခံစားနိုင်တဲ့အင်အား ရှိလို့လား"

"ငါသွားနေတဲ့လမ်းကြောင်းက နှစ်ခွလေ၊ တစ်ဖက်က
စ်သူတစ်ယောက်လို ပိုင်ဆိုင်နိုင်ခွင့်မရှိတော့ပေမယ့် မိဘတွေလို
င်တွယ်နေမိတဲ့ အဲဒီအိမ်လေးကိုတော့ ငါသွားဖြစ်နေမှာပါ၊ လိုအပ်
ဲ့အကူအညီတွေလည်း ပေးနေခဲ့မှာပဲ"

ဆရာရဲ့သံယောဇဉ်ကို ဖိုးကျော် ဘယ်လိုနားလည်ရမှန်းမ
သိတော့။



www.burmeseclassic.com

www.burmeseclassic.com



အစကတော့ စနေတနင်္ဂနွေနေ့တိုင်း ထမင်းဟင်းမချက်ရေ ကိုယ့်ကိုလည်း မုန့်ဖိုးပေး၍ အပြင်မှာ ဝယ်စားခိုင်းပြီး ထိုအိမ်ဆီ သွားသွားနေတာမို့ ကျေးဇူးတင်နေမိသည်။ ထိုမိသားစုနှင့်ဆရာ့ ပတ်သက်မှုက ဘယ်အတိုင်းအတာရှိတယ်ဆိုတာလည်း ဆရာပြော ထားသလောက် သိရတာမို့ ယှဉ်ဝံ့သူဆိုတဲ့မိန်းကလေးနှင့် အကျွ တဝင်မဟုတ်ဘူးဆိုတာ နားလည်နေသည်။

ဒါပေမဲ့ ဒီကိစ္စဒီအကြောင်းတွေကြောင့် ဆရာ ဒီလိုကြေ မှု ခံစားရလိမ့်မည်ဟုတော့ မထင်မိ။

ဆရာက ယှဉ်ဝံ့သူကို တကယ်ချစ်မြတ်နိုးတာ၊ အဲဒီအိမ် လာတိုင်း ယှဉ်ဝံ့သူအလှကို ချီးမွမ်းလို့မဆုံး။

တသသပြောလို့ မဆုံး။ မိဘတွေနှင့် နွေးထွေးမှု၊ နားလည် ရှိတာကိုလည်း အားကျနေသည်။ ဆရာဘဝက သွေ့ခြောက်ကြ တမ်းခဲ့တာမို့ ကိုယ်ကလည်း အားပေးမိ၏။

ခုတော့ ဘယ်သူမှ ဘာမှ မတတ်နိုင်တော့တဲ့အဖြစ်။

✿ ✿ ✿



## အခန်း (၁၉)

ဘာတွေဘယ်လိုဖြစ်နေတာလဲ။

မောင့်ဆီက ဖုန်းမလာတာ သုံးလနီးပါး ရှိနေပါရောလား။

မောင် နိုင်ငံခြားကို ထွက်သွားပြီးကတည်းက တစ်လတစ် ခါ ဖုန်းပုံမှန်ဆက်နေကျ။ အိမ်ဝယ်မယ့်လက မောင် ဖုန်းလေးခါ ဆောက် ဆက်ခဲ့သေးသည်။

နောက်တစ်လကစပြီး မောင် ဖုန်းမဆက်တော့။ ဖုန်းဆိုင်မှာ စောင်းပိတ်ရက်တိုင်း သွားစောင့်မိသည်။

အိမ်ဝယ်ပြီး၍ စိတ်အေးသွားလို့ မဆက်တာလားဟု ဖြေသိမ့် သွားကာ အိမ်ပြန်လာခဲ့ရတဲ့ ခြေလှမ်းတွေက နုံးခွေချည့်နဲ့နေသည်။ ကြားရက်တွေမှာလည်း ဖုန်းမလာ။



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်လ ပြည့်လို့လည်း ဖုန်းမဆက်တော့။ သူမ စိတ်တွေ နေမထိထိုင်မသာယောက်ယက်ခတ်လာသည်။

ဒီလသာ ဖုန်းထပ်မဆက်လျှင် သူမ ဘယ်လိုလုပ်ရမလဲ။

ကောင်းထိုက်ဆီရော မောင် ဖုန်းဆက်နိုင်သလား။ ဘာကိစ္စတွေဖြစ်ပြီး မောင် ဘာတွေသိသွားလို့ ဒီလိုမျိုးကြီး သွေးအေးသွားရတာလဲ။

ဒီနေ့ ကောင်းထိုက်တို့ကို သွားမေးမှဖြစ်မည်။

အတွေးနှင့် စိတ်က လူကို ဝေါက်ခနဲထ,ထိုင်စေသည်။ စောစီးစွာ မျက်နှာသစ်ရေမိုးချိုး၍ မေမေ့ကိုခွင့်တောင်းပြီး သူမ ကောင်းထိုက်တို့အိမ်ဘက် တက္ကစီကားငှား၍ ထွက်လာခဲ့သည်။

ပန်းပင်ရေလောင်းနေတဲ့အိမ်အကူ ကောင်မလေးက ခြံတံခါးဖွင့်ပေး၍ အိမ်ထဲကို တောက်လျှောက်ဝင်လာခဲ့၏။

ကလေးငိုသံက အရင်ဆုံး ဆီးကြိုသည်။

တစ်ချိန်တည်းမှာ နေခြည်ရဲ့အော်ဟစ်မာန်မဲဆူဆဲသံ။

"ဟယ် သူသူ အစောကြီးပါလား သူငယ်ချင်း၊ ဘရိတ်ဖတ်(စ်) တစ်ခါတည်း ဝင်စား"

"တော်ပါပြီဟယ်၊ အိမ်က ကော်ဖီသောက်လာတယ်"

"ဟဲ့ ကောင်းထိုက် ကလေးက တအားအော်နေတာ၊ မိချိုကို ကလေးသွားပေးစမ်းပါ၊ သူသူနဲ့ မတွေ့ရတာ ကြာပြီ၊ စကားပြောဦးမယ်"





"အေးပါဟာ၊ သူသူ ထိုင်လေ"

ခုံတစ်လုံးဆွဲထုတ်ပေးပြီးမှ ကောင်းထိုက် ကလေးချီ၍ ထွက်သွားသည်။

"သူသူ နင် ဘာဖြစ်နေတာလဲ၊ မျက်နှာမလန်းမဆန်းနဲ့"

"မောင် ငါ့ဆီကို ဖုန်းမဆက်လို့ဟာ၊ နင်တို့ဆီရော ဆက်ထားလို့ ငါသိချင်တာ"

"နင့်ဆီ သူ ဖုန်းမဆက်တာ ဘယ်လောက်ကြာပြီလဲ"

"အိမ်ဝယ်ပြီး နောက်လကတည်းကပဲ၊ ခုဆို သုံးလနီးပါးရှိနေပြီ၊ အရင်ဆိုရင် လကုန်ခါနီး တနင်္ဂနွေဖြစ်ဖြစ်, လကုန်ပြီး တနင်္ဂနွေဖြစ်ဖြစ် ဆက်နေကျ"

"နေဦး၊ အဲဒီ အိမ်ဝယ်တဲ့လထဲမှာပဲ ကောင်းထိုက်စိုက်ထားတဲ့ငွေကို လှမ်းလွှဲတော့ ဖုန်းဆက်သေးတယ် ထင်တယ်"

"အဲဒါ ငါသိတယ်လေ၊ ကောင်းထိုက်ကို ငွေလွှဲလိုက်မယ်ဆိုပြီး ငါ့ဆီကိုဆက်ပြီးမှ ကောင်းထိုက်ဆီကိုဆက်တာ"

"ဒါဆိုရင်တော့ အဲဒီနောက်ပိုင်း ကောင်းထိုက်ဆီ ဖုန်းမဆက်ဘူးထင်တယ်၊ သူ ငါ့ကို ဘာမှမပြောဘူး"

"ဒီကောင်မှ ဖုန်းမဆက်တာ၊ ငါက ဘာပြောရမှာလဲ"

အော်ကျယ်ကျယ်ပြောရင်း ကောင်းထိုက် ဝင်လိုင်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူသူ့မျက်နှာက ခုမှပိုပြီး ညှိုးရော်နွမ်းလျသွား၏။

"မောင် ဘာဖြစ်နေလဲ မသိဘူးဟယ်၊ သူ့ဆီက ဖုန်းနံပါတ်မပေးတော့ သူ့ကို ဆက်သွယ်လို့လည်းမရဘူး။ ကောင်းထိုက် နင့်ကိုရော မောင် ဖုန်းနံပါတ်ပေးထားလားဟင်"

"ဟင့်အင်း၊ ငါ တစ်ခါ ဒီကောင့်ဆီကို တောင်းဖူးတယ်၊ ငါတို့ဖုန်းဆက်တဲ့အချိန်နဲ့ သူအလုပ်အားတဲ့အချိန် တိုက်ဆိုင်မှာ မဟုတ်ဘူးဆိုပြီး မပေးဘူးလေ၊ အဲ ခုမှ စဉ်းစားမိတယ်၊ ဒီကောင် ငါ့ပိုက်ဆံလှမ်းလွှဲတော့ မင်း ဘာလို့အလောတကြီးလွှဲလိုက်တာလဲ ငါမေးလိုက်တယ်၊ မြန်မြန်ပြန်လာချင်လို့ နောက်အလုပ်တစ်ခု အချိန်ပိုင်းနဲ့ ဝင်လုပ်နေတယ်တဲ့၊ သူ့အစ်ကိုကတောင် မကြိုက်ဘူးပြောတယ်"

"ဟင် ဒါဆို အရမ်းပင်ပန်းပြီး မောင် နေမကောင်းဖြစ်နေလား မသိဘူးနော်"

"ဒြော် အဲလိုဖြစ်နေရင် သူ့အစ်ကို ဖုန်းလှမ်းဆက်မှာပေါ့ဟ"

"အေး သူ့အစ်ကို မောင့်အမေဆီ ဖုန်းဆက်ချင် ဆက်နိုင်တာပေါ့နော်"

"ဟာင် နင် ဒီဂရီ့အမေဆီ မေးမကြည့်ရသေးဘူးလား"

"ဟင့်အင်း၊ ငါ အဲဒါကို သတိမရဘူး၊ နင်တို့ဆီ တန်းခနဲလာလိုက်တာ"





နေခြည်က နှာခေါင်းရှုံ့ပြီး သူသူ့ကိုငဲ့ကြည့်၏။

"နင် အဲလောက် သွေးရူးသွေးတန်း၊ အပူတပြင်းဖြစ်နေရလား သူသူ၊ ဖုန်းမဆက်တာနဲ့ ဒီလောက်ကြီး သွေးပျက်ရလား၊ ဒီထက်ကြီးတဲ့ကိစ္စတွေဖြစ်ရင် နင်တော့ မလွယ်ဘူး"

"နင်တို့က အိမ်ထောင်သည်ဖြစ်နေပြီ၊ တစ်ခါမှလည်း မခွဲဖူးတော့ ဘယ်ကိုယ်ချင်းစာတတ်ပါ့မလဲ"

"အံမယ်လေးဟဲ့ မရခင်ကလည်း ငါတို့နှစ်ယောက် မတည့်ကြပါဘူး၊ ရတော့ ပိုတောင်ဆိုးသေး၊ သူ့ကို အလှူခံမယ့်သူရှိရင် ကလေးနဲ့ အိမ်ဂရန်တောင် အပိုထည့်ပေးလိုက်ဦးမယ်"

"အောင်မာ ငါကလည်း နင့်လို ဆင်ခန္ဓာဝက်ကိုယ်လုံး ဆော်ဒီဖြစ်လာတဲ့သူကို ဝက်သတ်ရုံရောင်းစားဖို့ စိတ်ကူးထားတာ သိလား"

"ကဲပါဟယ် တော်ကြပါတော့၊ ဟုတ်လည်း ဟုတ်တာ မဟုတ်ဘဲနဲ့ စကားနိုင်လုနေကြတယ်၊ ငါ တကယ်စိတ်ညစ်နေလို့ပါ"

"ဘာညစ်စရာလိုလဲ၊ အကျိုးအကြောင်းသိရအောင် ဒီဂရီ့အမေဆီ သွားမေးကြည့်လိုက်ပေါ့၊ ငါလည်း ပွဲရုံသွားတော့မှာ၊ ငါ့ကားနဲ့ လိုက်ပို့မယ်"

"အေး မြန်မြန်သိချင်တာနဲ့ အတော်ပဲ၊ ငါ့ကို လိုက်ပို့ပါဟယ်၊ နင် အချိန်မရရင် အိမ်အဝမှာထားခဲ့ပြီး ပွဲရုံ တန်းသွားလိုက်ပါ။ နောက်



www.burmeseclassic.com

www.burmeseclassic.com



မှ နင်တို့ဆီ ငါပြန်လာပြောမယ်''

''ဟုတ်မယ်၊ သူ့အမေဆီက ဘာအကြောင်းထူးလဲ သိရရင် ငါတို့ကို ပြောဦးနော်၊ ငါတို့လည်း ဒီဂရီအတွက် စိတ်ပူတာပဲ''

စားလက်စပန်းကန်ကို ဘေးကိုတွန်းဖယ်ထားတာမို့ မောင့်အတွက် နေခြည်တို့လည်း စိတ်ပူနေသည်ဆိုတာ သူမ ယုံပါသည်။ မောင်တို့အိမ်ရှေ့ကိုရောက်တော့ ကောင်းထိုက်ကိုတောင် နှုတ်မဆက်မိဘဲ အိမ်ထဲကို သုတ်ခနဲပြေးဝင်ခဲ့သည်။ သူမ အသံပေးလိုက်တော့ ကျောင်းသွားဖို့ ထမင်းဘူးထည့်နေတဲ့ မိစု ကသုတ်ကရက်ပြေးထွက်လာသည်။

''ညီမလေး အန်တီမြရှိလား''

''မရှိဘူးလေ မမရဲ့၊ အမေ ဈေးထွက်ရတယ်၊ မမသူရော ကျောင်းမသွားဘူးလား''

''အင်း အဲ ဟုတ်တယ်၊ မိစုတို့ကိုကိုဆီက ဖုန်းလာသေးလား မေးချင်လို့''

ခုမှ ကျောင်းကို ခွင့်မတိုင်ခဲ့မိတာ သတိရပြီး ကယောင်ကတမ်းစကားတွေ ထစ်အ,တုန့်ယင်သွားသည်။ မိစုက ဆက်တီခုံလေး ရှိရာ သူမကို ဆွဲခေါ်သွား၏။

''မမသူဆီကိုရော ကိုကို ဖုန်းမဆက်ဘူးလား။ မေမေလည်း ကိုကို ဖုန်းမဆက်လို့ စိတ်မကောင်းဖြစ်နေတာ၊ ဟိုမှာရှိတဲ့ အစ်ကို





ဝမ်းကွဲရဲ့အမေက ပဲခူးဘက်မှာနေတာလေ၊ ဈေးပိတ်တဲ့တစ်ရက် အဲဒီအစ်ကိုရဲ့ဖုန်းနံပါတ် သွားတောင်းပြီး ဖုန်းဆက်မေးကြည့်ရဦးမယ်တဲ့''

''ဟုတ်လား။ သိရရင် မမကိုလည်း ပြောပါကွယ်၊ မောင်နေမကောင်းလို့လား, ဘာများဖြစ်နေလဲ မမလည်း သိချင်တယ်''

''ဟုတ်ကဲ့၊ မေမေလည်း စိတ်ပူနေတာဆိုတော့ ဖုန်းနံပါတ်သွားတောင်းကြည့်မှာ သေချာပါတယ်၊ ကိုကိုက စိတ်ခတ်မာတယ်၊ ဘာမှတော့ မဖြစ်နိုင်ပါဘူး''

''အေးပါကွယ်၊ ကျေးဇူးတင်ပါတယ်၊ မမ ကျောင်းတက်ချိန်မီအောင် ပြန်လိုက်ဦးမယ်နော်''

သူမ ဒီထက်လည်း စကားတွေအများကြီး မပြောနိုင်တော့ပါ။ ရင်ထဲမှာ မောပန်းကျပ်ဆို့လျက် ကတုန်ကယင်ဖြစ်နေသည်။ အချစ်ရဲ့ ချေဆော်မှုက ဒီလိုပူလောင်မှုတွေကို ခံစားစေနိုင်သလား။

မောင် နိုင်ငံခြားကိုသွားတဲ့နေ့ကတည်းက သူမ တစ်နေ့မှ စိတ်မအေးရပါ။

အလွမ်းဝန်ထုပ်ဝန်ပိုးကြီးကို မနိုင်မနင်းထမ်းပိုးရင်း ကာလအရှည်ကြီးကို သူမ မောပန်းကြီးစွာ ဖြတ်ကျော်နေရသည်။ ထိုနေ့ရက်တွေ အဆုံးသတ်ခါနီးမှ

ဘာကြောင့်လဲ မောင်။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၀)

"သူ့မှာ အကြောင်းတစ်ခုခုရှိလို့နေမှာပေါ့ သမီးရယ်၊ ခမ်း တစ်ခုသွားတဲ့သူကို တမ်းတနေရင် သွားနေတဲ့သူမှာ ခလုတ်ကန်သင်း တောင် တိုက်တတ်တယ်တဲ့၊ မေတ္တာပို့လိုက်ပါ၊ သူ အန္တရာယ်မတွေ့ နိုင်ပါဘူး"

"ဟုတ်သားပဲ သမီး၊ မောင်ကောင်းထိုက်ပြောလိုက်သည် ဆိုရင် နောက်အလုပ်တစ်ခု လုပ်နေလို့ မအားလပ်တာလည်း ဖြစ်ချင် ဖြစ်နိုင်တာပေါ့၊ ဒီလကုန်ပြီး တနင်္ဂနွေတစ်ပတ်ကိုလည်း စောင့်ကြည့် ပါဦး၊ သူ ဖုန်းဆက်ချင်လည်း ဆက်မှာပါ"

"သူ အဲလို အလုပ်တွေလုပ်ပြီး ကျန်းမာရေးထိခိုက်မှာ စိုး ရိမ်လို့ပါ မေမေ၊ ပြီးတော့ ဘယ်လောက်ပဲ ပင်ပန်းပင်ပန်း ဖုန်းဆက်





ဒို့တော့ သူ မေ့မှာမဟုတ်ပါဘူး၊ ဘာဖြစ်ဖြစ် ဒီကလူတွေ စိတ်ပူနေ မယ်ဆိုတာ သူလည်း သိမှာပါ"

"အေးလေ ဒီသုံးနှစ်ကျော်အတွင်းမှာ သူ့ဘက်က ဝတ္တရား ပျက်ကွက်တာရှိခဲ့လို့လား၊ ကြိုးစားပမ်းစားနဲ့ အိမ်တစ်လုံးတောင် အဖတ်တင်ခဲ့ပြီမဟုတ်လား၊ ပြန်လာခါနီးမှ သူ့စိတ်ကို လျှော့မပစ်နိုင် ပါဘူးကွယ်"

"သမီးနားလည်ပါတယ် ဖေဖေရယ်"

ဖေဖေမေမေတို့ရဲ့အားပေးနှစ်သိမ့်မှုကြောင့် သူမ အနည်း ငယ်တော့ စိတ်သက်သာရာရပါသည်။

ဒီနေ့ ဖေဖေ့ပင်စင်လည်းကျပြီမို့ ဘုရားသွားဖို့လည်း တိုက် တွန်းကြသည်။ ညနေစောင်း ရွှေတိဂုံဘုရားကိုသွားတော့ ကိုလင်းမိုရ် က သူ့ကားနှင့်လိုက်ပို့သည်။ ဖေဖေနှင့်မေမေကို စက်လှေကား အထက်မှာ ကိုလင်းမိုရ်က ဖေးမကူတွဲ၍တက်စေသည်။

မွေးနံ့ထောင့်တွေမှာ တရားထိုင် ပုတီးစိပ်ကြ၏။ မောင့်အ တွက်သာ သူမ အများဆုံး ဆုတောင်းဖြစ်သည်။ မောင့်မွေးနံ့ထောင့် က ဘုရားမှာ မောင့်အတွက် ရေသပ္ပာယ်ကုသိုလ်ယူပြီး လှည့်အထွက် ကိုလင်းမိုရ်က သူမအနားမှာ လာရပ်၏။

"ဒီဂရီအတွက်လား၊ သူသူက အရမ်းချစ်တတ်တာပဲနော်"

"ကျွန်မတို့က နှစ်ကိုယ့်တစ်စိတ်ပဲ၊ သူလုပ်နေတာတွေက



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မအတွက်၊ ကျွန်မလုပ်နေတာတွေက သူ့အတွက်"

"ကျွန်တော့်မှာ သူသူ့လို အလိုက်သိနားလည်ပေးတတ်တဲ့ မိန်းကလေးမျိုးရှိရင် သိပ်ကောင်းမှာပဲ"

"ဒီအသက်အရွယ်မှာ ချစ်သူမထားခဲ့ဖူးဘူးဆိုတာတော့ မဖြစ်နိုင်ဘူးထင်တယ်နော်"

"ဘုရားရှေ့မှာ ကျွန်တော် ကျိန်ပြောရဲပါတယ်၊ တကယ့်ကို မချစ်ခဲ့ဖူးတာ၊ ကံကြမ္မာက မျက်နှာသာမပေးခဲ့ဘူးလေ၊ ရုန်းကန် တွေနဲ့ပဲ ကျင်လည်နေခဲ့ရတာ"

"မိဘတွေ သဘောတူပေးစားခဲ့တာမျိုးရော မရှိခဲ့ဘူးလား ရှင့်ကို သမီးရှင်တိုင်း သဘောကျမှာပါ"

"ဟား အဲဒါက ပိုဝေးတယ်၊ မိဘတွေက ကျွန်တော့်အတွက် အချိန်မပေးနိုင်ကြဘူး၊ သူတို့ရဲ့နောက်မိသားစုတွေအတွက် အချိန်တွေ မလုံလောက်ဘူးလေ၊ အလုပ်တစ်ဖက်နဲ့ ကျွန်တော် ဘွဲ့ရအောင် ကြိုးစားခဲ့ရတယ်၊ ကိုယ့်ဘဝကိုယ် နာကြည်းချက်တွေနဲ့ ကြိုးစားရင်း ဒီနေရာကိုရောက်လာခဲ့တာ၊ လော်ရင်းမနစ်ခဲ့တာက စိတ်တစ်ခုကြောင့် ပါ"

ဘယ်လိုရည်ရွယ်ချက်တွေနဲ့ ရင်ဖွင့်နေသလဲဆိုတာတော့ သူမ မသိ။ သူမဘက်က ပွင့်လင်းစွာဝန်ခံပြီးပြီမို့ သိသိသာသာ ထိန်းသိမ်းရှောင်ရှားစရာတော့ မလိုတော့ပါ။ သူမဖေဖေနှင့်မေမေ





သူ့မိဘတွေသဖွယ် ရှိသေလေးစားဂရုစိုက်နေသည့်အတွက် သူမ အလိုက်သင့် ဆက်ဆံပေးသင့်သည်ဟုလည်း ယူဆသည်။

"လူတိုင်းမှာ ကိုယ့်ဘဝ၊ ကိုယ့်အကြောင်းတွေတော့ ရှိကြတာပဲ၊ ကိုယ့်ဘဝကိုယ် မကျေနပ်လို့လည်း ရမှမရတာ၊ သူတို့ကို ရှင် စိတ်မနာသင့်ဘူး"

"ကျွန်တော် ဘယ်တုန်းကမှ သူတို့ကို အပြစ်မမြင်ခဲ့ပါဘူး၊ ကျွန်တော့်သွေးနဲ့ချွေးနဲ့ရင်းပြီး ရလာတဲ့လစာငွေနဲ့ သူတို့ကို ပြုစုခွင့် မရလိုက်တာကိုပဲ စိတ်မကောင်းဖြစ်တာပါ၊ ဒါကြောင့် သူသူ့အဖေနဲ့ အမေကို ကျွန်တော့်မိဘတွေလို သဘောထားပြီး ဂရုစိုက်ကူညီနေ ချင်ခဲ့တာ"

"ဖေဖေနဲ့မေမေက ရှင့်ကို သံယောဇဉ်ရှိကြပါတယ်"

သူသူကရောလို့ 'သူ' မမေးရဲ။

အထင်မြင်လွဲမှားမှုတွေနှင့် စိတ်ခံစားမှုတွေ အမှောင်လွှမ်း ခံလိုက်မှာ စိုးရိမ်သည်။

ကိုယ့်နေရာကိုယ် သိနေပြီးသား လူတစ်ယောက်အတွက် နေရာလုဖို့လည်း မကြိုးစားချင်ပါ။

သူသူက လိုက်ခဲ့ပါလို့ခေါ်တာလည်း မဟုတ်။ နေခဲ့ပါလို့ ထားခဲ့တာလည်း မဟုတ်။

ဒီအခြေအနေလေး ယိမ်းယိုင်ပြိုလဲမသွားစေချင်။



www.burmeseclassic.com

www.burmeseclassic.com



"ဦးနဲ့ဒေါ်ဒေါ် ပြီးလောက်ပြီမလားမသိဘူး။ ကျွန်တော်တို့သွားကြရအောင်"

"ဖေဖေနဲ့မေမေက နောက်တစ်နာရီလောက် ကြာဦးမှာပါ။ ဘုရားကိုလာတိုင်း ဘုရားရှိခိုး၊ ပုတီးစိပ်နဲ့ အေးအေးဆေးဆေးနေတယ်ကြတယ်၊ ပြီးရင် ကျွန်မဧွေးနှံထောင့်ကို သူတို့လာခေါ်ကြလိမ့်မယ်"

"ဒါဆို သူသူ့မွေးနှံထောင့်မှာ သွားထိုင်စောင့်ရအောင်လေ"

သူမရှေ့က လင်းမိုရ်လှမ်းထွက်သွားသည်။ တန်ဆောင်းအရိပ်လေးမှာ သူမတို့ ထိုင်လိုက်ကြ၏။

"ဒီဂရီအတွက် သူသူ ဘာဆုတွေတောင်းခဲ့တာလဲ"

"သူပြန်လာမှာကို သိနေပေမယ့် သူ့မလာခင် သူ့အသံလေးကို ကြားချင်လို့ပါ"

"အဲဒီဆု တောင်းခဲ့တာလား။ သူ ဖုန်းမဆက်လို့လား"

"ဟုတ်တယ်၊ မဆက်ဖြစ်တာ အကြောင်းတော့ရှိမှာပါ။ သတင်းဆိုး မဖြစ်စေချင်လို့"

အဲဒီလောက်တောင် စိုးရိမ်သလားလို့ သူ မမေးဖြစ်။

မေးလိုက်လျှင်လည်း အမှန်အတိုင်းဖြေမှာ သိနေတာမို့ သူ့ရင်က ခံနိုင်ရည်မရှိချင်။

ဘာမှမပြောသာတဲ့ဘဝမို့ ရေငုံနှုတ်ပိတ်နေလိုက်တာ အကောင်းဖြစ်ပေလိမ့်မည်။





အိမ်ပြန်လမ်းမှာ သူမမိဘတွေနှင့်သာ စကားအနည်းငယ်ပြောဖြစ်ပေမယ့် စိတ်အားငယ်သလို သူ တိတ်ဆိတ်ငြိမ်သက်နေမိသည်။

"စားသောက်ဆိုင်တစ်ခုခု ဝင်လိုင်လေ မောင်လင်းမိုရ်၊ မင်းကို ပြုစုချင်လို့ပါ"

"မဟုတ်တာ ဦးရယ်၊ ကျွန်တော်က လုပ်ပေးရမှာပါ၊ ဘယ်ဆိုင်မှာ စားမလဲ၊ ဦးပြောပါ"

"ကြိုက်တဲ့ဆိုင်ကို မောင်။ ဒီတစ်ခါတော့ ဦး ဒကာခံမယ်၊ မင်းကျွေးတာ စား၊ မင်းအကူအညီယူတာ များနေပြီ"

"ကိုစိုးရယ် မောင်လင်းမိုရ်က မိဘတွေမရှိတော့လို့ ကျွန်မတို့ကို ဝင်ထွက်နေရှာတာပါ၊ သူကျွေးလို့ ကိုယ်ပြန်ကျွေးတာမျိုးတော့ မလုပ်ပါနဲ့၊ ကိုယ်ကလည်း သားသမီးအရာထားတဲ့ မေတ္တာမျိုးနဲ့ ကျွေးစမ်းပါ"

"အေး အေး ဟုတ်တယ်ပေါ့၊ အဲလိုမျိုးပဲ ဟား ဟား"

ဖေဖေတို့နှင့်ကိုလင်းမိုရ်ရဲ့ရင်းနှီးမှုက တကယ့်မိသားစုရင်းချာတွေလို ဖြစ်နေသည်။

သူမအတွက်တော့ သူစိမ်းသက်သက်သာ။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com



အဆင်မပြေ။

"မမကလည်း အန်တီမြ ဖုန်းနံပါတ်သွားတောင်းတော့ ငို ပြလိုက်သေးတယ်၊ သူ့သားက ခြောက်လတစ်ခါ တစ်နှစ်တစ်ခါ တောင် ဖုန်းဆက်ချင်မှဆက်တာတဲ့၊ ပိုက်ဆံလှမ်းပို့မယ်ဆိုမှ တစ်ခါ လောက် ဆက်တာတဲ့လေ၊ မိဘတွေက ငွေကိုမက်တာမှ မဟုတ်တာ၊ အကွာနေရတဲ့သားသမီးကို တွေ့ချင်မြင်ချင်ကြတာနဲ့ သူတို့အသံလေး ကြားချင်တာ၊ အဲဒီမေတ္တာတွေကို သူတို့နားမလည်ကြဘူး၊ ငွေပို့ နဲ့ သားသမီးဝတ္တရားကျေပြီလို့ ထင်နေကြတယ်၊ ဟိုမှာ ပိန်သလား, သလား, ဖြူသလား,မည်းသလား မမြင်ရဘဲ ဘယ်လိုလုပ် သူတို့ ဘာက်ပံ့သမျှ မျိုကျမှာလဲ၊ ခက်တော့ခက်သားကွယ်၊ သားက အိမ် ယ်ဖို့ငွေတွေ,ဘာတွေ ပို့ပြီးမှ အဆက်အသွယ်ပြတ်သွားတော့ ဘယ် ို့နားလည်ရမှန်းကို မသိတော့ဘူး၊ ကျန်းမာရေးကြောင့်ဆိုရင်တော့ သူ့အစ်ကို ဖုန်းဆက်ပြောမှာသေချာပါတယ်၊ တခြားအကြောင်းကိစ္စ တွေများ ရှိနေလားမသိဘူး"

မရေရာတဲ့ နှုတ်ပိတ်စကားက သူမကိုယ်သူမ အပြစ်ရှိသလား တောင် သံသယဝင်မိသွားသည်။

လင်းမိုရ်နှင့်ပတ်သက်မှုကို တစ်ယောက်ယောက်က ပြော ို့ မောင်သိသွားပြီး စိတ်တွေပြောင်းလဲသွားတာလား။ စိတ်ဆိုး တ်ကောက်နေတာလား။



# အခန်း (၂၂)

ဖုန်းဆိုင်လေးကို သူမ ရောက်ခဲ့ရပြန်ပြီ။

ဒီတစ်နေ့တည်းလည်း မဟုတ်။ ကျောင်းပြန်ချိန်တိုင်း ဖုန်း ဆိုင်လေးကို ဝင်မေးဖြစ်သည်။

စနေ တနင်္ဂနွေတိုင်းလည်း မိုးလင်းကနေ မိုးချုပ် စိတ်ရှည် ရှည်နှင့် မောင့်အသံလေး ကြားရနိုးနိုး စောင့်မျှော်နေတတ်၏။ ဒါပေ တစ်ခုခုနှင့် တုပ်နှောင်ခံထားရသလို လေးကန်တုံ့ဆိုင်းနေသော လှမ်းတွေဖြင့် အိမ်ပြန်လာရမြဲပင်ဖြစ်သည်။

နေ့စဉ်နေ့တိုင်း မျှော်လင့်ချက်တွေမှဲ့နေတော့ အားအင် တွေတောင် ကုန်ခမ်းချည့်နဲ့လာသည်။

မောင့်မေမေ ပဲခူးကို ဖုန်းနံပါတ်သွားတောင်းတာလည်



www.burmeseclassic.com

www.burmeseclassic.com



ဟင့်အင်း။ မောင်က စိတ်သဘောထားသေးသိမ်နိမ့်ကျတဲ့ သူ မဟုတ်တဲ့အတွက် သူမကို အရင်ဆုံး ပွင့်ပွင့်လင်းလင်းမေးမှာ သေချာပါသည်။

ကြားစကားတွေ၊ သွေးထိုးစကားတွေကြောင့် သူမတို့နှစ်ယောက် အချေအတင်ပြဿနာ ဖြေရှင်းခဲ့ရတယ်လို့မှ မရှိခဲ့တာ။

ဒါပေမဲ့ ဝေးကွာနေရတဲ့အချိန်တွေအတွင်းမှာ မောင့်ရဲ့စိတ်ကို ခန့်မှန်းရခက်နေတာကတော့ အမှန်ပင်။

ညနေစောင်းနေပြီဖြစ်ပေမယ့် သူမ ကောင်းထိုက်တို့အိမ်ကို ရောက်အောင်လာခဲ့သည်။

ပွဲရုံက ပြန်လာတဲ့ အဝတ်အစားကိုတောင် မလဲနိုင်ဘဲ လမ်းလျှောက်တတ်ခါစ သားငယ်လေးကို ကောင်းထိုက် ပွေ့ချီလိုက် လမ်းလျှောက်သင်လိုက်နှင့် အလုပ်ရှုပ်နေသည်။ နေခြည်က ဘေးက နေ ထိုင်ကာ အော်ဟစ်အားပေးလက်ခုပ်တီး၍ ရယ်နေသည်။

ဘယ်လောက် အပြောဆိုးဆိုး ကြမ်းကြမ်း၊ ရန်တွေဖြစ်ဖြစ် မိသားစုဘဝလေးရဲ့နွေးထွေးမှုက ကြည်နူးစရာကောင်းသည်။

မောင်ရော, သူမရော စိတ်တူကိုယ်တူ ထိုဘဝလေးကို ငံ့ ချင်ခဲ့ကြတာပါ။

".ဟာ သူသူ ဘာအကြောင်းထူးလဲ"

"မိချိုရေ ကလေး ခဏလာခေါ်ပါဦး၊ လာ သူသူ ငါတို့





ခြံဝင်းထဲက ထိုင်ခုံမှာပဲ စကားပြောရအောင်"

သစ်သားခုံလေးတွေရှိရာ နေခြည်က ဆွဲခေါ်သွားသည်။ ချိုက အအေးဖန်ခွက်လေး လာချပေးပြီးမှ ကလေးကို ခေါ်သွား၏။

"အခြေအနေ ဘာထူးလဲ"

"ဘာမှမထူးဘူး၊ ခုချိန်ထိလည်း ဖုန်းမလာဘူး၊ မောင့်အမေ နှန်းနဲ့ပါတီသွားတောင်းတာလည်း အဆင်မပြေဘူး"

"ဟား ဒီကောင် ဘာတွေဖြစ်နေလဲ"

"ကောင်းထိုက် နင် ငါနဲ့ကိုလင်းမိုရ်ရဲ့ ပတ်သက်မှုကို မောင့်ကို ပြောမိသေးလား"

"အေး ပြောဖူးတယ်"

"ဟင်"

"အဲဒီကိစ္စ ဒီဂရီအမေနဲ့ညီမလေးက မလိုလားလို့ ဒီဂရီ့ကို သွားပြောရင် ဒီကောင် ဘာမှမစူးစမ်းဘဲ ပေါက်ကွဲခံစားနေမှာစိုးလို့ ငါက အရင်ဆုံး အသိပေးထားတာ၊ ဘာမှမဖြစ်နိုင်ဘူး၊ ငါတို့ရှိတယ်း ...်လည်း သစ္စာရှိတယ်ဆိုတာ သိစေချင်လို့ပါ"

"ဒါကို တစ်မျိုးအထင်လွဲပြီး မောင် အဆက်အသွယ်ဖြတ် ...လိုက်တာများလား"

"မဖြစ်နိုင်ဘူး၊ ငါပြောဖူးတာက နင်တို့အိမ်မှာ ကိုလင်းမိုရ်ရဲ့ ...င်အထွက်ရှိပြီး ရင်းနှီးပတ်သက်နေကြကတည်းက တစ်ခါကျော်

www.burmeseclassic.com



ကောင် မကတော့ဘူးထင်တယ်၊ အဲဒီနောက်မှာ ဒီကောင် နင့်ဆီ ဖုန်းတွေဆက်တယ်၊ အိမ်လည်း ဝယ်ဖြစ်တယ်လေ၊ သူ သံသယတွေနဲ့ နင့်ကို ပြောဆိုဆက်ဆံခဲ့ဖူးသလား၊ မေးမြန်းခဲ့ဖူးသလား”

သူမ တွေခနဲ ဖြစ်သွားသည်။ အပြန်ပြန်အလှန်လှန် အထပ်ထပ်စဉ်းစားနေမိ၏။

ကောင်းထိုက်ပြောသလို မောင့်ဘက်က မယုံသင်္ကာ ဘာမှ မေးမြန်းပြောဆိုခြင်း မရှိပါ။ ဒါဆို ဘာကြောင့်လဲ။

“မောင့်အမေနဲ့ညီမလေးကရော ဘယ်လိုပုံစံမျိုးထိ မောင့်ကို နားဝင်အောင် သိမ်းသွင်းသွေးထိုးနိုင်သလဲဟင်”

“နင့်စကားတွေက ပစ္စည်းပျောက် ငရဲရောက်သလို ဖြစ်နေပြီ သူသူ၊ ဒီဂရီ ဖုန်းမဆက်တာနဲ့ တခြားသူတွေကို နင် အမြင်စောင်းပြီး ရမ်းနေသလိုပဲ၊ သူတို့ကရော နင့်အပေါ် မလိုလား၊ အမြင်မကြည်တဲ့ ပုံစံမျိုး ဆက်ဆံခံရလို့လား။ နင့်အတွက် တန်ဖိုးကြီးတဲ့အိမ် ဝယ်ပေးတာတောင် ငြိုငြင်မှုရှိခဲ့လို့လား။ နင့်အတွက် သူတို့တွေ ကြည်နူးပီတိတွေ ဖြစ်နေခဲ့ကြတယ်၊ ဝမ်းသာနေခဲ့ကြတယ်”

“ဟုတ်တယ် သူသူ၊ ဒီဂရီ့ဆီက အဆက်အသွယ်ပြတ်နေတာနဲ့ နင် အရူးမ,လိုဖြစ်နေပြီ၊ ကိုယ့်စိတ်ကိုယ် ဝေဖန်သုံးသပ်ပါဦး”

သူတို့ပြောသလို သူမ ရူးနေပြီလား။

တကယ်လည်း ကြာလေကြာလေ တုန်လှုပ်ချောက်ချားလာ





ဘာကတော့ အမှန်ပင်။ ညစဉ်ညတိုင်း မျက်ရည်ကို အဖော်ပြုနေရတာရော ဘယ်လောက်ကြာပြီလဲ။

အပြီးသတ်ရှင်းလင်းပြင်ဆင်ပြီးနေတဲ့ အိမ်လေးကို အခေါက်ခေါက်အခါခါ တသသသွားကြည့်ရင်း ဝမ်းနည်းကြေကွဲစိတ်နှင့် မောင့်ကို တမ်းတပြီးလည်း ငိုမိသည်။

မောင်နှင့်ပတ်သက်လျှင် ဒီအသည်းနှလုံးက ခံနိုင်ရည်မရှိသော မောင်သိဖို့ကောင်းပါသည်။

သူမ ဘာအပြစ်တွေများ ကျူးလွန်နေမိလို့လဲ။

အစိမ်းလတ်လတ် သွေးအေးစွာနှင့် မရက်စက်သင့်ပါ။

ဒီအခြေအနေကြီးကို ဘယ်လောက်ပင်ပန်းဆင်းရဲခံပြီး အားင်းနေရဦးမှာလဲ မသိ။

ကျွန်မ ဘယ်လောက်ကြာကြာ စောင့်ရဦးမှာလဲ မောင်။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၂)

"ဖေဖေကတော့ မစောင့်စေချင်တော့ဘူး သမီး၊ တကယ်ဆို ပြန်လာသင့်နေပြီ၊ အိမ်ဝယ်ပြီးလို့ အရင်းအနှီးရှာပြီး ပြန်လာမယ်ဆို တာ ရှစ်လလောက်ရှိပြီ မဟုတ်လား၊ ဒီကြားထဲမှာ အဆက်အသွယ် လည်း မလုပ်ဘူး၊ ဘာမှစုံစမ်းလို့လည်း မရဘူး"

"သူက အလုပ်တွေ အရမ်းကြိုးစားနေတာ၊ ကျန်းမာရေး တစ်ခုခု ထိခိုက်လို့ ဖြစ်နိုင်ပါတယ် ဖေဖေ"

"တော်တော့ သမီး၊ မသေမချာ၊ မရေမရာလို့ ဆင်ခြေပေး နေရတာ၊ ဖေဖေက ချင့်ချိန်ပြီး ယုံပေးရအောင် အချိန်အတိုင်းအတာ တစ်ခု ကျော်လွန်သွားပြီလို့ မထင်ဘူးလား၊ သူဝယ်ပေးတဲ့အိမ်ကို မက်မောနေတာလား သမီး"





"မ မဟုတ်ပါဘူး ဖေဖေ"

သူမ အထိတ်တလန့် ခေါင်းယမ်းလိုက်မိသည်။ ဖေဖေ …ကြောင့် ဒီလိုစကားမျိုးတွေထိ ပြောနေတာလဲ သူမ နားမလည် … မောင့်ဘက်က ဆက်သွယ်မှုတွေပြတ်နေလို့ ဖေဖေ စိတ်ဆိုးနေ …လား။ ဒီတစ်ခုတည်းကြောင့်ရော ဟုတ်ပါ့မလား။

"မမက်မောဘူးဆိုရင် စွန့်လွှတ်လိုက်တော့ သမီး"

"ရှင်"

"ဖေဖေ သမီးကို အစွမ်းကုန်နားလည်ပေးခဲ့ဖူးပါတယ်၊ …ောင်ဒီဂရီကိုလည်း ဖေဖေ ကျေကျေနပ်နပ် လက်ခံပေးခဲ့ပါတယ်၊ …ခုဟာက မျက်နှာလွှဲ ခဲပစ်ဖြစ်နေပြီ"

"မ မဟုတ်ဘူး၊ အဲလိုမဟုတ်လောက်ပါဘူး၊ သူ့ဘက်မှာ …ခက်အခဲတစ်ခုခု ကြုံနေလို့ဖြစ်ပါလိမ့်မယ်၊ မောင် သမီးအပေါ် …ယ်လောက်ကောင်းတယ်ဆိုတာ ဖေဖေတို့ သိပါတယ်"

"အခု သမီးခံစားနေရတာရော ဖေဖေတို့ ဒီအတိုင်း ကြည့်နေ …တော့မှာလား၊ သမီးကို ဖေဖေ ပြတ်ပြတ်သားသားပဲ ပြောမယ်၊ …ောင် ဒီဂရီကိုမေ့လိုက်၊ မောင်လင်းမိုရ်ကို လက်ထပ်ရမယ်၊ ဒါပဲ"

"ဖေဖေ"

သူမ ထိတ်ထိတ်ပျာပျာ အော်လိုက်ပေမယ့် ဖေဖေက လှည့် …ကြည့်ပါ။ တစ်ဖက်ကိုလှည့်၍ မေးရိုးကြီးတွေ ထောင်ကား…အောင်



www.burmeseclassic.com

www.burmeseclassic.com



အံကြိတ်နေသည်။

သူမ မျက်ရည်တွေကို မမြင်ရက်လို့လား။ သူမ ခံစားနေရ တာကို မကြည့်ရက်လို့လား။

“ဒီအမိန့်က မောင့်အတွက် တရားမမျှတပါဘူး ဖေဖေ၊ မောင် သမီးအတွက် ပေးဆပ်ခဲ့တဲ့အချိန်တွေကို ဖေဖေ မေ့ပစ်လိုက် တော့မလို့လား”

“အိမ်တစ်လုံးဝယ်ပေးလိုက်တာကိုလား၊ အဲဒါ သမီးနဲ့ လက် ထပ်ဖို့ ရည်ရွယ်ခဲ့လို့လေ၊ အခု လက်မထပ်ချင်တော့လို့ ပြန်မလာတာ၊ မဆက်သွယ်တာ၊ ဒါကို သမီးက”

“တစ်နှစ်လောက် ထပ်နေဖြစ်ရင် နေရမယ်ဆိုတာ မပြည့် သေးပါဘူး ဖေဖေ”

“လေးလ ထပ်စောင့်ကြည့်ချင်သေးတယ်ပေါ့၊ အဲဒီလေးလ ပြည့်လို့ ပြန်မလာရင် မောင်လင်းမိုရ်ကို လက်ထပ်ဖို့ ကတိပေးနိုင် လား”

သူမ ခေါင်းကို တွင်တွင်ယမ်းကာ –

“ဟင့်အင်း သူ တစ်သက်လုံး ပြန်မလာလည်း သမီးကတော့ တစ်သက်လုံးစောင့်နေမှာပဲ၊ ဘယ်သူ့ကိုမှ လက်မထပ်ဘူး ဖေဖေ”

“သမီးဆန္ဒကို ဖေဖေတို့ လိုက်လျောခဲ့တယ်၊ ဖေဖေတို့ ဆန္ဒကိုတော့ သမီးက မလိုက်လျောနိုင်ဘူးဆိုတဲ့ သဘောလား”





အဖြေအဆင်သင့်မရှိလို့ တွေဝေသွားခဲ့တာတော့ မဟုတ်ပါ။ ဖေဖေတို့စိတ်တွေ အပြောင်းအလဲမြန်လွန်းတာကို မယုံမရဲ သွေးပျက် နေမိခြင်းပင်။

မောင့်ကို ဖေဖေတို့ နားလည်ပေးခဲ့သည်။ ယုံကြည်အသိ အမှတ်ပြုခဲ့သည်။

ချီးကျူးဂုဏ်ယူခဲ့သည်။

အခု ဘာကြောင့်။

“သမီး ကိုလင်းမိုရ်ကို လက်မထပ်ဘူးဖေဖေ၊ အဲဒါ မောင့် အပေါ်ထားတဲ့ သမီးရဲ့သစ္စာတရားပါ၊ မောင်ပေးထားတဲ့ အိမ်ကို ရလိမ့်နိုးနိုး မျှော်လင့်ချက်တွေနဲ့ မက်မောလို့ မဟုတ်ပါဘူး၊ မောင် ထားခဲ့တဲ့ သစ္စာတရားတွေကို တန်ဖိုးထားလို့ပါ”

“မေ့ပစ်သင့်နေပြီ”

“မမေ့နိုင်ဘူး ဖေဖေ၊ ဘယ်တော့မှ မေ့မှာမဟုတ်ဘူး သမီး သေသည်အထိ”

ရင်တွင်းဆန္ဒတို့ အပြတ်သားဆုံး ပေါက်ကွဲခဲ့သည်။ ဖေဖေ တက်ခေါက်သံက နောက်မှာ ပျံ့လွင့်ကျန်ရစ်ခဲ့၏။

ဖေဖေ တက်ခေါက်သံမှာ နာကျင်ရိပ်တို့ ဗလုံးဗထွေး ရော ယှက်နေမှန်း သိပေမယ့် ဘာအကြောင်းအရာ ဘယ်သူ့အတွက်ဆို တာ သူမ မဝေခွဲတတ်။



www.burmeseclassic.com

www.burmeseclassic.com



ခြေလှမ်းတို့က မောင့်အမေအိမ်ကို ဦးတည်ကာ မောင့်အမေကို မျက်ရည်စေ့နှင့် ရင်ဖွင့်တိုင်တည်မိသည်။

သူမကျောပြင်လေးကို ခပ်ဖွဖွပုတ်ကာ မောင့်အမေလည်း မျက်ရည်ကျ၏။

"မိဘတွေက ကောင်းမယ်ထင်လို့ စီစဉ်တာ သမီးနာခံရှာပေါ့ကွယ်"

"အန် အန်တီမြ ဘယ်လိုပြောလိုက်တာလဲ၊ မောင့်အန်တီမြရဲ့"

"သားဆိုတာ မှန်တယ်၊ သူသူ့ကိုလည်း အဖိုးတန်ချွေးမတစ်ယောက်အဖြစ် အခုထိ လက်ခံထားပါတယ်၊ ဒါပေမဲ့ အန်တီ့သားဘက်က ပျက်ကွက်မှု ချွတ်ယွင်းမှုတွေကို အန်တီ ဘာမှမ မတတ်နိုင်ဘဲကွယ်"

"စောင့်မှာပါ၊ မောင် ဘယ်အချိန်မှ ပြန်လာလာ ကျွန်မစောင့်မှာပါ၊ မောင်နဲ့ကျွန်မ ကတိတွေထားခဲ့ကြတယ်၊ သစ္စာဆိုခဲ့ကြတယ်၊ တစ်ယောက်နဲ့တစ်ယောက် နားလည်ခဲ့ကြတယ်၊ မောင်က တစ်သက်စာ ရည်ရွယ်ချက်တွေ မျှော်လင့်ချက်တွေနဲ့ ထွက်သွားခဲ့တာ၊ အလွမ်းတွေ မနိုင်မနင်းဖြစ်နေလည်း ကျွန်မကစောင့်မနေသင့်ဘူးလား"

ဒေါ်ခင်မြက မျက်ရည်တွေကို ခပ်ကြမ်းကြမ်းပွတ်သုတ်၍





သူမကို စူးခနဲ လှည့်ကြည့်၏။

"မစောင့်နဲ့၊ စောင့်မနေသင့်ဘူး"

"ရှင်"

"မိဘတွေ သဘောတူတဲ့ မောင်လင်းမိုရ်ကို လက်ထပ်လိုက်ပါ၊ သားဝယ်ထားတဲ့အိမ်ကို လက်ဖွဲ့လိုက်ပါ့မယ်"

"ဟင်"

ဒေါ်ခင်မြအသံတွေက အေးစက်ပေမယ့် အဖျားခတ်တုန်ယင်နေသည်။ မျက်ရည်မကျအောင် ထိန်းချုပ်နေဟန်ရှိပေမယ့် အဆီးအတားမဲ့ သွန်ကျနေတဲ့ မျက်ရည်တွေကို ဒေါ်ခင်မြ အလျင်မီအောင် သုတ်နိုင်။

သူမမျက်ဝန်းတွေကို ရှောင်ရှားနေတာကရော ဘယ်လိုအဓိပ္ပာယ်လဲ။

"အဲဒီအိမ်ကို မက်မောလို့ တွယ်တာကပ်နေတယ် ထင်လို့လား အန်တီ၊ ကျွန်မအတွက် အရာအားလုံးထက် မောင့်အချစ်ကအန်ဖိုးကြီးပါတယ်၊ အိမ်မရှိလို့ဖြစ်တယ်၊ ဂုဏ်ဒြပ်ပကာသန မရှိလို့ဖြစ်တယ်၊ ဘာမှမရှိလို့ ဖြစ်တယ်၊ ဒါပေမဲ့ မောင်မရှိလို့တော့ မဖြစ်ဘူး၊ မောင်က အရေးကြီးဆုံးပဲ"

ဒေါ်ခင်မြ အင့်ခနဲရှိုက်ကာ မျက်နှာလွှဲ၏။ ဒေါ်ခင်မြ မျက်နှာပေါ်က အရိပ်အယောင်တချို့ကို သူမ အကဲခတ်ဖို့ ခက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



အချိန်တွေက မကြာသေးပါ။

ဘာကြောင့် သူမကို လင်းမိုရ်နှင့် လက်ထပ်စေချင်ရတာ

✿ ✿ ✿



## အခန်း (၂၃)

"ဒါ ဖြစ်သင့်တာပဲ၊ ဒီဂရီမှ ပြန်မလာ၊ သတင်းမကြားရ တော့တာ၊ ကိုလင်းမိုရ်က နင့်အတွက် အသင့်တော်ဆုံးပါ"

"ဘာ၊ ငါ မောင့်အတွက်ခံစားနေတာ ယောကျ်ားငမ်းငမ်း က် လိုချင်တဲ့ပုံစံ ပေါက်နေလို့လား၊ မောင်ပြန်မလာသေးလို့ လက် ထပ်ရလည်း ကိုလင်းမိုရ်ကို လက်ထပ်ဖို့လိုလို့လား"

"နင့်အဖေ,အမေက ကိုလင်းမိုရ်နဲ့ ဖြစ်စေချင်တယ် မဟုတ် လား မိဘစကားနားထောင်တာ မမှားပါဘူးဟာ"

"ဘာလဲ၊ ဘာဖြစ်လို့လဲ၊ ဘာကြောင့်လဲ၊ ကိုလင်းမိုရ်နဲ့ အားလုံးက လက်ထပ်စေချင်နေကြတာလဲ၊ သိပ်မကြာသေးတဲ့အချိန် အထိ မောင့်ကို ဖေဖေနဲ့မေမေ ယုံကြည်လက်ခံနေခဲ့ကြသေးတယ်၊



www.burmeseclassic.com

www.burmeseclassic.com



မောင့်အမေကလည်း ကိုလင်းမိုရ်နဲ့ ပတ်သက်သွားမှာ အရမ်းစိုးရိမ်
နေခဲ့ကြတာပါ၊ အခု ဘယ်လိုဖြစ်သွားကြတာလဲ။ ကိုလင်းမိုရ်က
မောင့်ထက် ငါ့အပေါ် ကောင်းနိုင်မယ့်လူလို့ ယူဆသွားကြတာ မြ
လုချည်လား''

သူမ ပေါက်ကွဲပြီး အော်နေတာကြောင့်လား မသိ၊ ခပ်လှမ်း
လှမ်းက နားစွင့်နေတဲ့ နေခြည်က မိချိုလက်ထဲက ကလေးကို
ပြောင်းချီလျက် အပေါ်ထပ်ကို ပြေးတက်သွားသည်။ ဘာကြောင့်
သူမတို့စကားဝိုင်းကို စကားနိုင်လုဖို့ နေခြည် ရောက်မလာတာလဲ

''ငါမေးတာဖြေလေ ကောင်းထိုက်၊ ငါက ဘာကြောင့်
ကိုလင်းမိုရ်ကို လက်ထပ်ရမှာလဲ''

''ဒီဂရီမှ ပြန်မလာတော့တာ၊ ဘာအဆက်အသွယ်မှလည်း
မလုပ်တော့ဘူး''

''အဲဒါနဲ့ ငါက ကိုလင်းမိုရ်ကို လက်ထပ်ရလား၊ မော
ကို စောင့်နေလို့ရော မဖြစ်ဘူးလား။ မောင့်ဘက်က အလုပ်အကိ
အဆင်မပြေလို့လား၊ ကျန်းမာရေးကြောင့်လား၊ ဘာလို့ နင်တို့အ
လုံး မောင့်အတွက် မစိုးရိမ်ဘဲ ငါ့အတွက် တွေးပူပေးနေကြတာလဲ
ပြောစမ်းပါ၊ နင်ပြောကြည့်စမ်းပါ''

ကျစ်ခနဲ စုတ်သပ်လျက် ကောင်းထိုက်မျက်နှာ နီမြန်း
ထန်နေသည်။ ဖေဖေ့လို မေးရိုးတွေ ထောင်ကားလာအောင် အံကြိတ်





နေတာကရော ဘာကြောင့်လဲ။

''နင် ဘာမှမမေးဘဲ၊ အားလုံးရဲ့ဆန္ဒအတိုင်း ကိုလင်းမိုရ်ကို
လက်ထပ်လိုက်ပါလား သူသူ''

''ငါနဲ့မောင့်အချစ်က အဲလို ကွဲလွယ်၊ ရှလွယ်၊ မေ့လွယ်၊
ပျောက်လွယ် ပေါ့ပြက်ပြက်လုပ်လို့ရပါ့မလား ကောင်းထိုက်၊ နင်က
ရော သူငယ်ချင်းကို ဥပေက္ခာပြုပြီး တခြားတစ်ယောက်ကို လက်ထပ်
စေချင်တာ သေချာလို့လား''

''ဟုတ်တယ်၊ သေချာတယ်၊ ဒီဂရီဆိုတဲ့ကောင်ကို နင်
မျှော်လင့်နဲ့၊ တခြားတစ်ယောက်ကို ယူလိုက်၊ လက်ထပ်လိုက်၊ ဒီ
ဂရီကို မေ့ပစ်လိုက်''

''ကောင်းထိုက်''

ကောင်းထိုက်က ရှိုက်ကြီးတငင် ငိုချကာ လက်သီးကို ကျစ်
နေအောင်ဆုပ်သည်။ ထိုလက်သီးဆုပ်နှင့် စားပွဲခုံကို ဒုန်းခနဲထုကာ
ဆိုဖာခုံနောက်မှီကိုလည်း ခေါင်းနှင့် ပစ်ပစ်ဆောင့်ပြီး ပေါက်ကွဲ၏။

''ကောင်း ကောင်းထိုက် ဘာဖြစ်လို့လဲ၊ ဘာကြောင့်လဲ၊
နင် ဘာလို့ အဲလောက်ထိပေါက်ကွဲရတာလဲ''

သူမ အသံတုန်တုန်လေးဖြင့် အထိတ်တလန့်မေးတော့ အား
ငိုကျွင်နေသော ကောင်းထိုက်မျက်နှာ သူမဘက် ဆတ်ခနဲလှည့်
လာသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီဂရီ ဟိုမှာ အိမ်ထောင်ကျသွားပြီ"

"ဘာ ဘာပြောတယ်၊ ဘာပြောတယ် ကောင်းထိုက်"

"ငါတို့အားလုံး နှင့်ကို မပြောရက်လို့ မပြောကြတာ ဒီကောင် ဒီလိုလုပ်ရက်လိမ့်မယ် မထင်ဘူးဟာ၊ တောက်"

"မ မဟုတ်ဘူး မလုပ်ဘူး၊ မောင် အဲလိုမလုပ်ပါဘူး၊ နှ နှင် ငါ စိတ်ပျက်သွားအောင် မောင့်အချစ်တွေကို မစော်ကားလို ပါနဲ့"

သူမ ခေါင်းတခါခါ လက်တကာကာဖြင့် သွေးရူးသွေးတ မောင့်ဘက်က ကာကွယ်ပေးနေခဲ့သည်။ ကောင်းထိုက်က မျက်ရ တွေကိုသုတ်ပြီး တက်ခေါက်ပြန်၏။

"နှင် ငါတို့ထက် ပိုပြီးခံစားရမယ်၊ မယုံနိုင်ဖြစ်နေမယ်ဆိုတာ ငါတို့အားလုံး သိပါတယ် သူသူ၊ ဒီကိစ္စက ဒီဂရီလှမ်းပြောလို့ သိ တာတော့ မဟုတ်ပါဘူး၊ ဒီဂရီ့အမေ ပဲခူးကို သွားစုံစမ်းကတည်း သိခဲ့ရတာ၊ အရင်ဆုံး ဒီဂရီ့အမေက ငါ့ကို လာတိုင်ပင်တယ်၊ နှ နှင့်မိဘတွေကို ဘယ်သူ့ကို အရင်ပြောသင့်လဲပေါ့၊ ဒီဂရီ့ကို ယုံကြ လက်ခံပေးခဲ့ကြတဲ့ နှင့်မိဘတွေကို အရင်အသိပေးသင့်တယ်လို့ အကြံပေးလိုက်တာပါ"

"ဖေ ဖေဖေတို့လည်း သိတယ်ပေါ့"

ကောင်းထိုက်က ခပ်လေးလေး ခေါင်းညိတ်တော့ သူ





စိတ်တွေပိုပြီး တုန်လှုပ်ချောက်ချားသွား၏။ မဖြစ်နိုင်ဘူးဆိုတာ ယုံကြည်ဖို့ သူမ ဘယ်လိုအားတင်းထားရမလဲ။

"အဲဒါကြောင့် တစ်ဖက်လှည့်နဲ့ ကိုလင်းမိုရ်ကို လက်ထပ်ဖို့ တိုက်တွန်းကြတာပါ၊ ဒီဂရီ့အမေကလည်း နှင့်အတွက် စိတ်မကောင်း ဘူး၊ ဒါကြောင့် သူ့သား သွေးနဲ့ချွေးနဲ့ရင်းနှီးတည်ဆောက်ထားတဲ့ အိမ်လေးကို ကြည်ကြည်ဖြူဖြူလက်ဖွဲ့မယ်လို့ ပြောခဲ့တာပေါ့"

"ငါမယုံဘူး"

"ဟင်"

"မောင် ဟိုမှာအိမ်ထောင်ကျသွားတယ်ဆိုတာ လုံးဝမဖြစ် နိုင်ဘူး"

"အချိန်တွေက သက်သေလေ၊ နှင့်ကို မဆက်သွယ်တော့ တာ သက်သေလေ၊ သူ့အမေကိုယ်တိုင် သူ့သားရဲ့အိမ်ကို နှင့်ကို ပေးတာ သက်သေလေ၊ ငါ ငါ့ရဲ့ပေါက်ကွဲမှုတွေကလည်း သက်သေ ပဲ သူသူရာ၊ နှင် အဲလိုခံစားနေတာ မြင်တော့ ဒီကောင့်ကို ငါ သတ်ပစ်ချင်တယ်၊ ငါ အသေသတ်ပစ်ချင်တယ်"

"အဟင့် အင့်"

ခုမှ သူမ အင့်ခနဲ ရှိုက်ငိုပစ်လိုက်မိ၏။

ရှိုက်သံတွေက တိုးလျှသွားလိုက်၊ ကျယ်လောင်လာလိုက်၊ အချိန်အတန်ကြာသည်အထိ အားရပါးရ ရှိုက်ငိုပစ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ငါ မယုံဘူး၊ မယုံရဲသေးဘူး ကောင်းထိုက်ရယ်၊ မော
ငါ့ကို ဒီပုံစံမျိုးနဲ့ ခွဲထားရက်မှာ မဟုတ်ပါဘူး၊ ကစ်သက်လုံးအတွ
ရည်ရွယ်ပြီး တန်ဖိုးကြီးတဲ့အိမ်တစ်လုံးကိုတောင် ပင်ပန်းဆင်း
ဝယ်ခဲ့သေးတာ၊ မွေးလာမယ့် သားသမီးလေးတွေနဲ့ ငါ့အတွက်
အဆင့်အတန်းမြင့်မြင့် ထည်ထည်ဝါဝါ ထားချင်လို့တဲ့၊ သားယ
တစ်ယောက်အနေနဲ့ မိခင်နဲ့ညီမလေးကိုတောင် ဦးစားပေးခဲ့
မဟုတ်ပါဘူး၊ ငါ့အတွက်ပဲ အကောင်းဆုံး ကြိုးစားခဲ့တာ"

"မိဘကို ရှေ့တန်းမတင်လို့ ဒဏ်ခတ်ခံလိုက်ရတာထ
တယ်၊ သူ့အစ်ကိုနဲ့ အရက်ဘားနဲ့လောင်းကစားဝိုင်း တွဲဖွင့်ထ
နေရာကို လိုက်သွားရင်း အခု သူ့လက်ထပ်ယူလိုက်ရတဲ့မိန်းမ
ဖမ်းတာကို ခံလိုက်ရတယ်၊ ကိုယ့်နိုင်ငံ၊ ကိုယ့်ယဉ်ကျေးမှုမှ မဟ
တာပဲဟာ၊ သူများနိုင်ငံမှာ ကိုယ့်ဘက်က တစ်ချက်မှားရင် သေ
နဲ့ ပစ်သတ်ခံလိုက်ရမှာ၊ နင့်ကို မုန်းလို့မဟုတ်ဘူး၊ ဟိုမိန်းမကို
လို့ လက်ထပ်လိုက်ရတာလည်း မဟုတ်ဘူး၊ အားလုံးက ကံ
ကြောင့်ပါ၊ အဲဒါကြောင့် နင်လည်း နင့်မိဘတွေဆန္ဒကို လိုက်
လိုက်ပါ"

"ဟင့်အင်း"

"ခေါင်းမမာပါနဲ့ သူသူ၊ နင်ခံစားနေတာကို နင့်မိဘ
ဘယ်လိုလုပ် ကြည့်ရက်မှာလဲ၊ စိတ်အာရုံတွေပြောင်းမှ နင်





အနာတွေ သက်သာမှာ၊ ဒီဂရီမဟုတ်တဲ့ တခြားတစ်ယောက်ကို
က်ထပ်ဖို့ နင် ဘယ်လောက်ခက်ခဲမယ်ဆိုတာ ငါတို့ သိပါတယ်၊
ပေမဲ့"

"မောင်ကိုယ်တိုင် ငါ့ကိုပြောမှ ငါယုံမယ်၊ ဘယ်သူမှ ငါတို့
ယောက်အချစ်ကို ဖျက်ဆီးလို့ မရဘူး၊ သွေးခွဲလို့မရဘူး၊ ငါ့မျက်စိ
မှာ မောင် တခြားမိန်းမတစ်ယောက်ကို လက်ထပ်လိုက်ရပါတယ်
မောင်ကိုယ်တိုင်ပြောမှ ငါယုံမယ်၊ မောင်ကိုယ်တိုင် တခြား
ယာကျ်ားတစ်ယောက်ကို လက်ထပ်လိုက်ပါလို့ပြောမှ ငါယူမယ်၊
ဒါ ငါ့ရဲ့သစ္စာတရားပဲ"

မခန်းခြောက်ထဲ တသွင်သွင်စီးကျနေတဲ့မျက်ရည်တွေကို
မသုတ်။ ကြေကွဲသံစဉ်တွေကို ပြတ်သားချင်ယောင်ဆောင်ပြီး
င်တွေ့လိုကြောင်း ခယနေသည်။

ကူကယ်ရာမဲ့ဘဝဖြင့် သံယောဇဉ်လက်ကျန်တွေကို စု
ဆောင်းပြီး ဆုံနိုင်ခွင့်အတွက် အားတင်းထားရဦးမည်။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၄)

"မောင် ကျွန်မအဖြစ်ကို မြင်လှည့်ပါဦး၊ ကျွန်မ ခံစားနေ
ကွဲနာကျင်နေရတာကို ဖွဲ့ကြည့်စမ်းပါဦး။ ကျွန်မတို့နှစ်ယောက် သိင်
ခဲ့ကြတာပါ၊ ဘာ ဘာကြောင့် ခုလိုကြီးဖြစ်သွားရတာလဲ၊ ကံကြ
ကိုလည်း အပြစ်မတင်ချင်ပါဘူး၊ ဘယ်သူ့မှလည်း အပြစ်မရှိ
ကျွန်မ ဘယ်လိုလုပ်ရမှာလဲမောင်၊ ကျွန်မ ဘာလုပ်ရမှာလဲ၊ မော
ကိုချစ်တယ်၊ ကျွန်မ မောင့်ကိုချစ်တယ်၊ ဒီအိမ်လေးမှာ မောင်ရယ်
ကျွန်မရယ်၊ သားတွေသမီးတွေရယ်၊ နွေးထွေးပြည့်စုံတဲ့ မိသားစု
လေးကို တည်ဆောက်ကြမယ်ဆို၊ အဲဒီရည်ရွယ်ချက်တွေနဲ့ မော
အလုပ်တွေ သွားလုပ်တာမဟုတ်လား၊ မောင်ပြန်လာမှာပါနော်၊ ပြန်
မှာမဟုတ်လား။ ကျွန်မ မောင်ပြန်မလာမချင်း စောင့်နေမှာ၊ တစ်သ





လုံး စောင့်နေမှာ"

အများအမြင်မှာ သူမ အရူးတစ်ယောက်ဖြစ်ချင်ဖြစ်နေပါလိမ့်မည်။ ဒီအိမ်လေးထဲကို သူမ မိုးလင်းကတည်းက ရောက်နေခဲ့ပြီး မောင်နှင့်နှစ်ယောက်တွဲရိုက်ထားတဲ့ ဓာတ်ပုံတွေ၊ သူငယ်ချင်းတွေနှင့် စုပြီး ရိုက်ထားတဲ့ဓာတ်ပုံတွေ ချိတ်ဆွဲထားတဲ့ရှေ့မှာ သူမ တမ်းတမ်းတတ ငိုကြွေးနေမိသည်။ တတွတ်တွတ်ပြောနေမိတဲ့ စကားတွေက ရှိုက်သံတို့နှင့် ဗလုံးဗထွေး ပိုးတိုးပါးတား။

တိုက်အိမ်လေးရဲ့သေသပ်ခံ့ညားမှုကို လိုက်လံကြည့်မိတော့လည်း မောင်နှင့်အကောင်အထည်ပေါ်မလာသေးတဲ့ သားသမီးလေးတွေကို မိသားစုလေးအဖြစ် မြင်ယောင်ကာ ပိုပြီးဝမ်းနည်းဆို့နင့်နေမိသည်။ ဒီလိုဘဝလေး ဘယ်တော့မှမရနိုင်တော့မှာတွေးပြီး တုန်လှုပ်ချောက်ချား သွေးပျက်နေ၏။

အချိန်က ခဏလေးမဟုတ်သော်လည်း ပြောင်းလဲမှု မြန်ဆန်တာ သူမ ဘယ်လိုမှ လက်မခံနိုင်။

မောင်ပြောခဲ့တဲ့ စကားတွေကို ပြန်ကြားယောင်ပြီး ခေါင်းကို တွင်တွင်ယမ်း၍ မဖြစ်နိုင်ဘူး၊ မယုံဘူးလို့ အော်ဟစ်နေမိတာလည်း ထပ်တလဲလဲ။

"ကိုကို မကောင်းတာပါ မမသူရယ်၊ မမသူကို မိစု အရမ်းအားနာပါတယ်၊ ဒီလိုကြီးဖြစ်သွားလိမ့်မယ်လို့ မမျှော်လင့်ထားမိဘူး၊



www.burmeseclassic.com

www.burmeseclassic.com



ကိုကို့ကို မမသူ ယုံကြည်လေးစားပြီးချစ်တယ်ဆိုတာ မိစု သိတယ် ကိုကိုကလည်း မမသူကို တန်ဖိုးထားပြီးချစ်ခဲ့တာပါ မမသူ၊ ဒါပေမဲ့ ကံကြမ္မာကမှ ပေါင်းစည်းခွင့်မပေးတော့တာ၊ မမသူဘဝ တစ်သက် လက်တွဲသင့်တဲ့လူနဲ့ လက်ထပ်လိုက်ပါတော့၊ မမသူအတွက် ကိုကို ရည်ရွယ်ခဲ့တဲ့အိမ်လေးကိုလည်း လက်ဖွဲ့အဖြစ် ယူလိုက်ပါ၊ ကိုကို ကြည်ကြည်ဖြူဖြူပေးပြီးသားပါ''

မိစု သူမအိမ်ကို လိုက်လာကာ သူမကို ဖက်တွယ်ငိုရှိုက်ပြီး ပြောခဲ့တဲ့စကားတွေကို ပြန်ကြားယောင်ကာ ခေါင်းကို ဆတ်ခနဲ ခါ ပစ်လိုက်သည်။

ဖြစ်မှမဖြစ်နိုင်တာ။ မောင်နှင့်လက်မထပ်ဘဲ မောင်ဝယ်ထား တဲ့အိမ်ကို သူ မယူစရာလား။

မောင့်ဆန္ဒဆိုရင်လည်း သူမ ဘယ်လိုနည်းနှင့်မျှ လက်ခံမှာ မဟုတ်။ မောင်ကလွဲ၍ သူမ ဘာကိုမှလည်း မမက်မော။ ဘာကိုမှ လည်း မလိုချင်ပါ။

မောင်ထားရစ်ခဲ့တဲ့ဘဝမှာ သူမကို ဒီအတိုင်း နေခွင့်မပေး ကြဘဲ ကိုလင်းမိုရ်နှင့် လက်ထပ်ဖို့ ဝိုင်းဝန်းတိုက်တွန်းနေကြတာကို သူမ နားမလည်နိုင်အောင်ဖြစ်နေမိတာ။

တကယ်ဆို မောင် တခြားတစ်ယောက်ကို လက်ထပ်သွား တာနှင့် သူမကရော ဗြုန်းဒိုင်းကြီးလက်ထပ်လိုက်စရာလား။ မောင်





ဘာကြီးပဲဖြစ်နေနေ၊ ဘယ်သူနှင့်ပဲရရ၊ သူမ မောင့်ကို လွမ်းနေ, ချစ်နေ, တမ်းတနေလို့ရော မရနိုင်ဘူးလား။ မောင့်အမေနှင့်ညီမလေး ဟည်း သူမအပေါ် ဒီလောက်ထိ အားနာစရာ၊ လိုက်လျောစရာ မလိုဘူးထင်သည်။

မောင်နှင့်မပတ်သက်ရင် ဒီအိမ်ကြီးကို သူမကို ပေးစရာမှ မလိုတာ။ မောင်က နိုင်ငံခြားမှာ သူ့မိန်းမနှင့် နေတော့မည်ဆိုလျှင် အိမ်စုတ်စုတ်လေးကနေ သူတို့ အဲဒီအိမ်ကြီးပေါ်ကို ပြည့်စုံချမ်းသာစွာ တက်နေလို့ ရနေတာပဲ။

"အား ဘာတွေလဲ"

တွေးရင်းတွေးရင်း ခေါင်းတွေ ချာချာလည်လျက်၊ ဘာကိုမှ ဖမ်းဆုပ်မရနိုင်အောင် ဖြစ်နေသည်။

အရွယ်ရဲ့အသိတရားတို့ တွေးတောချင့်ချိန်နေမိပေမယ့် မောင့်ကိုချစ်နေမိဆဲ နှလုံးသားက မရင့်ကျက်နိုင်။

မောင့်ရဲ့အနမ်းနွေးနွေးတို့နှင့် သိမ်းသွင်းလိုသော မျက်ဝန်း များကိုသာ တောင့်တနေလျက်။

ကျွန်မ ဒီအတိုင်းလေး နေချင်ပါသေးသည်။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၅)

"သူသူနဲ့ဒီဂရီအကြောင်းတွေ ဦးနဲ့ဒေါ်ဒေါ် ခေါ်ပြောပြလို့ ကျွန်တော် အားလုံး သိလိုက်ရပြီး စိတ်မကောင်းပါဘူး သူသူ"

လှိုက်မောတိုးတိတ်စွာပြောနေတာကြောင့် လင်းမိုရ်ကို မျက်ခုံးတစ်ချက် ပင့်ကြည့်ပြီး ဟက်ခနဲရယ်လိုက်မိ၏။

"ကျွန်မက သနားစရာသတ္တဝါတစ်ကောင်ဖြစ်နေလို့လား။ ရှင်နဲ့မှမဆိုင်တာ၊ စိတ်မကောင်းမဖြစ်ပါနဲ့"

အားလုံးက လက်ထပ်ဖို့ တိုက်တွန်းနေတဲ့ လင်းမိုရ်ကို သူ ဘာမှမပြောလည်း အကောင်းမြင်ကြည့်လို့မရအောင် ဖြစ်နေသည်။ မောင့်နေရာမှာ လင်းမိုရ်ကို အစားမထိုးနိုင်ပါ။

"ကျွန်တော့်ကို အဲဒီလောက် သူစိမ်းမဆန်ပါနဲ့ သူသူ၊ သူသူ





ခံစားနာကျင်နေရတဲ့အချိန်မှာ ကျွန်တော် အားပေးပါရစေ"

"ကျွန်မ အားငယ်နေတာမှမဟုတ်တာ၊ မောင်ပြန်မလာလို့ မောင် တခြားမိန်းမတစ်ယောက်နဲ့ လက်ထပ်သွားလို့ ကျွန်မ ဝမ်းနည်းအားငယ်နေတာ မဟုတ်ဘူး"

"ရင်ထဲမှာ မခံစားနိုင်အောင်တော့ နာကျင်နေတယ် မဟုတ်လား"

"ဟင့်အင်း၊ မောင့်ကိုတွေ့ချင်နေတာ၊ မောင် ဘာတွေပြောမလဲ နားထောင်ချင်တာ"

"လက်ထပ်သွားတဲ့လူတစ်ယောက် ပြောမယ့်စကားတွေက သူသူ့အတွက် နားဝင်ချိုပါတော့မလား"

"နှလုံးသားက လက်ခံနေသရွေ့ နားဝင်ချိုမယ့်စကားလုံးတို့ ရွေးပြောနေစရာ မလိုပါဘူး ကိုလင်းမိုရ်၊ မောင် ဘာတွေဖြစ်နေနေ ကျွန်မ ခုချိန်ထိ ချစ်နေသေးတယ်"

"စိတ်နာသင့်နေပြီ မဟုတ်လား"

"ကျွန်မတို့မုန်းလို့ ခွဲခွာခဲ့ကြတာမှ မဟုတ်တာ၊ ဒီကိစ္စမှာလည်း မောင့်ရဲ့စိတ်ဆန္ဒကြောင့် မဟုတ်ဘူးလို့ ကျွန်မ,ယုံတယ်"

"ဒါပေမဲ့ ပြုပြင်ပြောင်းလဲလို့ မရတော့ဘူးလေ၊ အားလုံးက ပြီးဆုံးသွားပြီ၊ တကယ်ဆို သူသူလည်း"

"ကျွန်မ ဘယ်သူ့ကိုမှ လက်မထပ်ဘူး ကိုလင်းမိုရ်၊ မောင်



www.burmeseclassic.com

www.burmeseclassic.com



နဲ့ပတ်သက်ရင် ကျွန်မမှာ မာနတွေ၊ အတ္တတွေ မရှိဘူး၊ အချစ်နဲ့ သစ္စာတရားတွေပဲ ရှိတယ်၊ မောင်က ကျွန်မကို အရှုံးတွေချည်း ပေးခဲ့တာဆိုရင် အဲဒီအရှုံးတွေကိုပဲ ကျွန်မ မြတ်မြတ်နိုးနိုး ပွေ့ပိုက်ထား မယ်၊ မောင့်အချစ်တွေနဲ့ ပြည့်နှက်နေတဲ့ ကျွန်မရင်ဘတ်ထဲမှာ အစား ထိုးစရာ ကွက်လပ်မရှိဘူး''

စကားလုံးမြားဦးများက ရင်ဘတ်တစ်ခုလုံး ထိုးစိုက်မွေ နှောက်ကာ အဆိပ်ပြင်းများ ခန္ဓာကိုယ်တစ်ခုလုံး ပျံ့နှံ့စေသည်။ တိကျ ပြတ်သားလွန်းတာကို ရက်စက်လွန်းသူဟု ချိုးနှိမ်းရမည်လား။

အားလုံးက တိုက်တွန်းအားပေးနေပါလျက် ရင်မဆိုင်ဝံ့ဘူး နောက်ဆုတ်လို့တော့မဖြစ်ချေ။

''ကျွန်တော် သူ့ကို လက်ထပ်ချင်တယ်''

''ရှင့်စိတ်ဆန္ဒကြောင့်လား၊ အများရဲ့သွေးထိုးမှုကြောင့်လား''

''ဟိုအရင်ကတည်းက သူသူ့ကို ကျွန်တော် ချစ်ခဲ့တာပါ၊ သူသူ့မှာ ဒီဂရီဆိုတဲ့ ချစ်သူရှိမှန်း မသိဘဲနဲ့ပေါ့၊ သိလိုက်ရတော့ လည်း ကျွန်တော် ကြိတ်မှိတ်မျိုသိပ်ခဲ့ပါတယ်၊ သူသူ့ကို တွေ့မြင်နေ ရတဲ့အခြေအနေလေး ပျောက်ဆုံးသွားမှာစိုးလို့''

''ရှင်ပြောလို့ပြီးပြီလား''

''မပြီးသေးဘူး သူသူ၊ ပွဲလန့်တုန်း ဖျာခင်းတယ်လို့ မထော ဘဲ ကျွန်တော် သူသူ့ကို မြတ်မြတ်နိုးနိုး တန်ဖိုးထားပြီး ချစ်တယ်





ဆိုတာ လက်ခံယုံကြည်ပေးပါ''

''ယုံကြည်ပေးလို့ရတယ်၊ လက်ခံပေးလို့မရဘူး ကိုလင်းမိုရ်၊ ဒီနေ့ ကျွန်မ ပြောခဲ့သလိုပဲ မောင့်နေရာမှာ ကျွန်မ ဘယ်သူ့ကိုမှ အစားမထိုးနိုင်ဘူး''

''တစ်ချိန်တည်း ယတိပြတ်မဆုံးဖြတ်လိုက်ပါနဲ့ သူသူ၊ အချိန်အခါနဲ့ အခြေအနေက လူတွေရဲ့စိတ်ကို ပြောင်းလဲစေနိုင်ပါ တယ်၊ ဒီဂရီ့အဖြစ်ကိုပဲ စဉ်းစားကြည့်လိုက်ပါ၊ သူချစ်တဲ့ သူသူကို စွန့်လွှတ်ပြီး သူ့မချစ်တဲ့မိန်းမတစ်ယောက်ကို လက်ထပ်လိုက်ရတယ်''

''အဲဒီတစ်ချက်တည်းနဲ့ မောင့်ကို ကျွန်မ တစ်သက်လုံး စောင့်နေလို့ရပါတယ် ကိုလင်းမိုရ်၊ သူ စိတ်လိုလက်ရ မှားခဲ့တာ မဟုတ်လို့ အဲဒီအမှားကို ကျွန်မ ခွင့်လွှတ်နားလည်ပေးနိုင်တယ်''

''သူသူရယ်''

စိတ်လျှော့လိုက်တာ မဟုတ်ပေမယ့် စကားစစ်ထိုးပွဲမှာ သူသူ့ကို အနိုင်မယူရက်။ ပြောင်းလဲလာမလား ယုံကြည်ချက်မရှိပေမယ့် သတ်ဝန်းကျင်ရဲ့လှုံ့ဆော်မှုကြောင့် နီးစပ်နိုင်မလား မျှော်လင့်ချင်သေး သည်။

အိမ်ပြန်လမ်းက အရင်လို သွေ့ခြောက်နေတာမျိုးတော့ မဟုတ်။ မျှော်လင့်ချက် ခပ်ရေးရေးဖြင့် သွက်လက်တက်ကြွနေသေး သည်။



www.burmeseclassic.com

www.burmeseclassic.com



"လက်ထပ်ဖြစ်ကြမှာလား ဆရာ"

အိမ်အဝမှာပင် ဖိုးကျော်က ဆီးကြိုမေး၏။ ဆက်တီခုံမှာ ခြေပစ်လက်ပစ်ထိုင်ချလိုက်ပြီး တစ်ခါတစ်ရံမှသာ သောက်သော စီးကရက်ကို မီးညှိလိုက်သည်။

တစ်ချက်နှစ်ချက်ရှိုက်ဖွာလိုက်ပြီး မီးခိုးငွေ့တွေကို မှုတ်ထုတ် ကာ ထိုမီးခိုးငွေ့တွေကို လက်နှင့်ဖမ်းဆုပ်ယူကြည့်မိသည်။

ဘာတစ်ခုမှ လက်ထဲမှာ လက်ဆုပ်လက်ကိုင် ပိုင်ပိုင်နိုင်နိုင် ဆုပ်ကိုင်မိတာ မရှိ။

"စီးကရက်တစ်လိပ်ကို မီးညှိလိုက်လို့ သောက်ခွင့်ရနေ မယ့် အဲဒီစီးကရက်က ငါ့ကို ဘာတစ်ခုမှ မပေးဘူး၊ မီးခိုးငွေ့တွေ ဆေးလိပ်ပြာတွေ, အစီခံတွေ, အထဲမှာပါတဲ့ ဆေးမှုန့်ဆေးခြောက် တွေ၊ တစ်လိပ်လုံးကုန်ရင်တော့ ရောဂါဝေဒနာ ရမှာသေချာပါတယ် ငါ ဆက်သောက်သင့်သလား, လွှင့်ပစ်သင့်သလား မိုးကျော်"

"ဆရာ အာသီသဆန္ဒရှိသလို လုပ်ချင်ရာလုပ်လိုက်တာ ကောင်းပါတယ် ဆရာ၊ မကောင်းမှန်းသိရဲ့နဲ့ တရှိုက်မက်မက်ဖွာ ကြတာ စွဲလမ်းစိတ်ကြောင့်ပါ၊ အဲဒီစွဲလမ်းစိတ်ရှိနေရင် ကျန်တာတွေ အစားထိုးဖြေသိမ့်လို့ရော ရနိုင်ပါ့မလား"

"ဟာ ဟုတ်တယ်၊ မင်းပြောတာ မှန်တယ် မိုးကျော်၊ သူ က ခုချိန်ထိ ဒီဂရီကို စွဲလမ်းမြတ်နိုးနေတုန်းပဲ၊ ဘယ်သူ့ကိုမှ အ





ဆိုးနိုင်ဘူးတဲ့၊ ငါကလည်း ဒီစီးကရက်လေးကို လွှင့်မပစ်နိုင်သလိုပဲ စွဲလမ်းတမ်းတနေမိတယ်၊ ဘယ်လိုလုပ်ရမလဲ မိုးကျော်"

"ဝေဒနာကို မကြောက်ရင် ပိုင်ဆိုင်နိုင်အောင် ကြိုးစားပေါ့ ဆရာ"

"အဟား မင်းကို လူလားမမြောက်သေးဘူးထင်နေတာ၊ အတွေ့အကြုံရှိနေပြီထင်တယ်၊ ဟုတ်လား မိုးကျော်"

ဖိုးကျော် စပ်ဖြဲဖြဲ ရယ်ကျဲကျဲလုပ်ကာ

"ဟုတ်ကဲ့၊ စာရေးကြီးအိမ်က အိမ်အကူကောင်မလေးနဲ့ ကျွန်တော် ချစ်သူတွေ ဖြစ်နေကြပြီ ဆရာ"

"မင်းအရည်အချင်းနဲ့ သူ့ဘဝကို ဘယ်လိုကယ်တင်မှာလဲ"

"အချစ်ရှိရင် လူတွေက စွန့်စားချင်စိတ်, ကြိုးစားချင်စိတ် ရှိသွားကြတာပါပဲဆရာ၊ ကျွန်တော် ဒီထက်ဝင်ငွေကောင်းမယ်ဆိုရင် ဘာအလုပ်ဖြစ်ဖြစ် လုပ်မယ်လို့ စိတ်ကူးထားပါတယ်"

"ငါ လစာတိုးပေးမယ်ဆိုရင်ရော မင်း ငါ့ကိုထားခဲ့မှာပဲ လား"

ဖိုးကျော် အသံတိတ်သွားပြီး အတန်ကြာမှ သူ့ကို မဝံ့မရဲ ကြည့်ကာ သက်ပြင်းချသည်။

"ကျွန်တော်တို့နှစ်ယောက်ဘဝက သူလည်း အိမ်ဖော်, ကျွန် တော်လည်း အိမ်ဖော်ပါပဲ ဆရာ၊ အဝတ်လျှော်, ကြမ်းတိုက်, သန့်ရှင်း



www.burmeseclassic.com

www.burmeseclassic.com



ရေးလှုပ်, ထမင်းဟင်းချက်နဲ့ အဲဒီလိုဘဝမျိုးကို ကျွန်တော်တို့ သား သမီးတွေကိုတော့ မရောက်စေချင်ဘူး''

''မင်းရည်ရွယ်ချက်က ဒီဂရီနဲ့တူလှချည်လား၊ အဲဒီလို မျှော် လင့်ချက်အကြီးကြီးထားပြီး ကွဲကွာသွားခဲ့ကြရင် ဘယ်လိုလုပ်မလဲ''

''ကံကြမ္မာကြောင့် မဆုံစည်းရရင်တော့ ဘယ်သူမှ မတတ် နိုင်ဘူးပေါ့ဆရာ၊ ဒါပေမဲ့ နှစ်ယောက်လုံး နာကျင်ထိခိုက်ရမှာတော့ အသေအချာပဲ''

''အဲဒီလိုဖြစ်ရင် မင်းကောင်မလေး နောက်တစ်ယောက်ကို ပြောင်းချစ်သွားနိုင်သလား''

''ဗျာ''

ဖိုးကျော် တွေခနဲ ကြောင်အသွား၏။ ဆရာက သူ့အ ကြောင်းကို စိတ်ဝင်စားနေတာမှ မဟုတ်ဘဲ။

ယှဉ်ဝံ့သူစိတ်ကို ခန့်မှန်းကြည့်ချင်နေတာ။

''လူ့စိတ်ဆိုတာ တစ်ယောက်နဲ့တစ်ယောက်တော့ မတူညီ ကြဘူးပေါ့ ဆရာ၊ ကျွန်တော့်ကောင်မလေးက ကျွန်တော်ကို ဘယ် လောက်ထိ ချစ်နိုင်သလဲ၊ ယှဉ်ဝံ့သူက ဒီဂရီကို ဘယ်အတိုင်းအတာ ထိ ချစ်နေသလဲ၊ ခန့်မှန်းကြည့်ရုံနဲ့ မသိနိုင်ဘူး၊ ဒါပေမဲ့ နောက်တစ် ယောက်ကို ပြောင်းမချစ်နိုင်တဲ့ သန္ဓိဋ္ဌာန်က ယှဉ်ဝံ့သူက ပိုလိမ့်မယ် ထင်တယ်၊ ဘာဖြစ်လို့လဲဆိုတော့ ဆရာ့လို ယောကျ်ားပီသခံ့ညားတဲ့





သူမျိုး, ဂုဏ်ဒြပ်အဆင့်အတန်းရှိတဲ့သူမျိုးကို ယှဉ်ဝံ့သူ ခါးခါးသီးသီး ငြင်းဆန်နေလို့ပဲ၊ ကျွန်တော့်ကောင်မလေးကိုရင် အဲဒါတွေကို မက်မော ရင် မက်မောနိုင်တယ်''

လက်ထဲက စီးကရက်တိုလေးကို ဆေးလိပ်ခွက်ထဲ ထိုးချေ လိုက်ရမလား။ ဒီအတိုင်း လက်ညှိုးနှင့် လယ်ခလယ်ကြားကနေ ပစ်လွှာမှတ်ထုတ်ရမလား။

ဝေခွဲရခက်စွာ မှင်တက်တွေဝေသွားသည်။

''အဲဒီအပူကို မခံနိုင်ရင် အစီခံထိ မီးမြိုက်အောင် မစောင့်နဲ့ ဆရာ၊ ကိုယ့်လက်ကိုပူမှ ဆရာလန့်အော်နေရလိမ့်မယ်၊ အဖြူလေး ချိန်နေတုန်းမှာ ငြိမ်းသတ်လိုက်ရင် ဆရာ စိတ်မပင်ပန်းတော့ဘူးပေါ့''

သတိထားမိအောင် ဖိုးကျော်က ဥပမာပေးကောင်းသည်။ ငြိမ်းအောင်ကြည့်တတ်ဖို့ စိတ်တို့ကို စုစည်းစေ၏။

ဖိုးကျော်ပခုံးကို သူ ခပ်တင်းတင်းဆုပ်ညှစ်လိုက်သည်။

''ကျေးဇူးတင်တယ် ဖိုးကျော်၊ အချစ်ရှိနေတဲ့ မင်းဆီက သင်ယူစရာတွေ ရှိနေပါသေးတယ်၊ ငါ မင်းအတွက် အလုပ် ကောင်းကောင်းရှာပေးမယ်၊ မင်းချစ်သူနဲ့ လက်ထပ်နိုင်အောင်လည်း ထောက်ပံ့ကူညီပါ့မယ်ကွာ၊ ငါလည်း အဖြူရောင်ဘဝလေးနဲ့ ဖြေ နိုင်အောင် ကြိုးစားပါ့မယ်''

ကတိပေးလိုက်တာ မဟုတ်ပေမယ့် အတိအကျတော့ ပြော



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်လိုက်သည်။ မစွန့်လွှတ်ချင်ပေမယ့် ပိုင်ဆိုင်ဖို့မှ မကြိုးစားနိုင်...
ဒီအတိုင်းလေးပဲ။

✿ ✿ ✿



## အခန်း (၂၆)

"ဒီအတိုင်း နေချင်လို့မဖြစ်ဘူး သမီး၊ မိန်းမယူသွားတဲ့ ...ကို တသသဖြစ်နေတာမျိုး မေမေတို့လက်မခံနိုင်ဘူး။ မောင်လင်းမိုရဲ့ ...ရာ ငြင်းပယ်သင့်တဲ့လူလားဆိုတာ သမီး သေချာစဉ်းစားပါ"

ဖေဖေနှင့်အချေအတင်ဖြစ်နေရတာမို့ မေမေ့ကိုလှည့်ပြီး အ...ညီတောင်းမိတော့လည်း အခြေအနေက ပြောင်းလဲမသွားနိုင်ဘူး ...သည်။

"သမီး မောင်နဲ့တွေ့ပြီးမှ ဘာလုပ်သင့်တယ်ဆိုတာ ဆုံးဖြတ် ...မေမေ"

"တွေ့စရာလိုသေးလို့လား သမီးရယ်၊ ဟိုက အိမ်ထောင်ကျ ...လေ၊ သားသမီးတွေ ဘာတွေရနေပြီလားဆိုတာတောင် ဘယ်သူ

www.burmeseclassic.com



မှ မသိနိုင်ဘူး။ သမီး အဲလိုကြီး တမ်းတနေတာ အပြစ်ရှိနေပြီသမီး"

"အိမ်ထောင်ကျပြီးသားလူတစ်ယောက်ကို သမီး လှလှ မဟုတ်ပါဘူး။ သူပေးသွားတဲ့ ကတိတွေကို သူကိုယ်တိုင် ပြန်ရုတ်သိမ်း မှုဖြစ်မယ့် မေမေ၊ သမီးကို မချစ်တော့ဘူးဆိုတဲ့ စကားပဲဖြစ်ဖြစ် မေ့လိုက်ကြရအောင်လို့ ပြောတာပဲဖြစ်ဖြစ် တစ်ခုခုတော့ ကြားချင်သေး တယ်"

"သမီးရယ် နာကျင်ရမယ့်စကားတွေကို ဘာကြောင့် ကြားချင်နေသေးတာလဲ၊ မသိချင်ယောင်ဆောင်ပြီး ကိုယ့်ဘဝ ဖန်တီးတည်ဆောက်လိုက်စမ်းပါ သမီးရယ်"

မေမေ့မျက်ရည်တွေကို အားနာသင့်မှန်း သူမ သိပါသည် နှလုံးသားတစ်ခုလုံး ဆုပ်ချေခံထားရသလို သူမအသည်းလည်း ဆန့်ခါပေါက်ဖြစ်ကာ မွမွကြေနေပြီ။

နာလန်ထူဖို့ မောင့်စကားတစ်ခွန်းက အရေးကြီးပါသည် ထိုအချိန်မှာ အိမ်ရှေ့က ကားသံကြောင့် သားအမိနှစ်ယောက် ခေါင်းထောင်သွားသည်။

ကားပေါ်က ဆင်းလာတာက ကောင်းထိုက်နှင့်နေခြည် နေတာမို့ သူမ အံ့သြသွား၏။

"အန်တီ ကျွန်တော်တို့ သူသူနဲ့ စကားနည်းနည်းပြော လို့ ခဏခေါ်သွားပါရစေ"





"ဩော် အေးအေး ခေါ်သွားလေ၊ သမီး အဝတ်အစားလဲပြီး လိုက်သွားလိုက်"

သူမ မေမေ့စကားကို နားမထောင်မိပါ။ မောင့်အကြောင်း ဖြစ်နိုင်သည်ဆိုတာသိ၍ အဝတ်အစားမလဲတော့ဘဲ ကောင်းထိုက်တို့ နှင့် လိုက်လာခဲ့သည်။ ကောင်းထိုက်က မောင်နှင့်ထိုင်နေကျ အအေး ဆိုင်လေးရှေ့မှာ ကားထိုးရပ်လိုက်၏။ ထိုင်နေကျ စားပွဲဝိုင်းလေးမှာပဲ ရွေးထိုင်ဖြစ်ကြပြီး ချောကလက်မစ်ရှိတ်တစ်ခွက်စီ မှာကာ တိတ်ဆိတ် နေကြဆဲဖြစ်သည်။

"မောင့်အကြောင်း မဟုတ်တဲ့ တခြားအကြောင်းတွေဆိုရင် ငါ နားမထောင်ဘူးနော်"

လင်းမိုရ်နှင့်ကိစ္စ ထပ်ပြီးတိုက်တွန်းမှာစိုး၍ သူမ ပိတ်ပြော ထားလိုက်သည်။ ကောင်းထိုက်နှင့်နေခြည်က တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်၍ သက်ပြင်းချကြ၏။

"ငါတို့ ဒီဂရီနဲ့ အဆက်အသွယ်ရပြီ သူသူ"

"ဟင်"

"သူ နင့်ကို အရမ်းအားနာပြီးတော့ တောင်းပန်တယ်၊ ငါတို့ ကိုလည်း တောင်းပန်တယ်"

"ဟုတ်တယ်၊ ဟိုဘက်က သူဖုန်းပြောနေတဲ့အသံက ငိုနေ သလိုပဲ၊ သူ တော်တော်စိတ်မကောင်းဖြစ်နေတာနေမှာ"

www.burmeseclassic.com

www.burmeseclassic.com



"ဒါ ဒါဆို တကယ်လား၊ မောင် တကယ်အိမ်ထောင်ကျ သွားလို့ ဒီလိုမျိုး ခံစားနေရတာလား"

"နင်က လူကြီးတွေနဲ့ ငါတို့အားလုံး ဝိုင်းလိမ်ညာနေတယ် လို့ ထင်နေတာလား"

"ငါက မောင့်စကားတစ်ခွန်းကိုပဲ ယုံကြည်ချင်လို့ပါ၊ မောင် ဘာပြောပြော နားထောင်ချင်နေတာ"

"နင်က ဘာကိုမျှော်လင့်နေတာလဲ၊ နင့်စိတ်ခံစားမှုတွေ အစွန်းမရောက်ပါစေနဲ့ဟာ၊ သူလည်း လုပ်ချင်တာ လုပ်သွားပြီ နင် လည်း လုပ်သင့်တာလုပ်လိုက်ပါ"

နေခြည့်စကားကြောင့် သူမ ပြုံးလိုက်မိသော်လည်း မဲ့သည် ဖြစ်နေမှာ အမှန်ပင်။

"ငါလုပ်သင့်တာလုပ်ဖို့ မောင့်စကားတစ်ခွန်းက အရေးကြီး တယ် နေခြည်၊ နင်တို့ မောင်နဲ့ အဆက်အသွယ်ရတယ်ဆိုတာ နင် တို့ မောင့်ဖုန်းနံပါတ်ကို ရတာလား၊ မောင် ဆက်သွယ်လာတာလား"

"ဟင် အေး အဲ သူ သူက ငါတို့ဆီကို ဖုန်းဆက်တာပါ"

"မောင့်ဆီကို ပြန်ဆက်သွယ်လို့မရနိုင်ဘူးပေါ့"

"အဝင်နံပါတ်က သူ့ဖုန်းမဟုတ်ဘူး တခြားနေရာက ဆက် တာဖြစ်လိမ့်မယ်၊ သူ ငါတို့ဆီ ထပ်ပြီးဆက်သွယ်လာမယ် ထင် တယ်"



"အေးပါ ဘယ်လိုဆက်သွယ်မှုပဲရရပါ ဒီတစ်ခါ ဖုန်းထပ် လာရင် မောင့်ကို ငါတွေ့ချင်တယ်လို့ ပြောပေးပါ"

"သူသူ"

"ပိုင်ဆိုင်ခွင့်မရှိတော့တဲ့အကြောင်းအရင်းတစ်ခုကို မောင် ကိုယ်တိုင်ပြောတာ ငါကြားချင်တယ်၊ ကိုလင်းမိုရ့် ဒါမှမဟုတ် တခြား တစ်ယောက်ကို လက်ထပ်လိုက်ပါလို့ မောင်ပေးမယ့်အမိန့်တွေကို နာခံချင်တယ်"

နေခြည်က မစ်ရှိတ်သောက်ပြီး မျက်နှာလွှဲ၏။ ကောင်းထိုက် က ဆံပင်တိုတိုလေးကို လက်နှစ်ဖက်ဖြင့် ဆွဲဖွပစ်ကာ စိတ်ပျက်လက် ပျက်။

"သူ ဘယ်လိုလုပ် ပြန်လာရဲမှာလဲ သူသူ၊ နင် အိမ်ထောင် တွေ ဘာတွေကျလို့ ဘဝသစ်တစ်ခုမှာ ပျော်နေပြီဆိုမှ အပြစ်ကင်း တယ်ထင်ပြီး သူ ပြန်လာဝံ့မှာပေါ့"

"မောင်တစ်သက်လုံး ပြန်မလာဘူးဆိုရင် ငါ ဒီအတိုင်း နေမယ် ကောင်းထိုက်၊ ငါနဲ့သူနဲ့ ရန်သူတွေ မဟုတ်ပါဘူး။ သူ ငါ့ ရှေ့မှာ ဝန်ခံရဲရမှာပေါ့၊ ငါ့ကို ဘာလုပ်သင့်တယ်လို့ သူကိုယ်တိုင် ပြောသင့်တာပေါ့"

"သူ အဲ့လောက် မျက်နှာမပြောင်ရဲတာ နင်သိပါတယ် သူသူ ရယ်၊ သူ နင့်ကို သိပ်ချစ်ခဲ့တာပါ၊ ဒီအပြစ်ကိုလည်း သူ စိတ်လိုလက်

www.burmeseclassic.com

www.burmeseclassic.com



ရ ကျူးလွန်ခဲ့တာ မဟုတ်ပါဘူး''

''နင်တို့ပြောပြလို့ ငါ သိပြီးပြီလေ၊ တကယ်ဆိုရင် မောင်မိန်းမ ဘယ်နှယောက်ရရ၊ အိမ်ထောင် ဘယ်နှခါကျကျလေ၊ ငါ့မိတ္တနဲ့ နင်တို့က အစ ငါ့ကို အိမ်ထောင်ပြုဖို့ချည်း တိုက်တွန်းနေကြတယ် မဟုတ်လား။ ငါ တိုက်ပွဲဝင်နေတာကရော ဘယ်အချိန်အတိုင်းအတာထိ တောင့်ခံနိုင်မှာမို့လဲ၊ နောက်ဆုံးအနေနဲ့ တစိမ့်စိမ့်ကြည့်ပြီး မျက်ရည်တွေနဲ့ လမ်းခွဲစကားတော့ မောင့်ဆီက ကြားချင်ပါသေးတယ်''

''သူသူရယ် နင် နင် ဘယ်လောက်ခံစားနေရလဲဆိုတာ ငါတို့သိပါတယ်၊ ငါတို့လည်း နင်တို့နှစ်ယောက်အတွက် အရမ်းနာကျင်နေရပါတယ်''

နေခြည်က သူမလက်ဖဝါးလေးတွေကို ဆုပ်ညှစ်ကာ မျက်ရည်ကျ၏။ ကောင်းထိုက်က အံတကြိတ်ကြိတ် တက်တခေါက်ခေါက်။

''ဒီဂရီ ဘာပြောပြော နင်လက်ခံမယ်၊ နာခံမယ်ပေါ့၊ ဟုတ်လား သူသူ''

''အေး''

''ကောင်းပြီ၊ ဘယ်နေ့, ဘယ်ရက်, ဘယ်အချိန်ဆိုတာ မပြောနိုင်ပေမယ့် နင့်ဆန္ဒတွေ ပြည့်ဝရမယ်လို့ ငါ ကတိပေးတယ် သူသူ၊ ဒီဂရီနဲ့ဆုံနိုင်အောင် ငါ အတတ်နိုင်ဆုံး ကြိုးစားပေးမယ်''

ကောင်းထိုက်၏ ကတိပေးစကားက တုန်ယင်အက်ရှနေ၏။





နေခြည်က ကောင်းထိုက်ကို မသိမသာ လက်ကုတ်နေတာ ဘာကြောင့်ပါလဲ။

မဖြစ်နိုင်ဘူး၊ မောင်လာမှာမဟုတ်ဘူးလို့များ သတိပေးနေခြင်းလား။ ဘာဖြစ်ဖြစ် သူမ ဆုံးဖြတ်ချက်က မောင့်အပေါ်မှာ မူတည်သည်။ မောင်ထားရာနေ၊ မောင်စေရာသွား။ မောင့်အမိန့်တွေ နာခံချင်တဲ့ မိန်းမတစ်ယောက်သာ ဖြစ်ချင်၏။

ဒါပေမဲ့ သူမရင်ထဲမှာ မေးခွန်းပေါင်းများစွာ ရှိနေပါသည်။ မောင့်အချစ်တွေ သွေးမအေးသေးဘူးဆိုလျှင် သံယောဇဉ်လက်ကျန်လေးဖြင့် မောင်နှစ်သိမ့်နိုင်၏။

သူမမေးခွန်းတွေအတွက် စိတ်သက်သာစေမယ့် အဖြေများသာ ဖြစ်ခဲ့လျှင် နာကျင်ကြေကွဲခံစားခဲ့ရသမျှ အချစ်တွေနှင့် သူမလျှော့ပစ်လိုက်မည်။

မောင့်ဆီက ရခဲ့ဖူးသော အချစ်တွေနှင့် ပြန်ရလိုက်တာတွေက မတန်မရာဝေဒနာတွေ တနင့်တပိုးနှင့်ပါ။

ကျေနပ်နှစ်သိမ့်မှုလေးတစ်ခုတော့ ပေးသနားပါမောင်။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၇)

"ဒါ မောင်ဝယ်ထားတဲ့အိမ်လေးရဲ့အိမ်သော့အားလုံးပါ အန်တီမြ"

"ဟင်"

ဟာသ်ာရုပ်လေးနှင့် တွဲထားတဲ့သော့တွဲလေးကို ဒေါ်ခင်မြ လက်ထဲ ယှဉ်ဝံ့သူ ထည့်ပေးလိုက်သည်။ သော့တွဲလေးကို ကိုင်ထားရတဲ့ ဒေါ်ခင်မြလက်တွေက တဆတ်ဆတ်တုန်နေ၏။

"အဲဒါ သမီးအတွက် သားရည်ရွယ်ခဲ့တာ၊ ဘာလို့ပေးရတာလဲ သမီး"

"မောင် သူ့မိန်းမကိုခေါ်ပြီး ပြန်လာတော့မယ် မဟုတ်လား။ အဲဒီအိမ်လေးက မောင့်ရဲ့ပိုင်ဆိုင်မှုပါ၊ မောင်နဲ့ကျွန်မ လက်မထပ်





ဖြစ်တဲ့အတွက် ကျွန်မနဲ့ ဘာမှမဆိုင်တော့ပါဘူး အန်တီမြ"

"သမီးရယ်၊ အပြစ်လုပ်တဲ့သူက သူ့အပြစ် သူခံပါလိမ့်မယ်၊ သားပြန်လာမယ်ဆိုတာကလည်း သမီးက သားကိုတွေ့ချင်လို့၊ သားစကားကို နားထောင်ချင်ဆိုလို့၊ မောင်ကောင်းထိုက်နဲ့ တိုင်ပင်ပြီး သား ခဏဖြစ်ဖြစ် ပြန်လာဖြစ်အောင် အန်တီမြ စီစဉ်လိုက်ရတာပါ၊ သမီး မင်္ဂလာဆောင်ဖြစ်တယ်ဆိုရင်တော့ သားနေချင်ရင်လည်း နေမှာပေါ့လေ၊ သမီး တစ်ယောက်ယောက်နဲ့ လက်မထပ်ဘဲ ဒီအတိုင်းနေမယ်ဆိုရင်တော့ သားလေး မြန်မာပြည်ကို တစ်သက်လုံး ပြန်လာတော့မှာ မဟုတ်ဘူး။ အန်တီမြနဲ့ သမီးလေးမိစုလည်း သားနဲ့ ခွဲ ခွဲနေရတော့မှာပါကွယ်"

"အန်တီမြရယ်"

ဝမ်းနည်းပက်လက် ဒေါ်ခင်မြ ငိုချလိုက်၍ သူမလည်း ဒေါ်ခင်မြကို ဖက်တွယ်ပြီး မျက်ရည်ဖြိုင်ဖြိုင်ကျကာ ငိုချလိုက်သည်။

"ကျွန်မ လက်ထပ်ဖြစ်တယ်, လက်မထပ်ဖြစ်တာက မောင့်အတွက် အဲလောက်တောင် အရေးပါနေလား အန်တီမြရယ်"

"သူက အရင်ဆုံး အပြစ်လုပ်မိခဲ့တဲ့သူလေ၊ သမီးလည်း အပြစ်တင်ခုခုရှိနေမှ သူ မျက်နှာချင်းဆိုင်ဝံ့မှာပေါ့၊ လေးလေးနက်နက် ချစ်ခဲ့ကြပြီးမှ ပေါ့ပေါ့ပျက်ပျက် ကွဲကွာရသလို ဖြစ်ကြတာ ဒီလောက်တော့ ရင်းနှီးပေးဆပ်ရမယ်ဆိုတာ အန်တီမြ နားလည်ပါ



www.burmeseclassic.com

www.burmeseclassic.com



တယ်၊ သမီးရဲ့မင်္ဂလာပွဲမှာ အဲဒီအိမ်လေးကို လက်ဖွဲ့ပေးပြီး အန်တီမြတို့အိမ်လေးမှာ သားနဲ့အတူတူ နေပါရစေ၊ သားကို နိုင်ငံခြားပြန် မလွှတ်ချင်တော့ဘူး။ သားနဲ့အတူနေရခြင်း,မနေရခြင်းက သမီးရဲ့ စွန့်လွှတ်မှုက အဓိကပါပဲကွယ်''

''ကျွန်မ လက်မထပ်ဖြစ်ရင် မောင်က မြန်မာပြည်မှာ မနေတော့ဘူးတဲ့လား။ ကျွန်မ တစ်သက်လုံးလက်မထပ်ဖြစ်ရင် တစ်သက်လုံး ပြန်မလာတော့ဘူးပေါ့''

''သမီး ဒီအတိုင်းနေရင် စိတ်ပင်ပန်းမှာစိုးလို့ပါကွယ်၊ မျှော်လင့်ချက်တွေ, ကတိသစ္စာတွေနဲ့ သမီး ပူလောင်ကြေကွဲနေမှာစိုးရိမ်လို့ပါ၊ အိမ်ထောင်ပြုလိုက်မယ်ဆိုရင် အိမ်ထောင့်တာဝန်တွေ, မိသားစုအရေးကိစ္စတွေနဲ့ သူ့ကိုမေ့သွားနိုင်မှ သမီး စိတ်သက်သာမယ်၊ ခံစားရတာတွေ လျော့သွားမယ်လို့ သူ ထင်နေတာပါ။ အားလုံးရဲ့ဆန္ဒတွေကလည်း ဒီအတိုင်းပါပဲ၊ သမီး သားအပေါ်မှာ သစ္စာရှိနေဦးမယ်ဆိုရင် အားလုံး နာကျင်စိတ်ထိခိုက်နေကြရမှာပါ''

မျက်ရည်တွေကြားက မချိမဆံ့ ဖျစ်ညှစ်ကာ ပြုံးလိုက်မိသည်။

''မောင် မတရားဘူး, မောင် မတရားဘူး အန်တီမြရယ်၊ သူ ကတိသစ္စာတွေ ချိုးဖောက်သလိုမျိုး ကျွန်မကိုလည်း ချိုးဖောက်စေချင်တာ ကောင်းသလား။ သူ မိန်းမဘယ်နှယောက်ရရ ကျွန်မ





မျှော်လင့်နေချင်သေးတယ်ဆိုရင်ရော မဖြစ်နိုင်ဘူးလား၊ မမျှော်လင့်ချင့်တော့ဘူးဆိုရင်လည်း ဟိုအရင်တုန်းက အချစ်တွေကို ပြန်တွေးပြီး တစ်ယောက်တည်း ကြည်နူးနေလို့ရော မရဘူးလား။ ကျွန်မ သေသည်အထိ မောင့်အပေါ် သစ္စာရှိနေချင်ပါတယ် အန်တီမြရယ်''

''သမီးရယ်၊ သူသူလေးရယ်၊ အန်တီမြရင်တွေ မချိတော့ဘူး မခံစားနိုင်တော့ပါဘူး သမီးလေးရယ်''

ယှဉ်ဝံ့သူကို ရင်ခွင်မှာ ပွေ့ပိုက်ပြီး ဒေါ်ခင်မြမျက်ရည်တာ ကျိုးနေသည်။

ဘယ်လိုဝဋ်ကြွေးတွေကြောင့်များလဲ။

နှစ်ဘဝလုံး အဆုံးသတ်တွေ မကောင်းတာ ဘယ်ဘဝက ဝဋ်ကြွေးတွေကြောင့်များလဲ။

အမုန်းတွေ၊ နာကြည်းမှုတွေ၊ ကတိသစ္စာပျက်ယွင်းမှုတွေ ကြောင့်လည်း မဟုတ်ပါဘဲ ပေါင်းစည်းခွင့်မရတဲ့ ကွဲကွာခြင်းက နှဆယ်စင်းမက ပြင်းထန်ပူလောင်နေပေလိမ့်မည်။

တကယ်ဆို ကံကြမ္မာက နည်းနည်းဖြစ်ဖြစ် ငဲ့ညှာစာနာသင့်တယ်။ ဘယ်သူမှ ဘာမှလည်း မတတ်နိုင်တော့တဲ့အခြေအနေမို့။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၈)

“အခြေအနေတွေက တယ်လိုတွေပြောင်းလဲလာမလဲ
ဘူး။ မနက်ဖြန်ဆိုရင် ဒီဂရီ မြန်မာပြည်ကို ပြန်ရောက်ပြီ”

“ဒီဂရီကလည်း ယှဉ်ဝံ့သူကို ဆရာနဲ့ လက်ထပ်ဖို့ တိုက်တွ
မှာ မဟုတ်လား”

“အင်း ငါ့ရင်ထဲမှာ ခုမှ ပိုရှုပ်ထွေးပြီး ခိုးလိုးခုလုနဲ့ တ
ဖျစ်မြည်နေတယ်၊ ဒီဂရီပြန်ရောက်ရင် သူသူ့ကို အလွယ်တကူ
ဆိုင်ရမလားဆိုတာ မသိနိုင်ပေမယ့် ရင်ခုန်မှုတွေ မဖြစ်တော့တဲ
ပင် ထုံထိုင်းအေးစက်နေတယ်၊ မိတ်တွေ့, သူငယ်ချင်းတွေ တိုက်တ
ခဲ့တာ အားနဲ့မာန်နဲ့ ဆန့်ကျင်ခဲ့ပြီး သူ့ချစ်သူရဲ့နှစ်သိမ့်မှုနဲ့မှ
လက်ထပ်မယ်ဆိုရင် ငါ တစ်သက်လုံး နောင်တရနေမလားလို့





ကြောက်နေမိတယ်”

“ဆရာ ယှဉ်ဝံ့သူကို ချစ်တယ်မဟုတ်လား”

“ချစ်တယ်၊ ရင်ထဲက လှိုက်လှိုက်လှဲလှဲ, လေးလေးနက်နက် တန်ဖိုးထားပြီး ချစ်တယ်၊ ဒါပေမဲ့ သူက ဒီဂရီကို အဲဒီလိုအချစ်မျိုးနဲ့ ချစ်နေတာကိုလည်း တားဆီးပိတ်ပင်လို့ မရနိုင်ဘူး မဟုတ်လား။ ပြီးတော့ ကိုယ့်ချစ်နေတဲ့သူ, ကိုယ့်အိမ်ထောင်ဖက်ဖြစ်လာမယ့်သူက သူ့ချစ်သူကို တစ်သက်လုံး တမ်းတအောက်မေ့နေမှာ ငါခံနိုင်ရည်ရှိပါ့မလား”

ဆရာရဲ့အကြောက်လွန်ရောဂါကို ဖိုးကျော် မလျောင်ပြောင်ရက်ပါ။ ဘယ်လောက်သတ္တိရှိတဲ့၊ အားမာန်ရှိတဲ့ ယောကျ်ားရင့်မာကြီးဖြစ်ဖြစ် ထိုအချက်ကိုတော့ ယောကျ်ားတိုင်း ကြောက်ရွံ့တတ်ကြတာ အမှန်ပဲ ဖြစ်သည်။

“ပေးတဲ့သူရှိရဲ့နဲ့ မယူရဲတာကရော မိုက်မဲရာမကျဘူးလား ဆရာ၊ ကိုယ်တိုင် အားမစိုက်ရဘဲ ကိုယ်ချစ်နေတဲ့သူ ကိုယ့်မျက်စိရှေ့ရှိနေမှာ ဆရာ မပျော်ဘူးလား”

“အင်း ပျော်ချင်ပျော်နိုင်တယ်၊ စိတ်ချမ်းသာမှာတော့ မဟုတ်ဘူးထင်တယ်၊ သူက ကိုယ့်ကို ဘယ်တော့မှ ပြန်ချစ်လာမှာမှ မဟုတ်ဘာ၊ သားသမီးတွေရပြီး နွေးထွေးတဲ့မိသားစုဘဝလေး ဖြစ်ချင်ဖြစ်လာနိုင်တယ်၊ ဒါပေမဲ့ ကိုယ်ခန္ဓာကြီးက ကိုယ့်ရှေ့မှာရှိနေပြီး သူ့စိတ်



www.burmeseclassic.com

www.burmeseclassic.com



တွေ, သူ့ခံစားချက်တွေကိုတော့ ဖမ်းဆုပ်သိမ်းဆည်းထားနိုင်ဖို့ ခက်လိမ့်မယ်''

''နောက်ဆုတ်လိုက်ပါလား ဆရာ''

ဖိုးကျော် တိုက်တွန်းမှုက တိုပြတ်တိကျပေမယ့် လင်း... တစ်နေရာကို ငေးပြီး အကြာကြီးစဉ်းစားဖြစ်၏။

အရောင်ဖျော့ဖျော့ ညှို့ညှို့မှိုင်းမှိုင်းအဝတ်အစားလေး... သနပ်ခါးမှုန်ဖွေးဖွေးလေးသာ မျက်နှာပေါ်မှာ တွေ့ရတတ်သော ... ချမ်းတဲ့တော်ဝင်အလှပိုင်ရှင်မလေးကို ရယူပိုင်ဆိုင်ရမလား၊ စွန့်... ပေးဆပ်ဖြည့်ဆည်းရမလား၊ ခုချိန်ထိ မဝေခွဲနိုင်အောင်ပင်။

''ဟင်း''

''သက်ပြင်းတွေ ချနေရုံနဲ့ပြီးမှာ မဟုတ်ဘူးဆရာ၊ မနက်... ကံကြမ္မာက စီရင်ချက်ချတော့မယ်၊ ရှေ့တိုးနောက်ဆုတ် ဆရာ... ဘာမှလုပ်ခွင့်မရှိတော့ဘူး။ ဒီနေ့ပဲ၊ ဒီနေ့တစ်နေ့ပဲ''

ဖိုးကျော်ပြောတဲ့စကားတွေ နားထဲမရောက်။ ယုဉ်ဝံ့သူ... ဦးစိုးတင့်ပြောတဲ့စကားတွေကိုသာ ရှေ့တည့်တည့် လာထိုင်ပြော... သလို ပြန်ကြားယောင်နေမိသည်။

''သမီးမှာ ချစ်သူရှိတယ်၊ အဲဒီချစ်သူကိုပဲ တစ်သက်... တမ်းတသတိရနေမယ့်အပြစ်တော့ ရှိပါတယ် မောင်လင်းမိုရ်၊ ဒါ... ဦးရဲ့သမီးကို နားလည်ခွင့်လွှတ်ပြီး လက်ထပ်ပေးပါလို့ ဦးတောင်း...





ခံပါတယ်ကွယ်၊ သမီးလေးကို အရင်(..)တည်းက မောင်လင်းမိုရ် စိတ်ဝင်စားနေတယ်ဆိုတာ ဦးသိနေလို့ အကူအညီတောင်းမိတာပါ၊ သမီးဘက်က မာနတွေ, ပြတ်သားမှုတွေကိုလည်း သည်းခံပေးပါလို့ ကြိုတင်ပြီး ကတိတောင်းပါရစေ''

''ဟုတ်ကဲ့၊ ကျွန်တော် လေးလေးနက်နက် ကတိပေးပါတယ်ဦး။ ကျွန်တော် ယုဉ်ဝံ့သူကို တန်ဖိုးထားမြတ်နိုးနေမိတယ်ဆိုတာ ဝန်ခံပါတယ်၊ သူ့ရဲ့စိတ်တွေ ပြောင်းလဲလာအောင်လည်း ကျွန်တော် ကြိုးစားနိုင်မယ်လို့ ထင်ပါတယ်''

''ကျေးဇူးတင်ပါတယ် မောင်လင်းမိုရ်ရယ်၊ ကိုယ့်သားသမီးအတွက် အတ္တကြီးတတ်တဲ့ မိဘတွေကို မောင်လင်းမိုရ် နားလည်ပေးနိုင်ပါ့မလားတော့မသိဘူး၊ သမီးဝေဒနာတွေ တနင့်တပိုး မရှုနိုင်တယ်နိုင် ခံစားနေရတာကို ဦး မကြည့်ရက်ဘူး။ တစ်ဖက်မိဘရဲ့ စိတ်သောကတွေ, ဒုက္ခတွေကိုလည်း ဦး ကိုယ်ချင်းစာမိတယ်၊ သမီးကို ဖျောင်းဖျနားချဖို့ မောင်ဒီဂရီတစ်ယောက်ပဲ တတ်နိုင်တာဆိုတော့ သူ မြန်မာပြည်ကို ခဏတော့ပြန်လာမယ်၊ မင်းတို့ လက်ထပ်ပြီးတာနဲ့ သူ ပြန်ချင်မှလည်းပြန်တော့မှာ၊ ဒါပေမဲ့ သမီးလေးဟာ မိဘတွေရဲ့ ဆန္ဒသိက္ခာ, သူ့ရဲ့ကိုယ်ကျင့်တရားပျက်စီးအောင် အိမ်ထောင်ရေး ဖောက်ပြန်မယ့်သူတော့ မဟုတ်ပါဘူး။ အချိန်ခဏလေးနဲ့ သူ့စိတ်တွေကို တည့်မတ်ထိန်းချုပ်နိုင်မှာပါကွယ်''



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့၊ ကျွန်တော် နားလည်ပါတယ်"

မိဘသဖွယ် လေးစားခဲ့ရသူမို့ သူ့ဘက်က ဘာမှငြင်းဆ
ဆင်ခြေပေးဖို့ မစဉ်းစားခဲ့ပါ။ ကိုယ်တိုင်ကလည်း ယှဉ်ဝံ့သူကို မြတ်
တွေ့ဆုံတာစိတ်နှင့် ပိုင်ဆိုင်ချင်၍ ကျေကျေနပ်နပ်ပင် လက်ခံခဲ့မိတ

ဖိုးကျော်ကတော့ သူ့ကို ဘယ်လိုနားလည်ပေးရမှန်းမ
ဖြစ်နေပေလိမ့်မည်။ သူ ဘာမှလည်း ကြိုပြောမထားချင်။

"ဖိုးကျော် မင်းကောင်မလေးမှာ မိဘတွေ ရှိသေးလား

"မရှိတော့ဘူး ဆရာ၊ နယ်မှာတော့ အဒေါ်ဝမ်းကွဲတွေ
သေးတယ်တဲ့၊ သွေးသားအရင်းမဟုတ်တဲ့ သူတို့က စာရေးကြီးအိမ်
အိမ်ဖော်လုပ်ခိုင်းပြီး ရတဲ့လစာကို ကြိုယူထားကြတယ်လို့ ပြောတယ်

"အင်း ကောင်မလေးဘဝက သနားစရာပါ၊ မင်း သူ့
လက်ထပ်ဖို့ စိတ်မကူးသေးဘူးလား"

"လက်ထပ်ချင်တာပေါ့ ဆရာ၊ ကျွန်တော်က မိခင်မု
ကြီးကို လုပ်ကျွေးနေရတာဆိုတော့ ဘယ်လိုရုန်းကန်ထွက်ဖို့ ကြိုး
ရမလဲ၊ ဘာမှအဆင်သင့်ပြင်ဆင်မထားရသေးတာ၊ အချိန်ခဏ
စောင့်ရဦးမှာပေါ့ ဆရာ"

"ငါတစ်ယောက်လုံး ရှိပါတယ်၊ ဘာမှအားမငယ်ပါနဲ့

မိုးကျော်ပခုံးလေးကို ပုတ်ကာ အားပေးနှစ်သိမ့်ရင်းနှင့်
စိတ်တွေ လေးလံထိုင်းမှိုင်းလျက် တက်ကြွလန်းဆန်းမှုတွေ ကင်း





နေသည်။

မနက်ဖြန် ဘာတွေဖြစ်လာနိုင်မလဲ ကြိုမသိရတာမို့ ဒီနေ့
အချိန်နာရီစက္ကန့်တွေကို ကုန်ဆုံးစေချင်သလိုလို၊
ဆွဲဆန့်ရပ်တန့်ထားချင်သလိုလိုနှင့်
ဘာဆိုဘာမှ ဝေခွဲတိုင်းတာလို့ မရ။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၂)

ဆောင်းရာသီ မကုန်သေးပါဘဲ ဘာကြောင့် သစ်ရွက်ခြောက်တွေက တလွင့်လွင့် ကြွေကျနေရတာလဲ။

လေပြည်လေးက ညင်ညင်သာသာ တိုက်ခတ်နေပေမယ့် ရင်ထဲမှာ အေးမြခြင်းလည်း မရှိ။

ဒီနေရာလေးကနေ ထိုင်ပြီး တိုက်အိမ်လေးကို ဆွေးဆွေးမြည့်မြည့်ကြည့်နေမိတာ အချိန်တွေ အတော်ကြာခဲ့ပြီ။ မျက်ဝန်းထဲမှာ သူသူရယ်၊ သားသမီးလေးတွေရယ်၊ မိသားစုဘဝလေးနှင့် ပျော်ရွှင်စွာ ရယ်မောသော့ကစားနေကြတဲ့ ပုံရိပ်လေးတွေကိုပဲ ထပ်တလဲလဲ မြင်ယောင်နေမိသည်။

ဒီလိုအိမ်၊ ဒီလိုနေရာမျိုးလေးမှာ ဒီလိုဘဝမျိုးလေးနှင့် နေ





ဖို့ ချစ်သူအပါအဝင်အားလုံးနှင့် ဟိုးအဝေးဆုံးမှာ သူတစ်ယောက်တည်း အထီးကျန်ရုန်းကန်ကြိုးစားခဲ့တာ။

ခုတော့ စိတ်ကူးယဉ်မျှော်လင့်ချက်တွေ ပျက်စီးဆုံးရှုံးရတာ ဘယ်သူ့အပြစ်လဲ။

"အိမ်လေးက အရမ်းလှတယ် မောင်၊ အိမ်လေးကို ဝယ်ပြီးတဲ့နေ့ကစပြီး တစ်ပတ်တစ်ခေါက် ပိတ်ရက်တိုင်း မိုးလင်းကနေ မိုးချုပ်တဲ့အထိ အဲဒီအိမ်လေးကို ကျွန်မ အမြဲတမ်းသန့်ရှင်းရေးလုပ်တယ်၊ လိုအပ်တာလေးတွေ ဝယ်ထည့်ပြီး မောင့်စိတ်ကြိုက် ခမ်းခမ်းနားနားလေးလည်း ပြင်ဆင်ထားတယ်၊ ပြီးတော့ ဧည့်ခန်းထဲမှာလည်း ကျွန်မတို့သူငယ်ချင်းတွေ ရိုက်ထားတဲ့ဓာတ်ပုံလေးတွေရော ချိတ်ထားတယ်မောင်၊ ခြံဝင်းထဲက သရက်ပင်တွေ မာလကာပင်တွေကို ကျွန်မတို့မွေးလာမယ့် သားသမီးလေးတွေ မြင်ရင် အရမ်းပျော်သွားမှာဆောင်ရဲ့၊ သူတို့ အဲဒီအပင်တွေပေါ် ကျွန်မတို့မသိအောင် တက်ပြီး ဆော့ကြမယ်ထင်တယ်နော်၊ ဒဏ်ရာအနာတရမဖြစ်အောင် ကျွန်မတို့ သေချာဂရုစိုက်ပြီး စောင့်ကြည့်ရမယ်သိလားမောင်"

"သူသူရယ်"

လေလှိုင်းထဲက သူသူပြောခဲ့တဲ့စကားတွေကို ကြားယောင်တာ မချိမဆံ့ ညည်းညူမိလိုက်သည်။ အမည်းရောင်မျက်မှန်အောက်က မျက်ဝန်းအိမ်မှာ စိုစွတ်လာသော ထိတွေ့မှုကြောင့် သူ ထိတ်ခနဲ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သွားသည်။

ဒီမျက်ရည်တွေကို သူသူ မြင်လို့မဖြစ်။ သူ့ရင်ထဲက ဝေဒနာတွေကို ဖွင့်လှစ်လို့မဖြစ်။

သူ့မေးဖျားတွေ တဆတ်ဆတ်တုန်လာတဲ့အထိ အံကြိတ်၍ စိတ်အားတင်းလိုက်သည်။

"မောင်"

ညင်းသွဲ့ညင်သာသော ခေါ်သံလေးကြောင့် ဘေးဘီဝဲယာနားစွင့်၍ အသံရှင်ကို ရှာဖွေမိသည်။ လေတိုးမှုကြောင့် သစ်ပင်တချို့ ယိမ်းထိုးလှုပ်ရှားနေတာမှလွဲ၍ အနားမှာ ချစ်သူမရှိ။ သစ်ရွက်ခြောက်တွေ ကိုယ့်အနီးဝန်းကျင်မှာ တဖျပ်ဖျပ်ကြွေကျနေတာလည်း ချစ်သူ ခြေသံအမှတ်နှင့် ရင်တွေ တလှပ်လှပ်လှုပ်ရှားတုန်ယင်နေ၏။

စွဲလမ်းစိတ်ကြောင့် မြင်မြင်သမျှ ချစ်သူပုံရိပ်များသာ ဖြစ်နေသည်။ ခုချိန်ထိ စိုးမိုးသိမ်းပိုက်နေဆဲ ချစ်သူကို သူ ဘာကြောင့်စွန့်လွှတ်မိလဲ မသိချေ။

"ဟင် မောင် မောင်ရယ်"

မြက်ခင်းပေါ်က ဖိုက်ဘာထိုင်ခုံလေးမှာ ခြံအဝင်ဝကို ကျောပေးလျက် တိုက်အိမ်လေးဘက်ကို မျက်နှာမူထားတဲ့ မောင့်ပုံရိပ်က သူမရင်ကို လှိုက်မောဆို့နင့်သွားစေသည်။

ဝေးကွာနေခဲ့ရသောအချိန်တွေရဲ့ ပထမဆုံး ဆုံစည်းမှုက





ကြေကွဲဝမ်းနည်းစရာကောင်းလွန်းလှသည်။

စတိုင်ပင်ပန်အနက်၊ ရှပ်အင်္ကျီနုံ့သာရောင်အပေါ်မှာကုတ်အင်္ကျီတစ်ထပ်ဝတ်ထားလျက် နက်(ခ်)တိုင်နှင့် မျက်မှန်အမည်းတပ်ထားတဲ့ မောင့်စတိုင်(လ်)က အနောက်တိုင်းဆန်စွာ ကြည့်ကောင်းလွန်းနေ၏။

ပြောင်လက်နေသော ရှူးဖိနပ်ကလည်း မောင့်ရဲ့ထည်ဝါမှုကို ပို၍ခံ့ညားတည်ကြည်စေသည်။

မောင်သာ အိမ်ထောင်သည်တစ်ယောက်မဟုတ်ပါက ယောကျ်ားပီသသော မောင့်ရဲ့ရင်အုပ်ကျယ်ကျယ် ရင်ခွင်ကြီးထဲကို နှက်တိုးဝင်ကာ ရှိုက်ငင်ငိုကြွေးမိမည်ထင်သည်။

ခုတော့ ထိန်းသိမ်းရမယ့် စည်းတစ်ခုဖြင့် အနေစိမ်းစွာ အေးစက်စက်နှုတ်ဆက်ရတော့မည်လား။

မညီမညာ ကမူလေးသဖွယ်ဖြစ်နေတဲ့ မြက်ခင်းစိမ်းလေးပေါ် သူမ တရွေ့ရွေ့ လှမ်းတက်လိုက်သည်။

မောင့်ရဲ့ထိုင်ခုံရှေ့မှာ စားပွဲတစ်လုံးရှိလျက် မျက်နှာချင်းဆိုင်မှာ ထိုင်ခုံတစ်လုံးသာရှိသည်။

ထိုထိုင်ခုံတစ်လုံးက သူမ,ထိုင်ဖို့ ရည်ရွယ်ထားဟန်တူ၏။

ဟိုအရင်ကလို ပူးကပ်မှီနွဲ့စွာ မနေသင့်တော့၍ စားပွဲဝိုင်းတစ်ခုကို အလယ်က စည်းတစ်ခုအဖြစ် ခြားထားခဲ့တာဖြစ်မည်။



www.burmeseclassic.com

www.burmeseclassic.com



သတိထားဆင်ခြင်ရမှန်း နားလည်ပါတယ် မောင်ရယ်ဟု ရင်ထဲက တီးတိုးပြောနေမိသည်။

အသံထွက်မငိုမိအောင် တစ်ချက်ကျိတ်ရှိုက်လိုက်ရင်း ပါးပြင်လေးပေါ်က အလိုက်မသိကျဆင်းနေတဲ့ မျက်ရည်စီးကြောင်းလေးကို ကြမ်းတမ်းစွာ ဘယ်ညာပွတ်သုတ်လိုက်သည်။ ပြီးမှ အသက်ကို ဖြည်းဖြည်းမှန်မှန်ရှူ၍ ခြေလှမ်းတွေ ရှေ့တိုးရပ်လိုက်၏။

"မောင်"

"ဟင် သူ သူသူ ဟိုမှာထိုင်လေ"

အနားမှာရပ်ပြီး ခေါ်လိုက်တာကြောင့် ဒီဂရီ ထိတ်ထိတ်ပျာပျာဖြစ်သွားကာ ထိုင်ခုံကို လက်ညှိုးထိုးပြလိုက်ရသည်။ ညှိုးရော်နွမ်းလျနေသော မျက်နှာလေးက ဝင်းဝါနုဖပ်နေဆဲဖြစ်၏။ မဟူရာ နွဲ့ပျောင်းနေသော ဆံနွယ်တွေက စည်းနှောင်းထားခြင်းမရှိတာမို့ လေအဝှေ့မှာ ခပ်မြူးမြူးဝဲလွင့်နေသည်။

ရောင်စုံမိတ်ကပ်တွေ ခြယ်သလေ့မရှိတဲ့ ပါးပြင်လေးက သနပ်ခါးပါးပါးလေးတောင် တင်မထားတာမို့ ပူလောင်ခြင်းဝေဒနာရဲ့ သင်္ကေတများလား။

"မောင့်ကို မောင့်မိန်းမနဲ့အတူတူ တွေ့ရမယ်ထင်နေတာ"

"ဟင် ဩ မ မခေါ်လာခဲ့ဘူး၊ ကိုယ်တို့ အေးအေးဆေးဆေး စကားပြောရအောင်၊ ထိုင်လေသူသူ"





"ဒီနားမှာ ပတ်ဝန်းကျင်မရှိပါဘူး၊ အခေါ်အဝေါ်တွေ ပြောင်းထဲသွားတဲ့အထိ သူစိမ်းမဆန်ပါနဲ့မောင်၊ မောင့်အနားမှာရော ဒီအတိုင်း ချုပ်နေလို့ မရဘူးလား၊ စည်းတစ်ခုခြားနေပြီဆိုတာ ကျွန်မ နားလည်ပါတယ်"

"သူသူ ကိုလင်းမိုရ်နဲ့ လက်ထပ်ဖြစ်အောင် မောင်ပြန်လာတာပါ"

"ဟင်"

သူမမျက်နှာ ဖြတ်ရိုက်ခံလိုက်ရသလို လည်ထွက်သွား၏။ ခွဲခွာနေရတဲ့အချိန်တွေအတွက် ပထမဆုံးရင်ဖွင့်စကားက ငရဲမီးနှင့် ပက်ကာ နှုတ်ခွန်းဆက်လိုက်သလို ခံစားရသည်။

"မောင့်ရဲ့ အဓိကရည်ရွယ်ချက်က ဒါပဲလား"

"မောင်အိမ်ထောင်ကျသွားပြီ သူသူ၊ ကျန်တဲ့စကားတွေ ပြောဖို့မသင့်တော့ပါဘူး"

"ကျွန်မရင်ထဲက တင်းကျပ်နေတဲ့ ဝေဒနာတွေ ပေါက်ကွဲခွင့်မရဘဲ မောင့်စကားတစ်ခွန်းတည်းကို နာခံရတော့မှာလားမောင်၊ ကျွန်မမှာ မေးခွန်းတွေ အများကြီးရှိတယ်၊ အဲဒီမေးခွန်းတွေအတွက် မောင့်မှာလည်း အဖြေရှိနေရမယ်၊ ဒါမှ ကျွန်မ နာကျင်ခံစားခဲ့ရတာတွေ တရားမျှတမှာပေါ့မောင်"

ဘာမှမပြောပါနဲ့တော့လို့ ပိတ်ပင်တားဆီးပစ်လိုက်ချင်ပေမယ့်



www.burmeseclassic.com

www.burmeseclassic.com



အသက်တောင် ပြင်းပြင်းမရှူရဲဘွာ လိုက်မောလို့နေသည်။ သူသူ့မျက်နှာလေးကို မော့မကြည့်မိအောင် ကြိုးစားရင်း ရင်တစ်ခုလုံး ဆူဝေပြင်းထန်နေ၏။

"အတိတ်ကို မတူးဆွရင် ဝေဒနာတွေ သက်သာသွားပါလိမ့်မယ်၊ မောင်မှားခဲ့တယ်၊ မောင့်မှာ အပြစ်ရှိတယ်၊ အဲဒီအတွက် သူသူ့ကို မောင် တောင်းပန်ပါတယ်၊ မောင့်ကို ခွင့်လွှတ်နားလည်ပေးပါလို့ မောင် မတောင်းဆိုရက်ပါဘူး၊ ဒါပေမဲ့ သူသူ့မျက်နှာကို မောင့်မျက်နှာချင်းဆိုင်ကြည့်ပံ့အောင် သူသူ ကိုလင်းမိုရ်နဲ့ လက်ထပ်လိုက်ပါ"

"သူသူလက်ထပ်တာ,မထပ်တာက မောင့်အတွက် အရေးကြီးနေသလား၊ သူသူ့အတွက်တော့ မောင် အိမ်ထောင်ကျခြင်း,မကျခြင်းက အဓိကမဟုတ်ဘူးမောင်၊ မောင် ဘယ်လိုပဲဖြစ်နေနေ, မိန်းမဘယ်နှယောက်ပဲရရ, သူသူ မောင့်ကို မုန်းမေ့သွားမှာ, နာကြည်းသွားမှာမဟုတ်ဘူး၊ နောက်တစ်ယောက်ကို ပြောင်းချစ်ဖို့ လက်ထပ်ဖို့ဘယ်တော့မှ ဖြစ်လာမှာမဟုတ်ဘူး"

"သူသူ ဒါ ဒါဆိုရင် မောင့်စကားကို နားထောင်ဖို့ မောင့်ကိုတွေ့ချင်တယ်လို့ ဘာလို့ ကောင်းထိုက်တို့ကို ပြောခိုင်းရတာလဲ"

"ကျွန်မ မောင့်ကို တွေ့ချင်လို့ပေါ့၊ ရင်ဖွင့်ချင်လို့မောင်ရယ်၊ မောင်နဲ့ကျွန်မက တစ်ယောက်နဲ့တစ်ယောက် လေးစားတန်ဖိုးထားပြီး ချစ်ခဲ့ကြတာလေ၊ မြတ်နိုးစွဲလမ်းမှုတွေနဲ့ တစ်သက်စာရည်ရွယ်ပြီး





မိသားစုဘဝလေးထိ ရည်ရွယ်ပြီး ချစ်ခဲ့တာလေ၊ အဲဒါတွေကြောင့် ကျွန်မကို ထားခဲ့ပြီး မောင် နိုင်ငံခြားကို ထွက်သွားခဲ့တာ မဟုတ်ဘူးလား၊ ဒီအိမ် ဒီခြံလေးကို ပိုင်ဆိုင်ပြီးမှ ဂြိုဟ်ဆိုးတစ်ခု ဝင်မွှေတာကို ခံလိုက်ရတာ၊ ဒါပေမဲ့ အဲဒီအပြစ်တွေကို မောင် စိတ်ပါလက်ပါ ကျူးလွန်ခဲ့တာမှ မဟုတ်တာ၊ မောင်မတောင်းပန်ခင်ကတည်းက ကျွန်မ ခွင့်လွှတ်နားလည်နေခဲ့တယ်၊ မောင့်ကို ပိုင်ဆိုင်ခွင့်မရလည်း ကျွန်မ ဒီအတိုင်းနေချင်လို့ မဖြစ်ဘူးလား မောင်ရဲ့၊ ပြောစမ်းပါ၊ မဖြစ်ဘူးလား"

"မဖြစ်ဘူး"

ခေါင်းကြီးငုံ့ကာ အံကြိတ်အော်ပစ်လိုက်တဲ့သူ့အသံက တုန်ယင်အက်ရှနေသည်။ တစ်ခါမှ လေသံမာမာမအော်ဖူးတာမို့ ယုဉ်ပုံ့သူ အံ့ဩမှင်တက်၍ ရီဝေမှေးစင်းစွာ သူ့ကိုကြည့်နေ၏။ သူကတော့ ကိုင်နေလျက်မှ တုတ်တုတ်မှုမလှုပ်ရဲစွာ အသားတွေ တဆတ်ဆတ်တုန်နေသည်။

"ဘာမှမပြောနဲ့၊ ဘာမှမပြောပါနဲ့တော့ သူသူ၊ မောင် မင်းကို အမြင့်ဆုံးမှာ ထားချင်ခဲ့တာပါ သူသူ၊ အဲဒီရည်ရွယ်ချက်တွေနဲ့ မောင် ကြိုးစားခဲ့တာလည်း အမှန်ပါပဲ၊ ဒါပေမဲ့ ကံကြမ္မာက မောင်တို့ဖြစ်ချင်သလို ဖြစ်ခွင့်မပေးခဲ့တာ၊ မောင် ဘာတတ်နိုင်မှာလဲ၊ အခုဖြစ်ပျက်နေတဲ့အခြေအနေတစ်ခုကိုပဲ မောင်တို့ လက်ခံလိုက်ကြရအောင်



www.burmeseclassic.com

www.burmeseclassic.com



သူသူ၊ မောင် ရှင်းရှင်းပဲပြောမယ်၊ မောင်နဲ့တွေ့ပြီး မောင့်စကား [illegible] နားထောင်မယ်ဆိုလို့ မြန်မာပြည်ကို မောင် ပြန်လာခဲ့တာ၊ မင်း [illegible] ကိုလင်းမိုရ်နဲ့ လက်မထပ်ဖြစ်ဘူးဆိုရင် အားလုံးနဲ့ဝေးရာကို မောင် [illegible] ပြန်ပြေးရမှာပေါ့''

''မောင်''

''မင်းအတွက် ရည်ရွယ်ခဲ့တဲ့ ဒီအိမ်လေးကို မင်းကိုလက် [illegible] အဖြစ် ပေးလိုက်ချင်တယ်၊ မင်းလက်ခံပေးပါ''

''ကျွန်မ ခံစားနေရတာတွေက အဲဒီအိမ်ကိုရလိုက်တာ [illegible] ကျေသွားပြီလို့ ထင်နေတာလား၊ မောင်နဲ့ဆုံစည်းခွင့်မရှိတော့ဘူး [illegible] ရင် အဲဒီအိမ်ကို ကျွန်မက ဘာလုပ်ရမှာလဲ၊ မောင်ကလွဲပြီး ကျွန် [illegible] ဘာကိုမှ မမက်မောတာ မောင်သိပါတယ်၊ ဒါပေမဲ့ ဒီအိမ်ကို မယူ [illegible] ကလွဲရင် မောင့်စကားကို ကျွန်မ မဆန့်ကျင်ပါဘူး၊ မောင်အဖြ [illegible] သလို ကျွန်မကို အပြစ်ရှိစေချင်တယ်ဆိုရင် ချစ်တယ်ဆိုတဲ့စကား [illegible] တစ်ခွန်းတော့ ပြောခဲ့ပေးပါမောင်''

''သူသူ''

''ကျွန်မတို့ အချစ်တွေနဲ့ ဝေးကွာခဲ့ကြဖူးတယ်၊ အခုလည်း [illegible] အမုန်းတွေနဲ့ လမ်းခွဲကြတာမှမဟုတ်တာ၊ ချစ်တယ်ဆိုတဲ့စကား [illegible] ခွန်းနဲ့ နှုတ်မဆက်သင့်ဘူးလား၊ ကျွန်မကို ရင်ခွင်မှာ ခဏဖြစ်ပြီ [illegible] ထွေးပွေ့ပြီးတော့ ပြောပေးပါမောင်''





သူသူက ရင်ခွင့်မှာ ခိုဝင်ဖို့ လက်ကမ်းနေ၏။ သံယောဇဉ် လက်ကျန်တွေ မကျန်ရစ်ခဲ့ချင်တာကြောင့် ဒီလိုနည်းနှင့် မနှုတ်ဆက်ချင်ပါ။

မတုန်မလှုပ်ဖြစ်နေတဲ့ သူ့ပခုံးပေါ် သူမ လက်တစ်ဖက် ခပ်တင်းတင်းဆုပ်ညှစ်လာ၏။ ထိတွေ့မှုက ဟိုအရင်က ရင်ခုန်မှုအတိုင်း အသည်းနှလုံးတွေကို ဖျပ်ဖျပ်ခါပူနွေးလှုပ်ရှားစေသည်။

ဒါပေမဲ့ တုံ့ပြန်ဖို့ သူ့မှာ အင်အားမရှိပါ။ မျက်နှာလေး တင်းမာနီရဲနေသော သူသူက စိတ်မရှည်စွာ သူ့ပခုံးနှစ်ဖက်ကို ခပ်ကြမ်းကြမ်း ဆုပ်ကိုင်၍ သူမဘက်ကို ဆွဲလှည့်ပစ်လိုက်၏။

''မောင် ဘာကြောင့် ကျွန်မအပေါ် သွေးအေးသွားရတာလဲ၊ အနုနည်းနဲ့ ရက်စက်နေရတာလဲ၊ ကျွန်မ ဖောက်ပြန်ချင်တဲ့စိတ်နဲ့ မောင့်ဆီက တောင်းဆိုနေတာ မဟုတ်ပါဘူး၊ မောင့်ဘဝကို ပြန်လိုချင်လို့ မြူဆွယ်ဖြားယောင်းနေတာ မဟုတ်ပါဘူး၊ မောင် ကျွန်မကို အထင်သေးနေတာလား၊ အိမ်ထောင်ကျပြီးသား ယောကျ်ားတစ်ယောက်ကို အရှက်မရှိတွယ်တာနေတယ်လို့ မောင်ယူဆနေတာလား၊ ပြောစမ်းပါ၊ ပြောစမ်းပါမောင်ရဲ့''

''ဝုန်း ဝုန်း''

''အား''

''အံမယ်လေး မောင် မောင်''



www.burmeseclassic.com

www.burmeseclassic.com



သူမ မျက်လုံးကို စုံမှိတ်ချလိုက်ရ၏။ ငယ်သံပါအောင် အော်ပြီး ပြိုလဲသွားတဲ့ မောင့်အသံကို မကြားရက်စွာ နားကိုလည်း ပိတ်ထားလိုက်မိသည်။

ဘာဖြစ်သွားတာလဲ။ မောင် ဘာဖြစ်သွားတာလဲ။

သူမ အမှတ်မထင် မောင့်ပခုံးနှစ်ဖက်ကို ခပ်တင်းတင်းဆုပ်ကိုင်ယမ်းခါပြီး ဆောင့်တွန်းမိတာနှင့် ထိုင်ခုံရော လူရော ရုပ်ပျက်ဆပျက်ပြိုလဲသွားရောလား။

အမှတ်တမဲ့ ဟန်ချက်မထိန်းနိုင်ဖြစ်သွားခဲ့တာဆိုရင် မြန်မြန်ပြန်ထပြီး ငယ်သံပါအောင် ညည်းညူမနေသင့်။

ခုတော့ မောင် ဘယ်လိုဖြစ်သွားတာလဲ။ မျက်လုံးဖွင့်ကြည့်ဖို့ လိုအပ်ပြီ။

✿ ✿ ✿



## အခန်း (၃၀)

"ဟာ ဒီဂရီ၊ သူငယ်ချင်း၊ ဒီဂရီ"

"ဟဲ့ ဟဲ့ လုပ်ပါဦး ကောင်းထိုက်ရဲ့၊ ချိုင်းထောက်၊ ဒီဂရီ့ချိုင်းထောက်"

အကွယ်တစ်နေရာက ပြေးထွက်လာပြီး ကောင်းထိုက်နှင့် နေခြည် ပျာယာခတ်သွားကြသည်။ ကောင်းထိုက်က ဒီဂရီ့ကို ပွေ့ထူရင်း နေခြည်က ဒီဂရီ့လက်ထဲကို သူမ,ကိုင်လာတဲ့ စတီး(လ်) ချိုင်းထောက်လေး ထည့်ပေး၏။

"ဘုရား ဘုရား၊ မောင် မောင်ဘာဖြစ်တာလဲ"

စုံဖွင့်ကြည့်လိုက်မိတဲ့ မျက်ဝန်းထဲမှာ အရာရာ အရုပ်ဆိုးအကျည်းတန်နေသည်။ ဘယ်သူ့ကိုမှ ဘာမှမပေးနိုင်ဘဲ မောင့်ရှေ့



www.burmeseclassic.com

www.burmeseclassic.com



ဒူးထောက်ထိုင်ချလိုက်ကာ စတိုင်(လ်)ပန် ဘောင်းဘီကို ဆွဲလှန်ပစ်လိုက်၏။

မောင့်ခြေထောက်တစ်ဖက်က ဒူးအထက်ထိ ခြေတုန်း ဒါ ဘာကြောင့်လဲ။ ဘာဖြစ်တာလဲ။

ဘယ်အချိန်တုန်းကတည်းက –

“မောင်”

သူမ အကျယ်ကြီးအော်ပစ်လိုက်မိပေမယ့် အသံက လည် ချောင်းထဲမှာပင် တစ်ဆို့လျက် အပြင်ကို ထွက်မလာပါ။ အသီးအထ မဲ့ ပြိုဆင်းလာတဲ့ မျက်ရည်တွေကြားက မှုန်ဝါးစွာ မောင့်မျက်နှာလေး ကို စူးစူးနစ်နစ်ကြည့်မိသည်။

“မောင်”

ချိုင်းထောက်ကို အားပြုရပ်နေတဲ့ မောင့်ကိုယ်ခန္ဓာကြီး သိမ်းကျုံးဖက်တွယ်ပစ်လိုက်ကာ အားရပါးရငိုကြွေးပစ်လိုက်သည်။ ကောင်းထိုက်နှင့်နေခြည်ကလည်း သူမတို့နှစ်ယောက်ကို ဖက်တွယ်ကာ ငိုနေကြ၏။

သူငယ်ချင်းလေးယောက်လုံးရဲ့မျက်ရည်တွေက အ အတန်ကြာသည်အထိ မခန်းခြောက်။

ဒီဂရီက အသံမထွက်နိုင်စွာ ကျိတ်ကျိတ်ရှိုက်သည်။

“နင် နင်တို့ မောင် ဒီလိုဖြစ်နေတာကို သိနေကြတယ်





သိနေတယ်ပေါ့၊ ဘာလို့ ငါ့ကို မပြောတာလဲ၊ မပြောကြတာလဲ”

သူမ ဗလုံးဗထွေးအော်ဟစ်ငိုယိုရင်း မေးမိသည်။ ကောင်းထိုက်က ထိုင်ခုံလေးကို ပြန်ထောင်ပြီး မောင့်ကိုတွဲ၍ ထိုင်စေလိုက် နေခြည်က သူမကို ခုံတစ်လုံးမှာ မောင်နှင့်နီးကပ်စွာ ထိုင်ခိုင်းသည်။

“စိတ်ကို ငြိမ်ငြိမ်ထားပါဟာ၊ ငါတို့ပြောပြမယ်၊ နင် အပြစ်တင်ရင်လည်း ငါတို့ခံမယ်၊ ဒီအကြောင်းတွေကို ဒီဂရီက နင့်ကို မသိစေချင်ခဲ့တာ”

“ဘာလို့မသိစေချင်တာလဲ၊ စိတ်တူကိုယ်တူချစ်ခဲ့ကြတာ၊ ဒုက္ခတွေကိုလည်း မျှဝေခံစားရမှာပေါ့၊ မောင် မောင် ဒီ ဒီခြေထောက် ဒီလိုကြီးဖြစ်တာ ဘယ်လောက်ကြာပြီလဲ၊ ဘယ်တုန်းက စဖြစ်တာလဲ”

သူမ ယူကျုံးမရစွာ ဒူးထောက်ထိုင်ချပြီး ခြေတုတပ်ထားတဲ့ မောင့်ခြေထောက်ကို ဖွဖွလေးတွေးဖက်ကာ မေးမိပြန်သည်။

နေခြည်က ဖွတ်အတင်း ထိုင်ခုံမှာ ပြန်ဆွဲထိုင်ခိုင်း၏။

“သူသူ နင် ဘယ်လိုခံစားနေရမယ်ဆိုတာ ငါတို့အားလုံး နားလည်ပါတယ်၊ မငိုပါနဲ့၊ မခံစားပါနဲ့လို့ ငါတို့ မတားဆီးရက်ပါဘူး၊ ဒါပေမဲ့ နင် အဲလိုကြီးဖြစ်နေရင် ဒီဂရီ ပိုပြီးနာကျင်ရလိမ့်မယ်”

“ဟုတ်တယ် သူသူ၊ ဒီဂရီ့ခြေထောက်က ကားအက်ဆီးဒင့်ဖြစ်တာ၊ ဒီအိမ်ဝယ်ပြီး သူ့အလုပ်တစ်ခု ထပ်လုပ်မယ်လို့ ငါပြောခဲ့

www.burmeseclassic.com



တယ် မဟုတ်လား။ ပထမနှစ်ပတ်လောက်မှာပဲ ငါစိုက်ထားတဲ့ငွေ
လှမ်းလွှဲနိုင်တယ်လေ၊ နေ့ဘက်မှာ သူ့အစ်ကိုလုပ်တဲ့ အီလက်ထ
နစ်ကုမ္ပဏီမှာလုပ်တယ်၊ ညဘက်မှာ မအိပ်မနေ တက္ကစီဆွဲတာ
နင့်ဆီကို မြန်မြန်ပြန်လာချင်လို့ ဒီကောင် ကြိုးစားပမ်းစား ငွေရှာ
တာ''

''အဲ အဲဒါနဲ့ ကားအက်ဆီးဒင့်ဖြစ်ပြီး ဒီလိုကြီး''

''ဟုတ်တယ်၊ ဒီဂရီဆီက ဖုန်းမလာလို့ နင်ငိုနေတဲ့အချိန်
က ဒီကောင် ဆေးရုံပေါ်မှာ၊ အသိကျန်တစ်ယောက်တည်းပေါ့
ဒီအကြောင်းတွေကို အစက ငါတို့ကိုလည်း ပြောပြခဲ့တာမဟုတ်ပါ
အန်တီမြ ပဲခူးကို ဖုန်းနံပါတ်သွားတောင်းတော့ ရလာခဲ့တယ်၊ နင်
တော့ မရခဲ့ဘူးလို့ အန်တီမြ ညာခဲ့တယ်လေ''

''သူသူရယ် အန်တီမြကလည်း လူကြီးဖြစ်ပြီး နင့်ကို ည
ချင်လို့ ညာခဲ့တာမဟုတ်ပါဘူး၊ မပြောရက်လွန်းလို့ပါ''

''ဖေ ဖေဖေနဲ့မေမေရော အဲဒီအချိန်ကတည်းက သိ
တယ်ပေါ့''

နေခြည်က အသာအယာခေါင်းညိတ်ပြပြီး ယုဉ်ဝံ့သူလ
ဝါးလေးကို နှစ်သိမ့်သလို ဆုပ်ညှစ်ကိုင်ထား၏။

''နင် စာသင်သွားတဲ့အချိန်တွေမှာ ငါတို့တွေ ဒီဂရီနဲ့
ဆက်စကားပြောကြတယ်၊ သူက နင်မသိအောင် နေပေးဖို့





တောင်းတယ်၊ သူနဲ့က ဘယ်လိုမှ မဖြစ်နိုင်တော့တာနဲ့ ကိုလင်းမိုရ်နဲ့
လက်ထပ်ဖို့လည်း အားလုံးကို တိုက်တွန်းခိုင်းတယ်၊ အဲဒီအချိန်တွေ
တုန်းက နင့်ထက် ငါတို့တွေက ပိုပြီး နာကျင်ထိခိုက်နေခဲ့ကြပါတယ်
ဟာ၊ ဒီလိုဝေဒနာကြီးဖြစ်နေတာတောင် နင့်ကိုငဲ့ညှာပြီး ဘယ်သူ့
ပြုစုယုယမှုမှ မခံရဘဲ ဒီဂရီ တစ်ယောက်တည်းနေခဲ့တာ''

''သူ့အစ်ကိုကလည်း ဆေးရုံမှာ အချိန်ပြည့်ပြုစုနိုင်တာ
မဟုတ်ဘူး၊ ဒူးအထက်ထိ ဖြတ်လိုက်ရတဲ့ဝေဒနာနဲ့ မိသားစုမရှိတဲ့
သူများနိုင်ငံမှာ ဒီဂရီ ဘယ်လောက်တောင် အထီးကျန်အားငယ်လိုက်
မလဲ၊ ဒါကိုတောင် နင့်အတွက်ပဲ သူ စဉ်းစားနေခဲ့တယ်၊ နင်ကလည်း
အများရဲ့ဆန္ဒတွေကို ဆန့်ကျင်ပြီး ဒီဂရီ့ကိုပဲ မျှော်လင့်နေခဲ့တယ်၊
နင်တို့နှစ်ယောက်အတွက် ငါ ငါတို့ ဘာတွေလုပ်ပေးရမှန်းမသိတော့
ပါဘူးဟာ''

မောင့်ကို တမြည့်မြည့် ငေးကြည့်ရင်း ကောင်းထိုက်နှင့်နေ
ခြည် ပြောနေတဲ့စကားတွေကို နားထောင်နေရတာ ရင်ထဲမှာ မချိမဆံ့
တင်းကျပ်ဆို့နင့်လျက် လှိုက်မောပူလောင်နေပါသည်။

မောင့်ကို သနားနေမိသောစိတ်က ရင်ခွင်မှာ ပွေ့ပိုက်ပြီး
မနားတမ်း ငိုကြွေးနေလိုက်ချင်သည်။

ခေါင်းကြီးငုံ့ပြီး ကျိတ်ခံစားနေတဲ့မောင်က သူမကို မော့
တောင်မကြည့်။

www.burmeseclassic.com

www.burmeseclassic.com



"မောင် မောင် အဲလိုဖြစ်နေတာကို ဘာကြောင့် ကျွန်မကို ကိုလင်းမိုရ်နဲ့ လက်ထပ်စေချင်ရတာလဲ၊ မောင် ဒီလိုဖြစ်သွားတာ ကျွန်မနဲ့လည်း သက်ဆိုင်တယ်လေ၊ ကျွန်မ မောင့်ကို ပြုစုမှာပေါ့၊ ကြင်နာယုယမှာပေါ့၊ မောင့်ခြေထောက်တစ်ဖက်ဖြတ်လိုက်ရလို့ ခုကို့ တဖြစ်သွားလည်း ကျွန်မတို့ရည်ရွယ်ချက်တွေ ပျက်စီးသွားစရာ အကြောင်းမှမရှိတာ"

"ဒီကိစ္စတစ်ခုတည်းဆိုရင်တော့ ဟုတ်တာပေါ့ သူသူ၊ ဒါပေမဲ့ မောင်က တကယ်အိမ်ထောင်ကျ"

"တော် တော်တော့ မပြောပါနဲ့တော့ မောင်ရယ်၊ ဘယ်သူတွေ ဘာပြောပြော မောင် ဘာကြီးဖြစ်နေနေ ကျွန်မစိတ်တွေ ပြောင်းလဲသွားမှာမဟုတ်ဘူး မောင်၊ မောင် အိမ်ထောင်ကျတာ လိမ်ညာပြောနေတာပဲဖြစ်ဖြစ်, ကျွန်မစိတ်တွေကို ယိမ်းယိုင်တွေဝေသွားအောင် မစွမ်းဆောင်နိုင်ပါဘူး။ ကျွန်မ မောင့်ကိုချစ်တယ်"

"သူသူ"

မောင်က ချိုင်းထောက်လေးကို အားပြုရပ်၍ ဆောင့်ခဲ့အောက်၏၊ မျက်ဝန်းမှာ ပြည့်လျှံကျလုနီးနီး မျက်ရည်များဖြင့် အသံတွေလည်း တုန်ပြာနေသည်။

"မင်း ဒီအတိုင်းနေမှာစိုးလို့ မောင် ဆုံးဖြတ်ပြီးမှ ဒီကိုရောက်လာတာပါ၊ မင်း ခေါင်းမာနေမယ်ဆိုရင် ဟိုမှာ မောင်တစ်ယောက်





တည်း ဘယ်လိုပဲနေရနေရ မောင်ပြန်မယ်"

"ဘာဖြစ်လို့လဲ မောင်ရယ်၊ ဘာလို့ပြန်ရမှာလဲ၊ ဒီမှာ မောင့်အမေနဲ့ညီမလေးရှိတယ်၊ ကျွန်မရှိတယ်၊ သူငယ်ချင်းတွေရှိတယ်၊ မောင် အားမငယ်အောင် အကုန်လုံး အနီးကပ်စောင့်ရှောက်ကြမှာပါ၊ နိုင်ငံခြားကိုပြန်ပြီး မောင်တစ်ယောက်တည်း ဟိုမှာဘာလုပ်နေမှာလဲ"

"အဲဒါ မောင်ကျင်လည်ခဲ့တဲ့ ဘဝတစ်ခုပဲ၊ မောင်အားမငယ်ဘူး သူသူ၊ မင်းကိုသာ မောင်က အမြင့်ဆုံးမှာ မြင်ချင်တာ၊ အဆင့်အတန်းရှိရှိ ထားချင်တာ၊ ဟောဒီလိုအိမ်မျိုးမှာ မိသားစုတွေ ပျော်ပျော်ရွှင်ရွှင် သိုက်သိုက်ဝန်းဝန်းနဲ့ နေစေချင်တာ"

"အခု မောင်နဲ့ရော နေလို့မရဘူးလား။ မောင့်ကိုပြုစုယုယရင်းနဲ့ သားသမီးတာဝန်ဝတ္တရားတွေကိုလည်း ကျွန်မ ထမ်းနိုင်ပါတယ်"

"မရလို့ပေါ့၊ မဖြစ်နိုင်လို့ပေါ့၊ မောင်မျှော်လင့်ထားတာတွေ ဘာမှဖြစ်မလာနိုင်တော့လို့ပေါ့ သူသူရယ်"

မောင်က ယောကျ်ားတန်မဲ့ အသံထွက်၍ အီးခနဲ အော်ငိုလိုက်ကာ ချိုင်းထောက်လေးကို တင်းနေအောင် ဆုပ်ကိုင်ထားရင်း တစ်ကိုယ်လုံး ဆတ်ဆတ်တုန်နေသည်။

မောင် ဘာအတွက် ဒီလောက်ထိ ဝမ်းနည်းသွားရတာလဲ။

ကောင်းထိုက်က မျက်ရည်ကျရင်း မောင့်ပခုံးလေးကို ဆုပ်ဖက်ကာ နှစ်သိမ့်သည်။ နေခြည်က သူမကို ဖက်တွယ်၍ ရှိုက်ငို၏။



www.burmeseclassic.com

www.burmeseclassic.com



"ဒီ ဒီဂရီ အဲဒီကားအက်ဆီးဒင့်ဖြစ်လို့ရလာတဲ့ ထိခိုက်ဒဏ်ရာတွေကြောင့် သား သားသမီး မရနိုင်တော့ဘူး သူသူရယ်"

"ဘာ ဘာပြောတယ်"

"အိပ်မက်တွေ, စိတ်ကူးယဉ်ထားတာတွေ, မျှော်လင့်ချက်တွေအားလုံး ဘာတစ်ခုမှ ဖြစ်မလာနိုင်တော့လို့ သူ ယူကျုံးမရခံစားနေရတာပါ"

"မောင် မောင်ရယ် မောင့်ကို သနားလိုက်တာ၊ ကျွန်မ ဘာလုပ်ရမလဲ၊ ကျွန်မ မောင့်ကို ဘယ်လိုပြန်ပေးဆပ်ရမလဲ၊ အံ့မယ်လေး ရက်စက်လိုက်တာ၊ ကံကြမ္မာကြီးက ရက်စက်လိုက်တာ"

သူမ ဘယ်လိုမှ အောင့်အီးထိန်းချုပ်မထားနိုင်ပါ။ မောင့်ကိုယ်ကြီးကို ဖက်တွယ်၍ အားရပါးရငိုရှိုက်ပစ်လိုက်သည်။

မောင်က သူမဆံနွယ်လေးတွေကို ဖွဖွလေး သပ်တင်၍ လက်တစ်ဖက်နှင့်ထိန်းပွေ့ထား၏။

"မောင်က ပွဲလည်မတင့်တယ်တော့တဲ့ ဒုက္ခိတပါ၊ သူသူ့ကို အိမ်ထောင်ရေးသုခ, မိသားစုဘဝ, ဘာတစ်ခုမှ ပျော်ရွှင်အောင် ဖန်တီးမပေးနိုင်တော့ဘူး၊ မောင့်ကိုချစ်တယ်ဆိုရင် မောင်ဖြစ်ချင်တာလေးတွေ, မောင့်ဆန္ဒတွေကို လိုက်လျောဖြည့်ဆည်းပေးပါ"

"မောင်ရယ် မောင်မဟုတ်တဲ့ တခြားယောကျာ်းတစ်ယောက်ကို ကျွန်မ ဘယ်လိုလုပ်လက်ထပ်ရမှာလဲ၊ မောင့်သွေးသားမဟုတ်တဲ့



တခြားလူနဲ့ရတဲ့ ရင်သွေးတွေနဲ့ ကျွန်မ ဘယ်လိုလုပ်ပျော်ရွှင်အောင်နေရမလဲ၊ ဒုက္ခိတဘဝနဲ့ မောင့်ကို ဥပေက္ခာပြုပြီး မိသားစုဘဝတစ်ခုကို တည်ဆောက်ရက်ပါ့မလား မောင်ရယ်"

"ဒါတွေက အချိန်က ဆုံးဖြတ်ထိန်းချုပ်ပေးသွားပါလိမ့်မယ်၊ မောင် ဖန်တီးမပေးနိုင်တော့တဲ့ သူသူရဲ့တခြားမိသားစုဘဝလေးကို ကြည့်ပြီး ပျော်ရွှင်ကြည်နူးမှုတွေကို မောင် မျှဝေခံစားချင်ပါတယ်၊ ဖြစ်မလာနိုင်ဘူးဆိုရင် အဖေးကျုန်ဖေးမမယ့်သူ မရှိတဲ့ဘဝမှာ မောင်ပြန်နေမယ်၊ သူသူ စဉ်းစားချင်သေးတယ်ဆိုရင် မောင်တို့ နောက်မှပြန်ဆုံမယ်"

"ဟင့်အင်း၊ ကျွန်မ မောင့်ကို ဥပေက္ခာမပြုနိုင်ဘူး၊ မျက်နှာလွှဲခဲပစ် မထားခဲ့နိုင်ဘူး၊ သားသမီးမရနိုင်လည်း မောင့်ကို ပိုပြီးပြုစုယုယလို့ရတာပေါ့၊ ကျွန်မတို့ လက်ထပ်ရအောင်၊ လက်ထပ်ရအောင်ပါမောင်ရယ်"

မောင့်မျက်နှာကို အငမ်းမရလိုက်ငေးကြည့်ရင်း ပြောနေမိပေမယ့် အေးစက်တင်းမာနေသော မောင့်မျက်နှာက ချာခနဲ တစ်ဖက်လှည့်သွားခဲ့သည်။

"မောင်ဆုံးဖြတ်ပြီးရင် ဘာအကြောင်းပြချက်နဲ့မှ မပြင်တော့တာ, နောက်မဆုတ်တတ်တာ သူသူ သိပါတယ်၊ မောင့်လို ဒုက္ခိတတစ်ယောက်ရဲ့စကားကို အလေးအနက်မထားတော့ဘူးဆိုရင်လည်း

www.burmeseclassic.com



မောင့်ဘက်က လုပ်သင့်တာ လုပ်သွားမှာပါပဲ၊ နေခြည် သူ့သူ့ကို ပြန်ပို့လိုက်ပါ''

မောင်က ပြောစရာစကားမရှိတော့သလို မျက်နှာလွှဲ၏။ နေခြည်က သူမ,လက်ကလေးကို လာဆွဲသည်။

''ဒီဂရီ့စိတ်ကို ငါတို့ နားလည်တာထက် နင်က ပိုပြီးနားလည်မှာပါ၊ အခု ငါပြန်လိုက်ပို့မယ်နော်၊ သေွးအေးအေးနဲ့ စဉ်းစားဆုံးဖြတ်ပြီးမှ ပြန်တွေ့ကြပေါ့''

သူမ မောင့်ကို နှုတ်ဆက်ဖို့ အင်အားမရှိပါ။

နေခြည်ဆွဲခေါ်ရာ လိုက်ပါလာရင်း သည်းသည်းထန်ထန် ငိုမိသည်။ နေခြည့်ကားလေးပေါ် လိုက်ပါသွားရတဲ့ သူမကို မျက်မှန်အမည်းကြီးအောက်က မောင့်မျက်ဝန်းတွေ၊ မျက်စိတစ်ဆုံးငေးကြည့်နေလား။ မျက်ဝန်းတွေကို စုံမှိတ်ချပြီး မောင် မျက်ရည်တွေ ကျနေလား သူမ မခန့်မှန်းတတ်ပါ။

အသေချာဆုံးက သူမထက် ပိုပြီး မောင် နာကျင်ခံစားနေရမည်ဆိုတာပါပဲ။

✿ ✿ ✿

## အခန်း (၃၁)

''ကယ်ပါဦး၊ ငါ့ကိုကယ်ပါဦး နေခြည်ရယ်၊ ငါ ဘယ်လိုလုပ်ရမလဲ၊ ဘယ်လိုဆုံးဖြတ်ရတော့မလဲ''

နေခြည့်ကို ဖက်တွယ်ကာ သူသူ သွေးရူးသွေးတန်း အော်နေသည်မို့ လမ်းဘေးကို ကားထိုးရပ်လိုက်ရသည်။ ကလေးငယ်တစ်ယောက်လို ရင်ခွင်မှာ တိုးဝင်လာသည့် သူ့သူ့ကို ဖျောင်းဖျနားချဖို့ နေခြည် တော်တော်နှင့် စကားစရှာမရအောင် ဆို့နင့်နေ၏။

''နင့်ကို အားပေးချင်ပေမယ့် ဒုက္ခိတတစ်ယောက်ရဲ့စကားကိုလည်း ပစ်ပယ်လို့မရဘူး၊ ငါတို့တွေလည်း နင်တို့နှစ်ယောက်အတွက် ရင်တွေနာနေရပါပြီ၊ ဘယ်လိုလုပ်ပေးရင် အဆင်ပြေနိုင်မလဲ မတွေးနိုင်အောင် ဒီဂရီ့ဆန္ဒက အဓိကဖြစ်နေတယ်''

www.burmeseclassic.com

www.burmeseclassic.com



"မောင် ရက်စက်တယ်၊ ရက်စက်လွန်းတယ် နေခြည်ရယ်"

"သူလုပ်ခဲ့သမျှတွေက နင့်အတွက်ချည်းပါပဲ"

"အဲဒါကြောင့် ပြောတာပေါ့၊ မောင်က သူဖြစ်ချင်တဲ့ဆန္ဒတွေကိုပဲ ဦးစားပေးနေတယ်၊ ငါ ဘယ်လိုခံစားရမလဲ, နာကျင်ရမလဲ ကိုယ်ချင်းစာပေးဖို့ကောင်းတယ်၊ ငါပြန်လုပ်ပေးချင်တာတွေကိုလည်း လက်ခံသင့်တယ် မဟုတ်လား၊ ခုတော့ သူကချည်း တစ်ဖက်သတ် ပေးဆပ်နေတာ၊ ငါ ဘယ်လိုနှလုံးသားနဲ့ လက်ခံပေးရမလဲဟယ်"

"ဒါဆိုရင် ကူညီဖေးမမယ့်သူ မရှိ, ဂရုစိုက်ပြုစုမယ့်သူမရှိတဲ့ နိုင်ငံခြားကို သူပြန်ထွက်သွားမယ်ဆိုရင်ရော နင်လက်ခံနိုင်သလား"

သူမ ခေါင်းတွင်တွင်ယမ်းကာ ဖျပ်ဖျပ်ခါသွားသည်။

"ဟင့်အင်း၊ မဖြစ်ရဘူး၊ မောင့်ကို အဲလိုလည်း မဖြစ်စေချင်ပါဘူး"

"ဒီဂရီက စဉ်းစားဆုံးဖြတ်ပြီးသွားပြီ၊ နင်ရွေးချယ်ရတော့မှာ သူ့သူ၊ ဒီဂရီက စိတ်မာတယ်၊ ဆုံးဖြတ်ပြီးရင် ပြင်မှာမဟုတ်တော့ဘူး၊ သူ့ရဲ့အားနည်းချက်တွေနဲ့ နင့်ကို ဘယ်လိုနည်းနဲ့မှ ပိုင်ဆိုင်ဖို့ ကြိုးစားမှာလည်း မဟုတ်တော့ဘူး"

သူမ အင့်ခနဲ ရှိုက်လိုက်မိပြန်၏။ ငိုရုံမှလွဲ၍ ဘာမှမတတ်နိုင်တော့တဲ့အဖြစ်။

ပိုင်ဆိုင်ခွင့်လည်းမရှိ၊ စွန့်လွှတ်ရရင်လည်း နောင်တတွေနှင့်





ရင်နာနေရဦးမည်။

သူမ ဘယ်လမ်းကိုရွေးချယ်ရမလဲ။

"ငါ့ကို မောင့်အမေအိမ် လိုက်ပို့ပါ နေခြည်"

နေခြည်က သူမကို တစ်ချက်လှည့်ကြည့်ပြီး သက်ပြင်းချ၍ ကားကို မောင်းထွက်လိုက်သည်။

သူမအမြင်အာရုံမှာ ချိုင်းထောက်လေးကို အားပြုပြီး ဒုက္ခိတဘဝရောက်သွားတဲ့ မောင့်ပုံရိပ်တွေကိုသာ မြင်ယောင်နေသည်။ ကူကယ်ရာမဲ့ အထီးကျန်ဘဝဖြင့် မောင် ဘယ်လောက်ထိ ဒုက္ခရောက်ခဲ့မလဲ။

ဝေဒနာတွေကိုရော ဘယ်လောက်ထိတောင် ကြိတ်မှိတ်ခံစားခဲ့ရမလဲ။ သူမကို စွန့်လွှတ်ဖို့ ကြိုးစားအားတင်းရတဲ့ ဝေဒနာက အဆိုးဝါးဆုံးဖြစ်ပေလိမ့်မည်။

"ငါ မဝင်တော့ဘူး၊ ဒီဂရီဆီ ပြန်သွားရဦးမယ်"

"ဩော် အေး ကျေးဇူးပဲ နေခြည်၊ မောင့်ကို နင်တို့ ဂရုစိုက်ပေးပါဟာ၊ ဖျောင်းဖျနားချလည်း ပေးပါဦး"

မောင့်အမေအိမ်ရှေ့ကိုရောက်မှ အတွေးစပြတ်ကာ မှာတမ်းခြွေရသည်။ သူမ ဝင်းတံခါးလေးကို အသာအယာ တွန်းဖွင့်ဝင်ခဲ့၏။ မှိုင်တွေစွာထိုင်နေကြတဲ့ မောင့်အမေနှင့်ညီမလေးကို အိမ်ရှေ့ကွပ်ပျစ်လေးမှာ အဆင်သင့်တွေ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



"အန်တီမြ"

"သမီးလေးရယ်"

"မမသူ"

အန်တီမြရင်ခွင်ထဲမှာ တိုးဝင်ငိုပစ်လိုက်သည်။ မိစုကလည်း သူမကိုဖက်ပြီး ငို၏။

"ကျွန်မ ဘယ်လိုလုပ်ရမလဲ အန်တီမြ၊ ဘာလုပ်သင့်သလဲ"

"သမီးရယ် အန်တီမြ ဘာပြောရမလဲကွယ်၊ အန်တီမြလည်း ဘယ်လိုမှ မဖြေနိုင်အောင် ခံစားနေရပါတယ်၊ ဒုက္ခိတဖြစ်သွားတဲ့ သားကိုကြည့်ပြီး ယူကျုံးမရ စိတ်ထိခိုက်ရတာလည်း သည်းအူပြတ်မတတ်ပါပဲ"

"ကျွန်မကို အစကသာပြောပြခဲ့ရင် မောင် ဒီလိုစဉ်းစားဆုံးဖြတ်မိမယ်မထင်ဘူး"

"သမီးကို ဖုံးကွယ်ထားခဲ့ကြတာက သားရဲ့ဆန္ဒဖြစ်သလို သမီးအပေါ်ထားတဲ့ အားလုံးရဲ့စေတနာပါကွယ်၊ ပြီးတော့ အန်တီမြတို့ ဆက်သွယ်လို့ရတဲ့အချိန်မှာ သားက ဒီအတိုင်း သမီးအတွက် ဆုံးဖြတ်ပြီးနေပြီ၊ မောင်တင့်ဖော်ကတစ်ဆင့် သူ့ဆန္ဒတွေ လိုက်လျော မြန်မာပြည်ပြန်လာမယ်လို့ ပြောတာကွယ့်၊ သားကိုယ်တိုင်လာပြောရင် သူသူလက်ခံမှာပါလို့ ဝိုင်းပြီးကတိပေးကြလို့ သား ပြန်ရောက်လာတာ သမီးလက်မခံဘဲ ဖွတ်အတင်းငြင်းနေရင်တော့ သားပြန်သွားမှာအမှန်





ပါပဲကွယ်"

"မမသူရယ် မတိုက်တွန်းရက်ပေမယ့် ကိုကိုဖြစ်စေချင်သလို လိုက်လျောပေးလိုက်ပါနော်၊ ဒီလို ဒုက္ခိတဘဝကြီးနဲ့ ကိုကို့ကို သူများနိုင်ငံ မလွှတ်လိုက်ပါရစေနဲ့၊ ဒီအချိန်တွေအတွင်းတောင် ကိုကို အရမ်းဒုက္ခရောက်ခဲ့ရမှာပါ၊ ဝေဒနာတစ်ဖက်, မမသူအတွက် စဉ်းစားနေရတာ တစ်ဖက်နဲ့ စိတ်ပင်ပန်းမှုတွေလည်း မရှုနိုင်,မကယ်နိုင် ခံစားခဲ့ရမှာပါ၊ မမသူ ဆုံးဖြတ်ချက်မှားလိုက်တာနဲ့ ကိုကို့ကို မိစုတို့ ပြုစုခွင့်ရတော့မှာမဟုတ်ဘူး"

"ညီမလေးရယ်"

အသက်ရှုမဝစွာ လေပူတွေကို မှုတ်ထုတ်လိုက်မိသည်။

မောင့်ရဲ့စိတ်ကို နားလည်နေကြတာမို့ သူမအတွက် ဘယ်သူမှ မငဲ့ညှာနိုင်အောင် ဖြစ်နေ၏။

ဒါဆို သူမက ကိုလင်းမိုရ်ကို လက်ထပ်ရတော့မည်လား။

သူမ ကိုလင်းမိုရ်ကို လက်ထပ်မှ မောင်အပါအဝင် အားလုံး စိတ်ချမ်းသာကြမှာလား။

နောင်ဘဝထိ ဒီဝဋ်ကြွေးတွေ မပါပါရစေနဲ့။

ဒီဝဋ်ကြွေးတွေ ဒီဘဝမှာပဲ ကျေပါစေ။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၂)

သူသူ ခြံဝင်းထဲက ထွက်သွားကတည်းက ရှိုက်ငိုနေခဲ့သော ဒီဂရီကို ကောင်းထိုက် ဘယ်လိုနှစ်သိမ့်ရမှန်းပင်မသိ။

စားပွဲပေါ် မျက်နှာမှောက်ပြီး ကျောတစ်ပြင်လုံး သိမ့်သိမ့် လှုပ်အောင် ငိုနေခဲ့တဲ့အချိန်တွေက နေလုံးကြီးပျောက်ကွယ်လို့ ညနေ ရောင်တွေတောင် လင်းလက်လာကြပြီ။

"မင်း အားမငယ်တတ်ဘူးဆို၊ ဝမ်းမနည်းတတ်ဘူးဆို ဒီဂရီရဲ့ မင်း အဲဒီလောက် စိတ်ထိခိုက်နေရင် သူသူ့ကို လက်ထပ် လိုက်ပါလား။ ဘယ်သူမှလည်း မကန့်ကွက်ဘူး။ သူသူကိုယ်တိုင်လည်း မင်းကို အသည်းနင့်အောင် ချစ်နေခဲ့တာ၊ ပေးဆပ်ချင်နေခဲ့တာ"

"ငါသိတယ်၊ ငါသိပါတယ်ကွာ၊ ဒါပေမဲ့ သူ့အတွက်





ညည်းရှယ်ပြီး တစ်ခုလုံးစွန့်ထွက်သွားခဲ့တဲ့ ဂါက ဒီလို လူတောမတိုး တော့တဲ့ ဒုက္ခိတဘဝနဲ့ သူ့ကို ပိုင်ဆိုင်ရက်ပါ့မလား။ ငါ့မှာ သူ့ကို ဘာမှပေးစရာ မရှိတော့ဘူး၊ ဘာမှမပေးနိုင်တော့ဘူး"

"သူက မင်းဆီက ဘာတွေတောင်းဆိုနေလို့လဲ၊ ပြုစုခွင့်၊ ကြင်နာခွင့်၊ ဂရုစိုက်ခွင့် ဒါတွေက အိမ်ထောင်သည်ဘဝ၊ ချစ်သူဘဝ နဲ့တောင့်တချက်တွေပဲလေ၊ သူ မင်းကိုမချစ်တာ၊ လက်မတွဲချင်တော့ တာမှ မဟုတ်တာ"

"အဲဒီလိုဖြစ်သွားတာကမှ ငါဖြေသာသေးတယ်၊ ငါ မိန်းမရ ပြီ ပြောလိုက်လို့ နာကြည်းသွားတာ၊ ငါ ဒုက္ခိတဖြစ်သွားလို့ ရှက်ရွံ့ သိမ်ငယ်နောက်ဆုတ်သွားတာ၊ တစ်ခုခုကွာ အဲလိုတစ်ခုခုဖြစ်သွား ဘယ်ဆိုရင် ငါ ခံနိုင်ရည်ရှိမယ်ထင်ပါတယ်၊ အခုတော့ သူ ငါ့ကို တစ်သက်လုံး သနားကရုဏာဖြစ်နေရတော့မယ်၊ ပြုစုယုယကြင်နာနေ နေတော့မယ်၊ သူ ဘယ်နှနှစ်၊ ဘယ်နှလ၊ ဘယ်အချိန်ထိ တောင့်ခံ နိုင်မှာလဲ၊ ငြီးငွေ့စိတ်ကုန်သွားမှ အမုန်းတွေနဲ့ လမ်းခွဲရမှာလား"

ကောင်းထိုက် ဘာမှမပြောနိုင်အောင် ဆွံ့အသွားသည်။ ဒီဂရီ က ချိုင်းထောက်လေးကိုအားပြု၍ တိုက်အိမ်လေးထဲ ဝင်သွားသည်။ ကောင်းထိုက် နောက်ကလိုက်သွားကာ မီးခလုတ်တွေ ဖွင့်ပေးလိုက် သည်။

ယှဉ်ဝံ့သူလက်ကလေးနဲ့ ထိတွေ့ပြင်ဆင်မွမ်းမံထားတဲ့ ပရိ



www.burmeseclassic.com

www.burmeseclassic.com



ဘောဂအသုံးအဆောင်များက သူ့နေရာနှင့်သူ သေသပ်လှပစည်းကမ်းတကျ ရှိနေခဲ့သည်။ ဘုရားပန်းလေးတွေကလည်း ညှိုးခြောက်ခြင်းမရှိ၊ လန်းဆန်းနေသည်။ စားပွဲပေါ်က အလှပန်းအိုးလေးနှင့် ဆက်တီခုံတွေမှာလည်း ဖုန်တစ်စက်မှမရှိ၊ အရာရာ ပုံဖော်ထားသလို သစ်လွင်တောက်ပနေသည်။

နေရာတိုင်းမှာ အိမ်ထောင်ရှင်မ ကောင်း၊ မိန်းမကောင်းပီသစွာ သန့်ရှင်းသေသပ်မှုနှင့် လက်ရာမြောက်လွန်း၏။

ရင်မှာ နမြောတသစိတ်နှင့် ဆွေ့ဝေလိုက်မောလာသည်။

သူသာ ဒုက္ခိတတစ်ယောက် မဖြစ်ခဲ့ပါက ကြည်နူးပျော်ရွှင်စရာကောင်းတဲ့ မိသားစုဘဝလေးကို ပိုင်ဆိုင်ရမှာ အမှန်ပင်။

"ကောင်းထိုက် မင်းပြန်ချင်ပြန်တော့လေ"

"ဟင် ဒီမှာ မင်းတစ်ယောက်တည်း ဘာလုပ်နေမလို့လဲ"

"ဒီအရိပ်အငွေ့မှာ ခဏတော့ နေချင်သေးတယ်"

"နေချင်နေလေ၊ မင်းပြန်ချင်တဲ့အချိန်မှ ငါ ပြန်လိုက်ပို့ပေးမယ်"

"မင်း အိမ်ပြန်နောက်ကျနေမှာပေါ့"

"နောက်ကျလည်း ဘာမှမဖြစ်ပါဘူး၊ နေခြည့်ကို ကားထားခဲ့ခိုင်းပြီး အိမ်ပြန်လွှတ်လိုက်ပြီပဲ၊ နေခြည်လည်း မင်းအနားမှာ နေချင်ပါသေးတယ်၊ ကလေးက အရမ်းအဆော့သန်တော့ ကောင်မလေးဆွေနဲ့ သိပ်စိတ်မချရဘူး"

"အင်း မင်းတို့ဘဝလေးက စိုပြည်သွားပြီနော်၊ ကိုယ့်ရှင်သွေး၊ ကိုယ့်မိသားစုဘဝလေးနဲ့ ရန်ဖြစ်ချိန်လည်း သိပ်မရှိတော့ဘူး မဟုတ်လား၊ နေခြည်လည်း အရမ်းတည်ငြိမ်သွားတယ်"

ဒီဂရီ ခွေးခွေးမြည့်မြည့်ပြောနေတာမို့ ကိုယ်ချင်းစာစိတ်နှင့် သနားသွားမိပေမယ့် ကောင်းထိုက် ပြုံးလိုက်မိသည်။

"မင်းအတွက် အရမ်းစိတ်မကောင်းဖြစ်နေရတဲ့အချိန်မို့ ငြိမ်နေတာပါကွာ၊ သူ့ဉာဉ်က တစ်သက်လုံး ပျောက်သွားမှာမဟုတ်ဘူး၊ ဆူဆူညံညံပဲ၊ ဒါပေမဲ့ နေသားကျနေပြီဆိုတော့ စိတ်ညစ်စရာတော့ မကောင်းပါဘူး။ အဲလိုမဖြစ်တဲ့နေ့ဆို တစ်ခုခုလိုသလိုပဲ ဟား ဟား"

ကောင်းထိုက် သူ့ဟာသူ သဘောကျပြီး တဟားဟားရယ်လိုက်ပေမယ့် ဒီဂရီ ပြုံးပင်မပြုံးနိုင်ပါ။

"ငါလည်း သူသူနဲ့ ဘယ်လိုဘဝလေးမျိုးဖြစ်ဖြစ် အတူတူနေလိုက်ချင်တယ်၊ ဒါပေမဲ့ အိမ်ထောင်သည်ဘဝကို ရချင်ရတယ်၊ မိသားစုဘဝလေးကို ဘယ်တော့မှ ရမှာမဟုတ်တော့ဘူး"

မျက်ရည်တွေလည်လာပြန်တဲ့ ဒီဂရီ့ပခုံးကို ကောင်းထိုက် ခပ်ဆတ်ဆတ်ပုတ်လိုက်သည်။

"ဆုံးဖြတ်ပြီးရင်လည်း မတွေးဘဲ နေကြည့်ပါလား၊ နှစ်ယောက်လုံး နာကျင်ရမယ့်လမ်းကို မင်းကိုယ်တိုင် ရွေးချယ်ပြီးပြီပဲ၊







www.burmeseclassic.com

www.burmeseclassic.com



ဟိုးအဝေးကြီးက မမြင်ရတဲ့အနာဂတ်ကို သေချာမသိဘဲ မင်းကြောက်
နေခဲ့တာ''

''ငါ့မှာ အားနည်းချက်တွေနဲ့လေ၊ လူတောမတိုး, အသုံးမကျ
တော့စဲ့ အားနည်းချက်ကြီးနဲ့၊ အဲဒီဘဝထဲမှာ သူသူ့ဘဝကို မနစ်မြှုပ်
စေချင်ပါဘူးကွာ၊ ငါနဲ့မဟုတ်လည်း တခြားတစ်ယောက်နဲ့ သူသူ
မိသားစုဘဝလေးရမယ်ဆိုရင် ငါ ကြည်နူးနေမှာပါ''

''မင်း နောင်တမရနိုင်ဘူးလား''

''အချစ်ဆိုတာ နောင်တနဲ့ ဆက်နွယ်နေတဲ့အရာမှ မဟုတ်
တာ၊ ပေးဆပ်ချင်တဲ့စိတ်သက်သက်ကြောင့် အချစ်ဖြစ်လာတာ၊ သူ့
အတွက် ကြိုးစားချင်လို့ ဒီလိုဘဝရောက်ရတယ်လို့ ငါ ရှုံးမယ်မဖွဲ့ဘူး
ငါဖြစ်ချင်လို့ ငါလုပ်ခဲ့တာ၊ အခုလည်း ငါဖြစ်ချင်တဲ့ဘဝမှာ ကြာရှည်
သူ နေသားကျပြီး ပျော်သွားမှာပါ''

အတွေးကြီးလွန်းလိုက်တာလို့ ဒီဂရီကို ကောင်းထိုက် မဝေဖန်
ရက်ပါ။ သူ့အတွက် သူ စဉ်းစားနေခဲ့တာမှမဟုတ်ဘဲ။

ဟိုအရင်ကတည်းက ယှဉ်ဝံ့သူအတွက်ပဲ ရည်ရွယ်ခဲ့တာ

ဘယ်ဘဝမျိုးရောက်ရောက် လက်တွဲမဖြုတ်ချင်တဲ့ ယှဉ်ဝံ့သူ
အချစ်ကလည်း လေးစားစရာကောင်းပါသည်။

ဒါပေမဲ့ ခွဲခွာဆန့်ကြည့်လို့ရတဲ့ သံသရာအဆုံးထိ သူတို့နှစ်
ယောက် ပေါင်းဖက်ခွင့်ရှိတော့မည်မထင်၊ ယှဉ်ဝံ့သူ ဘယ်လိုဆုံးဖြတ်





မှာလဲ။

ဒီဂရီကို စွန့်လွှတ်မှာလား။ လင်းမိုရ်ကို လက်ထပ်မှာလား။
ခေါ်ခွဲမရစွာ စိတ်ပင်ပန်းမှာကတော့ အသေအချာ။

ငြိတွယ်ခဲ့ကြတဲ့သံယောဇဉ်တွေကို ကိုယ်တိုင်ဖြတ်တောက်
နေရတာ ဘယ်လောက်ထိ နာကျင်ကြေကွဲစရာကောင်းလိုက်သလဲ။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၃)

"ထမင်းဟင်းကောင်းကောင်းချက်ထား ဖိုးကျော်"

"ဗျာ ဆရာ ဒီနေ့ ဆန်းဒေး၊ ဟိုအိမ် မသွားတော့ဘူးလား"

"ယှဉ်ဝံ့သူ ဒီအိမ် လာလိမ့်မယ်"

"ဟင် ဆ ဆရာကို အဆင်ပြေသွားပြီလား၊ လက်ထပ်ကြ တော့မှာလား ဆရာ"

ဖိုးကျော် ဝမ်းသာအားရမေးပြီး လင်းမိုရ်ရှေ့မှာ ဝင်ထိုင်လိုက်ကြ၏။ ကော်ဖီခွက်ကို အဓိပ္ပာယ်မဲ့ငေးစိုက်ကြည့်နေဆဲ။ လင်းမိုရ် မျက်နှာ တည်တင်းအေးစက်နေသည်။

"သူ ဘာတွေပြောမလဲဆိုတာ မသိသလို၊ သူ ဒီကို ဘာ ကြောင့်လာမယ်ဆိုတာလည်း မသိဘူး"





"ဟာ ဆရာကတော့ အဆန်းပဲ၊ ဒီဂရီစကားကို ယှဉ်ဝံ့သူ နားထောင်လိုက်တာဖြစ်မှာပေါ့၊ ယှဉ်ဝံ့သူ ဆရာ့ကို လက်ထပ်တော့ မယ် ထင်တယ်၊ ဆရာ ရင်ခုန်နေလား"

ပြောင်စပ်စပ် ဖိုးကျော်အမေးကို လင်းမိုရ် မချိတရိပြုံးလိုက် မိသည်။

"အနှစ်မပါတဲ့ အခွံဗလာကြီးကို ငါ ရင်ဖွင့်ကြိုဆိုချင်တယ် ဆိုရင် အရူးလို့ မင်း ငါ့ကို ဝေဖန်မှာလား ဖိုးကျော်"

"ဘာကိုမှ မျှော်လင့်မထားတာ တစ်ဖက်သတ်အချစ်ပေါ့ ဆရာ၊ ဆရာ ကျေနပ်တယ်ဆိုရင် သူများ ဝေဖန်လည်း ဂရုစိုက်စရာ မလိုပါဘူး"

"အင်း ဟုတ်တယ်၊ မင်းနဲ့နေရတာ ငါမသိတာတွေက တော် တော် သိလာပြီး ကျေးဇူးတင်တယ် ဖိုးကျော်၊ အခုတော့ မင်းချက်ဖို့ ပြုတ်ဖို့ ပြင်ဆင်တော့၊ မကောင်းတကောင်း မင်းလက်ရာနဲ့ ယှဉ်ဝံ့ သူကို ညှော်ခံရမယ်"

ဖိုးကျော်က ခပ်ပြုံးပြုံးဖြင့် မီးဖိုခန်းတွင်း ဝင်သွားသည်။ သူကတော့ တိုက်ခန်းလေးရှေ့မျက်နှာစာက ဆက်တီထိုင်ခုံလေးမှာ ထိုင်ရင်း ယှဉ်ဝံ့သူရောက်အလာကို မျှော်နေမိသည်။

သူ့အိမ်လေးက အရာရှိတွေအတွက် သီးသန့်ပေးထားသော တိုက်ခန်းလေးမို့ မကျဉ်းမကျယ် အနေတော်လေးဖြင့် အေးချမ်းတိတ်



www.burmeseclassic.com

www.burmeseclassic.com



ဆိတ်လှသည်။ မြေကွက်လပ်လေးတွေမှာ သံပရာပင်၊ ရှောက်ပင်၊ စံပယ်၊ ရွက်လှ၊ သီးပင်စားပင် အတော်များများရှိ၏။ အိမ်၏နောက်ဖက်မှာ ကန်စွန်း၊ ရှောက်၊ ခရမ်းချဉ်သီးများလည်း ရှိတာကြောင့် ဖိုးကျော် ဈေးသွားလျှင် အသီးအရွက်မဝယ်ရ။

ဒါပေမဲ့ ဒါတွေကလည်း ကိုယ် အမြဲပိုင်တာမဟုတ်။ ပင်စင်နားပြီဆိုတာနဲ့ အိမ်တစ်လုံးအပိုင်မရှိလျှင် လမ်းဘေးရောက်မှာ မလွဲမသွေ။

အဲဒါကြောင့် မြောက်ဒဂုံဘက်မှာ ပေ ၂၀–၆၀ ခြံဝင်းအသင့်အတင့်နှင့် တစ်ထပ်တိုက်လုံးချင်းအိမ်လေး ဝယ်ထားသည်။

ခုတော့ စပေါ်နှင့် အိမ်ငှားတင်ထား၏။

အဆင်ပြေလျှင် ယှဉ်ဝံ့သူကို ထိုအိမ်လေးကို ခေါ်သွားပြမည်။ သူ့ရဲ့ ပိုင်ဆိုင်မှုအနည်းအကျဉ်းကို ယှဉ်ဝံ့သူ သိစေချင်သည်။

"ဟင်"

ဝင်းတံခါးလေးရဲ့ ကလောင်ကလောင်အသံကြောင့် လင်းမိုး ခေါင်းထောင်သွားသည်။ အရောင်ဖျော့ဖျော့များသော ဝတ်ဆင်လေ့ရှိတဲ့ ယှဉ်ဝံ့သူက ဖက်ဖူးစိမ်းရောင်ထက်အောက် ဝိုင်းစက်လေးဖြင့် ရဲဝံ့စွာကြည့်ကောင်းနေ၏။

ဆံနွယ်တွေက စည်းနှောင်ထားခြင်းမရှိပါဘဲ ကျောဘက်မှာ ပြန့်ကျဲနက်မှောင်နေသည်။ အကွေ့အဝိုက်ခန္ဓာကိုယ်ကောက်ကြောင်း





နှင့် မနိမ့်မမြင့်အရပ်အမောင်းက လိုက်ဖက်လွန်း၏။

ခပ်မှန်မှန်လျှောက်လှမ်းလာနေတဲ့ ခြေလှမ်းတွေက အနှောင်အဖွဲ့တွေ ဖြတ်တောက်လာခဲ့သလို ရဲရင့်တိကျနေသည်။ မျက်နှာချင်းဆိုင်ဆက်တီခုံမှာ ဝင်ထိုင်လိုက်မှ မျက်နှာလေးပေါ်မှာ ဟိုအရင်ကလို သနပ်ခါးမှုန်ဖွေးဖွေးလေးတွေ မဟုတ်ပါဘဲ ပန်းသွေးရောင် မိတ်ကပ်လေး ရေးရေးတင်ထားမှန်း သတိထားမိသည်။

စရိုက်သွင်ပြင်အားလုံး ယှဉ်ဝံ့သူ ပြောင်းလဲထားဟန်တူသည်။

"ကော်ဖီသောက်ပါဦး သူသူ"

ခပ်နွေးနွေးဖြစ်နေတဲ့ ဓာတ်ဘူးထဲကော်ဖီတွေကို ယှဉ်ဝံ့သူအတွက် တစ်ခွက်ငှဲ့ထည့်ပေးလိုက်သည်။

ယှဉ်ဝံ့သူက မပွင့်တပွင့်အပြုံးဖြင့် အသိအမှတ်ပြုကာ တစ်ငုံခန့်သောက်ပြီး ကော်ဖီခွက်လေးကို စားပွဲပေါ် ပြန်ချလိုက်သည်။ ပတ်ဝန်းကျင်အနေအထားလေးကိုလည်း မျက်လုံးဝေ့၍ အကဲခတ်၏။

"ကိုလင်းမိုးရဲ့အိမ်လေးက အေးချမ်းသာယာပဲနော်"

"ကျွန်တော်ပိုင်တာ မဟုတ်ပါဘူး။ ဒါပေမဲ့ ကိုယ်ပိုင်အိမ်လေးတော့ ဝယ်ထားတယ်၊ အဲဒီအိမ်လေးက ဒီထက်ပိုပြီး နေချင်စရာကောင်းတယ် သူသူရဲ့၊ သူသူအားတဲ့တစ်နေ့ ကျွန်တော် လိုက်ပို့ချင်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း အဲဒီထက်အရေးကြီးတဲ့ကိစ္စတွေနဲ့ ကျွန်မ လုံးပန်းနေရတယ်၊ ကိုလင်းမိုရ်လည်း သိမှာပါ"

"ဩော် အင်း ဟုတ်ကဲ့၊ ကျွန်တော် ကူညီနိုင်တာရှိရင် ပြောပါ"

"မကူညီနိုင်တာကို အရင်ဆုံး ပြောကြည့်ချင်တယ်၊ ဖြစ်မလား"

ယှဉ်ဝံ့သူစကားတွေက ပဟေဠိဆန်စွာ သိုဝှက်လွန်းသည်။ မျက်နှာလေးက ခံစားမှုတွေကြောင့် ကြည်လင်လန်းဆန်းခြင်းမရှိ ရှုပ်ထွေးနေသည်။

သူ ခေါင်းညိတ်ပြပြီးသော်လည်း စကားသံက တော်တော်နှင့် ထွက်မလာ။ ခဏနေတော့ မျက်နှာကို ခပ်လွှဲလွှဲလုပ်ကာ ...

"ကျွန်မကို လင်းမိုရ်ကို လက်မထပ်ချင်ဘူး"

"ဗျာ"

သူမရဲ့ပွင့်လင်းမှုကြောင့် သူ အံ့အားသင့်သွားသည်။ သူမစာ ဂရုစိုက်ပါ။

"ဒါပေမဲ့ လက်ထပ်ရမယ့်အကြောင်းရင်းတွေကလည်း ရှိနေတယ်၊ ကျွန်မ ဘာလုပ်သင့်သလဲလို့ ရှင်နဲ့လာတိုင်ပင်တာ"

ကျွန်တော့်ကိုပဲ လက်ထပ်ပါလို့ သူမလိုပဲ ပွင့်လင်းစွာ ပြောလိုက်ရမည်လား။ ကော်ဖီခွက်ကို သောက်မလို့ ပါးစပ်မှာ တေ့ကာ





လိုက်၊ ပြန်ချလိုက် စိတ်ဂနာမငြိမ်ဖြစ်နေသော သူမကို ပြောထွက်ဖို့ စကားလုံးက ရှားပါးနေသည်။

"ကျွန်မ မောင့်ကိုချစ်တယ်"

"ဟင်"

ဒီဂရိကို ပြောခွင့်မသာလို့ သူ့ကိုလာပြီး ရင်ဖွင့်နေချင်များလား။ ဘယ်လိုရင်ဘတ်ကြီးနဲ့ ကိုယ်ချင်းစာပေးရမလဲ။

ဘယ်လိုနားနဲ့ နားထောင်ပေးရမလဲ။

သူမကတော့ သူ ဘာဖြစ်ဖြစ် သတိထားမိပုံမပေါ်။

"ကျွန်မတို့အိပ်မက်တွေ အကောင်အထည်မဖော်နိုင်တော့လို့ ရှင့်ကို လက်ထပ်ရမှာမျိုးလည်း မဖြစ်ချင်ဘူး၊ ပြီးတော့"

"အားမနာပါနဲ့ ပြောစရာရှိတာပြောပါ သူသူ"

"မိန်းမတွေက ကိုယ်ချစ်တဲ့သူအတွက် အသည်းနှလုံးကို ရင်း၊ ဘဝကိုရင်းပြီး စွန့်စားရဲကြပေမယ့် မချစ်တဲ့သူကို အောင့်ပြီးလည်း မနမ်းချင်ဘူး၊ အားနာပြီးလည်း လက်မထပ်ချင်ကြဘူး၊ ဒါပေမဲ့ ချစ်သူ ဆန္ဒကိုလည်း အသက်ပေးပြီး သက်သေပြချင်ကြတယ်"

"ကျွန်တော် ဘာလုပ်ပေးနိုင်မယ်ထင်လို့ ကျွန်တော်ကို ဒါတွေလာပြောနေရတာလဲ"

"ကျွန်မ ရှင့်ကို လက်ထပ်ရမယ်လေ"

"ဟမ် အဟား ကျွန်တော့်ဘက်ကရော ဘာတွေဖြစ်ချင်နေ



www.burmeseclassic.com

www.burmeseclassic.com



သလဲလို့ မေးပါဦးလား"

ယောက်ျားမာနက မြန်းခနဲ ခေါင်းထောင်လာကာ ခပ်ဆတ်ဆတ် အော်မိလိုက်သည်။ သူမက မျက်နှာတစ်ချက် မပျက်ပါ။ ပြုံးတာလည်းမဟုတ်၊ မဲ့တာလည်းမဟုတ်၊ ခံစားမှုပျောက်နေတဲ့ ဟင်းလင်းပြင်မျက်နှာနှင့်။

"ရှင် ဘာဖြစ်ချင်သလဲလို့ မေးရအောင် ရှင့်ဆန္ဒကို ကျွန်မ တောင်းခံနေတာမှ မဟုတ်တာ၊ ကျွန်မရင်ထဲက ခံယူချက်တွေလုပ်ချင်တာ, ဖြစ်ချင်တာတွေကို ပြောပြနေတာ၊ ရှင် နားလည်ပေးနိုင်မှာတော့ မဟုတ်ဘူး၊ နားလည်ပေးပါလို့လည်း ကျွန်မ တောင်းပန်မှာမဟုတ်ဘူး၊ စာနာပေးပါလို့လည်း ဒူးထောက်မှာမဟုတ်ဘူး၊ ဒါပေမဲ့ ရှင် ကျွန်မကို ကူညီမှဖြစ်မယ် ကိုလင်းမိုရ်"

သူရူးတစ်ယောက်လို ပြောချင်တာတွေ ပြောနေသော ယှဉ်ဝံ့သူကို သူ တကယ် ဘယ်လိုနားလည်ပေးရမှန်းမသိပါ။

ငိုချလိုက်တော့မှာလား။ ပေါက်ကွဲပစ်လိုက်တော့မှာလား။ မသဲကွဲအောင် သူမ အားတင်းထိန်းချုပ်ကြိုးစားနေတာတော့ သေချာသည်။

"ဒီနေ့ ကျွန်မ ဒီမှာ အချိန်ဖြုန်းမှာပါ၊ နောက်ပြီးမှ အေးအေးဆေးဆေး ဆွေးနွေးကြတာပေါ့"

"ကောင်းပြီလေ၊ အထူးဧည့်သည်တော်အဖြစ်နဲ့ ယှဉ်ဝံ့သူကို





ကျွန်တော် ကြိုဆိုပါတယ်၊ ကျွန်တော့်တပည့်ကိုလည်း ချက်ပြုတ်ကျော်လော့ပြီး ထမင်းပွဲပြင်ခိုင်းထားပါတယ်"

စိတ်ဆိုးရခက်၊ စိတ်နာရခက်။ သူ တစ်ဖက်သတ်ချစ်မြတ်နိုးရသော ကောင်မလေးကို ထမင်းပွဲနှင့်တော့ ဧည့်ခံဖြစ်သည်။

ဖိုးကျော်က ခွေးတလုံးလုံး ပျော်တပြုံးပြုံးဖြင့် ထမင်းစားဖို့ သူတို့နှစ်ယောက်ကို လာခေါ်သည်။

"ဟင်းကတော့ ရှယ်နော်၊ ငါးခူးစဉ်းကောနဲ့ ခြံထဲက အသီးအရွက်တွေ ခူးချက်ထားတဲ့ သီးစုံချဉ်ဟင်းရယ်, ဝက်သားနှပ်ရယ်၊ ဟဲဟဲ မယှဉ်ဝံ့သူ ကျွန်တော့်လက်ရာလေး မြည်းကြည့်ပါဦး"

ဖိုးကျော်ရဲ့ဖော်ရွေမှုကြောင့် လင်းမိုရ် ထမင်းပန်းကန်ထဲ ဦးချပြီးမှ သူမ ဟင်းတွေ ခပ်မြည်းလိုက်သည်။

သီးစုံဟင်းတစ်ဇွန်း ခပ်မြည်းလိုက်ကတည်းက ဖိုးကျော်လက်ရာ မစွံမှန်း သူမ သိလိုက်သည်။ ဝက်သားနှပ်ကလည်း အရောင်အဆင်းမရှိ။ ငါးခူးစဉ်းကောကလည်း ကြေမွလျက် အရသာမရှိ။

လင်းမိုရ်က တို့ကနန်းဆိတ်ကနန်း စားနေသော သူမကို အားနာစွာနှင့် ဘာဟင်းမှထည့်မပေး။ သူကိုယ်တိုင်လည်း အနည်းငယ်သာစားလျက် ရေတွေချည်း ဖိသောက်နေသည်။

ဒီလိုအရသာမတွေ့သော ထမင်းဟင်းတွေကြောင့် သူမတို့အိမ်ကို လင်းမိုရ် ခဏခဏ ထမင်းလာစားနေတာ ထင်ပါရဲ့။



www.burmeseclassic.com

www.burmeseclassic.com



ယောက်ျားလေးချည်းနေတာမို့ မီးဖိုခန်းနှင့်စည့်ခန်းထဲမှာလည်း ဘယ်ဟာမှ အစီအစဉ်လည်းမကျ။ သန့်ရှင်းတောက်ပြောင်ခြင်းလည်းမရှိ။ မလုပ်တတ်တော့ ဖိုးကျော် အပင်ပန်းခံလုပ်နေလည်း အရာမထင်။

နောက်နေ့တွေကစပြီး သူမ တတ်နိုင်သမျှ လုပ်ပေးမည်ဟု ဆုံးဖြတ်လိုက်သည်။ မိဘမွေးချင်းမရှိလို့ လင်းမိုရ် ဒီလိုဖြစ်သလို ကြုံသလို နေရတာမို့ သူမတို့မိသားစုလေးကို ခင်တွယ်တာ ဖြစ်နိုင်၏။ ဒီလိုအဆင်မပြေမှုကြီးနှင့် လင်းမိုရ်တစ်ယောက်တည်းနေလာခဲ့ရတာ ဘယ်လောက်တောင် ကြာပြီလဲ။ စာနာကြည့်ချင်ပေမယ့် မောင့်လို ဒုက္ခိတဘဝလောက်တော့ အခက်အခဲရှိမည်မထင်။ ဒါပေမဲ့ သူမ ခဏတာ နားခိုရမှာက ဒီအိမ်လေးဖြစ်နေတာမို့ ဝတ္တရားကျေဖို့တော့ လိုအပ်သည်။

ဆုံနိုင်ခွင့်မရှိလျှင် စွန့်လွှတ်နိုင်တဲ့အင်အားတွေတော့ ရှိရမည်။

ကျွန်မရဲ့ရင်တွင်းဆန္ဒတွေထိတော့ ချုပ်ကိုင်လွှမ်းမိုးဖို့ မကြိုးစားပါနဲ့မောင်။

✿ ✿ ✿



## အခန်း (၃၄)

"သားသားရေ သားလေး ဘယ်ရောက်သွားလဲ သားလေး"

နေခြည် သားပျောက်သွားတာမို့ ဟိုအခန်း ဒီအခန်း ဧည့်ခန်းထဲထိ အသံစာစာလေးဖြင့် အော်ရင်း ရှာနေမိသည်။

လမ်းလျှောက်တတ်နေပြီမို့ သားလေးက တတောက်တောက်နှင့် လုံးဝငြိမ်ငြိမ်မနေ။

ဖအေ ပွဲရုံကပြန်လာလည်း ဖေဖေကြီးဟု မပီကလာ ပီကလာ အော်လျက် ပြေးထွက်ကြိုဆိုတတ်သည်။

သူမ ဈေးမှ၊ အပြင်မှ ပြန်လာလျှင်လည်း မေမေကြီး အားလေးဖို့ မုန့်ပါလား၊ ကားပါလား၊ ဟိုဟာ ဒီဟာပါလားနှင့် ရှုပ်နေ၏။ သားလေးကို မျက်လုံးဒေါက်ထောက်ကြည့်နေရတာမို့ ကောင်း



www.burmeseclassic.com

www.burmeseclassic.com



ထိုက်နှင့် ရန်ဖြစ်ချိန်နည်းသွားတာတော့ အမှန်ပင်။

ကောင်းထိုက်ကလည်း သူမ ဘာပြောပြော လိုက်လျောမှု တွေရှိလာသလို သားကိုလည်း ဂရုစိုက်တတ်လာပါသည်။

ဒီနေ့တော့ သူမတို့မိသားစုလေး ဒီဂရီတို့တိုက်အိမ်လေးထဲ ရောက်နေကြသည်။ ကောင်းထိုက် ပွဲရုံပိတ်သည့်နေ့မို့ မိသားစုလိုက် ဒီဂရီအတွက် အချိန်ပေးဖို့ ဆုံးဖြတ်ထားကြသည်။ ထမင်းဟင်းတွေလည်း ချက်ပြုတ်ယူလာကာ အခြားစားသောက်စရာတွေလည်း ပါလာသည်။

ဒီအိမ်လေးထဲမှာ နေကုန်အောင်နေပြီး သွေ့ခြောက်စွာခံစားနေတဲ့ ဒီဂရီကို စိတ်သက်သာစေချင်လို့ပါ။

သူမတစ်လှည့် ကောင်းထိုက်တစ်လှည့် အဖော်လာလုပ်ပေးနေတော့ ဒီဂရီ အနည်းငယ်တော့ ဝေဒနာတွေ ပေါ့ပါးနိုင်သည်ဟု ကိုယ်ချင်းစာမိသည်။

"နေခြည် သားရော"

"ဟင် ငါလည်း လိုက်ရှာနေတာ အိမ်ထဲတော့ နှံ့နေပြီ တိုက်အပြင်များ ထွက်သွားလားမသိဘူး။ လိုက်ရှာကြည့်ပါဦး ကောင်းထိုက်ရဲ့"

ရှာရင်းဖွေရင်း တွေးနေမိတဲ့အတွေးတောင် ဘယ်ရောက်သွားမှန်းမသိ။ ကောင်းထိုက်နောက်က နေခြည် ခပ်သုတ်သုတ်လိုက်





လာခဲ့သည်။

"ဟင်"

"အို"

ကောင်းထိုက်နှင့်နေခြည်တို့ တိုးတိတ်သောအာမေဍိတ်သံလေးနှင့် တံခါးနောက်အကွယ်မှာ မျက်လုံးချင်းဆုံကာ စိတ်မကောင်းဖြစ်သွားကြသည်။ သရက်ပင်၊ မာလကာပင်တွေရဲ့ အရိပ်အောက်မှာ ခုံတစ်လုံးနဲ့ ထိုင်နေတဲ့ ဒီဂရီက သားလေးဆော့နေတဲ့ ဘောလုံးလေးကို ချိုင်းထောက်လေးနှင့် တို့ကာ ပင့်ကာ ပြန်ပေးရင်း တစ်ချက်တစ်ချက် ငိုင်တွေငေးမော၍ မျက်ရည်ကျနေသည်။

ထိုအဖြစ်ကို ခြံဝင်းတံခါးကို တွန်းဖွင့်ဝင်လာတဲ့ ယှဉ်ဝံ့သူကလည်း တွေတွေငေးငေးကြီး ရပ်ကြည့်နေကာ မျက်ရည်ကျနေ၏။

ဒီလိုရင်သွေးသားသမီးဆိုတာလည်း သူတို့ဘဝမှာ ရှိမလာနိုင်။ မိသားစုဘဝ၊ အိမ်ထောင်သည်ဘဝ၊ ချစ်သူချင်းပေါင်းစုံဖို့ ဘာတစ်ခုမှဖြစ်မလာနိုင်တာမို့ နှစ်ယောက်လုံး ကြေကွဲမျက်ရည်ကျနေမိကြတာ ဖြစ်ပေလိမ့်မည်။

"ကောင်းထိုက် ကလေးကို သွားခေါ်ချည်၊ ငါတို့ကလည်း သူတို့ အဲလိုခံစားသွားရမယ်မထင်လို့ ဒီတစ်ခေါက်မှ ကလေးကို ခေါ်လာမိတယ်၊ သားလေးကလည်း ကြည့်ဦး၊ ဒီဂရီ ငိုနေတာ၊ မငိုနေမလားမသိဘူး ဘောလုံးကို ကန်ကန်ပြီး ပစ်ပေးနေတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ကလေးက ဘယ်သိမှာလဲဟာ၊ ငါတို့က အထဲမှာ အ လုပ်နေတော့ သူ့မှာ ကစားဖော်ရပြီဆိုပြီး ပျော်နေမှာပေါ့၊ ငါ က သွားခေါ်လိုက်မယ်၊ နင်က ထမင်းပွဲပြင်လိုက်တော့၊ သူသူလည်း ရောက်နေပြီဆိုတော့ ထမင်း တစ်ခါတည်း စားလိုက်ရအောင်"

နေခြည် အိမ်ထဲပြန်ဝင်သွားမှ ကလေးခေါ်ဖို့ ကောင်းထို ထွက်လာခဲ့သည်။ ခုမှ ယှဉ်ဝံ့သူလည်း ဒီဂရီအနားရောက်လာ ကောင်းထိုက်က ကလေးကို ကောက်ချီလိုက်ကာ ဘောလုံးကို အ ပုတ်ထုတ်လိုက်သည်။

"ဒီဂရီရော သူသူရော ထမင်းစားရအောင် နေခြည် ထမ ပြင်နေတယ်"

"ငါ မစားသေးဘူးကွာ၊ မင်းတို့ဆာရင် စားနှင့်လေ"

"ငါလည်း မစားသေးဘူး ကောင်းထိုက်၊ မောင်နဲ့ စ ပြောချင်လို့ ဖြစ်နိုင်ရင် နင်လည်း သက်သေအဖြစ်ရှိနေတာ ပိုကော တယ်"

"အေး အဲဒါဆို နေခြည့်ဆီ ကလေးသွားပို့လိုက်ဦးမယ်"

ကောင်းထိုက် ကလေးချီရန် ထွက်သွားမှ မြက်ခင်းပေ ထိုင်ခုံလေးတွေယူပြီး မောင့်ရှေ့မှာ ချလိုက်သည်။

ကောင်းထိုက် ပြန်လာတော့ ခက်ရင်းသေးသေးလေး တပ်ထားတဲ့ သစ်သီးပန်းကန်ပါလာ၏။





သုံးယောက်လုံး အတန်ကြာသည်အထိ တိတ်ဆိတ်နေဆဲ။

မောင်က သူမနှင့်မဆုံအောင် မကြာခဏလွှဲဖယ်လျက် ရှိသည်။ ပါးမြိုင်းမွေး၊ နှုတ်ခမ်းမွေးများ ရှည်လျားလျက် ညှဉ်းသိုးသိုး မောင့်ပုံစံက ရင့်ရော်ညှိုးနွမ်းနေ၏။

စိုရဲနေတတ်သော နှုတ်ခမ်းများက အညိုရောင်သန်းကာ စီးကရက်ကို လက်က မချတမ်း သောက်တတ်နေပြီဆိုတာ သက်သေ ခံလျက်ရှိသည်။

"မောင်"

ယှဉ်ဝံ့သူခေါ်သံလေးက ဟိုးအဝေးကြီးက ပြေးလာရသလို လှိုက်မောတုန်ယင်နေသည်။ မျက်လွှာတစ်ချက်ပင့်ကာ အသိအမှတ် ပြုပြီး ချိုင်းထောက်လေးဆီ ဒီဂရီအာရုံစိုက်ထား၏။

"မောင်ဖြစ်ချင်တဲ့ဆန္ဒတွေ လိုက်လျောဖို့ ကျွန်မ နေ့ည မအိပ်နိုင်အောင် စဉ်းစားခဲ့ပါတယ်၊ မောင်က နိုင်ငံခြားသွားမယ်ဆို တုန်းကလည်း ကျွန်မတို့အားလုံး တားဆီးမရနိုင်အောင် စိတ်တွေက ပြင်းထန်ခဲ့တယ်၊ ကျွန်မ ဘယ်လောက်လွမ်းဆွတ်နာကျင်ပြီး ကျန်ခဲ့ မလဲဆိုတာ မောင်မတွေးခဲ့ဘူး၊ ခုလည်း ကျွန်မကိုချစ်လို့ပါဆိုတဲ့ စကားတစ်ခွန်းနဲ့ မောင့်ခံယူချက်တွေက ပြင်းထန်နေပြန်ပြီ၊ မောင်နဲ့ ဘယ်လိုဘဝမျိုးဖြစ်ဖြစ် ရင်ဆိုင်ပါ့မယ်ဆိုတဲ့ ကျွန်မကို တခြားသူ ရင်ခွင်ထဲ အတင်းထိုးထည့်နေတယ်"



www.burmeseclassic.com

www.burmeseclassic.com



"အဲ အဲဒါ"

"မောင် ဘာမှရှင်းမပြလည်း ကျွန်မ နားလည်ပါတယ် ကျွန်မကို ချစ်လို့, အမြင့်ဆုံးမှာမြင်ချင်လို့, မိသားစုဘဝလေးနဲ့ ပျော် ရွှင်စေချင်လို့, ဒုက္ခိတမောင်နဲ့ မတန်ဘူးထင်လို့ ဆွေမျိုးအသိုင်းအဝ လူတွေကြားမှာ မတင့်တယ်လို့, ဒါတွေကြောင့် မဟုတ်လား၊ မော အစကတည်းက စဉ်းစားခဲ့တာ ကျွန်မကြောင့်ဆိုတာ ကျွန်မသိတယ် ဒါပေမဲ့ ကျွန်မ အယူခံမဝင်တော့ပါဘူး မောင်၊ မောင်ဆုံးဖြတ်ပြီး အရာတိုင်း ဘယ်လိုလူမျိုးကမှ မဟန့်တားနိုင်ဘူး မဟုတ်လား၊ ဒီ ဒုက္ခိတဘဝကြီးနဲ့ မောင့်ကို ဥပေက္ခာပြုဖို့ တိုက်တွန်းခံရတာ၊ ကျွ ရင်တွေ အရမ်းနာကျင်ရပါတယ်၊ စိတ်မကောင်းပါဘူး မောင်"

"ဟင်"

သူမ ဘာတွေပြောချင်နေတာလဲ။ ဘာတွေပြောချလို တော့မှာလဲ။ ရင်တွေ ဖျပ်ဖျပ်ခါကာ နှလုံးသားတစ်ခုလုံး ဆတ်ဆ တုန်လာသည်။ ရင့်ကျက်ချင်ယောင်ဆောင်နေရသလို နှလုံးသာ ခံနိုင်ရည်ရှိဖို့ အံကြိတ်ကာ စိတ်တင်းထားရ၏။

သူ့ရဲ့စိတ်လှုပ်ရှားမှုကို သတိမထားမိအောင် ကုတ်အကျီ က စီးကရက်ထုတ်၍ မီးညှိဖွာရှိုက်နေလိုက်ရသည်။

"ကျွန်မကို ကိုလင်းမိုရ် လက်ထပ်စေချင်တာ တကယ် ချာတယ်ပေါ့နော်"





"အင်း"

ခေါင်းကို တဆတ်ဆတ်ညိတ်၍ ချိုင်းထောက်ကို ခပ်တင်း တင်းဆုပ်ညှစ်ထားရ၏။ စီးကရက်လေးက အပြစ်မဲ့စွာ ရဲရဲတောက်နေ သည်။

"ကိုလင်းမိုရ်နဲ့ လက်ထပ်ပြီးရင် မိသားစုဘဝလေးနဲ့ နွေး ထွေးပျော်ရွှင်နေမယ့် ကျွန်မကိုကြည့်ပြီး တကယ်ကြည်နူးနေနိုင်မယ် ပေါ့နော်"

"သေ သေချာပါတယ်"

"မောင် ဘယ်လိုမှ မခံစားရဘူးလို့ အာမခံနိုင်သလား"

"ခံ ခံစားရလည်း ခဏပေါ့ သူသူ၊ နောက်တော့ မင်းလည်း င်းဘဝနဲ့မင်း, မောင်လည်း မောင့်ဘဝနဲ့မောင် နေသားကျပြီး တသီး ခြား ဖြစ်သွားမှာပါ"

"ကောင်းပြီလေ၊ ဒီလိုဖြစ်လိမ့်မယ်လို့ မောင်တွေးထားတယ် ိုရင် ကျွန်မ ကိုလင်းမိုရ်ကို လက်ထပ်ပါ့မယ်၊ ဒါပေမဲ့ အပေးအယူ တော့ ရှိတယ်မောင်"

"ဟင် ဘာ ဘာအပေးအယူလဲ"

ဒီဂရီ အထိတ်တလန့် ဖြစ်သွားသလို ကောင်းထိုက်လည်း ်မှောင်ကြုတ်ကာ စိတ်ဝင်စားသွား၏။

"ကျွန်မ ဒီလိုဆုံးဖြတ်ရတာ နိုင်ငံခြားမှာ မောင်တမ်းယောက်

www.burmeseclassic.com

www.burmeseclassic.com



တည်း အထီးကျန်ဘဝနဲ့ ပြုစုယုယမယ့်သူမရှိ တစ်ယောက်တည်း သွားနေမယ်ဆိုလို့ပါ၊ ကျွန်မရင်ထဲမှာ ဘယ်လောက်နာကျင်ကြေကွဲ ထိခိုက်ရတယ်ဆိုတာ မောင့်ကို ပြောမပြတော့ပါဘူး။ ပြောပြလည်း ဒုက္ခတပြစ်နေတဲ့ မောင့်စကားကို အလေးအနက်မထားဘူးလို့ မောင် စွပ်စွဲဦးမယ် မဟုတ်လား။ ဒါပေမဲ့ ကျွန်မအတွက်လို့ ရည်ရွယ်ထားတဲ့ ဒီအိမ်လေးကိုတော့ မယူနိုင်ဘူးမောင်''

''ဘာ ဒီ ဒီအိမ်က သူသူ့အတွက် မောင့်ဘဝနဲ့ရင်းပြီး ဝယ်ထားရတာ၊ သူသူ ယူရမှာပေါ့''

''အပေးအယူဆိုတာ အဲဒါပါပဲမောင်''

''ဟင်''

''မောင်ရယ် ကျွန်မရယ် သားသမီးလေးတွေနဲ့ ပျော်ရွှင်ကြည်နူးနေရမယ့် ဒီအိမ်မှာ၊ ကျွန်မက တခြားတစ်ယောက်နဲ့လက်ထပ်ပြီးနေရက်ပါ့မလား, ပျော်ရွှင်နိုင်ပါ့မလား မောင် စဉ်းစားကြည့်ပါဦး''

''ဟုတ်သားပဲ ဒီဂရီရာ၊ မင်းနဲ့နေရမယ့်ဒီအိမ်မှာ တခြားတစ်ယောက်နဲ့ သူ ဘယ်နေချင်မှာလဲ၊ မင်းဖြစ်ချင်တဲ့ မင်းဆန္ဒတွေချည်း တစ်ဖွတ်ထိုး မပြောနဲ့ ဒီဂရီ၊ သူသူ့ဘက်ကိုလည်း နည်းနည်းတော့ ငဲ့ညှာစဉ်းစားပေးလိုက်ပါ''

ကောင်းထိုက်ကပါ ထောက်ခံလာတော့ ဒီဂရီ ငြိမ်သက်တိတ်



ဆိတ်သွား၏။

''ကျွန်မဘက်က တောင်းဆိုစရာလည်း ရှိပါတယ်၊ ဒီအိမ်လေးက မောင့်အတွက် အဆင်ပြေမှာပါ၊ တစ်ထပ်တိုက်လေးဆိုတော့ အတက်အဆင်း အကွေ့အကောက်နည်းတယ်၊ ခြံထဲမှာလည်း သစ်ပင်ပန်းပင်လေးတွေနဲ့ဆိုတော့ စိတ်လန်းဆန်းအောင် မောင် ဒီအိမ်လေးမှာ နေပါ၊ ဖြစ်နိုင်ရင် အန်တီမြနဲ့ ညီမလေးမိစုကိုခေါ်ထားပြီး ပြုစုခံပါ၊ ကျ ကျွန်မကတော့ မောင့်ကို ဘာမှ လုပ် လုပ်ပေးခွင့်ရတော့မှာ မဟုတ်ဘူး''

''သူ သူသူ''

အသံတွေ တုန်ယင်အက်ထစ်အနေသည်မို့ ဒီဂရီ အလန့်တကြား ဖြစ်သွား၏။ ယှဉ်ဝံ့သူက မျက်ရည်တွေကို မျက်တောင်တို့နှင့် ပုတ်ခတ်သိမ်းဆည်းကာ ဆတ်ခနဲ ခါထုတ်လိုက်သည်။

''ကျွန်မ မောင့်ရှေ့မှာ မျက်ရည်မကျစေရပါဘူး၊ မောင်စိတ်ကောင်းအောင် မျက်ရည်ခံထိုးမပြပါဘူး မောင်၊ မောင်ထားခဲ့တုန်းကလည်း နေခဲ့ရတာပါပဲ၊ မောင်နှင်လွှတ်တော့လည်း သွားရမှာပေါ့၊ မောင်,မမြင်မတွေ့နိုင်တဲ့နေရာမှာ တိတ်တဆိတ်တော့ လွမ်းခွင့်ပေးပါမောင်''

''သူသူရယ်''

တိုးတိတ်စွာ ညည်းညူမိရင်း ရင်ထဲမှာ ဆို့နင့်ထိုးနေသည်။

www.burmeseclassic.com

www.burmeseclassic.com



ပွေ့ဖက်ကာ နှစ်သိမ့်ပြီး ဟိုအရင်က ဘဝလေးကို ပြန်ရချင်စိတ်ဖြင့် ရှူးသွပ်ချင်လာသည်။

ဒါပေမဲ့ ပစ္စုပ္ပန်တည့်တည့်မှာ ဘယ်အရာမှ ခံစားခွင့်မရှိတော့တာမို့ မသက်မသာ မျက်နှာလွှဲလိုက်မိသည်။

ဒီဘဝမှာတော့ ဒီမျှသာပေါ့ သူသူ။

✿ ✿ ✿



## အခန်း (၃၅)

"မေမေ ကိုကိုလည်း ပြန်မလာသေးဘူး။ ဟိုအိမ်ကို သမီးတို့ လိုက်ခေါ်ကြမလားဟင်"

"သမီးကိုကိုက လိုက်ခေါ်တာမှ မကြိုက်တာကွယ်၊ သူ့ကို ဒုက္ခတခါဆိုပြီး အရိပ်တကြည့်ကြည့် ဂရုစိုက်ခံရတာ ပိုပြီးသိမ်ငယ်တယ်တဲ့၊ ဟိုအိမ်လေးမှာ နေရတာလည်း မောင်ကောင်းထိုက်တို့, နေခြည်တို့ အဖော်လာလုပ်ပေးကြတော့ ပော်သေးတာပေါ့ကွယ်"

"မမသူ တကယ်လက်ထပ်တော့မယ်ထင်တယ်နော်"

"အင်း၊ သူတို့ အဝင်အထွက်အသွားအလာတွေ စိပ်နေပြီပဲကွယ်၊ ခုဆို မောင်လင်းမိုရ်အိမ်ကိုတောင် သူသူ အမြဲတမ်းလိုလို သွားနေတာတဲ့၊ ဟိုနေ့က မမဆင့်စျေးလာတုန်းက ပြောသွားသေး



www.burmeseclassic.com

www.burmeseclassic.com



တယ်၊ ခန်းဝင်ပစ္စည်းတွေတောင် ဝယ်နေကြပြီဆိုပဲ၊ စိတ်မကောင်းနိုင်ပါဘူး၊ အဲဒီမင်္ဂလာပွဲကို သူသူလေး စိတ်မပါဘူးဆိုတာ မေမေသိတယ်''

လေးပင်စွာ သက်ပြင်းချရင်း ဒေါ်ခင်မြ မျက်ရည်လည်လာသည်။

သားအတွက် ဖြေမဆည်နိုင်သလို ယှဉ်ဝံ့သူအတွက်လည်း စိတ်မချမ်းမြေ့နိုင်။

သားက နေ့ဘက်မှာ ဟိုအိမ်လေးမှာနေပြီး ညဘက်အငှားကားဖြင့် အိမ်ပြန်ရောက်လာတဲ့အခါ ရှိသလို၊ မောင်ကောင်းထိုက် လိုက်ပို့တဲ့အခါမျိုးတွေလည်း ရှိသည်။

ဒါပေမဲ့ သားက ကောင်းကောင်းမအိပ်၊ ကောင်းကောင်းမစား။ စီးကရက်တွေ တစ်လိပ်ပြီးတစ်လိပ်သောက်လျက် တွေဝေနေတတ်သည်။ တစ်ခါတစ်ရံ ယှဉ်ဝံ့သူ ဓာတ်ပုံလေးကို ထုတ်ကြည့်ပြီး မျက်ရည်ကျနေတတ်၏။

တက်တခေါက်ခေါက် အံတကြိတ်ကြိတ်ဖြင့် ခြေတုတပ်ထား ရတဲ့ခြေထောက်ကို ကြိတ်မနိုင်ခဲမရ ဒေါသဖြစ်နေတဲ့အခါမျိုးလည်း ရှိသည်။

ဒါပေမဲ့ မအေနှင့်ညီမရှေ့မှာ ဟန်ဆောင်အားတင်း ပြုံးနေတတ်ပါသည်။





''ကားမီးရောင်မြင်တယ်၊ သမီးကိုကို လာပြီထင်တယ်၊ ထွက်ကြို့လိုက်ပါဦး''

မိစုပြေးထွက်သွားပြီး ဒီဂရီကို သွားတွဲခေါ်လာသည်။

ချိုင်းထောက်အရှိန်ကြောင့်ရယ်မဟုတ် ဒီဂရီ့ကိုယ်ကြီးက ယိုင်ထိုးပြိုလဲချင်နေသည်။ စူးရှသောအနံ့ဆိုးကြောင့် ဒေါ်ခင်မြနှင့် မိစု နှာခေါင်းရှုံ့သွား၏။

''စိတ်ပြေလက်ပျောက်ဖြစ်အောင် အရက်တောင် သောက်တတ်လာပြီလား သား''

''သား တောင်း တောင်းပန်ပါတယ် မေမေ၊ အရက်သမားတော့ မဖြစ်စေရပါဘူး''

''အရက်သောက်တတ်လာပြီဆိုရင် အရက်သမားဖြစ်ဖို့ နီးစပ်လာပြီပေါ့ သားရယ်၊ ဒီကိစ္စတွေ အစအဆုံး သားဖန်တီးခဲ့တာတွေချည်းပဲ၊ ဘာကို မကျေမနပ်ဖြစ်နေတာလဲ''

''မကျေနပ်လို့ မဟုတ်ပါဘူး မေမေ၊ သားလုပ်ခဲ့တာတွေအတွက် နောင်တလည်း မရပါဘူး၊ သား သား သူသူနဲ့ခွဲရမှာ မခံစားနိုင်လို့ပါ''

''သူသူ ခံစားနိုင်ပါ့မလားဆိုတာရော သား တွေးမိရဲ့လား၊ သားက အရက်သောက်ပြီး ထွက်ပေါက်ရှာခွင့်ရသေးတယ်၊ ထွက်ပေါက်ရှာခွင့်မရတဲ့ သူသူ ဘယ်လောက်ဒဏ်ရာတွေ ပြင်းထန်နေလိမ့်



www.burmeseclassic.com

www.burmeseclassic.com



မလဲ''

ဆက်တီခုံပေါ်တွင်ထိုင်ရင်း ချိုင်းထောက်လေးကို ပွေ့ပိုက်ထားကာ ဒီဂရီ မျက်ရည်တွေကျလာသည်။

အရက်သောက်လာတော့ ထိန်းသိမ်းရမှန်း၊ ရှက်ရမှန်းပင် မသိ။ ခေါင်းငိုက်စိုက်ချနေတဲ့ ဒီဂရီ့ခေါင်းလေးကို ဒေါ်ခင်မြ ခပ်ဖွဖွ ပုတ်ကာ

''အဆိပ်ပင်ဆိုတာ လူတွေကို သေစေနိုင်သလို လူတွေရဲ့ အသက်ကို ကယ်တင်နိုင်တဲ့ ဆေးဝါးလည်း ဖော်စပ်လို့ရတယ် သားသားက အမြင့်ကိုရောက်စေချင်ဖောနဲ့ တွန်းပို့ဆွဲတင်နေပမယ့် မတက်ချင်တဲ့လူအတွက် ဘယ်လောက်များ စိတ်ပင်ပန်းလိုက်မလဲ၊ ဒါပေမဲ့ အကျနာမလား၊ သွေးထွက်သံယိုဖြစ်နိုင်သလား သား မတွေးခဲ့ဘူးနော်၊ သားဖြစ်ချင်တာပဲ သားသိတယ်၊ သားလုပ်ချင်တာပဲ သားလုပ်တယ်''

''မှားခဲ့တယ်ဆိုရင်လည်း စေတနာအမှားပါ မေမေ၊ ချစ်သူကို ခြောက်သွေ့တဲ့ဘဝထဲမှာ ဆွဲခေါ်ပြီး ငြိုငြင်ခံရမှာထက်စာရင် ဒီလိုမျိုး အဆုံးသတ်လိုက်တာ အကောင်းဆုံးပါ''

''သားကျေနပ်တယ် မဟုတ်လား၊ ဒါဆိုရင်လည်း သားဆန္ဒကို လိုက်လျောနေရတဲ့လူတွေအားလုံး စိတ်ချမ်းသာအောင် ပျော်ပျော်နေပါလား သားရယ်''





''ဟုတ်တယ် ကိုကို၊ ကိုကို ဒီလိုဖြစ်နေတာ မမသူသိရင် ဦးလင်းမိုရ်ကို မမသူ လက်ထပ်ပါတော့မလား။ ဘာဖြစ်ဖြစ်ဆိုပြီး ကိုကို့ဆီ ထွက်ပြေးလာတော့ ကိုကို လက်မခံရင် သူကိုယ့်သူ သတ်သေဖို့ပဲ ရှိတော့တယ်''

''ညီမလေး''

ဒီဂရီ အထိတ်တလန့် ဟန့်တားလိုက်၏။ ဒေါ်ခင်မြကလည်း မိစုကို လက်ကုတ်သတိပေးသည်။ မိစုမျက်နှာလေးကတော့ ညို့မှိုင်းမှိုင်းရယ်ပါ။

''မမသူက ကိုကို့ကို ချစ်ရုံတင်မဟုတ်ဘူး၊ ညီမလေးတို့မိသားစုကိုရော ဘယ်လောက်ထိ သံယောဇဉ်ကြီးလဲ, ခင်တွယ်လဲ ကိုကိုသိလား။ ဒီလိုကြီးဖြစ်နေတဲ့ ကိုကို့ကို လက်ထပ်ဖို့ပြောခဲ့တာကရော တော်ရုံစွန့်စားမှုကြီးလား၊ မိစုလည်း မိန်းမသားပါ၊ ဒါပေမဲ့ ဘယ်ယောကျ်ားကိုမှ အဲဒီလောက် အနစ်နာခံ, စွန့်စားပြီး မချစ်ဘူး ကိုကို''

''ကိုကိုကလည်း မချစ်လို့မှာ မဟုတ်တာ ညီမလေးရယ်၊ ဒီဘဝကြီး, ဒီလိုဘဝကြီးနဲ့ သူ့ကိုပိုင်ဆိုင်ရက်ပါ့မလား။ အိမ်ထောင်ရေးသုခ, သာယာမှုမပေးနိုင်တဲ့ ကိုကို့ကြောင့် သူ တစ်သက်လုံး ပျင်းရိသွေ့ခြောက်ပြီး ကုန်ဆုံးရမှာကိုရော ကိုကို မြင်ရက်ပါ့မလား။ ကိုကို့လို ဒုက္ခိတကြောင့် ပျော်ရွှင်ကြည်နူးစရာကောင်းတဲ့ သူ့ရဲ့ဘဝနုပျိုးရှိတဲ့

www.burmeseclassic.com



အချိန်တွေ အလဟဿမဖြစ်စေချင်လို့ပါ ညီမလေးရယ်''

ကိုကို ရှိုက်ငိုပစ်လိုက်၍ မိစု အသံတိတ်သွား၏။ ကိုကို့စိတ်ကို နားမလည်လို့ မိစု ဒီလိုပေါက်ကွဲမိတာ မဟုတ်ပါ။

မမသူ ခံစားမှုကို စာနာမိလို့ ဖွင့်တိုးပြောမိခြင်းပင်။

မချစ်လို့မဟုတ်ကြပါဘဲ ကွဲကွာမှုတွေက အကြိမ်ကြိမ်။ ဒီတွေဖြစ်ရတာကလည်း ကိုကို့ဆန္ဒတွေချည်းပဲမို့ မမသူကို အပြစ်တင်လို့ဖြစ်ပါ့မလား။

တကယ်ဆို ဟိုဘက်ဒီဘက် မိဘတွေဆန္ဒနှင့်လက်ထပ်ခဲ့ကောင်းသည်။ ခွေးနွေးလို့မရ၊ ညှိနှိုင်းလို့မရနှင့် ကိုကိုက ခေါင်းမာနေတာ။

ခုတော့ ချစ်လျက်နှင့် ဝေးကြရတော့မည်။ နိုင်ခံ့စွာ ငြိတွယ်ခဲ့ကြတဲ့ သံယောဇဉ်ကြိုးတွေက ခွေးမြည့်စွာပြတ်တောက်တာ မဟုတ်ဘဲ ကိုယ်တိုင် အစိမ်းလတ်လတ် ဖြတ်တောက်နေကြခြင်းဖြစ်သည်။

ခုတော့ မမသူ လက်ထပ်တော့မည်။ ကိုကို ဘယ်လိုနှလုံးသားနှင့် ကြည်နူးနိုင်မှာပါလိမ့်။

✿ ✿ ✿



## အခန်း (၃၆)

''သေချာလား ကောင်းထိုက်''

''ခန်းဝင်ပစ္စည်းတွေတောင်ဝယ်ပြီးပြီဆိုမှတော့ သေချာလို့ပေါ့ကွာ၊ ဖိတ်စာတွေလည်း အပ်ပြီးပြီတဲ့၊ ရက်သတ်မှတ်ပြီးလို့နေမှာပေါ့''

''နေခြည့်ကိုတောင် မတိုင်ပင်ဘူး၊ သူတစ်ယောက်တည်းလုပ်နေတာလား''

''မဟုတ်ဘူး၊ ကိုလင်းမိုရ်နဲ့ သွားတာပေါ့၊ သတို့သားက စီမံပေးနေတာ၊ သူသူ ကံကောင်းမှာပါ၊ ကိုလင်းမိုရ်က ဟိုအရင်ကတည်းက စိတ်ဝင်စားနေတာ၊ သူသူ စိတ်ချမ်းသာအောင် ဖြည့်ဆည်းနိုင်မယ် ထင်ပါတယ်''

''ဪ အင်း ကောင်းပါတယ်၊ သူသူ့အတွက် စိတ်ချရတာ



www.burmeseclassic.com

www.burmeseclassic.com



ပေါ့၊ သူလည်း နောက်တော့ ပျော်သွားမှာပါ''

''မင်းရော တကယ်ကြည်နူးနေတာ ဟုတ်ရဲ့လား ဒီဂရီ''

တုန်ယင်တိုးလျှနေတဲ့ သူ့အသံကြောင့် ကောင်းထိုက်တ မယုံသင်္ကာမေး၏။ ပြုံးပြဖို့ အားယူလိုက်သော်လည်း မဲ့သလို ဖြစ်နေမှာတော့ သေချာသည်။

''မင်း အားတင်းမထားပါနဲ့၊ မင်း ဟန်မဆောင်တတ်မှန်း ငါသိပါတယ်၊ ငါနဲ့နေခြည်တောင် သူသူ့ကို တခြားလူနဲ့ တွဲမြင်ရတာ အသည်းတွေ့ရင်တွေနာနေတာ၊ မင်း ဘီယာသောက်ပြီး ဖြေဖျောက်ရှာ တာ မအံ့တော့ပါဘူးကွာ၊ ဒါပေမဲ့ တခြားလူရင်ခွင်ထဲရောက်သွားတဲ့ သူသူ့ကို မင်း မလွမ်းတတ်အောင် လေ့ကျင့်ဖို့တော့ လိုလိမ့်မယ်''

''ဘာဖြစ်လို့လဲ''

''အပြစ်ကြီးလို့ပေါ့၊ အိမ်ထောင်ကျသွားတဲ့မိန်းမတစ်ယောက် ကို ကံသုံးပါးလုံးနဲ့ ကျူးလွန်လို့ မရတော့ဘူး''

''ခုချိန်မှာတော့ လွတ်လွတ်လပ်လပ် လွမ်းလို့ရသေးတယ် မဟုတ်လား''

''မင်းဆီကို မင်္ဂလာဖိတ်စာ ရောက်မလာမချင်းပေါ့ကွာ နောင်တမရချင်ရင် အချိန်မီသေးတယ်နော်''

ဒီဂရီက ဘာမှပြန်မပြောဘဲ ကောင်းထိုက်ဝယ်လာတဲ့ ဘီယာ တွေကို တစ်ရှိန်ထိုး မော့သောက်ချလိုက်သည်။





ပူဆင်းသွားသော လည်ချောင်းတစ်လျှောက် အဖုအထစ် များစွာနှင့် နိုးလိုးခုလု။ ရှင်းလင်းသွားအောင် ကောင်းထိုက် ထပ်ငှဲ့ပေး တဲ့နောက် တစ်ခွက်ကို ဆင့်ကဲသောက်ပစ်လိုက်သည်။

''သက်သာလား ဒီဂရီ''

''ဘာကိုပြောတာလဲ''

''မင်းမှာ ဝေဒနာ ဘယ်နှမျိုးရှိလို့လဲ''

စီးကရက်ကို မီးညှိသောက်ရင်း ဒီဂရီ ဟက်ခနဲရယ်ချ၏။

''အားလုံးက ငါ့ကို မကျေမနပ်ဖြစ်နေကြတယ် ထင်တယ်၊ ငါ မှားလို့လား၊ ငါဆုံးဖြတ်တာတွေ မှားနေလို့လား ကောင်းထိုက်''

''မမှားပေမယ့် မှန်လည်းမမှန်ဘူး ဒီဂရီ၊ ကောင်းကောင်း ဆိုးဆိုး ကိုယ်လုပ်တာ ကိုယ်မှန်တယ်ထင်နေတဲ့လူက အတ္တကြီးတာ ပဲ၊ တစ်ဖက်လူရဲ့ဆန္ဒကို လက်ခံမပေးတတ်တာ တစ်ကိုယ်ကောင်း ဆန်တာပဲ၊ ဒါပေမဲ့ ဒုက္ခိတဖြစ်နေတဲ့ မင်းကို သနားကရုဏာဖြစ်နေ ရလို့ ဘယ်သူမှ မလွန်ဆန်ဖြစ်တာပါ၊ အရမ်းမှန်ပါတယ်ဆိုပြီး ထောက် ခံနေကြတာတော့ မဟုတ်ဘူးနော်''

ကောင်းထိုက်လေသံတို့က မာဆတ်ဆတ်ဖြစ်နေ၏။ ကရု ဏာဒေါသလို့ သူဖြေသိမ့်လို့ရပါသည်။

ဒီအိမ်ထဲမှာ သူ ဒီလိုလွမ်းနာကျကြေကွဲပြီး ခံစားနေရတာကို လည်း မကြည့်ရက်နိုင်တာ ဖြစ်နိုင်၏။



www.burmeseclassic.com

www.burmeseclassic.com



"သူသူ တစ်ခေါက်မှတောင် ပေါ်မလာတော့ဘူးနော်၊ ငါ့ စိတ်နာသွားတာထင်တယ်"

"မင်းတစ်ယောက်တည်း မဟုတ်လောက်ဘူး၊ ငါတို့လည်း ပါချင်ပါနိုင်တယ်၊ သူ့ကို ငါတို့ ဘာတစ်ခုမှ မကူညီနိုင်ခဲ့တာ"

"သူက ဘာအကူအညီတောင်းထားလို့လဲ"

"မင်း သူ့ကိုလက်ထပ်ချင်အောင် ဖျောင်းဖျပေးပါတဲ့၊ လင်းမိုရ်နဲ့ လက်ထပ်မနိုင်းအောင်လည်း နားချပေးပါတဲ့"

"ဟင်"

"ဘာတစ်ခုမှ ပြောမရတော့ဘူးဆိုရင် မင်းကို သူ့ကိုယ် ဂရုစိုက်ပေးပါတဲ့"

"ဟာကွာ မပြောနဲ့တော့ မကြားချင်ဘူး"

စားပွဲခုံကို ဖြန်းခနဲပုတ်၍ ဒီဂရီ အော်ပစ်လိုက်သည်။ ကောင်းထိုက်က ဒီဂရီအတွက် ဘီယာတစ်ခွက်ထပ်ငှဲ့ပေး၏။

"ဒီတစ်နေ့ မင်းကြိုက်သလောက် သောက်ချင်သလော မူးအောင်သောက် ဒီဂရီ၊ နောက်နေ့ကစပြီး မင်း ဘီယာသောက် ဆေးလိပ်သောက်ဖို့ ငါ အားမပေးတော့ဘူး၊ ရလာမယ့် ဝေဒနာ မင်း ဒီအတိုင်း ခံနိုင်ရည်ရှိအောင် ကြိုးစားရမယ်"

"ဘာ ဘာဖြစ်လို့လဲ"

"သူသူ ခံစားသလောက် မင်းကို ခံစားစေချင်လို့ပေါ့၊ ဒီ





အမှ မျှတမှုရှိလိမ့်မယ်"

"သူ့ ခဏပဲ ခံစားရမှာပါ"

"မင်းတို့ ခဏလေးချစ်ခဲ့ကြတာလား ဒီဂရီ၊ ငါတို့နှစ်ယောက် အချစ်ထက် မင်းတို့နှစ်ယောက်အချစ်က ထုထည်ကြီးမားနိုင်ခန့်တယ် ဆိုတာ ငါပြောပြမှ မင်းသိရမှာမဟုတ်ပါဘူး။ သူသူ မင်းအပေါ်မှာ အလေးအနက်တန်ဖိုးထားပြီး ချစ်တယ်ဆိုတာ မင်းပိုသိမှာပါ၊ မင်း ဘာပြောပြော ခေါင်းညိတ်နာခံတတ်တဲ့ ကြိုးဆွဲရုပ်လေးပါ၊ အနစ်နာခံပေးဆပ်ချင်တဲ့မေတ္တာရှင်မလေးပါ၊ မင်းလည်း နောက်ဆုံးချိန်တွေထိ သူသူ့ကို ငဲ့ညှာစာနာရင်းနဲ့ ကိုယ့်ကိုယ်ကိုယ် ဒုက္ခရောက်ခံသွားမှာပဲ မဟုတ်လား။ မင်းကို ဘယ်လိုအကြောင်းအရာ သင့်တော်တယ်လို့ တိုက်တွန်းတော့ပါဘူး။ သူသူနဲ့ တန်းတူတော့ ခံစားပေးပါကွာ"

အရက်တွေ ဆေးလိပ်တွေက မကောင်းဘူးလို့ ဆုံးမသွန်သင်တာထက် ထိရောက်သော စကားလုံးများတွေပါ။

ပါးစပ်မှာ တော့ကပ်ထားမိတဲ့ ဘီယာဖန်ခွက်လေးက စားပွဲပေါ် ဆောင့်ခနဲပြန်ကျကာ မီးညှိပြီး စီးကရက်လေးကိုလည်း ခွက်လေးထဲမှာ ထိုးချေချေပစ်လိုက်မိသည်။

သူသူ့နည်းတူ တွယ်ရာကင်းမဲ့စွာ နာကျင်ဖို့ ထိုက်တန်သည် ပဲ။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၇)

ခြံထဲက ဂန္ဓာမာပန်းဖြူဖြူလေးတွေက အိမ်က ဘုရားအိုး
ကျက်သရေရှိစွာ ပွင့်လန်းနေသည်။ ညှော်ခန်းက အလှပန်းအိုးလေး
ထဲမှာ ဖူးငုံစနှင်းဆီပန်းရဲရဲလေးတွေက နေရာယူထား၏။

မိန်းမကောင်းပီသသော သူသူရဲ့ပြုပြင်ဖန်တီးမှုများကြောင့်
သူ့အိမ်လေးက သန့်ရှင်းတောက်ပြောင်ထည်ဝါနေသည်။

ဖိုးကျော်အကူအညီမပါဘဲ သူသူရဲ့လက်ရာများက ရုံးပိတ်
ရက်, ကျောင်းပိတ်ရက်တိုင်း သူ့ကို ထမင်းမြိန်စေသည်။

ညနေခင်းတိုင်း လမ်းထိပ်မှာ ကားရပ်ထားခဲ့လျက် သူသူနဲ့
အိမ်ပြန်ချိန်တွေကို လမ်းလျှောက်၍ပြန်လိုက်ပို့ရတာလည်း ကြည်နူး
စရာကောင်းသည်။





သွားအတူ, လာအတူ, စားအတူ နေခွင့်ရတဲ့ ဒီအချိန်လေးတွေ သူ့ဘဝအတွက် မမေ့နိုင်စရာ အမှတ်တရလေးတွေပဲဖြစ်သည်။ တစ်သက်လုံးပိုင်ဆိုင်ခွင့်ရဖို့ဆိုတာကတော့ သူသူရဲ့ ရင်တွင်းဆန္ဒပဲ ဖြစ်သည်။

သူက မပိုင်ပန်းကို ကမ်းလင့်ကြိုဆိုဖို့လည်း အခွင့်မသာတဲ့ လူတစ်ယောက် ဖြစ်နေ၏။

"ဆရာ မသူရောက်နေပြီလား"

"ဟင် အေး မီးဖိုခန်းထဲမှာ ရောက်နေပြီ"

ဈေးကပြန်လာတဲ့ ဖိုးကျော်အမေးကြောင့် အတွေးတွေ ကစဉ့်ကလျား လန့်ဖျပ်ပြေးကုန်သည်။ ဖိုးကျော် မီးဖိုခန်းအတွင်း ဝင်သွားတော့ မယောင်မလည် သူလိုက်သွားမိ၏။

"ဖိုးကျော် ဘာဝယ်လာလဲ"

"ဟိုတစ်ခေါက်က မသူ ငါးသလောက်ဝယ်ထားလိုက်ဆိုတာ နဲ့ ဝယ်လာခဲ့တယ်လေ၊ မသူ ဘယ်လိုချက်မှာလဲ၊ ငါးသလောက်က လတ်လတ်ဆတ်ဆတ်ရခဲ့တာဗျ"

"မင်းဆရာက မသူတို့အိမ်မှာ ထမင်းစားတုန်းက ငါးသ လောက်ပေါင်းဆိုရင် အရမ်းကြိုက်တာ၊ အဲဒါ သူ့ကို ငါးသလောက် ပေါင်းချက်ကျွေးမယ်လေ၊ ကြက်သွန်နဲ့သံပရာသီးကို ကြက်သွန်ချဉ် လေး လုပ်မယ်၊ ချဉ်ပေါင်ဟင်းအရည်သောက်လေးလည်း လုပ်မှဖြစ်



www.burmeseclassic.com

www.burmeseclassic.com



မှာ၊ ငါးသလောက်က အရမ်းသွေးတက်တာ''

''မသူက အရမ်း မိန်းမပီသတာပဲနော်၊ ချက်တာပြုတ်တာ လုပ်တာကိုင်တာ အရမ်းမြန်တာ၊ တစ်အိမ်လုံးလည်း သန့်ရှင်းတောက်ပြောင်နေတာပဲ၊ ခုမှ ကျွန်တော်လုပ်ကိုင်ပေးနေတာတွေ ဆရာ့ကို အားနာရမှန်းသိတော့တယ်''

''ဒါတော့ မင်းက ယောကျ်ားလေး၊ ပိပိရိရိမလုပ်တတ်တာ သူ နားလည်ပေးမှာပါ၊ မင်းဆရာက စိတ်ရင်းကောင်းတာပဲ''

''မသူက ဆရာ့ကို အကောင်းမြင်တတ်သား၊ စိတ်ရင်းစေတနာလည်း ကောင်းတာဆိုတော့ ဆရာနဲ့မသူ အရမ်းလိုက်ဖက်တယ်''

''အဟမ်း အဟမ်း''

''ဟာ ဆရာ''

ချောင်းဟန့်သံကျယ်ကျယ်ဖြင့် အခန်းတွင်း ဝင်လိုက်တော့ ဖိုးကျော် ပြုံးပြုံးပျာပျာဖြစ်သွား၏။ ယုဉ်ဝံ့သူက သူမ,လုပ်စရာရှိတာတွေ ဣန္ဒြေမပျက်လုပ်နေသည်။

''ဖိုးကျော် မင်း ချဉ်ပေါင်ရွက်နဲ့ သံပရာသီးသွားခူးမယ် မဟုတ်လား၊ သွားတော့''

ဟုတ်ကဲ့ဆိုပြီး ဖိုးကျော်ထွက်သွားတော့ ခုံတစ်လုံးဆွဲ၍ လင်းမိုး၏ ထိုင်လိုက်သည်။ ကြက်သွန်အဖြူအနီ ကုန္နာရင်း ယုဉ်ဝံ့သူကို တစိမ့်စိမ့်ငေးကြည့်နေလိုက်၏။





''လက်တွေ နံကုန်လိမ့်မယ်၊ ဘာလို့ရှာနေတာလဲ၊ အိမ်ရှေ့ဧည့်ခန်းမှာ သွားထိုင်နေပါ''

''ရပါတယ်၊ သူသူတောင် အပင်ပန်းခံချက်ပေးနေသေးတာ၊ ကျွန်တော် လုပ်ပေးပါ့မယ်''

''ကျွန်မက ရည်ရွယ်ချက်တစ်ခုနဲ့ လာလုပ်နေတာ''

''စေတနာမပါဘူးလို့ ပွင့်ပွင့်လင်းလင်းဝန်ခံလည်း ကျွန်တော် စိတ်မဆိုးပါဘူး သူသူ၊ အခိုက်အတန့်အတွင်းမှာ သူသူ ဒီမှာရှိနေပေးတာလည်း ကျေးဇူးတင်ပါတယ်''

''ခဏလေးဆိုတာ ရှင်သဘောပေါက်မှာပါ''

''တစ်သက်လုံးဖြစ်လိမ့်မယ်လို့ ကျွန်တော် ဘယ်တုန်းကမှ တွေးမထားပါဘူး၊ ဒါပေမဲ့ ဒီဂရိတော့ အရမ်းကြေကွဲနေလောက်ပြီ''

''ဟင့်အင်း သူဖြစ်ချင်သလို ဖြစ်ရတော့မယ်ဆိုပြီး သူကျေနပ်နေမှာပါ၊ အဲလိုထင်မြင်ယူဆသွားအောင် ရှင် ကူညီပေးနေတဲ့အတွက် ကျေးဇူးတင်ပါတယ်''

''ကျွန်တော့်ဆီမှာ အမှတ်တရတွေ တော်တော်များများ ကျန်ခဲ့မှာပဲဗျာ၊ ကျွန်တော်က ကျေးဇူးတင်ရမှာပါ၊ ဒါနဲ့ သူသူ့မိဘတွေက ခွင့်ပြုပါ့မလား''

ဟင်းခနဲသက်ပြင်းချကာ ပေါင်းအိုးကို ပလပ်တပ်ပြီး ယုဉ်ဝံ့သူ သူ့ဘက်လှည့်လာသည်။ မျက်နှာလေးပေါ်က အရိပ်အယောင်



www.burmeseclassic.com

www.burmeseclassic.com



တို့ကို ဖမ်းဆုပ်အကဲခတ်ဖို့ ခက်လှ၏။

"သူတို့ခွင့်ပြုချက်နဲ့ ကျွန်မမောင့်ကို ချစ်ခွင့်ရခဲ့တာပါ ခုလည်း သူတို့ဆန္ဒနဲ့မောင့်ကို စွန့်ခွာဖို့ ကြိုးစားခဲ့ရတာပါ၊ ချစ်သူနဲ့ ပေါင်းဖက်ခွင့်မရတာ အရမ်းစိတ်ပင်ပန်းဖို့ကောင်းတယ် ကိုလင်းမိုရ် လူဖြစ်ရတာ ၎င်းညာမှုတွေ၊ ဝေဒနာမှုတွေ၊ နားလည်မှုတွေနဲ့ စည်းမျဉ်း စည်းကမ်းတွေ များပြားလွန်းပြီး ဘောင်ခတ်ခံထားရသလိုပဲ"

"တာဝန်ဝတ္တရားတွေ သိမှ လူပီသတာပေါ့ သူသူ၊ ချစ်သူ တိုင်း ညားမယ်ဆိုရင် ဘယ်မှာအသည်းကွဲဇာတ်လမ်းဆိုတာ ရှိတော့ မှာလဲ၊ အလွမ်းသီချင်းတွေလည်း ခေတ်အဆက်ဆက် ဘယ်သူ ဆိုကြတော့မဟုတ်ဘူး"

ရုပ်ခနဲဓားထိသွားတဲ့ လက်ညှိုးလေးကို သူသူ မရိပ်မိအောင် လက်တစ်ဖက်နှင့် ဖိအုပ်ထားရင်း သူပြောတော့ သူသူက မဲ့ခနဲပြုံး၏

"ရှင်လည်း ဟန်ဆောင်တတ်လာပြီ"

"ဗျာ၊ ကျွန်တော့်လက် ဓားထိသွားတာ သူသူ ဘယ်လိုလုပ် သိလဲ"

"ရှင့်မျက်နှာ ရှုံ့မဲ့သွားတယ်လေ၊ လက်ကို ခုံအောက်ဖွက် လိုက်တာလည်း ရှင့်ဒဏ်ရာကို ကျွန်မ မသိစေချင်လို့မဟုတ်လား ကျွန်မ ဘာမှတော့ လုပ်ပေးနိုင်မှာမဟုတ်ဘူး။ ဒဏ်ရာကလည်း မဖြစ်စ လောက် အသေးအမွှားလေးပဲ၊ ဘေစင်မှာ လက်သွားဆေးလိုက်ပါ"





ဒဏ်ရာက မဖြစ်စလောက်အသေးအမွှားပါတဲ့။

တကယ်လည်း ပြလို့မရတဲ့ ဒဏ်ရာသေးသေးလေးပါ။ ယောကျ်ားတစ်ယောက်အတွက်လည်း ညည်းညူမှုပြုရလောက်အောင် မပြင်းထန်တဲ့ဒဏ်ရာလည်း ဖြစ်သည်။

ဒါပေမဲ့ ဓားပါးလေးထိလို့ စိမ့်ခနဲထွက်လာတဲ့ နီရဲနေတဲ့ သွေးတွေဟာ ဒီဂရီခန္ဓာကိုယ်တွင်းကသွေးတွေ ဖြစ်ခဲ့ပါက ယှဉ်ငုံ့သူ ပျာပျာသလဲဖြစ်သွားမှာ သေချာသည်။ ခုတော့ မျက်လုံးတစ်ချက် လှန်မကြည့်ဘဲ အေးစက်စက် သူမ ဥပေက္ခာတွေကြောင့် ရင်ထဲက တဆစ်ဆစ်နာကျင်သွားသည်။

မတူညီတဲ့ခံစားချက်တွေအပေါ်မှာ သူ ဘာကြောင့် စွဲလမ်း တပ်မက်ချင်နေရတာလဲ။

ဆံနွယ်တွေကို နောက်ဘက်မှာ စုစည်းချည်နှောင်ထားတာမို့ မျက်နှာလေးက ရှင်းသန့်ဝင်းဖန့်နေတာ၊ နှုတ်ခမ်းလေးက ဆေးရောင် မတင်ဘဲ ရဲစိုနေ၏။ ပါးပြင်နှင့် ကျော့ရှင်းနေသော လည်တိုင်လေး တစ်ခြေလျှောက် စိမ်းမြနေသော သွေးကြောစိမ်းလေးတွေက အနီးကပ် မြင်နေရတဲ့ သူ့ရင်တစ်ခုလုံး ကတုန်ကယင်လှုပ်ရှားစေသည်။

အေးချမ်းသောအလှနှင့်စွဲဆောင်မှုရှိသော ဒီမိန်းကလေးကို သူ့နှလုံးသားက ဘယ်လိုမှလက်လွှတ်ဆုံးရှုံးမခံနိုင်အောင် ချစ်နေမိ သည်။ ဒါပေမဲ့ တစ်ဖက်လူကို တန်ဖိုးထားမြတ်နိုးနေသော သူမရဲ့



www.burmeseclassic.com

www.burmeseclassic.com



စိတ်ကို ထိန်းသိမ်းချုပ်ကိုင်လွှမ်းမိုးနိုင်တဲ့အစွမ်းအစ သူ့မှာမရှိ။ ကိုယ့်ကို အလေးအနက်ထားလာအောင် စွမ်းဆောင်နိုင်တဲ့အရည်အချင်းလည်း သူ့မှာမရှိ။ ဒီလိုအလှကြည့်နေခွင့်ရတဲ့အချိန်လေးကလည်း အခိုက်အတန့်သာ ကျန်တော့သည်ထင်သည်။

သူမ ဘာလုပ်မည်ဆိုတာ သိခွင့်ရှိတဲ့သူက သူတစ်ယောက်တည်းသာဖြစ်သည်။ သူမကို အလေးအနက်ပေးထားရတဲ့ ကတိတစ်ခုကြောင့် ဘယ်သူ့ကိုမှ ရင်ဖွင့်တိုင်တည်ခွင့်မရှိဘဲ အဆိပ်မိခံထားရတဲ့ လူတစ်ယောက်လို လူးလိမ့်ရုန်းလို့မရ။ ထွေးအံ့ထုတ်လို့လည်း မရ။

"ဟင်း"

သက်ပြင်းမောတွေ မှုတ်ထုတ်ရတာတောင် ဖြောင့်တန်းခြင်း မရှိပါလား။

"ဟာ ဆရာ့လက်ကို ဓားထိသွားတာလား။ ကျွန်တော် ဆေးထည့်ပေးမယ်လေ"

"နေပါစေကွာ၊ အသေးအမွှားပါ၊ ရေဆေးလိုက်ရင် သွေးတိတ်သွားမှာပေါ့၊ ငါ့ဟာငါ လုပ်လိုက်ပါ့မယ်"

ဘေစင်မှာ လက်ထဲဆေးပြီး သူ အပြင်ထွက်လာခဲ့သည်။

ညှော်ခန်းထဲမှာ ငြိမ်သက်စွာ ထိုင်နေရပေမယ့် သူ့ရင်က ယောက်ယက်ခတ်ဗလောင်ဆူနေသည်။ ဖိုးကျော်နှင့်သူမ ချက်ပြုတ်ပြီးစီးလို့ ထမင်းစားဖို့ သူ့ကိုလာခေါ်မှ တုတ်တုတ်မျှမလှုပ်မိတဲ့ နေရာက





နေ ထလိုက်လာခဲ့မိတာ ဖြစ်သည်။

"ဆရာက ငုတ်တုတ်ကြီး မှေ့နေတာလား မသိဘူး မသူရေ၊ ထမင်းစားဖို့ အနားကပ်ခေါ်တာတောင် လေးငါးခွန်းလောက် လူကို လှုပ်ပြီးခေါ်ခဲ့ရတယ်"

"ဟိတ်ကောင် ဖိုးကျော် တိတ်တိတ်နေစမ်း။ ထမင်းစားမှာစား၊ စကားမများနဲ့၊ မင်းကို မင်္ဂလာဆောင်ပေးဖို့ ဝယ်ထားသမျှတွေ အကုန်မီးပုံရှို့လိုက်မယ်"

စိတ်က လွတ်ကာ အသားလွတ် ဖိုးကျော်ကို ငေါက်ငမ်းမာန်မဲမိ၏။ ဖိုးကျော်က စိတ်မတိုဘဲ အရယ်အပြုံးမပျက် ထမင်းဟင်းတွေကို ကောင်းကောင်းဆွဲသည်။

သူလည်း အစပ်အဟပ်တည့်၍ လက်ရာကောင်းသော သူသူချက်တဲ့ထမင်းဟင်းတွေကို အရသာရှိရှိ မြိန်ရေရှက်ရေစားပစ်လိုက်၏။

သူသူကတော့ ဟိုလူ့ထဲ ဟင်းတွေထည့်၊ ဒီလူ့ထဲ ဟင်းတွေထည့်ပေးဖြင့် တို့ကနန်း ဆိတ်ကနန်းသာ စားနေသည်။

ဘာဖြစ်ဖြစ် ဒီလိုအတူစားခွင့်ရတဲ့ ထမင်းဝိုင်းလေးရဲ့သက်တမ်းက ဘယ်လောက်ထိ ရှည်ကြာနိုင်ဦးမလဲ မသိနိုင်။

ဒီနေ့ အဆုံးသတ်လား၊ နောက်တစ်နေ့ထိလား၊ ဘယ်နေ့ ဘယ်ရက် ဘယ်အချိန်ထိလဲ။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၀)

"ဘယ်က ပြန်လာတာလဲ"

"ဟင် နေ နေခြည် နင် ငါ့အိမ်ရောက်နေတယ်၊ နင် တစ်ယောက်တည်းလား၊ ကောင်းထိုက်ရော"

"သူက ပွဲရုံပိတ်တဲ့နေ့လည်း ဒိဂရီဆီသွားပြီး အဖော်လုပ်ပေးတယ်၊ ပွဲရုံဖွင့်တဲ့ရက်လည်း စောစောပြန်လာပြီး ဒိဂရီဆီ သွားတော့တာပဲ၊ ငါက နင်နဲ့တွေ့ချင်လို့ ကားငှားပြီး ထွက်လာတာ"

"မေမေတို့နဲ့ မတွေ့ဘူးလားဟာ၊ အိမ်ပြင်မှာ ထွက်စောင့်နေတာ အားနာစရာကြီး"

"နင့်အမေတို့က ငါ့ကို အိမ်ထဲမှာ ထိုင်စောင့်ခိုင်းတာပါ၊ သူတို့ ဘုန်းကြီးကျောင်းသွားကြတယ်၊ ဒါနဲ့ ကိုလင်းမိုရ်က အိမ်ထဲ





ထိ မဝင်ဘဲ ဘာလို့လှည့်ပြန်သွားတာလဲ"

"သူ့ကားက လမ်းထိပ်မှာ ရပ်ထားခဲ့တယ်လေ၊ အိမ်ရှေ့ထိ ကားနဲ့ အဝင်အထွက်ရှုပ်နေရင် ပတ်ဝန်းကျင်မျက်စိနောက်မှာစိုးလို့ လမ်းထိပ်ကနေ လမ်းလျှောက်ပြီး လိုက်ပို့ခိုင်းတာ"

"အခု အဲဒီအိမ်က ပြန်လာတာပေါ့၊ အခြေအနေက အရှိန်မြင့်နေပြီလား၊ နင်တို့လက်ထပ်ဖို့ ရက်သတ်မှတ်ပြီးပြီလား"

"အင်း"

သံရှည်ဆွဲပြီး ဖြေလိုက်တဲ့ 'အင်း' တစ်လုံးရဲ့နောက်မှာ ဘာခံစားချက်မှ ကပ်ပါမလာဘူးဟု နေခြည်တွေးထင်ယူဆမိလိုက်သည်။ အိမ်ရှေ့ကွပ်ပျစ်လေးမှာပဲ သူမတို့နှစ်ယောက် အတူထိုင်လိုက်ကြ၏။

နေလုံးကြီးက တဖြည်းဖြည်းနိမ့်ကျနေကာ ရောင်စုံတိမ်တိုက်တွေထဲ တိုးဝင်ပျောက်ကွယ်ဖို့ အားယူနေသည်။

နေလုံးကြီး လုံးလုံးလျားလျား ပျောက်ကွယ်မှ လရဲ့အရိပ်အရောင်ကို မြင်တွေ့ရတော့မှာဖြစ်၏။

ဘယ်တော့မှ နေနှင့်လက နှစ်စင်းပြိုင်မထွက်နိုင်။

"မောင် နေကောင်းလား နေခြည်"

"လူလား စိတ်လား"

"ခွဲခြားမမေးကတည်းက နှစ်ခုလုံး သိချင်လို့ပေါ့ နေခြည်"



www.burmeseclassic.com

www.burmeseclassic.com



"နင်က လက်ထပ်တော့မှာပဲ၊ သိစရာလိုသေးလို့လား"

"ငါ လက်ထပ်ချင်လို့ လက်ထပ်မှာမှ မဟုတ်တာ၊ ငါသိချင်တာရော မေးလို့မရဘူးလား"

နေခြည့်ဘက်က အသံတိတ်သွားကာ သူမကို ငေးငေးလေးကြည့်သည်။ မျက်ရည်လက်နေသော သူမမျက်ဝန်းတွေထဲက လျှို့ဝှက်သိုသိပ်မှုများကို နေခြည် မရိပ်စားမိအောင် ခပ်လွှဲလွှဲလုပ်ထားနေ၏။

"နင်တို့ ဘယ်နေ့လက်ထပ်ဖြစ်မှာလဲ"

"ငါ မောင့်ကို ဖိတ်စာလာပေးမှာပါ"

"နင့်မင်္ဂလာဆောင်ကိစ္စနဲ့ ပတ်သက်ပြီး ငါ ဘာမှကူညီပေးစရာ မလိုတော့ဘူးလား၊ အဲဒါ သိချင်လို့လာမေးတာ"

"ငါ့ကိစ္စ ငါ့ဟာငါ စီစဉ်သွားပါ့မယ်"

"ငါတို့ကို သူစိမ်းအရာထားလိုက်ပြီလား သူသူ"

"မဟုတ်ပါဘူး၊ နင်တို့က မောင့်ကိုလည်း ဂရုစိုက်နေရတာ၊ ငါ့အတွက် ဒုက္ခမများစေချင်လို့ပါ၊ ဘာမှလည်း ရေးကြီးခွင်ကျယ်ကိစ္စ မဟုတ်ဘဲနဲ့"

"ဘဝတစ်ခုလုံး အလဲအထပ်ပြောင်းလဲမှုကြီးက ရေးကြီးခွင်ကျယ်ကိစ္စ မဟုတ်ဘူးတဲ့လား၊ နင် ဘာတွေလုပ်ဖို့ စဉ်းစားနေတာလဲ သူသူ"





ယှဉ်ဝံ့သူ ဘာမှမပြောဘဲ အဝေးကို အကြာကြီးငေးသည်။ ပြီးမှ နေခြည့်ကိုဖက်ကာ သည်းသည်းထန်ထန်ရှိုက်ငိုပစ်လိုက်၏။

"သူသူ ဘာဖြစ်တာလဲ၊ ဘာဖြစ်လို့လဲ သူသူ"

"ငါ ငါ ကိုလင်းမိုရ်ကို လက်မထပ်ချင်ဘူး၊ မောင်နိုင်ငံခြားပြန်မသွားအောင် တခြားနည်းလမ်းရှိရင် ဘာဖြစ်ဖြစ် ငါလုပ်ပစ်လိုက်ချင်တယ် နေခြည်ရယ်"

"သူသူရယ် ခဏတာ စိတ်ခံစားမှုကို ဦးစားမပေးပါနဲ့၊ နင့်ဘဝ တစ်သက်တာအတွက် ကိုလင်းမိုရ်က အရမ်းသင့်တော်တဲ့လူတစ်ယောက်ပါ၊ အရည်အချင်း, ကိုယ့်ကျင့်တရား, ဂုဏ်ဒြပ်အဆင့်အတန်း, ဘာမှပြောစရာမလိုဘူးလေ၊ မိဘတွေလည်း စိတ်ချမ်းသာမယ်၊ ဒီဂရီလည်း စိတ်ချနိုင်မယ်"

"ငါ့နှလုံးသားကို ဘာလို့ မြင်မကြည့်ကြတာလဲမသိဘူးဟာ၊ နှလုံးသားဆိုတာ လိုရာပုံသွင်းထုဆစ်လို့ရတဲ့ သက်မဲ့အရာဝတ္ထုမှ မဟုတ်တာ၊ ကြေကွဲထိရှလွယ်တဲ့ အသွေးအသားတွေနဲ့ တည်ဆောက်ထားတာ၊ ကိုယ့်ချစ်သူဆီက မဟုတ်တဲ့ ဘယ်လိုတန်ဖိုးကြီးအရာတွေကိုမှ မလိုချင်ဘူး"

"တွေဝေသင့်တဲ့အချိန်လား သူသူ၊ ဒီမင်္ဂလာဆောင်အတွက် ခန်းဝင်ပစ္စည်းတွေကအစ အားလုံးစီစဉ်ပြီးနေပြီ မဟုတ်လား"

"ဟင် နင်တို့သိနေတယ်"



www.burmeseclassic.com

www.burmeseclassic.com



သူမ အထိတ်တလန့်မေးတော့ နေခြည်က ယဲ့ယဲ့လေးပြုံး ပြီး သက်ပြင်းရှိုက်သည်။

"မသိအောင် လျှို့ဝှက်ထားလို့ရတာမှ မဟုတ်တာ၊ နင်နဲ့ ကိုလင်းမိုရ်ဈေးဝယ်သွားတာ, ဖိတ်စာအပ်ဖို့လုပ်နေတာ, ခန်းဝင်ပစ္စည်း တွေ ဝယ်တာကအစ ငါတို့ရော, ဒီဂရီရော သိတယ်"

"မောင် မောင်ဘာပြောလဲ"

ကိုလင်းမိုရ်တပည့် ဖိုးကျော်အတွက် ဝယ်ထားတဲ့ပစ္စည်းတွေ ပါလို့ ဝန်ခံခွင့်မရှိတာမို့ သူမ သိချင်တာပဲ အလောတကြီးမေးရသည်။

"သူဖြစ်စေချင်တာကို နင်ဖြစ်အောင် လုပ်နေတာပဲ၊ သူ ဘာပြောမှာလဲ၊ ဒါပေမဲ့ အချိန်တိုင်း တွေးငေးစဉ်းစားပြီး ငိုတယ် အရက်လည်း သောက်တတ်နေပြီ"

"ဘာ"

"အရက်သမားမဖြစ်အောင် ကောင်းထိုက် ဖျောင်းဖျနေပါ တယ်၊ ဒါပေမဲ့ သူ ကျိတ်ပြီး ခံစားနေတဲ့ဝေဒနာက သက်သောင့်သက် သာ မဟုတ်ဘူး။ သူ့ရဲ့ဒုက္ခိတဘဝကြောင့် သူချစ်တဲ့ နင့်ကို တခြား သူရင်ခွင်ထဲ မျက်စိမှိတ်ထိုးထည့်နေရတာလေ၊ သူ ခံနိုင်ရည်မရှိလို့ ဖြေဆေးရှာနေတာပေါ့"

"ဒါ ဒါနဲ့များ"

ယှဉ်ဝံ့သူ စကားဆက်လို့မရ။ လည်ချောင်းတွေရော, ရင်





ဘတ်တွေရော တင်းကျပ်ဆို့နင့်ရနေသည်။ နေခြည်က သူမပခုံးလေး ကို ပုတ်ကာ နှစ်သိမ့်၏။

"ဒါတွေက ခဏနဲ့ပြီးဆုံးသွားမှာပါ။ နောက်ဆို အိမ်ထောင့် တာဝန်တွေနဲ့ နင် ဒီဂရီကို လွမ်းချိန်တောင် ရမှာမဟုတ်ဘူး"

"မောင်ရော ဘယ်လိုပုံစံမျိုးနဲ့ ကျန် ကျန်ခဲ့မယ်ထင်လဲဟင်"

"နင် နောက်ဆံမတင်းပါနဲ့ သူ့သူ့ရယ်၊ ဒီဂရီ့အနားမှာ ငါတို့ ရှိတယ်၊ ဒီဂရီ့အမေနဲ့ ညီမလေးရှိတယ်၊ နင်သာ နင်မလိုချင်ဘဲ ပိုင်ဆိုင်လိုက်ရတဲ့မိသားစုဘဝလေးရဲ့ အနာဂတ်ကို ပျော်ရွှင်သာယာ အောင် ဖန်တီးလိုက်ပါ"

အင့်ခနဲရှိုက်၍ တင်းမထားနိုင်တော့သလို နေခြည် ပြန်သွား ခဲ့သည်။ သူမကတော့ ဧလွတ်လပ်စွာ ချုံးပွဲချ၍ ငိုပစ်လိုက်သည်။ ညကိုးနာရီလောက်မှ ဖေဖေနဲ့မေမေ ပြန်ရောက်လာ၏။

ဖေဖေနဲ့မေမေကို ထမင်းပွဲပြင်ကျွေးပြီးသောအခါ သူမ အိပ် ခန်းထဲဝင်ဖို့ ထထွက်လာခဲ့သည်။

"သမီး စကားပြောရအောင် ခဏထိုင်ပါဦးလား"

ဖေဖေနဲ့မေမေ့ကို အချိန်ကြာကြာ မျက်နှာချင်းမဆိုင်ဖြစ်တာ ကြာပြီမို့ သူမ ပြန်ထိုင်လိုက်သည်။

"သမီး မောင်လင်းမိုရ်နဲ့စီစဉ်နေတာတွေ ဖေဖေတို့ကိုလည်း ဘာမှမတိုင်ပင်ပါလား"



www.burmeseclassic.com

www.burmeseclassic.com



''ဟုတ်ကဲ့၊ အရေးကြီးတဲ့ကိစ္စတွေ မဟုတ်သေးလို့ပါဖေဖေ''

''ဘာတွေလုပ်နေတယ်ဆိုတာတော့ ပြောပြသင့်တယ် ဖ

ဟုတ်လား''

''ဟို သ သမီး''

စကားတွေ ထစ်ငေါ့စွာဖြင့် တုန်လှုပ်နေတဲ့ သူမကိုယ်လေ

ကို မေမေက ခပ်တင်းတင်းထွေးပွေ့ဖက်၍ မျက်ရည်ကျသည်။ ဖေဖေ

က သက်ပြင်းရှိုက်ပြီး ခေါင်းကိုဖြည်းဖြည်းချင်းယမ်းကာ စိတ်မကောင်း

ဖြစ်နေသည်။

''သမီးပြောမထွက်ပေမယ့် ဖေဖေတို့ သိနေပါတယ် သမီး

ရယ်''

''သမီးရယ် ဘာလို့ ဒီလိုဆုံးဖြတ်ရတာလဲ၊ မေမေတို့ကို

ဘာလို့မတိုင်ပင်ရတာလဲ''

''နှလုံးသားရဲ့ ဆာလောင်မှုကို ကျွန်မ ဒီလိုမဆုံးဖြတ်မိ

မောင်နဲ့ကျွန်မ တစ်သက်လုံး ဝေးရမှာစိုးလို့ပါ မေမေရယ်၊ အချစ်

ရှေ့တန်းတင်တဲ့ သမီးမိုက်မို့လို့ မေမေတို့ မုန်းချင်မုန်းလိုက်ပါတော့

''အိုကွယ် မေမေတို့က သမီးကို ဘာလို့မုန်းရမှာလဲ၊ ရှေ

ခေါ်မြော်မြင်မှုမရှိလို့ သမီးမှားခဲ့ရင်တောင် မေမေတို့ ခွင့်လွှတ်နား

ပေးရမှာပါ''

''ရင်ထဲမှာတော့ ဘယ်လိုမှ မဖြေနိုင် မကောင်းနိုင်ဘူး





သမီးရယ်၊ ခရီးနီးနီးတောင် မခွဲဖူးတော့ မတွေ့မမြင်နိုင်တဲ့ အလှမ်း

ဝေးဝေးမှာ သမီးကို ဘယ်လိုလုပ် စိတ်ချနိုင်မှာလဲ''

''သ သမီး ဖေဖေနဲ့မေမေရဲ့ မေတ္တာတရားကို နားလည်ပါ

တယ်၊ ဒါပေမဲ့ ဒီလိုမဆုံးဖြတ်ရင် ခေါင်းမာလွန်းတဲ့ မောင်က သူ

ဆုံးဖြတ်ထားသလို လုပ်ချင်ရာ လုပ်သွားလိမ့်မယ်၊ ပြုစုယုယမယ့်သူ

မရှိ အထီးကျန်အဖော်မဲ့ဘဝနဲ့ မောင့်ကို မထားနိုင်ဘူး၊ သမီးက

ကိုယ့်ခြေကိုယ့်လက် အသုံးပြုနိုင်တဲ့, ကိုယ့်ကိုယ်ကိုယ် ရပ်တည်နိုင်

တဲ့ လူတစ်ယောက်ပါ၊ မောင် မောင်က ဒုက္ခိတဘဝ တစ်ခြမ်းသေသွား

ပြီးတဲ့သူပါ မေမေရယ်၊ သမီးကို နားလည်ပေးပါ ခွင့်လွှတ်ပေးပါ''

ရှိုက်ကြီးတငင် ငိုချလိုက်တဲ့ သမီးကို ခေါင်ငြိမ်းဆင့်တို့ ဘာမှ

မပြောနိုင်။

မှားမှားမှန်မှန် ကိုယ့်ရင်သွေးမို့ အပြစ်ကင်းနေလို့ရော ဖြစ်မှာ

လား။ နားလည်မပေးလျှင် အချစ်ကြောင့် စုံကန်ထွက်တတ်တဲ့ သမီး

ကို စွန့်လွှတ်လို့ရော ဖြစ်မှာလား။

သမီး ဘာတွေလုပ်လုပ် ဒီမိဘတွေရဲ့ မေတ္တာတရားက

အမြဲ ခွင့်လွှတ်နားလည်နေမှာပါ သမီးရယ်။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၉)

မိုးတစ်ပြိုက်နှစ်ပြိုက် ရွာလိုက်ပြီးသည်နှင့် သစ်ပင်ပန်းမာ
ရေးတွေက ဖူးသစ်ပွင့်လန်းလာကြသည်။ သစ်ရွက်ခြောက်တို့
ကြွေရုပ်သွားကာ ရွက်သစ်လေးတွေက ဝေဝေဆာဆာ ဖြစ်လာကြ
လေတိုက်ပေမယ့် ကြွေမကျဘဲ ကျန်နေတဲ့ သရက်သီးများက ပင်
ကျွတ်မျှ ဝင်းဝါညွတ်ကျနေသည်။

မိသားစုဘဝလေးနှင့် ရင်သွေးလေးတွေသာ ရှိခဲ့ပါက
ရှင်ခုန်ပေါက်ပြီး အပင်ပေါ်တက်ဖို့ အပြင်းအထန် ကြိုးစားကြ
မည်ထင်၏။

အမေဖြစ်သူ ယှဉ်ဝံ့သူကလည်း စိုးရိမ်စိတ်ကြောင့်
လုံးလေးကိုင်ပြီး အော်ဟစ်မာန်မဲရိုက်ပုတ်မှာ အမှန်ပင်။





ဒီအချိန်မှာ သူက သားနဲ့သမီးကို ပွေ့ချီပြီး ကြိမ်လုံးစာ
မမိအောင် အိမ်တစ်ပတ် ပတ်ပြေးရမည်။

သားနဲ့သမီးကို အလိုလိုက်လို့ စိတ်ဆိုးပြီး သူ့ကို ပါးရိုက်
လျှင် သားအဖသုံးယောက် လက်လေးတွေပိုက်ပြီး ငြိမ်ငြိမ်လေးနေ
ပေးရမည်။

စိတ်ဆိုးပြေပြီဆိုမှ မေမေယှဉ်ဝံ့သူကို သားအဖသုံးယောက်
သုံး ပွေ့ဖက်နမ်းရှုပ်စေရမည်ပေါ့။

"ဒီဂရီ"

"ဟင်"

အနားကပ်ကာ ခေါ်လိုက်သော ကောင်းထိုက်အသံကြောင့်
စိတ်ကူးယဉ်နေမိသမျှ လွင့်စဉ်ပျောက်ပျက်ကုန်သည်။

"ဘာလို့ သရက်ပင်အောက် လာထိုင်နေတာလဲ ဒီဂရီ၊
သရက်သီးတွေ မင်းပေါ်ပြုတ်ကျနေဦးမယ်"

"မြက်ခင်းပေါ်က နေပူလာပြီလေ၊ ဒီအပင်အောက်က မိုး
မျှော့လေမတိုက်ရင် နေလို့ကောင်းပါတယ်"

"ဝင်းတံခါးနဲ့နီးလို့ မဟုတ်ဘူးလား ဒီဂရီ"

"ဘာ"

"သူသူ လာမလားလို့ မျှော်နေခဲ့တာလေ၊ သရက်ပင်အောက်
လာထိုင်ပြီး ဝင်းတံခါးကနေ လမ်းမဘက်ကို ငေးနေတာ၊ ဒီအကြောင်း

www.burmeseclassic.com

www.burmeseclassic.com



အရာတစ်ခုပဲရှိတယ် မဟုတ်လား''

''မ မဟုတ်ပါဘူးကွာ''

''မင်းအတွင်းစိတ်ကို အစ်အောက်စစ်ထုတ်နေတာ မဟုတ်ပါဘူး။ သူသူက လက်ထပ်တော့မယ်၊ မမျှော်လင့်သင့်တော့ဘူးဆိုတာ မင်းကို သတိပေးတာပါ''

''ငါ ငါ နားလည်ပါတယ်, သိပါတယ်ကွာ''

''ဒီဂရီရာ''

ဒီလို ပိုသံစွက်ကာ ထိန်းချုပ်လိုက်ပြီဆိုတော့လည်း ကောင်းထိုက် စိတ်မကောင်း။

ဖြေသိမ့်ချင်၊ နှစ်သိမ့်ချင်တဲ့စကားတွေကလည်း အရာမရောက်နိုင်တော့တာမို့ ဥပေက္ခာများနှင့်သာ မျက်နှာလွှဲချင်လာ၏။ ဒါပေမဲ့ အားမာန်တွေနှင့် တက်ကြွနေတဲ့အရွယ်မှာ ဒုက္ခိတဘဝရောက်သွားတဲ့ သူငယ်ချင်းကို ဘယ်လိုမှ ပစ်စလက်ခတ်မလုပ်ရက်နိုင်။

''စိတ်မလျှော့နဲ့ကွာ၊ အားတင်းထားသူငယ်ချင်း၊ ဟင် ခြံရှေ့မှာ ကိုလင်းမိုရ်ကား ရပ်လိုက်တာမဟုတ်လား။ ဟာ သူသူ ကားပေါ်က ဆင်းလာတယ်ကွ၊ လက်ထဲမှာလည်း ဖိတ်စာလေးကိုင်လို့၊ သူတို့ မင်္ဂလာဆောင်ဖိတ်စာ လာပေးတာထင်တယ်၊ ငါ နေခြည်ကို သွားပြောလိုက်ဦးမယ်၊ မင်း ခဏစကားပြောနေလိုက်ဦးသိလား ဒီဂရီ''

ကောင်းထိုက်က အိမ်ထဲပြေးဝင်သွားသည်။ သူက တစ်





ကိုယ်လုံး တဆတ်ဆတ်တုန်လျက် တရွေ့ရွေ့ဖြည်းလေးစွာ လျှောက်လာနေတဲ့ သူသူ့ကို ရင်မဆိုင်ရဲသလို ဖြစ်နေ၏။

မင်္ဂလာဆောင်ဖိတ်စာလေးကို မမြင်ရဲ၊ မကြည့်ရဲ၊ လက်မခံရဲလို့ဆိုက ပိုမှန်လိမ့်မည်။

ကိုယ်ဖြစ်စေချင်တဲ့ ဖန်တီးမှုတစ်ခုမို့ ဒီလောက်ထိ သွေးမျက်ချောက်ချားစရာတော့ မလိုပါ။ ချိုင်းထောက်လေးကို အားပြုထ, ရပ်လိုက်သည့်သူကို

''မောင်''

''ဟင်''

လှိုက်မောနှင့်သီးနေသော ခေါ်သံလေးမို့ ယောင်ယမ်းကာ တင်ခနဲ ထူးမိလိုက်သည်။ ယှဉ်ဝိုင်းသူမျက်ဝန်းအိမ်မှာ မျက်ရည်ကြည်များ ရစ်ဝိုင်းပြည့်လျှံလျက် သူ့ကို မမိုတ်မသုန် ရီဝေဝေ ငေးစိုက်ကြည့်နေသည်။

ပန်းနုရောင်ဖိတ်စာကတ်လေးက သူမလက်ထဲမှာ ဖျပ်ဖျပ်ခါ တုန်ယင်နေ၏။

''ဖိတ် ဖိတ်စာလာပေးတာလား၊ ကို ကိုလင်းမိုရ်ကိုရော ခေါ်လိုက်လေ''

''ဟင့်အင်း၊ သူ့ကို ကားပေါ်ကနေပဲ စောင့်ခိုင်းထားပါတယ်၊ ကျွန်မ ဒီမှာ အကြာကြီးနေမှာမှ မဟုတ်တာ''



www.burmeseclassic.com

www.burmeseclassic.com



"ဘာ ဘာဖြစ်လို့လဲ"

ကိုယ့်ကိုယ်ကိုယ် စိတ်တိုင်းမကျ။ အားလည်းမရ။ မမေးသင့်သောမေးခွန်းများဖြင့် ဘာကြောင့် ဒီအသံတွေ ကတုန်ကယင် ထစ်အ,နေရတာလဲ။

"ကျွန်မ မောင့်မျက်စိအောက်မှာ အကြာကြီးနေချင်ပေမယ့် နေခွင့်မှ မရှိတော့တာ၊ ကျွန်မ မောင့်ကို ဒီပုံစံမျိုးနဲ့ နှုတ်ဆက်မသွားချင်ပါဘူး။ ဒါပေမဲ့ ပြန်ဆုံဖို့က မသေချာလို့ ခဏလောက် ကျွန်မကို ပွေ့ဖက်ထားခွင့်ပြုပါမောင်"

"သူ သူသူ"

မောင့်ရဲ့ ထိတ်ပျာ လန့်ဖျပ်သွားတဲ့အသံလေးကို သူမ ဂရုမစိုက်ပါ။ လွတ်ထွက်မသွားအောင် မောင့်ကိုယ်ကြီးကို ခပ်တင်းတင်း ဖက်တွယ်၍ သိမ့်သိမ့်လှုပ်အောင် ရှိုက်ငိုပစ်လိုက်သည်။

ခဏနေမှ မျက်ရည်တွေ သိမ်းကာ ကိုယ်ချင်းခွာလိုက်သည်။ ပြီးမှ မောင့်မေးဖျားလေးကို မမို့တမိ နမ်းလိုက်ပြီး သူမ လှစ်ခနဲ လှည့်ထွက်လာခဲ့၏။ ကိုလင်းမိုရ်ကားလေးပေါ် တက်ထိုင်ပြီးမှ နောက်လှည့်ကြည့်မိစဉ်မှာ ဖိတ်စာလေးက မောင့်လက်ထဲမှာ ကျိုးကြေလျက်။

"ဟဲ့ ဒီဂရီ သူသူက ဘာလုပ်သွားတာလဲ၊ ဘာဖြစ်သွားတာလဲ"





"ကိုလင်းမိုရ် လှမ်းကြည့်နေတာတောင် ဒီလိုရဲတင်းတာ အံ့ဩဖို့ကောင်းတယ်၊ လက်ထပ်တော့မယ့် ယောကျ်ားတစ်ယောက် ရှေ့မှာ ဒီလိုအနမ်းက ဖောက်ပြန်မှုကြီးပဲကွ၊ ဖိတ်စာကို မြန်မြန်ဖတ်ကြည့်စမ်း ဒီဂရီ"

ခုမှ အိတ်ခွံလေးထဲက ဖိတ်စာကတ်လေးကို အလောတကြီး ဆွဲထုတ်ယူကြည့်လိုက်၏။

"ဟာ"

"ဟင်"

"အို"

အထဲက ဖိတ်စာကတ်လေးမဟုတ်။ စာရွက်ခေါက်လေး ဖြစ်နေသဖြင့် သုံးယောက်လုံး အာမေဋိတ်သံကိုယ်စီနှင့် အံ့ဩသွားကြသည်။

မောင်

ဝမ်းနည်းနာကျင်စွာနဲ့ ကျွန်မ မောင့်ကို နှုတ်ဆက်ခဲ့ပါတယ်။ အတိတ်ဘဝက မကောင်းခဲ့လို့ ဒီဘဝမှာ ကျွန်မတို့ ဝဋ်ကြွေးတွေဆပ်နေရတယ်လို့ ယုံကြည်နားလည်လိုက်ပါပြီ မောင်ရယ်။ ကျွန်မ ကိုလင်းမိုရ်နဲ့ လက်မထပ်ဖြစ်ဖို့ မောင် စိတ်ဆိုးချင်လည်း ဆိုး၊ စိတ်နာချင်လည်း နာလိုက်ပါတော့ မောင်ရယ်၊ မောင့်နေရာမှာ ဘယ်သူ့ကိုမှ ကျွန်မ

www.burmeseclassic.com

www.burmeseclassic.com



အစားမထိုးရက်လို့ပါ၊ အဲဒါကြောင့် ကျွန်မ ဒီမှာရှိနေရင် မောင် နိုင်ငံခြားကို ပြန်သွားမှာစိုးလို့ ကိုလင်းမိုရ်အကူအညီနဲ့ ဟိုးအဝေးကြီးက ကချင်ပြည်နယ်ရဲ့ တောရွာကလေးကို ပြောင်းရွှေ့ခွင့်နဲ့ ကျွန်မ ထွက်သွားပါပြီ။

ချစ်ခြင်းမေတ္တာဆိုတာ အရမ်းကို လေးနက်ဆန်းကြယ် လွန်းတယ်နော်။ မောင်ကလည်း ကျွန်မကို အမြင့်ဆုံးမှာ အဆင့်အတန်းရှိရှိ မြင်ချင်တယ်၊ ကျွန်မကလည်း မောင် ဘယ်ဘဝရောက်ရောက် ခြေမပါလက်မပါ ဘယ်လိုဒုက္ခိတ ကြီးပဲဖြစ်နေနေ မောင်ကလွဲရင် ဘယ်သူ့ကိုမှ လက်မထပ် နိုင်ပါဘူး။ ကျွန်မတို့ ကတိသစ္စာတွေ ခိုင်မြဲဦးမယ်ဆိုရင် ကျွန်မတို့ ပြန်ဆုံရမယ်လို့ မျှော်လင့်ပါရစေမောင်။

ဖေဖေနဲ့မေမေက ကျွန်မကို အဝေးကြီးမလွှတ်ချင် ကြပေမယ့် မောင့်အပေါ်ထားတဲ့ ကျွန်မရဲ့ချစ်ခြင်းမေတ္တာ တွေကို နားလည်ပေးပြီး ဝမ်းနည်းစွာ ကျန်ရစ်ခဲ့ကြတယ်။ မောင်လည်း ကျွန်မကို အဲလိုနားလည်ပေးရင် ကျွန်မတို့ တစ်နေ့နေ့မှာ ပြန်ဆုံရမှာ သေချာပါတယ်။ အဲဒီမျှော်လင့် ချက်လေးနဲ့ ကျွန်မ အသက်ရှင်ဖို့ ကြိုးစားသွားမှာပါ။

မောင့်

ယုဉ်ဝိုင်းသူ





ရှည်လျားသော စာကြောင်းလေးတွေက ညီညာဝိုင်းစက်နေ သည်။ စာရွက်ကို ကိုင်ထားမိတဲ့လက်တွေ တဆတ်ဆတ်တုန်ရင်း သူ အသံကုန်အော်ပစ်လိုက်၏။

“ဟား အား သူသူ ဘာလုပ်တာလဲ၊ ဘာလုပ်သွားတာလဲ”

နေခြည်က စာရွက်ကို မယုံနိုင်သလို လှုပ်ဖတ်ကာ မျက်ရည် ကျသည်။

“သူလုပ်စရာ ဒီတစ်နည်းပဲ ရှိတော့တာ၊ စွန့်စားပြီး အဝေး ကြီးကို သူတစ်ယောက်တည်း ထွက်သွားပြီပေါ့”

“မလုပ်သင့်ဘူးဟာ၊ ငါဖြစ်စေချင်တာ အဲလိုမှ မဟုတ်တာ၊ တစ်ယောက်တည်း ဘယ်လိုတွေ ဒုက္ခရောက်မယ်ဆိုတာ မသိဘဲနဲ့ ထွက်မသွားသင့်ပါဘူး။ မိုက်လိုက်တာ၊ သူသူ မိုက်မဲလိုက်တာ၊ အဲလို ကြီး ထွက်မသွားသင့်ပါဘူး”

သွေးရူးသွေးတန်းအော်ရင်း ချိုင်းထောက်လေးကို အားပြု ရပ်၍ ဝင်းတံခါးကနေ သူသူ့နောက် ပြေးလိုက်ရမှာလား၊ လူးလှိမ့် အော်ဟစ်ငိုယိုပစ်လိုက်ရမှာလား။ ယောက်ယက်ခတ်နေသည်။

နေခြည်က မျက်ရည်တွေကျနေသလို ကောင်းထိုက်က တက်တခေါက်ခေါက်။

“မင်း ဘာလုပ်မှာလဲ ဒီကရီး အဲလိုအော်နေရုံ၊ သွေးရူးသွေး



www.burmeseclassic.com

www.burmeseclassic.com



တန်းဖြစ်နေရုံနဲ့ ဘာတွေက ပြောင်းလဲလာမှာလဲ၊ မိဝေး, ဖဝေး, ချစ်သူနဲ့ဝေးပြီး အထီးကျန်အဖော်မဲ့ဘဝနဲ့ တစ်နယ်တစ်ကျေးမှာ မင်းလည်း နေဖူးပါတယ်၊ သူသူ့ကို အဲလိုဒုက္ခတွေ ခံစားနိုင်းရက်သလား။ သူသူ အားလုံးကိုထားခဲ့ပြီး အဝေးကြီးကိုထွက်သွားပြီကွ''

''ငါ ငါ ဘာလုပ်ရမှာလဲ၊ ဘာလုပ်ရမှာလဲ''

''လိုက်ခေါ်ရမှာပေါ့ဟ၊ ကိုလင်းမိုရ် အဝေးပြေးကွင်းကို လိုက်ပို့တာဖြစ်မယ်၊ အချိန်မီ,မမီဆိုတာတော့ မပြောတတ်ဘူး၊ နင်တွေဝေနေမယ်ဆိုရင်တော့ အဲဒီဒုက္ခတွေ သူသူ့ကို နင်ကိုယ်တိုင်ပေးပြီး သတ်ပစ်တာနဲ့ အတူတူပဲ ဒီဂရီ''

''မဟုတ်ဘူး၊ အဲလိုမဖြစ်ရဘူး၊ ကောင်းထိုက် ငါ့ကို လိုက်ပို့ သူသူ့ဆီသွားမယ်၊ လိုက်ပို့ပါ၊ မြန်မြန်လိုက်ပို့ပေးပါကွာ''

ဒီဂရီစကားကို ဆုံးအောင်နားမထောင်။ ကားကို ဘက်(ခ်) ဆုတ်ပြီး ဒီဂရီကို ရှေ့ခန်းမှာ ဆွဲတင်လိုက်၏။ နေခြည်က ကားနောက်ခန်းမှာ ခွေ့ခနဲ ဝင်ထိုင်သည်။

ဒီဂရီ့မျက်ဝန်းအိမ်မှာ မျက်ရည်တွေနှင့် ဝေဝေဝါးဝါး။ နေခြည်က အချိန်မီအောင် ဘုရားစာဆိုလျက် ကောင်းထိုက်က ကားကို ကျင်လည်စွာ ဂရုစိုက်၍ အရှိန်ဖြင့်မောင်းရင်း စိတ်ဖောသန်နေ၏။

အဝေးပြေးကွင်းကိုရောက်တော့ တချို့ခရီးသည်တင် အဲကွန်း ဘတ်(စ်)ကားကြီးတွေက ထွက်တဲ့ကားတွေ ထွက်နေကြပြီဖြစ်သည်။





ကောင်းထိုက်က ကားထွက်ပေါက်ဂိတ်ဘက်မှာ ကားကိုရပ်၍ ဒီဂရီကိုတွဲဆင်းပြီး ဟိုပြေးဒီပြေး ကျီးကန်းတောင်းမှောက် ရှာဖွေ၏။ နေခြည်လည်း ပျာယာခတ်နေသည်။

တွေ့မှတွေ့ပါ့မလားဆိုတဲ့ စိုးရိမ်စိတ်ကိုယ်စီနှင့် ဘယ်သူ့ကိုမှ မရှက်နိုင်။ ဘာကိုမှ ဂရုမစိုက်နိုင်။

ထွက်လာသမျှ ကားတွေကိုတား ရုန်းရင်းဆန်ခတ် ကသုတ်ကရက် တက်ရှာ။ တချို့ကားတွေကလည်း ဆဲဆိုအော်ဟစ်ပြီး ရပ်မပေး။

''ဟာ ဟိုကားပေါ်မှာ သူသူ သူသူ ပါသွားပြီ''

ကောင်းထိုက်ရဲ့ စူးစူးဝါးဝါးအသံကြောင့် ဒီဂရီ ခေါင်းနားပန်းကြီး တုန်လှုပ်ချောက်ချားသွား၏။ ဒီကားက သူတို့ကို အမြင်ကတ်ဆဲဆိုပြီး ရပ်မပေးခဲ့သည့်ကား။

''ဒီဂရီ မင်းနေခဲ့၊ ငါပြေးလိုက်မယ်''

ကောင်းထိုက် သူ့ကို စိုးရိမ်စွာ တားဆီးခဲ့ပေမယ့် ချိုင်းထောက်ကို အားပြုကာ လှမ်းနိုင်သမျှ မြန်မြန်လှမ်းနေမိသည်။

''ဝှန်း''

''ဖြုန်း''

''ဟာ''

ယောက်ယက်ခတ်နေတဲ့အသံတွေ, ကားသမားတွေရဲ့ဆဲဆို



www.burmeseclassic.com

www.burmeseclassic.com



သံတွေ့၊ ဖြည်းဖြည်းချင်းမောင်းနေတဲ့ ကားပေါ်ကလူတွေရဲ့ အာမေဋိတ်သံတွေ တစ်ပြိုင်တည်းလိုလို ဖြစ်နေတာကြောင့် စုံမှိတ်ထားမိတဲ့ မျက်လုံးတွေကို ဖွင့်ကာ ကားပြတင်းပေါက်ကနေ လည်ပင်းလိမ်လျက် သူမ နောက်လှည့်ကြည့်မိသည်။

"ဟင် အံမယ်လေး၊ မောင် မောင်လဲကျနေပါလား၊ ကားဆရာ ကားရပ်ပေးပါ၊ ကျွန်မ မလိုက်တော့ဘူး၊ မလိုက်တော့ဘူး ကားရပ်ပေးပါ၊ ရပ်ပေးပါ"

သူမ ပြူးတူးပျာတာ အထိတ်တလန့်အော်လိုက်တာကြောင့် ကားကြီး တုံ့ခနဲရပ်သွားသည်။ သူမ ခရီးဆောင်အိတ်တွေကို ပြန်တောင်းဖို့ သတိမရ။ အပြေးအလွှား ကားနားရောက်လာတဲ့ ကောင်းထိုက်ကိုလည်း သတိမထားမိ။ ခလုတ်တိုက်မတတ် သုတ်ခြေတင်၍ မောင့်အနား ရောက်အောင်ပြေးခဲ့သည်။

"မောင် မောင် ဘာဖြစ်သွားလဲ၊ မောင့် မောင့်ခြေထောက်"

"သူ သူသူ မောင်တို့ မခွဲတော့ဘူး၊ သူသူ့ကို မခွဲနိုင်ဘူး၊ မောင် ဒီလိုကြီး ပေးမလွှတ်နိုင်ပါဘူး၊ မောင့်ကို ခွင့်လွှတ်ပါ၊ မောင့်ကို မထားခဲ့ပါနဲ့ မထားခဲ့ပါနဲ့ သူသူရယ်"

လွင့်စဉ်သွားတဲ့ ချိုင်းထောက်လေးကို နေခြည်က ကောက်ယူကာ ဒီဂရီ့လက်ထဲကို ထည့်သည်။ ဒီဂရီက လက်လှမ်းမယူဘဲ သူသူ့ပခုံးလေးကို ဖက်တွယ်၍ အားပြုရပ်၏။





ကားသမားတွေ ပစ်ချပေးတဲ့ သူသူ့ခရီးဆောင်အိတ်တွေကို သယ်ပိုးရတဲ့ ကောင်းထိုက်က ပြုံးပြုံးကြီးနှင့် အနားရောက်လာသည်။

"ချိုင်းထောက်တွေ, ဘာတွေမလိုတော့ဘူးလား၊ ဒီခရီးဆောင်အိတ်တွေရော လွှင့်ပစ်လိုက်ရတော့မလားကွ ဟေ"

"ဘာမှမလိုတော့ဘူး၊ သူသူရှိရင် အားလုံးပြည့်စုံပြီ"

"ဟွန်း နောကောင်၊ အစကတည်းက ဒီလိုလုပ်လိုက်ရင် ဒီလိုတွေ ဖြစ်လာစရာအကြောင်းမရှိဘူး၊ ခုတော့ ငါတို့တွေ ဖတ်ဖတ်ကိုမော, ထွန့်ထွန့်ကိုလူးလို့"

"ကျေးဇူးတင်ပါတယ်ကွာ၊ မင်းတို့ကြောင့် ငါတို့ ဒီလိုပြန်ဆုံရဟာပါ၊ ငါ သူသူ့ကို မခွဲတော့ဘူး၊ ဘယ်လိုဘ၀မျိုးမှာ ဘယ်လိုပဲနေရနေရ၊ မင်းတို့သူငယ်ချင်းနှစ်ယောက်ရဲ့ အားပေးမှုနဲ့ သူသူ့ကို ဘယ်တော့မှ လက်တွဲမဖြုတ်တော့ဘူး"

"တ တကယ်နော်မောင်၊ ဝမ်းသာလိုက်တာ မောင်ရယ်၊ ကျွန်မ ဝမ်းသာလိုက်တာ၊ မောင့်ရင်ခွင်မှာ တစ်သက်လုံး ဝင်ခွင့်ပေးမယ်ဆိုရင် ကျွန်မ ဘာကိုမှ မကြောက်ဘူး၊ ကျွန်မရဲ့အချစ်တွေနဲ့ အားလုံးကို ရင်ဆိုင်မယ်မောင်"

"သူသူရယ်"

ရင်ခွင်နှစ်ခု ပူးကပ်သွားချိန်မှာ သူငယ်ချင်းနှစ်ယောက်က



www.burmeseclassic.com

www.burmeseclassic.com



လည်း ကြည်နူးပီတိတွေနှင့် နောက်ကနေ သိုင်းဖက်လိုက်ကြသည်။ ဘယ်တော့မှ မပြောင်းလဲတော့မယ့် အတူတူနေဖို့ ဘယ်လောက်မှ မဝေးကွာတော့တဲ့ ငြိတွယ်ခဲ့ကြသောချစ်ခြင်းတွေဖြင့် –

**အားလုံးအတွက်**

**နတ်သမီး**

www.burmeseclassic.com